www.burmeseclassic.com



www.burmeseclassic.com



ဖြန့်ချီရေး အောင်မြင်စာပေ၊ ၂၀၁၄ခုနှစ်၊(ရှေ့ပိုင်း)၊အုပ်ရေ(၅၀၀)၊ပထမအကြိမ်၊

၈၉၅.၈၃

ဖြိုးဇေတ္တာ

ကညာစင်သိုက်/ဖြိုးဇေတ္တာ။ - ရန်ကုန်။

အောင်မြင်စာပေ၊ ၂၀၁၄။

၂၅၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။

(၁) ဖြိုးဇေတ္တာ

BURMESE CLASSIC .com

# ဒသမနှလက်ဆောင်

❖ ဘဝခရီးလမ်းကို လျှောက်တဲ့အခါ
အထုပ်နှစ်ထုပ်ကို သယ်ယူသွားရပါတယ်။
ကုသိုလ်ထုပ်နဲ့ အကုသိုလ်ထုပ် ဖြစ်ပါတယ်။
ကိုယ်ယူသွားတဲ့အထုပ်က
ကိုယ့်အတွက်သာပဲ ဖြစ်ပါတယ်။

❖ ကြိုးစားအားထုတ်မှု မရှိရင်
မည်သည့်အခွင့်အရေးမှ ရမှာမဟုတ်ပါဘူး၊
အခွင့်အရေး မရနိုင်တဲ့ လူတစ်ယောက်ဟာ
အသက်ရှင်လျက် သေနေသူလို့ပါပဲ။

❖ လောကဇာတ်ခုံဆိုတာ
မသေခင် အနိုက်အတန့်မှာပဲ
ကပြခွင့်ရတဲ့ နေရာတစ်ခုလိုပါပဲ၊
မျက်စိမှိတ်သွားတာနဲ့
ကန့်လန့်ကာလည်း ပိတ်သွားတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ကြိုးစားအားထုတ်ခြင်းဆိုတာ
သစ်ပင်စိုက်ခြင်းနဲ့ တူပါတယ်၊
သစ်ပင်မစိုက်ဘဲနဲ့တော့
လှပတဲ့ ပန်းပွင့်တွေနဲ့
ချိုမြိန်တဲ့ အသီးတွေကို သုံးစွဲခွင့်ရမှာ မဟုတ်ပါဘူး။

❖ ချစ်ခြင်းမေတ္တာက
မျှော်လင့်ချက်တွေ နိုးကြွအောင်
နှိုးဆွပေးနိုင်ပါတယ်၊
မျှော်လင့်ချက်အတိုင်း ဖြစ်အောင်တော့
သင် ကြိုးစားရမှာပါ။

❖ စိတ်ခံစားမှု ပြင်းတဲ့အရာတွေထဲမှာ
အမျက်ဒေါသ မာန်မာန
ချစ်ခြင်းမေတ္တာနဲ့ မျှော်လင့်ချက်တွေဟာ
တူညီလေ့ရှိကြတယ်။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ ပန်းကန်အလွတ်ထဲကို
မည်သည့်အရာမဆို ထည့်လို့ရပါတယ်၊
ဘာမှ မကျန်တော့တဲ့ဘဝကို
ဘာမဆို ဖြစ်လာအောင် လုပ်နိုင်ကြပါတယ်။

❖ ဘဝရှင်သန်စေရန်
နည်းလမ်းနှစ်ခုသာ ရှိပါတယ်။
"ဘာမှမရှိ" သော နေခြင်းနှင့်
"ဘာမှမလို" သော နေခြင်းပင် ဖြစ်ပါတယ်။
ကြိုက်တဲ့နေနည်းကို ရွေးချယ်နိုင်ပါတယ်။

❖ မျက်လုံးပွင့်နေတဲ့အချိန်မှာ
ချစ်သူအကြောင်းကိုချည်း
တွေးနေမယ်ဆိုရင်တော့
မျက်လုံးမှိတ်ပြီး အိပ်ပျော်သွားတဲ့အခါ
အိပ်မက်ထဲမှာလာပြီး နှောင့်ယှက်နေမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ဒသယနုလက်ဆောင်

❖ အစဆိုသည်မှာ
အလုပ်၏အရေးအကြီးဆုံး
အစိတ်အပိုင်းတစ်ခု ဖြစ်သလို
အချစ်ဆိုတာလည်း
ဘဝအတွက် အရေးအကြီးဆုံး
အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

❖ ကြီးကျယ်ခမ်းနားတဲ့ ချစ်ခြင်းမေတ္တာဆိုတာ
သင့်အတွက် တစ်နေရာမှာ ရှိနေပြီးသားပါ၊
အလောတကြီး မရှာပါနဲ့၊
စိတ်ရှည်လက်ရှည်ရှာရင် တွေ့ရပါတယ်။

❖ အမှောင်ထဲက စောင့်မှသာ
အရုဏ်ဦး အလင်းရောင်ကို တွေ့ရနိုင်ပါတယ်၊
အလင်းရောင်က ထိုင်ကြည့်နေရင်တော့
နေဝင်ချိန်ကိုသာ တွေ့ရနိုင်ပါတယ်။

# အမှာစာ

ကျွန်တော့်အနေဖြင့် သိုက်လောကမှ ပရလောက သားများအကြောင်းကို ယခင်ရေးသားသော ဝတ္ထုများတွင် အလျဉ်းသင့်သလို ထည့်သွင်းရေးသားခဲ့ပါတယ်။

လုံးချင်းအနေနှင့်ကတော့ "၂၀၀၆" ခုနှစ်က ရေးသားထုတ်ဝေခဲ့သော "မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူ" အမည်ဖြင့် ရေးသားထုတ်ဝေသော လုံးချင်းတစ်အုပ်သာ ရှိပါသေးတယ်။

ယခုရေးသော "ကညာစင်သိုက်" ဝတ္ထုမှာ သိုက်လော ကသားများ အခြေခံရေးသားသော လုံးချင်းဝတ္ထု ရှည် ဖြစ်ပါတယ်။ ထိုဝတ္ထုမှာ အင်းဝ၌ ဖြစ်ခဲ့သော အဖြစ်အပျက် မှန် (ဖြစ်ရပ်မှန်) တစ်ခုကို ကျွန်တော် စိတ်ကူးဖြင့် ဖြည့်စွက်ကာ လုံးချင်းဝတ္ထုတစ်အုပ်ဖြစ်အောင် ရေးသားခဲ့ခြင်း ဖြစ်ပါတယ်၊

သိုက်လောကကို စိတ်ဝင်စားသူများနှင့် ပရလောကသားများအကြောင်းကို စိတ်ဝင်စားသော စာဖတ်ပရိသတ်များ နှစ်သက်သဘောကျလိမ့်မည်ဟုလည်း မျှော်လင့်မိပါတယ်။ စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်း သာကြပါစေ။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ

(တြိစ

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) အင်းဝနှင့် ဗားမဲ့ဆရာတော်

အခန်း(၂) ဘောဂဗလရတနာသိုက်

အခန်း(၃) မနော်ရမ္မာမှ ကံဆိုးသော ညီမသုံးဖော်

အခန်း(၄) ကညာစင်သိုက်နှင့်ဖြစ်ရပ်ဆန်းများ

အခန်း(၅) စေတနာကောင်းသဖြင့် ကံကောင်းခဲ့သူ

အခန်း(၆) မြနှင်းဖြူပေးသော ငွေမတ်စေ့

အခန်း(၇) ငွေယားကုန်းမှ စေတနာရှင်

အခန်း(၈) မြယာကုန်းရွာမှ ထူးဆန်းသော ညီမသုံးဖော်

အခန်း(၉) ဝိညာဉ်လိပ်ပြာချစ်သူ

အခန်း(၁၀) အမိကရသိုက်ကုန်း

အခန်း(၁၁) ရတနာသိုက်များနောက် ခြေရာကောက်သူ

အခန်း(၁၂) အုတ်ကျောင်းအတွင်းမှ အစောင့်အရှောက်များ

အခန်း(၁၃) ရွှေပုရပိုက်ပေါ်မှ ငွေယားမှတ်တမ်းများ

အခန်း(၁၄) ဘောဂဗလရတနာသိုက်မှ ခင်စောမူနှင့် တွေ့ရခြင်း

အခန်း(၁၅) ချစ်သူတို့အတွက် အလှသစ္စာ

အခန်း(၁၆) သစ္စာမဲ့သူတို့ သွားရာလမ်း




## အခန်း[၁]

# အင်းဝနှင့်ဗားမဲ့ဆရာတော်

အင်းဝမြို့ဟောင်းသည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော နေရာဟောင်းတစ်ခုဖြစ်သလို စိတ်ဝင်စားဖွယ်ရာကောင်းသော အချက်အလက်တို့လည်း ရှိပေသည်။

ရှေးအခါက ထီးနန်းစိုးစံသောဘုရင်များ တည်ဆောက်ထားခဲ့သော အဆောက်အအုံများနှင့် ဘုရား၊ ကျောင်း စသော သာသနိကအဆောက်အအုံတို့လည်း ရှိကြလေသည်။

ထိုဒေသဝန်းကျင်တစ်ဝိုက်မှာရှိသော. . ဘုရားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီးများမှာ သာမန်မဟုတ်ပဲ ကမိကရအဆောက်အအုံကြီးများဖြစ်ကြလေသည်။

မယ်နုအုတ်ကျောင်း၊ လေးထပ်ကြီးဘုရားစသော အဆောက်အအုံတို့မှာ အမိကရအဆောက်အအုံများ ဖြစ်ကြသည် သာမက. . အခြားစိတ်ဝင်စားဖွယ်ကောင်းသော အချက်များလည်းရှိသည်။ အခြားတော့ မဟုတ်ပေ။

ရှေးဟောင်းအဖြစ်အပျက်များနှင့် ဆက်နွယ်နေကြသောသိုက်များ၊ သိုက်စောင့်များ၊ ပရလောကသားတို့နှင့် ဆက်နွယ်ပတ်သက်နေသော အဖြစ်အပျက်တို့ကလည်း များစွာရှိကြလေသည်။

မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာ 'သိုက်' များနှင့် ပတ်သက်ပြီး ထင်ရှားသော နေရာအချို့ ရှိခဲ့ကြသည်။ သိုက်ကိုအကြောင်းပြုပြီး ထင်ရှားသောနေရာများထဲတွင် ဒေးစွန်ပါနှင့် အင်းဝမြို့ဟောင်းတို့လည်း ပါဝင်လေသည်။

ရွှေဂျီးဖြုမှုလာခဲ မောင်နှမကိုအကြောင်းပြုလျက် သိုက်ပေါ်ပေါက်လာခဲ့ပြီးနောက်တွင် ထိုနေရာတွင်ရှိသော ရေကန်ကို ဂျီးဖြုကန်ဟု ခေါ်ဝေါ်ကြသည်။

ထိုအမည်မှာ သိုက်ကိုအကြောင်းပြုပြီး ပေါ်ပေါက်လာသောအမည်တစ်ခုပင်ဖြစ်သည်။

ဒေးစွန်ပါနယ်မြေတစ်ဝိုက်မှာ သိုက်အရေအတွက်ပေါင်း ကိုးသိန်းကိုးသောင်းရှိသည်ဟု မှတ်တမ်းများ၌ ရေးသားဖော်ပြကြသည်။





ထို့အတူ အင်းဝမြို့ဟောင်းတစ်ဝိုက်မှာလည်း သူဌေးကြီးဘောဂဗလ၏ ရတနာသိုက်ကြီးအပါအဝင် သိုက်အရေအတွက်ပေါင်း လက်ညှိုးထိုးမလွဲအောင်ရှိသည်ဟု ရှေးလူကြီးများက ပြောဆိုကြသည်။

အင်းဝဟူသောအမည် ဖြစ်ပေါ်လာပုံမှာပင်. . အကြောင်းအချက်များ ရှိပေသည်။

အင်းကိုးအင်းကို မြေဖို့၍တည်သောမြို့ ဖြစ်သောကြောင့် 'အင်းနဝ' ဟုခေါ်ဝေါ်ကြသည်။

အင်းနှင့်နဝကို ပေါင်းစပ်ခေါ်သော အမည်ဖြစ်သည်။ နောက်ပိုင်း အင်းနဝမှ ရွေ့လျောကာ အင်းဝဟုခေါ်ကြသည်။ သို့သော် ဒေသခံအတော်များများက အင်းဝဟူသောဝေါဟာရထက် 'အဝမြို့' ဟုသာ ပြောဆိုရေးသားကြသည်။ ထို့ပြင် အခြားအမည်များလည်း ရှိကြသေးသည်။ ရတနာပူရ ဟုလည်းကောင်း၊ သန်လျက်ကျွန်း ဟုလည်းကောင်း ခေါ်ဝေါ်ကြသည့်အပြင် ရှေးဟောင်းမှတ်တမ်းများတွင် သန်လျက်ခုံဟုလည်း ရေးမှတ်ကြသည်။

သန်လျက်ခုံ၊ သန်လျက်ကျွန်းဟု ခေါ်ဝေါ်ရေးသားကြသည်မှာ အင်းဝမြို့တော်သည် ဒုဋ္ဌဝတီခေါ်မြစ်ငယ်နှင့် ဧရာဝတီမြစ်တို့ဆုံရာ၌ တည်ရှိ၍ ယင်းမြစ်နှစ်သွယ်တို့ကိုဆက်၍ ဖောက်ထားသော မြစ်သာချောင်းဖြင့် တစ်ဖက်မှပိတ်လျက်ရှိရာ မြို့၏ပုံသဏ္ဌာန်သည် သုံးမြောင့်ချွန်း၊ သံလျက်ပုံသဏ္ဌာန်ရှိနေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းဝမြို့သည် (မြန်မာသက္ကရာဇ် ၇၂၆)(ခရစ် ၁၃၆၄) ခုနှစ်ကတည်ခဲ့သော ရှေးမြန်မာမြို့တော်ဟောင်းဖြစ်သည်။

ထို့ကြောင့် 'ထုတ်ခွန်သာ အင်းဝတည်' ဟူသောဆိုရိုး ရှိခဲ့သည်။

အင်းဝသည် ရှေးမြန်မာဘုရင်တို့၏ မြို့တော်လေးကြိမ် ဖြစ်ခဲ့သောမြို့လည်းဖြစ်သည်။

ရှေးကတည်းက အမည်အမျိုးမျိုး၊ ရေးနည်းအမျိုးမျိုး ရှိခဲ့ကြသည်။

မြစ်ငယ်မြစ်အဝ၌ တည်ရှိသဖြင့် 'အဝမြို့' ဟူ၍လည်းကောင်း၊ ရေကြာအင်း၊ စနီးအင်း၊ ညောင်စောက်အင်း၊ ဝက်ဈေးအင်း၊ ဥနှဲအင်း၊ လင်စံအင်း၊ အင်းမအင်း၊ ဘေးမဲ့အင်း၊ ဝမ်းဘဲအင်းဟူ၍ အင်းကိုးအင်းရှိရာ တည်သောမြို့ဖြစ်သဖြင့် အင်းနဝ ဟုခေါ်ရာမှ အင်းဝဟုခေါ်ဝေါ်ခဲ့ကြသည်။

မြန်မာဘုရင်များ နန်းစိုက်သောမြို့တော်များတွင် အင်းဝသည် မြို့သက်အရှည်ဆုံးသော မြို့တော်ဖြစ်သည်။

အင်းဝကို စတင်တည်သောမင်းမှာ သတိုးမင်းဖျားမင်းဖြစ်သည်။ သက္ကရာဇ် (၇၂၆)ခုတပေါင်းလဆန်း (၆)ရက်၊ အင်္ဂါနေ့တွင် ရတနာပူရ အင်းဝမြို့နှင့်နန်းတော်ကို စတင်တည်ခဲ့လေသည်။

ထို့နောက် မင်းလေးဆက်တိုင်အောင် ထီးနန်းအုပ်စိုးသော မြို့တော်ဖြစ်ခဲ့လေသည်။

ဗြိတိသျှများ မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့ပြီးနောက်





အင်းဝမြို့တွင် ခရိုင်ရုံးစိုက်ရာမြို့အဖြစ် ပြုလုပ်ခဲ့ဖူးလေသည်။ နောက်ပိုင်းစစ်ကိုင်းမြို့သို့ ခရိုင်ဝန်ရုံးကိုရွှေ့ပြောင်းပြီး မြို့ပိုင်ရုံးကိုလည်း တံတားဦးသို့ ရွှေ့ပြောင်းကြလေသည်။

တံတားဦးမြို့နှင့် အင်းဝမြို့မှာ (၃)မိုင်ခန့်သာကွာဝေးသည်။

ရှေးအခါက မင်းနေပြည်တော်ဖြစ်ခဲ့သော အင်းဝမြို့သည် ယခုအခါမှာတော့ မြို့ဟောင်းတစ်ခု ဖြစ်နေခဲ့ပြီ။

သို့သော်လည်း အဆောက်အအုံဟောင်းများကိုတော့ ယခုထက်တိုင် တွေ့နိုင်သေးသည်။

အပြင်မြို့ရိုး၊ အတွင်းမြို့ရိုးဟူ၍ မြို့ရိုးနှစ်ခုရှိ၍ ထိုမြို့ရိုးနှစ်ခုစလုံးမှ အလွန်ထုထည်ကြီးလျက် ခိုင်ခံ့သည်။

အပြင်မြို့ရိုးထက် အတွင်းမြို့ရိုးက ပိုမိုခိုင်ခံ့သည်။

အပြင်မြို့ရိုးသည် အဝန်းလေးမိုင်ရှိ၍ အတွင်းမြို့ရိုးသည် အဝန်းတစ်မိုင်ရှိသည်။

အလောင်းမင်းတရာကြီး၏သားတော် ဆင်ဖြူရှင်မင်းသည် ရွှေဘိုမြို့မှအင်းဝမြို့ဟောင်းသို့ပြောင်း၍ မြို့သစ်နန်းသစ်တည်သောအခါ မြို့နေရာဟောင်းတွင် လူနေအိမ်ခြေ ကျောင်းကန်ဘုရားများပြားလှသောကြောင့် မြို့ဟောင်းနေရာကို တိုးချဲ့၍ အပြင်အုတ်မြို့ရိုးထပ်မံတည်ဆောက်ခဲ့သဖြင့် ယခင်မြို့ရိုးနှင့်ပါဆိုလျှင် မြို့ရိုးနှစ်ထပ်ရှိနေခြင်းပင်ဖြစ်သည်။

မြို့တော်ဟောင်း၏ ကျောင်းဘုံတံခါး အနောက်ဘက်နားမှ တောင်ဘက်သို့ တိုးချဲ့တည်လေရာ ရွှေမြို့တော်သစ်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်းတာသည် (၂,၇၅၀) ရှိလာခဲ့လေသည်။

ရွှေမြို့တော်၏အရှေ့မျက်နှာကို မော်ယွန်း(၅)ချိုးချိုး၍ ဇင်းမယ်တံခါး၊ မုတ္တမတံခါး၊ မိုးကောင်းတံခါး၊ စိတ္တကုဋ္ဌ်တံခါး ဟူ၍ တံခါးလေးပေါက် အသစ်ဖောက်သည်။

ရွှေမြို့တော်တောင်မျက်နှာကို မော်ယွန်း(၉)ချက်ချိုး၍ ကိုင်းမားတံခါး၊ ဟံသာဝတီတံခါး၊ မျဉ်းတဲတံခါး၊ အုန်းဘောင်တံခါးဟူ၍ တံခါးလေးပေါက်ဖောက်သည်။

အနောက်ဘက်မျက်နှာကိုမူ မော်ကွန်း (၁၁)ချက်ချိုး၍ ဂန္ဓာလရာဇ်တံခါး၊ ကျိုင်းရဲတံခါး၊ စန္ဒပူရီတံခါး၊ ကျိုင်းရုံးတံခါး ဟူ၍တံခါးလေးပေါက်ဖောက်သည်။

မြောက်ဘက်မျက်နှာကို ဧရာဝတီမြစ်ကသည် အရှေ့ဘက်လှည့်၍ မော်ကွန်း(၅)ချက်ချိုးကာ တနင်္သာရီတံခါး၊ ယိုးဒယားတံခါး ဟူ၍တံခါးသစ် နှစ်တံခါးဖောက်သည်။

အသစ်ချဲ့၍တည်ဆောက်ရာ၌ ဖောက်သောတံခါး (၁၄)တံခါးအပြင် ပထမရွှေမြို့တော်၏ တံခါးများဖြစ်သော . ကလေးတံခါး၊ စံရာတံခါး၊ ဝင်းမနားတံခါး၊ ကျော်ဘုံတံခါး၊ သာစည်တံခါး၊ ဦးတည်တံခါး၊ အောင်ထွန်းတံခါး၊ မာန်အောင်တံခါး၊ ခေါင်းဆေး(လေသာ) တံခါးဟူ၍ တံခါး(၉)တံခါးရှိရာ စုစုပေါင်းတံခါး(၂၃)တံခါးရှိသည်။

ဧရာဝတီမြစ်ဘက်၌ရှိသော ခေါင်းဆေးတံတားသည် မြန်မာဘုရင်များ ခေါင်းဆေးမင်္ဂလာပြုသည့်အခါ ထွက်သည့် တံခါးဖြစ်သည်။





ခေါင်းဆေးတံခါးဝမှကြည့်သော် အင်းဝတံတားကြီးနှင့် တက္ကစေတီပုထိုး၊ ဘုရားကျောင်းကန်များနှင့် ကြည်နူးဖွယ်ရာ စစ်ကိုင်းတောင်ရိုးကြီးကို လှမ်းမျှော်မြင်တွေ့ရသည်မှာ အလွန်လှပသော မြင်ကွင်းကြီးပင်ဖြစ်ပေသည်။

အတွင်းမြို့ရိုးအလယ်ခန်း၌ ရှေးနန်းတော်တည်ရှိခဲ့ရာ နန်းတော်ကုန်းရှိသည်။

နန်းတော်အဆောက်အုံများကတော့ မရှိတော့ပေ။

(၁၈၃၈)ခုနှစ်က ငလျင်ဒဏ်ကြောင့် မြောက်ဘက်သို့ ယိုင်နေသော ပေ(၉၀)မြင့်သည့် မျှော်စင်ဟောင်းကြီးတစ်ခုသာ နန်းတော်ကုန်း၌ ကျန်ရှိပေတော့သည်။

မျှော်စင်အုတ်ရိုးထိပ်ပေါ်မှာတော့ သစ်သားတိုင်ငုတ် အချို့ရှိနေသေးသည်။

မန္တလေးနန်းတော်မှ မျှော်စင်ကဲ့သို့ သစ်သားအဆောင် ရှိခဲ့ဖူးသည်ဟု ယူဆနိုင်သည်။

မျှော်စင်နှင့် မနီးမဝေးအနောက်ဘက်တွင် ကန်တစ်ကန်၊ တောင်ဘက်တွင် ကန်နှစ်ကန်ရှိသည်။

တောင်ဘက်၌ရှိသောကန်မှာ တိမ်ကောလုနေပြီ။ အနောက်ဘက်ရေကန်သည် စတုရန်းပေ(၁၅၀)ခန့်စီကျယ်၍ အုတ်တံတိုင်းနှင့် လေးမျက်နှာအပေါက် လေးပေါက်ရှိသည်။

အနီးတစ်ဝိုက်မှာ နေထိုင်ကြသူများက ထိုရေကန်ကို စကြာမင်းကလေး ရေကစားခဲ့သည့်ကန် ဟုထင်မြင်ယူဆကာ အထူးလေးစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ကြက်ပျံမကျစည်ကားခဲ့သော . အင်းဝမြို့ဟောင်းနေရာတွင် ယခုအခါမှာတော့ ဘုရားပြိုဘုရားပျက်များ၊ အုတ်ကျိုးအုတ်ပုံများ၊ ကျောင်းပျက်ကြီးများသာ တွေ့နိုင်တော့သည်။ အချို့နေရာများတွင် ထိုအနီးတစ်ဝိုက်မှာနေထိုင်ကြသူတို့က ထွန်ယက်စိုက်ပျိုးထားကြသဖြင့် စိုက်ခင်းများဖြစ်နေကြပေပြီ။

အပြင်မြို့ရိုးတွင် ကျုံးတစ်ထပ်၊ အတွင်းမြို့ရိုးတွင် ကျုံးတစ်ထပ်နှင့် ကျုံးနှစ်ထပ်လည်းရှိသည်။

ကျုံးနှစ်ထပ်စလုံး အရှေ့အနောက်နှင့် တောင်ဘက်တို့၌သာ ရှိလေသည်။

ဧရာဝတီမြစ်ရှိသောဘက်၌ ကျုံးမရှိပေ။ ဧရာဝတီမြစ်ကြီးမှာ သဘာဝကျုံးရေပြင်သဖွယ် ဖြစ်နေပေတော့သည်။

အင်းဝမြို့၌ ယခင်ကတည်းက ထင်ရှားပြီး ယခုထက်တိုင်ထင်ရှားသော ဘုရားပုထိုး၊ အဆောက်အအုံများရှိကြပေသည်။

ယနေ့ထက်တိုင် တွေ့မြင်နိုင်သော အဆောက်အအုံတို့မှာ အတွင်းမြို့ထဲတွင် မိဖုရားကြီးမယ်နု၏ ကောင်းမှုတော်ဖြစ်ပြီး ပထမညောင်ကန်ဆရာတော် ဦးပိုး၊ ဒုတိယညောင်ကန်ဆရာတော် ဦးဗုတ်တို့အား လှူဒါန်းခဲ့သော မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး၊ ထိုကျောင်းတော်ကြီး၏ အရှေ့မြောက်ဘက်တွင် ကျန်စစ်သားမင်းတည်ထားခဲ့သော ထီးလှိုင်ရှင်ဘုရား၊ ရွှေစည်းခုံစေတီတော်၊ မာန်အောင်ရတနာစေတီ၊ သစ္စာ





တိုက်ဘုရား၊ အောင်စကြာစေတီ၊ ကူတော်သစ်ဘုရား၊ မဟာမုဋ္ဌော၊ ဆုထူးပန်ဘုရား၊ ရုပ်စုံကျောင်းတိုက် နှင့် ဆရာယုဒသန်အကျဉ်းကျစဉ် နေသွားခဲ့ရသော လက်မရှုံ့ထောင်တို့ ရှိကြသည်။

အပြင်မြို့၌ မြသိန်းတန်ဘုရား၊ လောကသရဖူဘုရား၊ မံစီဘုရား၊ ရွှေစည်းခုံဘုရား၊ ရတနာဆီမီးဘုရား၊ ဝဲပြန်ဘုရား၊ မြို့ထောင့်စေတီ၊ လေးထပ်ကြီးဘုရား၊ နန္ဒမုနိဘုရား၊ ပုဂံကျောင်း၊ ဆူးခါးတိုက်ကျောင်း၊ သိမ်တော်ကြီး၊ ကျော်အောင်စံထားကျောင်းတိုက်၊ မောင်အိုတိုက်ကျောင်း၊ အလုံတိုက်ကျောင်း၊ ရွှေကျောင်း၊ မြို့လှဝန်ကျောင်း၊ ဝက်လက်ချောင်း၊ မွန်ရဟန်းတော်များဖြစ်ကြသည့် ဓမ္မစေတီနှင့် ဓမ္မပါလတို့ သီတင်းသုံးနေသွားသော ဗားဂရာကျောင်းတိုက်၊ သဲအင်းကျောင်း၊ ညောင်ကန်ကျောင်းနှင့် အပြင်ကျုံး၏ အပြင်ဘက် ဧရာဝတီမြစ်ကမ်းနှင့်မနီးမဝေးနေရာတွင် ဆင်ကျုံးတော်တို့ ရှိကြသည်။

အင်းဝမြို့တော်သည် တစ်ချိန်က မင်းနေပြည်တော်ဖြစ်ခဲ့သော်လည်း အချိန်ကာလကြာညောင်းလာသောအခါ မြို့ငယ်ကလေးဘဝသို့ ရောက်ခဲ့ပြီဖြစ်သော်လည်း ထင်ရှားသောသာသနိကအဆောက်အအုံများနှင့် အခြားအဆောက်အအုံများကိုတော့ တွေ့နိုင်ပေသေးသည်။

ယခုထက်တိုင်ထင်ရှားသော အဆောက်အအုံများထဲတွင် အင်းဝတံတားကြီးလည်း တစ်ခုအပါအဝင်ဖြစ်သည်။

အင်းဝတံတားကြီးကို ထူပါရုံဒါယကာ ပြည်သီဟသူနှ



www.burmeseclassic.com

www.burmeseclassic.com



ပတိမင်းသည် (၈၁၄)ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

ထို့နောက် (၈၂၁)ခုနှစ် သာလွန်မင်းတရားကြီး၏ သားတော်မင်းရဲနန္ဒမိတ်လက်ထက်တွင် ဆက်လက်တည်ဆောက်သည်။ ထိုတံတားကြီးမှာ အင်းဝအကြောင်းပြောမည်၊ ရေးမည်ဆိုပါက အင်းဝ၏ သင်္ကေတတစ်ခုအနေဖြင့် ထည့်သွင်းရမည့် ရှေးဟောင်းအဆောက်အအုံတစ်ခုပင်ဖြစ်ပေသည်။

အင်းဝနှင့်ပတ်သက်သော ထင်ရှားသောနေရာများ၊ အဆောက်အအုံများ အကြောင်းကိုရေးသားလျှင် ထူးခြားထင်ရှားခဲ့သော ပုဂ္ဂိုလ်များအကြောင်းကိုလည်း ထည့်သွင်းရေးသားရပေမည်။

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များအကြောင်းကိုလည်း ထည့်သွင်းရေးသားရပေမည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များထဲတွင် ထင်ရှားကျော်ကြားခဲ့သော 'ဘားမဲ့ဆရာတော်ကြီး'မှာ အင်းဝနှင့်အဆက်ပါခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

မြန်မာသက္ကရာဇ် (၉၀၀)ကျော်အချိန်က 'ဘားလေးဘား' ဟူသော ဆရာတော်လေးပါးပေါ်ထွန်းခဲ့ရာ ဘားမဲ့ဆရာတော်လည်း တစ်ပါးအပါအဝင်ဖြစ်ပေသည်။

(၁) ဘားမဲ့ဆရာတော်
(၂) ဘားမြို့ဆရာတော်
(၃) ဘားတမွတ်ဆရာတော်
(၄) ဘားတမော့ဆရာတော်





လေးပါးပင်ဖြစ်သည်။

ထိုဆရာတော်လေးပါးတွင် အင်းဝခေတ်တွင် ထင်ရှားကျော်ကြားခဲ့သော ဘားမဲ့ဆရာတော်လည်း တစ်ပါးအပါအဝင်ဖြစ်ပေသည်။

အင်းဝနှင့် အကျိုးဆက်ပါသော ဘားမဲ့ဆရာတော်အကြောင်းကို အနည်းငယ်မျှဖော်ပြပေးပါမည်။

(ဘားမဲ့ဆရာတော်နှင့် ပတ်သက်သော အကြောင်းအရာအချို့ကို လုံးချင်းတစ်အုပ်ရေးသားခဲ့ပြီး ဖြစ်သော်လည်း ထိုစာအုပ်ကို မဖတ်ဖြစ်သူများသိရှိစေရန် အနည်းငယ်ဖော်ပြပေးခြင်း ဖြစ်ပါသည်။)

ဘားမဲ့ဆရာတော်အား ရခိုင်နယ်စပ်ဘားမဲ့တောင်ခြေ၌ သက္ကရာဇ် (၉၃၃)ခုနှစ်တွင် ဖွားမြင်တော်မူသည်။ ဘားမဲ့တောင်ခြေဇာတိဖြစ်သဖြင့် နောင်တစ်ချိန်ထင်ရှားလာပြီး မင်းဆရာဖြစ်သောအခါ 'ဘားမဲ့ဆရာတော်' ဟုပင် ခေါ်ဝေါ်ခဲ့ကြလေသည်။

အရွယ်ရောက်သော ဟံသာဝတီ၌ ရှင်သာမဏေဝတ်ပြီး စာပေကျမ်းဂန်တို့ကို သင်ကြားတော်မူသည်။

နောက်ပိုင်း ရဟန်းဘဝ ရောက်သောအခါမှာလည်း 'နန္ဒသာရ' ဟူသော ဘွဲ့အမည်ဖြင့် စာပေပိဋကတ်များကို ဆက်လက်သင်ယူတော်မူသည်။

တစ်နေ့သ၌ ဟံသာဝတီမြစ်ကမ်းဘက်သို့ ကြွစဉ် ကမ်းစပ်၌ သူရူးတစ်ယောက်နှင့် တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့နှစ်ယောက်အတူရှိနေစဉ် မြစ်လယ်၌ မိကျောင်း တစ်ကောင်ပေါ်လာသည်ကို လှမ်းမြင်ရသည်။

ကြည့်သောအခါ မိကျောင်းပါးစပ်ထဲတွင် တစ်စုံတစ်ခု ကိုက်ချီထားသည်ကိုသာတွေ့ရပြီး မည်သည့်အရာဝတ္ထုဖြစ်မှန်း တော့ မသိရပေ။

ပါးစပ်ထဲမှာ တစ်စုံတစ်ခုကိုက်ချီထားသော မိကျောင်း က ငှင်းတို့ရှိရာ ကမ်းဘက်သို့ဦးတည်ကူးလာပြီး ကမ်းပေါ်သို့ မေးတင်ပြီး ရပ်သည်။

ထိုအခါမှ မိကျောင်းပါးစပ်တွင်းမှာ ကိုက်ချီထားသည် မှာ ကြေးနီပုရပိုက်များဖြစ်သည်ကို သိရလေသည်။

ထိုအရာကို မြင်သောအခါ ဟားမဲ့ဆရာတော်က သာမန် မဟုတ်ဟု ယူဆမိသဖြင့် သူရှူးအား. . .

"မိကျောင်းပါးစပ်ထဲက ကြေးပုရပိုက်ကို သွားလုယူချေ"

ဟုစေခိုင်းသောအခါ သူရှူးလည်းရေစပ်၌ မေးတင်နေ သော မိကျောင်းပါးစပ်ထဲမှ ကြေးပုရပိုက်ကို လုယူရာ. . ရလေ သည်။ မိကျောင်းလည်း ရေအောက်သို့ ငုပ်လျှိုးပျောက်ကွယ် သွားလေတော့သည်။

သူရှူးကရလာသော ကြေးပုရပိုဒ်ကို ရှင်နန္ဒသာရအား ပေးအပ်သည်။ ထိုအခါ ကြေးပုရပိုဒ်များကို ကြည့်သောအခါ အတော်များများမှ နားမလည်နိုင်သောအချက်များ ဖြစ်နေလေ သည်။

ကြေးပုရပိုက်ကို ပေးထားခဲ့ပြီးနောက် သူရှူးလည်းထို





နေရာမှ ပြန်ထွက်သွားလေတော့သည်။

ရှင်နန္ဒသာရလည်း ထူးဆန်းစွာရလာသော ကြေးပုရ ပိုက်ကို ကျောင်းသို့ဆောင်ယူလာပြီး လေ့လာကြည့်ရှုလေသည်။ အချို့နားမလည်သော အချက်များကိုလည်း အချို့ပုဂ္ဂိုလ်တို့ထံ ချဉ်းကပ်မေးမြန်းသော်လည်း ပြည့်စုံစွာမသိရပေ။ ဤသို့ဖြင့် တစ်နှစ်ခန့်အချိန်ကြာသွားခဲ့သည်။

နောက်ပိုင်းတွင် ဟံသာဝတီမြို့ ရွှေလေးထပ်ကျောင်း သို့ ရွှေ့ပြောင်းပြီး လေးထပ်ကျောင်းဆရာတော်ထံတွင် ရဟန်း ပြုလေသည်။

ရဟန်းဘဝရောက်သောအခါမှာလည်း တစ်ဖက်မှစာ ပေပိဋကတ်တို့ကို လေ့လာသင်ယူ၍ အချိန်ရလျှင်ရသလို သူ ရထားသော ကြေးပုရပိုက်တို့ကို လေ့လာကြည့်ရှုလေသည်။

တစ်ညသ၌ ဦးနန္ဒသာရ ရဟန်းသည် နေ့စဉ်ပြုလုပ် နေကျအတိုင်း အင်ကြင်းပင်အောက်၌ ဆောက်ထားသော ဝါး ကျောင်းငယ်တွင် တစ်ပါးတည်း ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်နေစဉ် တစ်ကြိမ်မျှသိကျွမ်းခြင်း မရှိသော ယောကျ်ားတစ်ယောက်ရောက်လာပြီး ရိုသေစွာကန်တော့လေ သည်။

ငှင်းရောက်လာသည်နှင့် မွှေးကြိုင်သော ရနံ့များကလှိုင် နေတော့သည်။

"ဘယ်သူနည်း"

ရဟန်းက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



“တပည့်တော် ဝိဇ္ဇာမိုရ်ယောက်ျားပါဘုရား”

ဟု ပြန်ဖြေသည်။

“အမည် ဘယ်သူလဲ”

“မဟာသိဒ္ဓိပါဘုရား”

“ဘယ်အရပ်က ရောက်လာတာလဲ”

“သီရိရုက္ခမည်သော တောင်ကရောက်လာခြင်းဖြစ်ပါတယ်ဘုရား၊ သီရိရုက္ခတောင်က ဟိမဝန္တာမှာရှိပါတယ်”

ထို့နောက်. . ၎င်းနေထိုင်သော သီရိရုက္ခတောင်အကြောင်းကို ပြောပြလေသည်။

သီရိရုက္ခတောင်သည် ဟိမဝန္တာတောင်၌ရှိသော သိဒ္ဓိရှိသည့်တောင်များထဲတွင် အပါအဝင်ဖြစ်သည်။

ဂန္ဓမာဒနတောင်ကြီးနှင့် မနီးမဝေး၌ တည်ရှိလေသည်။ သီရိရုက္ခတောင်တွင် ရွှေဂူ၊ ငွေဂူတို့သည် ထိုအနီးတွင် အနောတတ်ရေအိုင်ရှိသည်။ ကြာမျိုးငါးပါးတို့ဖြင့် စုံလင်လှသော ထိုရေအိုင်သည် ဥတုသုံးပါးစလုံး နေရောင်မထိပေ။

ထိုရေအိုင်အနီး၌ရှိသော သီလာသကျောက်ဖျာပေါ်တွင် သူတော်စင်တို့ သီတင်းသုံးနေထိုင်ကြသည်။ ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်စသော သိဒ္ဓိရှိသည့် ဂမုန်းမျိုးစုံတို့ရှိကြသည်။

အနောတတ်ရေအိုင်သို့ တန်ခိုးကြီးသော နတ်များ၊ ဝိဇ္ဇာများ၊ နဂါးဂဠုန်စသောသူတို့ ရေသုံးသပ်ကစားရန်လာရောက်ကြသည်။

ထိုတောင်တွင် နေထိုင်ကြသူတို့အတွက် အစာအာဟာ





ရအဖြစ် စားသုံးရန် ဇမ္ဗူသပြေသီးနှင့် အဗ္ဘန္တရသရက်သီးတို့မှာ (၁၂)ရာသီလုံးသီးကြသဖြင့် ထိုအာဟာရကိုပင် မှီဝဲသုံးဆောင်ကြလေသည်။

ထိုသစ်သီးများကိုသာ စားသုံးကြသဖြင့် ကိုယ်မှထွက်သောအနံ့မှာ မွှေးကြိုင်သင်းပျံ့လျက် လွန်စွာပေါ့ပါးသော ကိုယ်ခန္ဓာလည်း ရှိကြလေသည်။

“တပည့်တော်တို့မှာ သိဒ္ဓိပေါက်ကြပြီးဖြစ်သဖြင့် အလိုရှိသောနေရာသို့ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းရောက်နိုင်ကြပါတယ် ဘုရား”

ဟု လျှောက်ထားလေသည်။

“ဤအရပ်ကို ဘယ်အကြောင်းဖြင့်. . ရောက်လာသနည်း”

“အရှင်ဘုရားနှင့် တပည့်တော်သည် ယခင်ဘဝကညီအစ်ကိုအရင်း ဖြစ်ခဲ့ဖူးသဖြင့် ရွှေပေကိုလှူဒါန်းရန် ရောက်လာခြင်းဖြစ်ပါတယ်ဘုရား၊ ဤရွှေပေ၌ ပါရှိသောပညာရပ်များကိုလိုက်စားလေ့လာပါက အလိုတော်ရှိသမျှ ပြည့်ဝအောင်မြင်ခြင်းသို့ ရောက်ပါလိမ့်မည်ဘုရား”

ဟုပြောဆိုလျှောက်ထားကာ ၎င်းဆောင်ယူလာသောရွှေပေကို ဆက်ကပ်လေသည်။

ထိုအခါ ဗားမဲ့ဆရာတော်က. . . ၎င်းရထားသောမိကျောင်းပါးစပ်ထဲမှရသည့် ကြေးပုရပိုဒ်များအကြောင်းကို ပြောပြပြီး အဓိပ္ပာယ်ကို မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုအကြောင်းအရာများကို ပြောပြသင်ကြားပေးရန် တပည့်တော်မှာ အချိန်မရပါဘုရား၊ သို့သော်လည်း သိနိုင်တဲ့ နည်းလမ်းကိုတော့ ညွှန်ပြပေးခဲ့ပါ့မယ်"

ထိုစကားကြားသောအခါ စိတ်ထဲမှာ ဝမ်းမြောက်မိသည်။

"ပုပ္ပားတောင်ရဲ့ အရှေ့ဘက်မှာ အင်းဘီလူးနေသော ကျောက်ဂူရှိပါတယ်၊ ထိုဂူထဲမှာနေသော အင်းဘီလူးက ကြေးပုရပိုဒ်မှာပါသော အင်းများအကြောင်းကို ပြောပြပေးနိုင်ပါတယ်"

"ငါက သူ့ကိုဘယ်လိုမေးရမလဲ"

"သူ့ဆီသို့သွားလျှင် အမဲသားအတုံးငယ်ကလေးများနှင့် အတုံးကြီးကြီးတစ်တုံး ယူဆောင်သွားရပါမယ်၊ ရောက်တဲ့အခါ အင်းဘီလူးကြီး အမဲသားစားမည်လားဟု မေးပါ၊ သူက စားမည်ဟုပြန်ပြောလျှင် စားလျှင်းပါးစပ်ဟပါဟု ပြောရပါမည်"

ဦးနန္ဒသာရက ဝိဇ္ဇာမိုရ်ယောက်ျားပြောပြသည်ကို အသေအချာမှတ်သားထားလေသည်။

ဝိဇ္ဇာမိုရ်ယောက်ျားက ဆက်ပြောသည်။

"အင်းဘီလူး ပါးစပဟလာလျှင်. . မလှမ်းမကမ်းကနေ အမဲသားတုံးများကို ရောက်အောင်ပစ်ထည့်ပေးပါ၊ သူစားနေတဲ့ အချိန်မှာ အင်းနဲ့ပတ်သက်တဲ့အကြောင်းများကို မေးပါကပြောပြပါလိမ့်မည်၊ သိလိုတာကုန်သောအခါ နောက်ဆုံးအမဲသားတုံးကြီးကို ပါးစပ်ထဲပစ်ထည့်ပြီး ဂူထဲမှ အမြန်ပြန်ထွက်တော်မူ





ပါ၊ ပါးစပ်ထဲမှာ အမဲသားကုန်သွားပါက လူကိုအန္တရာယ်ပြုတတ်ပါတယ်ဘုရား"

ဟု မှာကြားလေသည်။

ဦးနန္ဒသာရလည်း သိလိုသောအကြောင်းအရာများ သိရပြီးဖြစ်သောကြောင့် များစွာကျေနပ်ဝမ်းမြောက်မိလေသည်။

"အခုလိုလာပြောပြတာ ကျေးဇူးတင်ပါတယ်၊ လွန်ခဲ့သောဘဝဟောင်းက ညီရင်းအစ်ကိုတော်စပ်ခဲ့ခြင်းမှာ အချိန်ကြာလှပေပြီ၊ ယခုမှလာရောက်ထောက်ပံ့ပေးသည်မှာ မေ့လျော့နေသောကြောင့်ပင် ဖြစ်ဟန်ရှိသည်"

"တပည့်တော်. . မေ့လျော့နေခြင်းကြောင့် မဟုတ်ပါဘုရား၊ တပည့်တော်တို့အနေဖြင့် လူပြည်လူ့ရွာသို့ လာရခြင်းအတွက် များစွာဝန်လေးလှပါတယ်၊ အကြောင်းမရှိပါက မလာရောက်လိုကြပါ၊ ဘုန်းကံကြီးမားသော သူတို့ထံသို့ဖြစ်စေ. . . သီလသမာဓိပြည့်စုံ သူတို့ထံသို့ဖြစ်စေ၊ ထိုပုဂ္ဂိုလ်များထံကိုသာ လာရောက်လိုစိတ်ရှိပါတယ် ဘုရား"

ဦးနန္ဒသာရက ငြိမ်သက်စွာ နားထောင်နေလေသည်။

"ယခင်က သတိရသော်လည်း လာရောက်နိုင်ခွင့်မရှိပါဘုရား၊ ယခုကဲ့သို့ သီလသိက္ခာစင်ကြယ်စွာ နေသောအချိန်ကျမှသာ တပည့်တော်လာရောက်လိုစိတ် ဖြစ်ပေါ်သဖြင့် ရောက်လာခဲ့ရခြင်း ဖြစ်ပါတယ်ဘုရား"

ဟု လျှောက်ထားပြီး ရိုသေစွာကန်တော့ပြီးနောက် ပြန်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နန္ဒသာရအရှင်မြတ်သည် တပည့်ဖြစ်သူ ရှင်မုန်ယိုဆိုသော သာမဏေတစ်ပါးနှင့်အတူ ပုပ္ပားတောင်သို့ ကြွသွားလေသည်။

ပုပ္ပားတောင် အရှေ့ဘက်တွင် အင်းဘီလူးရှိသော ဂူကို ရှာဖွေ၍တွေ့သောအခါ ဝိဇ္ဇာမိုရ်ယောက်ျားပြောပြသွားသည့် အတိုင်း ဆောင်ရွက်ရာ လိုအင်ဆန္ဒ ပြည့်ဝစုံလင်တော်မူခဲ့လေသည်။

ထို့နောက် ပုပ္ပားတောင်မှ ဟံသာဝတီသို့ ပြန်ကြွကာ ဝိဇ္ဇာမိုရ်ယောက်ျားပေးထားခဲ့သော ရွှေပေနှင့်မိကျောင်းပါးစပ်တွင်းမှရသော ကြေးပုရပိုက်ထဲမှာပါသော နည်းလမ်းတို့ကို လေ့ကျင့်လိုက်စားတော်မူလေသည်။

နေကြောက်အင်း၊ လကြောက်အင်း၊ သံပေါက်အင်းတို့ကိုလည်း စမ်းသပ်လေသည်။

ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ မနသိဒ္ဓိစသော လမ်းစဉ်တို့ကိုလည်း ကြိုးစားဆောင်ရွက်တော်မူလေသည်။

အင်းအတတ်ဖြင့် ကိုယ်ပျောက်သော အတတ်ပညာ၊ သက်ပြောင်းကိုယ်ခွာစသော ထူးဆန်းလှသော ပညာရပ်တို့ကို ပေါက်မြောက်အောင်မြင်ခြင်း ရောက်လေတော့သည်။

နောက်ပိုင်းမှာတော့ ဗားမဲ့ဆရာတော်ဟူသော အမည်ဖြင့် ထင်ရှားကျော်ကြားခြင်းသို့ ရောက်လေသည်။

ဆရာတော်သည် ဤကဲ့သို့လောကီပညာရပ်များကိုသာ လိုက်စားတော်မူကြောင်းကို ငါးဆူဒါယကာမင်းတရားကြီး ကြား





သိတော်မူလေလျှင်. . .

"ဤဆရာတော်သည် ရဟန်းတော်တို့၏ ကျင့်ဝတ်သိက္ခာနှင့်မညီ"

ဟုဆို၍ ဗားမဲ့ဆရာတော်ကို ညောင်ရမ်းမြို့သို့ပို့လေ၏။

သက္ကရာဇ်(၉၅၅)ခုနှစ်၌ ညောင်ရမ်းမြို့သို့ရောက်လျှင် မင်းရဲနန္ဒမိတ်အမည်ရှိသော ညောင်ရမ်းမင်းလည်း ရဟန်းတော် နန္ဒသာရ၏ အတ္တုပ္ပတ္တိနှင့် ပညာရပ်များကို စုံစမ်းသိရှိတော်မူလေလျှင် အားရတော်မူလှသည်။

သို့ဖြစ်၍ ရဟန်းတော် နန္ဒသာရအား "နန္ဒသာရကဝိဓဇ" ဟူသော ဘွဲ့တံဆိပ်တော်ကို လှူဒါန်း၍ ကျောင်းဆောက်ကိုးကွယ်တော်မူ၏။

ဆရာတော်သည် ညောင်ရမ်းမြို့တွင်. . "ဗားမဲ့ဆရာတော်" ဟု ထင်ရှားတော်မူလေသည်။

ထို့နောက် တိုင်းရေးပြည်ရေး မငြိမ်မသက်ရှိသောကြောင့် ဗားမဲ့ဆရာတော်ကိုပင့်၍ တိုင်ပင်တော်မူ၏။

"ယခုနောင်တော်မင်းတရားကြီးသည် တိုင်းပြည်နိုင်ငံတို့ကို မသိမ်းမပိုက်နိုင်၊ တာရှည်သော် အရေးခက်ချိမ့်မည်၊ အဘယ်သို့စီမံကြံစည်သော် သင့်ပါမည်နည်း၊ ဟံသာဝတီသို့ ချီ၍လုပ်ကြံရသော် သင့်မည်လော၊ နေရင်းညောင်ရမ်းတွင် နေရသော် သင့်မည်လော၊ ရတနာပုရအင်းဝနေပြည်တော်သို့ ချီတက်လုပ်ကြံရသော် သင့်မည်လော"

. . . ဟု လျှောက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗားမဲ့ဆရာတော်မိန့်ဆိုသည်မှာ . . .

"တလိုင်းသုံးရပ်သည် နံစံနိမ့်သည်၊ ထောင်းထောင်း ညက်ညက် ပျက်လိမ့်မည်၊ ညောင်ရမ်းမြို့လည်း မင်းတို့စံရာ ရာဇဌာနီ မဟုတ်၊ သို့ဖြစ်သောကြောင့် အင်းဝမြို့သည် ရာဇဌာနီ မြန်မာတို့ ဦးစွန်းထွန်းရာဖြစ်သည်၊ တိုင်းခရိုင်နိုင်ငံလည်း အလွန် ကျယ်ဝန်းသည်၊ ရတနာပုရအင်းဝပြည်ကြီးကနေ၍ အရပ်ရပ် သိမ်းယူတော်မူသော် ထီးဆောင်းမင်းအပေါင်းတို့ကို စိုးမိုးပိုင်သ တော်မူပြီးလျှင် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော် အညွန့်လက်နက်နိုင်ငံတော်ဖြစ်၍ သာသနာတော်အလွန်ပွင့် လင်းစည်ပင်မည့် "မြန်မာပြည့်အလုံးကို လက်ရုံးဆန့်ကာ စိုးမိုး ပိုင်သရန် အစီအစဉ်မှာ ဆရာတော်၏ တာဝန်ဖြစ်ပါစေ"

ဟူ၍ ဖြစ်သည်။

ဤသို့ မိန့်ဆိုတော်မူသည်ကို မင်းတရားကြီးနှင့်တကွ မှူးတော် မတ်တော်တို့မှစ၍ ရဟန်းပညာရှိလူပညာရှိ အပေါင်း တို့အကြိုက် ညီကြသဖြင့် အရပ်ရပ်သော လောကီပညာစီရင် စရာ အင်း၊ အိုင်၊ ခါးလှဲ့၊ လက်ဖွဲ့၊ မန္တရားစသည်များကို ကိုယ် တော်၏အဆောင်အရွက်နှင့်တကွ သန်လျက်တော်၊ ရွှေယပ်၊ ချွေးသုတ်ပဝါမှစ၍ အလံ၊ ဗုံ၊ မောင်း၊ ဆင်၊ မြင်း၊ တံခွန်၊ စည် ကြီး၊ ခွက်၊ ခွင်း စသည်တို့တွင် စီရင်တော်မူလေ၏။

မင်းတရားကြီးလည်း ညောင်ရမ်းမြို့မှာရှိသည့် အမှု ထမ်းအရာထမ်းတို့ကို အပါးတော်သို့ လာရောက်စေ၍ အရပ် ရပ်ကို သိမ်းကျုံးစည်းကြပ်ကာ ဗားမဲ့ဆရာတော်သို့ အပ်လေ





သည်။

သက္ကရာဇ် (၉၅၅) ခုနှစ်တွင် ညောင်ရမ်းမင်းတရားကြီး သည် ညောင်ရမ်းမြို့မှ အင်းဝသို့ချီတော်မူရာ ဗားမဲ့ဆရာတော် ကိုပါ တစ်ပါတည်းပင့်ဆောင်သွားလေသည်။

သို့ကြောင့် အင်းဝအကြောင်းရေးမည် ပြောမည်ဆိုပါ က ဗားမဲ့ဆရာတော်ကြီးနှင့် ပတ်သက်သောအကြောင်းများ မှာလည်း ပါဝင်လာရခြင်းပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၂]

# ဘောဂဗလရတနာသိုက်

သက္ကရာဇ် (၇၂၆)ခုနှစ်တွင် အင်းဝမြို့တော်ကို တည်ထောင်တော်မူသော သတိုးမင်းဖျားမှစပြီး ရွှေနန်းသခင်နရပတိတိုင်အောင် မင်း(၁၄)ပါးတိုင်အောင် စိုးစံခဲ့သောမြို့တော်သည် မှိုးညှင်းစလုံသား သိုဟန်ဘွားလက်သို့ ရောက်သောအခါ အလုံးစုံပျက်စီးလေတော့သည်။

အင်းဝဘုရင် သိုဟန်ဘွားသည် ရက်စက်ကြမ်းကြုတ်သူဖြစ်သည်။ ရတနာသုံးပါးကို မရိုသေသူဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အင်းဝကိုရသည်နှင့် ကျောင်းကန်ဘုရားတို့ကို ဖျက်ဆီးလေသည်။

မြို့ပေါ်မှာရှိသော ဘုရားပုထိုးများကို ဖြိုဖျက်၍ လှူဒါန်းထားသော ဌာပနာပစ္စည်းတို့ကိုယူသည်။

အချို့ရဟန်းများကို လူဝတ်လဲစေပြီး ကျေးကျွန်သဖွယ်စေခိုင်းသည်။

လူဝတ်လဲရန် စေခိုင်းသော်လည်း မရသောရဟန်းသံဃာတော်များအား သုတ်သင်ပစ်ရန် ကြံစည်သည်။

"၎င်းတို့သည် ခြွေရံသင်းပင်းများသည်၊ မယားမရှိ သားမရှိပဲ သံယောဇဉ်မရှိသူများဖြစ်သဖြင့် တစ်နေ့ကျလျှင် အစုအဝေးပြု၍ ငါ့အားပုန်ကန်သော် မခက်လော"

ဟုတွေးတောမိသောအခါ အပါးတော်မြဲများက ရဟန်းသံဃာမှန်သမျှ သုတ်သင်သတ်ဖြတ်ပစ်ရန် အကြံဉာဏ်များ ပေးကြလေသည်။

သို့ကြောင့် တောင်ပလူလယ်ပြင်၌ မဏ္ဍပ်ကြီးငယ်တို့ကို ဆောက်စေသည်။

ကျွဲ၊ နွား၊ ဝက်အမြောက်အမြား သတ်ဖြတ်ချက်ပြုတ်၍ ဆွမ်းလုပ်ကျွေးရန်ပြင်သည်။

ပြီးမှ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ တစ်ကြောတွင် သီတင်းသုံးနေထိုင်သော သံဃာတော်တို့ကို တပည့်သံဃာများပါ တစ်ပါတည်းခေါ်၍ ဆွမ်းစားကြွရောက်ရန် ပင့်စေသည်။

သံဃာတော်အားလုံး မဏ္ဍပ်များထဲရောက်တော့မှ ဆင်





မြင်းဗိုလ်ပါ ဝန်းရံလျက် အားလုံးတစ်ယောက်မကျန် သတ်ဖြတ်လေတော့သည်။

အချို့သောရဟန်းသံဃာတို့ကိုတော့ ရှမ်းတို့ကသနားသဖြင့် လွှတ်ပေးလေရာ. . ပြည်၊ တောင်ငူရောက်အောင် ပြေးလွှားကြလေသည်။

(၁၃၀၀)ကျော်သော ရဟန်းတို့အနက် အချို့မှာလွတ်မြောက်ကြပြီး အချို့မှ သေကျေပျက်စီးကြရသည်။ သေကျေပျက်စီးသော ရဟန်းအရေအတွက်မှာ (၃၆၀)ကျော်လေသည်။

ထိုသေကျေပျက်စီးသော ရဟန်းများထဲတွင် ပါဠိအဋ္ဌကထာဋီကာကျမ်းဂန် တတ်မြောက်တော်မူသော. . အရိယာသံဃာတော်မြတ် (၃၀)ကျော် ပါဝင်လေသည်။

အရိယာသံဃာတို့ကိုသတ်ပြီးလျှင် ကျောင်းကန်တို့၌ရှိသော ပိဋကတ်စာပေတို့ကို မီးရှို့ဖျက်ဆီးလေသည်။ သိုဟန်ဘွား ရဟန်းသံဃာတော်တို့ကိုသတ်ပြီး ပိဋကတ်ကျမ်းဂန်များကို မီးရှို့ဖျက်ဆီးသော သက္ကရာဇ်မှာ (၉၀၁)ခုနှစ်တွင်ဖြစ်သည်။

ထိုကဲ့သို့ ဘုရားပုထိုးများ ဖျက်ဆီးခြင်း၊ ကျောင်းများဖျက်ဆီးခြင်း၊ ပိဋကတ်စာပေတို့ကို မီးရှို့ဖျက်ဆီးခြင်း၊ ရဟန်းသံဃာတော်တို့ကို သတ်ဖြတ်ပြီးသောအခါ မြို့တွင်းမြို့ပြင်မှာရှိသော သူဌေးသူကြွယ်များကိုခေါ်ပြီး ၎င်းတို့ပိုင်ဆိုင်သော ရွှေငွေဥစ္စာ ရတနာတို့ကိုအပ်နှံခိုင်းသည်။

အချို့လည်းအပ်ကြသည်။

အချို့လည်း မအပ်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း အချို့လောက်သာအပ်ပြီး အချို့မအပ်ပေ။ သိုဟန်ဘွားက ၎င်းထံသို့ ဥစ္စာပစ္စည်းမအပ်သော သူဌေးသူကြွယ်တို့ကို ဖမ်းဆီးသတ်ဖြတ်ပစ်သည်။

အင်းဝ၌ရှိသော သံဃာတော်များ သာမကပဲ သူဌေးသူကြွယ်အတော်များများတို့မှာလည်း အသတ်ခံကြရလေသည်။

အချို့လည်း မိမိတို့ဥစ္စာပစ္စည်းများကို သိုဟန်ဘွားလက်သို့ အရောက်မခံလိုသောကြောင့် သိမ်းဆည်းဖျောက်ဖျက်ပစ်ကြသည်။

အချို့လည်း မြေအောက်တွင် တွင်းနက်ကြီးများ၊ လိုဏ်ခေါင်းကြီးများတူးကာ ဝှက်ထားခဲ့ကြသည်။

၎င်းတို့အသတ်ခံကြရသောအခါ ဥစ္စာပစ္စည်းတို့ကို တပ်မက်စွဲလမ်းသောစိတ်ကြောင့် သိုက်စောင့်များဘဝ ရောက်ခဲ့ကြလေသည်။

ဤဝတ္ထုရှေ့ပိုင်းတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း အင်းဝနယ်တစ်ကြောတွင် ဥစ္စာသိုက်များပေါ်များသည်ဆိုသောအချက်မှာ ထိုအချက်များကြောင့်ပင်ဖြစ်သည်။

ထင်ရှားသော သာဓကနှစ်ခုကို ရေးသားဖော်ပြပေးပါမည်။ တစ်ခုက မိဖုရားကြီး နန်းမတော်မယ်နု၏ နန်းတွင်းရတနာများနှင့် စပ်လျဉ်းသော သိုက်အကြောင်းနှင့် အခြားတစ်ခုက သူဌေးကြီးဘောဂဗလနှင့် သမီးဖြစ်သူခင်စောမူတို့၏ သိုက်အကြောင်းပင်ဖြစ်သည်။

နန်းမတော်မယ်နု ဟူသောအမည်မှာ အင်းဝရာဇဝင်၌





ထင်ရှားခဲ့သော အမည်နာမတစ်ခုဖြစ်ခဲ့သည်။

နန်းမတော်မယ်နုနှင့် မတ်တော်သူ ရွှေဘိုမင်းတို့မှာ မသင့်မြတ်ကြပေ။

နောက်တော့ ရွှေဘိုမင်းက နောင်တော်ကို ပုန်ကန်ခြားနားပြီး ရွှေဘိုကိုထွက်သွားပြီးနောက် လူသူလက်နက် စုရုံးလေတော့သည်။

လူသူအင်အား၊ လက်နက်အင်အားပြည့်စုံတောင့်တင်းသောအခါမှ အင်းဝကိုတစ်ကျော့ပြန် တိုက်ခိုက်ရန်ပြင်ဆင်လေသည်။

ထိုသတင်းကို နန်းမတော်မယ်နုကြားသောအခါ မိမိတို့ဘက်မှ အခြေအနေမလှတော့မှန်း ရိပ်မိလေသည်။

သို့ကြောင့် ၎င်း၏လူယုံတော်လေးယောက်ကိုခေါ်ပြီး နန်းစဉ်ရတနာများ ထည့်ထားသော ရတနာသေတ္တာကိုအပ်လေသည်။

ထိုရတနာသေတ္တာထဲမှ ရွှေတိုက်စာရင်းဝင် ရတနာပစ္စည်းအချို့ပင် ပါဝင်လေသည်။

ရတနာသေတ္တာတွင် နန်းမတော်မယ်နု ဗုဒ္ဓါဘိသေကမင်္ဂလာတွင် ဝတ်ဆင်သော စိန်ပန်းခိုင်၊ နဝရတ်လက်ကျပ်တော်၊ ပတ္တမြားရင်လွှမ်းတန်ဆာ၊ မြလည်ဆွဲ၊ ပတ္တမြားလက်စွပ်တော်စသည့် ရတနာပစ္စည်းများလည်း ထည့်ထားလေသည်။

နန်းမတော်မယ်နုသည် ရွှေဘိုမင်းနှင့် စစ်သည်ဗိုလ်ပါများ အင်းဝသို့ချီတက်လာပြီဟူသော သတင်းကြားသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမဟန်တော့သည်ကို သိသဖြင့်ထိုရတနာသေတ္တာကို ကျွန်ယုံတော်လေးယောက်လက်သို့ ပေးအပ်ကာ ဖလန်ခုန်ရွာသို့ ပြေးစေသည်။

ဖလန့်ခုန်ရွာမှာ မယ်နု၏ဇာတိရွာဖြစ်ပြီး တစ်ရွာလုံး ဆွေမျိုးသားချင်းများ ဖြစ်ကြလေသည်။

ကျွန်ယုံလေးယောက်သည် နန်းမတော်မယ်နု စေခိုင်းသည့်အတိုင်း ရတနာသေတ္တာကို ယူဆောင်၍ သွားကြလေသည်။

ဖလန်ခုန်၊ ဝက်မိုး၊ မြင်းပေါက် အစရှိသော ရွာများမှာ နန်းမတော်မယ်နု ဆွေမျိုးသားချင်းများနေသော ရွာများဖြစ်ကြလေသည်။

ဖလန်ခုန်ရွာတွင် နန်းမတော်မယ်နုကောင်းမှုတော် ဘုရားကြီးနှစ်ဆူနှင့် ကျောင်းကြီးတစ်ကျောင်းရှိသည်။ ဘုရားနှစ်ဆူ၏မြောက်ဘက်တွင် ရေကန်ကြီးသုံးကန်လည်းရှိသည်။

ရေကန်ကြီးသုံးကန်မှာ အရှယ်တူပင်ဖြစ်သည်။

နှစ်ကန်မှထွက်သော အုတ်ချပ်များကို ဘုရားနှစ်ဆူတည်ပြီး. . ကျန်သောတစ်ကန်မှထွက်သောအုတ်ကို ကျောင်းဆောက်ခဲ့ခြင်းဖြစ်သည်။

ကန်ချင်းကတူသဖြင့် ထွက်သော အုတ်ချပ်အရေ အတွက်ချင်းကလည်း အတူတူဖြစ်သည်။

သို့ကြောင့် ကန်ချင်း အတူတူဖြစ်သလို ထိုကန်မှထွက်သော အုတ်ချပ်များဖြင့်တည်ထားသော ဘုရားနှစ်ဆူနှင့်ကျောင်း





မှာလည်း တစ်ရွယ်တည်း တူနေလေတော့သည်။

နန်းစဉ်ရတနာသေတ္တာကို ယူဆောင်လာကြသော ကျွန်ယုံလေးယောက်တို့လည်း ရတနာသေတ္တာကို အလယ်ရေကန်ထဲသို့ ချကာဝှက်ထားလိုက်ကြလေသည်။

ထိုအချိန်တွင် အင်းဝအား ရွှေဘိုမင်းက သိမ်းပိုက်ပြီး နန်းမတော်မယ်နုအပါအဝင် နောက်လိုက်နောက်ပါတို့ကို သတ်ဖြတ်ပြစ်လေသည်။

ထိုမျှမကသေးပဲ နန်းမတော်မယ်နု ဆွေမျိုးသားချင်းတွေနေကြသည့် ဖလန်ခုန်ရွာအပါအဝင် ထိုဒေသမှာနေထိုင်သူများကို လိုက်လံသတ်ဖြတ်ပစ်လေသည်။

ထိုအထဲတွင် နန်းမတော်မယ်နု လွှတ်လိုက်သော ကျွန်ယုံတော် လေးယောက်တို့လည်း ပါဝင်လေသည်။

ထိုကျွန်ယုံတော်လေးယောက်မှာ ၎င်းတို့ မြှုပ်နှံထားခဲ့သော ရတနာသေတ္တာကို စွဲလမ်းစိတ်ဖြင့် ထိုဥစ္စာကိုစောင့်ရသော သိုက်စောင့်သရဲများ ဖြစ်ကြလေသည်။

နောက်ပိုင်းကာလရောက်သောအခါ ထိုရေကန်ကြီးနှစ်ကန်ရှိသောနေရာမှာ သိုက်ရှိသည်ဟု နာမည်ကြီးလာပြီး 'ကန်ညီနောင်သိုက်' ဟု ခေါ်ဝေါ်ကြသည်။

သိုက်ဆရာများက ထိုရတနာများကို လာရောက်ရှာဖွေရန် ကြိုးစားကြသော်လည်း မအောင်မြင်ပေ။ သေသူသေ၊ ပြေးသူပြေးကြရသည်။

နှစ်အတော်ကြာသောအခါ ထိုရေကန်နှစ်ကန်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



နေရာနှင့် မနီးမဝေးတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းဆောက်ကာ ဘုန်းတော်ကြီးများ သီတင်းသုံးကြလေသည်။

ထိုသို့ ကျောင်းဆောက်ပြီး လာရောက်သီတင်းသုံးသော ဦးပဥ္စင်းတစ်ပါး၊ ကိုရင်တစ်ပါးနှင့် ကျောင်းသားတစ်ယောက်တို့ ရှေ့ဆင့်နောက်ဆင့် သေကြလေသည်။

သို့ကြောင့် ဖလန်ခုန်ရွာသူရွာသားများကတော့ ထိုအကြောင်းကို တတ်ကျွမ်းနားလည်သော ဆရာကြီးကိုပင့်ခေါ်ပြီး ကြည့်ရှုစစ်ဆေးသောအခါ သိုက်စောင့်သရဲလေးကောင်က သတ်ဖြတ်စားသောက်နေခြင်းဖြစ်ကြောင်း သိကြရလေသည်။

ထိုသို့သိသောအခါ ဆရာကြီးက ၄င်းပညာစွမ်းဖြင့် သိုက်စောင့်သရဲများကို ခေါ်မေးသောအခါမှ နန်းမတော်မယ်နု၏ရတနာများ စောင့်ရှောက်နေကြရကြောင်း သိရလေသည်။

ထိုအခါ ဆရာကြီးက . . .၊

"ကဲ . . ကဲ . . မင်းတို့လည်း အခုအချိန်ကစပြီး လွတ်ရာကျွတ်ရာ သွားကြပေတော့၊ ကျောင်းမှာသီတင်းသုံးနေတဲ့ ဘုန်းကြီးတွေကိုလည်း အနှောင့်အယှက် မပေးကြနဲ့တော့၊ မင်းတို့စောင့်ရှောက်ပေးနေရတဲ့ ရတနာတွေကိုလည်း ငါတို့မယူဘူး၊ ဒီပတ်ဝန်းကျင်မှာ ကိုသော်ကစောင့်တဲ့ "ရွှေမောင်း"သိုက်ရှိတယ်၊ အဲဒီသိုက်ထဲမှာ ထည့်ထားပေးမယ်၊ လွတ်ရာသွားကြပေတော့"

ဟုပြောဆိုကာ နှင်ထုတ်လိုက်တော့မှ သရဲလေးကောင်လည်း ဝေးရာသို့ ထွက်ပြေးသွားလေတော့သည်။





ထို့နောက်မှာတော့ ရတနာသေတ္တာကို ဖော်ယူစေလျက် ရွှေမောင်းသိုက်စောင့် ကိုသော်ကလက်သို့ အပ်နှံလိုက်လေသည်။

ရတနာသေတ္တာကို သိုက်ထဲသို့ယူဆောင်သွားခါနီး အဖုံးဖွင့်ခိုင်းပြီး ကြည့်လေရာ တန်ဖိုးရှိလှသော နန်းစဉ်ရတနာအမြောက်အမြားကို တွေ့ကြရလေသည်။

ထိုရတနာများကို ရွှေမောင်းသိုက်အတွင်းသို့ လွှဲပြောင်းအပ်နှံလိုက်ပြီးနောက်တွင် ထိုနေရာတွင် အနှောင့်အယှက်ပေးခြင်းများ မရှိတော့ပဲ ချမ်းသာစွာနေကြရလေတော့သည်။

ထိုနေရာ၌ရှိသော သိုက်ကိုလည်း 'ကန်ညီနောင်၊ ရွှေမောင်းသိုက်' ဟု ခေါ်ဝေါ်ကြလေသည်။

ထိုအကြောင်းအရာများမှာ အင်းဝခေတ်တွင် နာမည်ကြီးခဲ့သော နန်းမတော်မယ်နု၏ နန်းစဉ်ရတနာများနှင့် ပတ်သက်သည့် ရတနာသိုက်အကြောင်းပင်ဖြစ်ပေသည်။

ဆက်၍ အင်းဝခေတ်တွင် နာမည်ကြီးခဲ့သော သူဌေးကြီးဘောဂဗလနှင့် သမီးခင်စောမူတို့ စောင့်ရှောက်နေကြသော ဘောဂဗလသိုက်အကြောင်းကိုလည်း ဆက်လက်ဖော်ပြပေးပါမည်။

သူဌေးကြီးဘောဂဗလမှာ အင်းဝခေတ်၌ နာမည်ကြီးလှသော သူဌေးကြီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်လေသည်။ မင်းပေါက်စိုးပေါက် သူဌေးတစ်ဦးလည်းဖြစ်သည်။

ခေတ်ကာလမှာ မငြိမ်မသက်ဖြစ်နေသော အချိန်ကား



www.burmeseclassic.com

www.burmeseclassic.com



လဖြစ်သောကြောင့် သူဌေးကြီးမှာ ၎င်းပိုင်ဆိုင်သော ရွှေငွေ ရတနာပစ္စည်းဥစ္စာတို့ကို လုံခြုံစိတ်ချသောနေရာ၌ထားရန် စီမံ ဆောင်ရွက်နေလေသည်။

မြန်မာသက္ကရာဇ် (၈၈၀)ခုနှစ်တွင် အင်းဝနေပြည်တော် အား မိုးညှင်းရှမ်းများ လာရောက်ထိပါးနေသောကြောင့် တိုင်း ပြည်မငြိမ်မသက်ဖြစ်နေသော အချိန်ကာလလည်း ဖြစ်ပေ သည်။

သူဌေးကြီးဘောဂဗလတွင် သမီးတစ်ဦးရှိသည်။ အ သက်(၂၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး ချောမောလှပသော မိန်းမ ပျိုတစ်ဦးလည်းဖြစ်သည်။

နာမည်က ခင်စောမူဖြစ်ပြီး ယဉ်ကျေးလိမ္မာသော မိန်းမ ပျိုတစ်ဦးလည်းဖြစ်သည်။

တိုင်းပြည်နိုင်ငံ မငြိမ်မသက်ဖြစ်လာသောအချိန်တွင် ဖခင်ဖြစ်သူ သူဌေးကြီးက တစ်ဦးတည်းရှိသောသမီးကို စိတ် မချသောကြောင့် သင့်တော်သောသူရှာ၍ ထိမ်းမြားလက်ထပ် ပေးရန် စီမံလေသည်။

ထို့နောက်တွင် ဘုရင်တပ်မတော်၌ အမှုတော်ထမ်းနေ သော ဗိုလ်မှူးလေး ဘယကျော်သူနှင့်လက်ထပ်ထိမ်းမြားပေး လေသည်။

ဗိုလ်မှူးလေး ဘယကျော်သူမှာ သတ္တိဗျတ္တိကောင်းပြီး အားကိုးထိုက်သည့် ယောကျ်ားတစ်ယောက်ဖြစ်သည်။

ခင်စောမူနှင့်လက်ထပ်ပြီးစအချိန်မှာပင် အေးအေး





မနေရပဲ ရန်သူများကို ဖယ်ရှားသုတ်သင်ပေးနေရလေသည်။

ခင်စောမူကတော့ ချစ်စခင်စသာရှိသေးသော လင် တော်မောင်အတွက် တစ်ချက်ကလေးမှ စိတ်မအေးရရှာပဲ ရှိ လေသည်။

သက္ကရာဇ် (၈၈၆)ခုနှစ်မှာတော့ သိုဟန်ဘွား၏ ခမည်း တော် မိုးညှင်းစလုံသည် ပြည်မင်းသတိုးမင်းစောနှင့် ပူးပေါင်း ပြီး အင်းဝကိုချီတက်ကာ လုပ်ကြံလေတော့သည်။ ဗိုလ်မှူးလေး ဘယကျော်သူအပါအဝင် အင်းဝတပ်များကလည်း ရှုပ်ရှုပ်ချွံချွံ ပြန်လည်တိုက်ခိုက်ကြသော်လည်း. . အင်အားချင်းမမျှသော ကြောင့် အရေးမလှဘဲ ဖြစ်နေကြလေသည်။

ထိုအခြေအနေကိုသိသော အင်းဝမှာရှိကြသည့် သူဌေး သူကြွယ်များသည် မိမိတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို ရန်သူ များလက်သို့ ပါမသွားစေရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သိုဝှက် သိမ်းဆည်းကြလေသည်။

ထိုအထဲတွင် သူဌေးကြီးဘောဂဗလလည်း တစ်ဦးအပါ အဝင်ဖြစ်သည်။

သူဌေးကြီးသည် မနော်ရမ္မာဥယျာဉ်နှင့်နီးသောနေရာ တွင် မြေအောက်လိုဏ်ခေါင်းကြီးတစ်ခု တူးစေကာ လေးဘက် လေးတန်မှ အုတ်နံရံများ အခိုင်အခန့်ကာရံသည်။

အောက်ခြေကိုလည်း ကျောက်သားများဖြင့် ခင်းကျင်း ကာ သူပိုင်ဆိုင်သော ရွှေငွေဥစ္စာရတနာ အတော်များများကို ထိုအထဲမှာ သိုဝှက်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ အပေါ်မှအခိုင်အမာပိတ်လျက်. . စေတီတစ်ဆူ တည်ထားလေသည်။

ထိုစေတီကို 'မဟာဗောဓိစေတီ' ဟုခေါ်ကြသည်။

နောက်ပိုင်းတော့ အင်းဝမြို့တော်မှာ ရန်သူများလက်အောက်သို့ ကျရောက်သွားလေတော့သည်။

ခင်စောမူ၏ ယောက်ျားဗိုလ်မှူးလေး ဘယကျော်သူမှာလည်း တိုက်ပွဲမှာကျဆုံးသွားခဲ့လေသည်။

မိုးညှင်းစလုံက အင်းဝကိုရသောအခါ သားဖြစ်သူ သိုဟန်ဘွားလက်သို့ လွှဲအပ်ပြီးပြန်လေသည်။

ရှေ့အခန်းများမှာ ရေးခဲ့သည့်အတိုင်း သိုဟန်ဘွားသည် အင်းဝကိုရသောအခါ တိုင်းပြည်ကို အလုံးစုံဖျက်ဆီးလေတော့သည်။

စေတီပုထိုးများကို ဖြို၍ဌာပနာများယူခြင်း။

ကျောင်းများကို ဖြိုဖျက်မီးရှို့ခြင်း။

သံဃာတော်တို့အား အစုလိုက်အပြုံလိုက် သတ်ဖြတ်ပစ်ခြင်း၊ သူဌေးသူကြွယ်များထံမှ ဥစ္စာပစ္စည်းများကို သိမ်းယူခြင်းများ ပြုလုပ်လေသည်။

အလိုရှိသလောက် မပေးနိုင်လျှင် မိသားစုအားလုံးသတ်ဖြတ်ပစ်လေသည်၊

ထိုသို့သတ်ဖြတ်ခံရသော သူဌေးသူကြွယ်များထဲတွင် သူဌေးကြီးဘောဂဗလနှင့် သမီးဖြစ်သူ ခင်စောမူတို့လည်း ပါဝင်လေသည်။





မိမိတို့ဥစ္စာပစ္စည်းများကို သိုဝှက်ထားကြသော သူဌေးသူကြွယ်တို့မှာ ထိုကဲ့သို့အသတ်ခံခဲ့ပြီးနောက် မိမိတို့ထားခဲ့သောဥစ္စာပစ္စည်းတို့ကို စွဲလမ်းတပ်မက်သော စိတ်ကြောင့် မကျွတ်မလွတ်သောဘဝသို့ ရောက်ကြရလေသည်။ အတော်များများဥစ္စာစောင့်၊ သိုက်စောင့်များဘဝသို့ ရောက်ကြရခြင်းဖြစ်သည်။

သူဌေးကြီးဘောဂဗလနှင့် သမီးဖြစ်သူ ခင်စောမူတို့လည်း ၎င်းတို့သိုဝှက်ထားသော ဥစ္စာပစ္စည်းများစွဲလမ်းတပ်မက်သောစိတ်ဖြင့် ဥစ္စာကိုစောင့်ရသော ဥစ္စာစောင့်များဘဝရောက်ကြရသည်။

၎င်းတို့သိုက်ကို သူဌေးကြီးဘောဂဗလသိုက်ဟုပင်နောက်ပိုင်း ခေါ်ဝေါ်ကြသည်။

ထိုသိုက်ထဲမှာ သူဌေးကြီးပူဇော်သော ပတ္တမြားစေတီရှိသည်။

သေတ္တာကြီးငယ်တို့ဖြင့် အပြည့်ထည့်ထားသော ရွှေမန်ကျည်းတောင့်များ၊ အချို့သေတ္တာထဲတွင် ရွှေဆီးဖြူသီးများ၊ (ရွှေကို ရွှံ့လုံးသကဲ့သို့ လောက်စာလုံးအရွယ်ဖြစ်အောင် လုံးထားခြင်းဖြစ်သည်)

ထို့ပြင် စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲ စသောရတနာသေတ္တာများလည်း ရှိသည်။

ထို့ပြင် အခန်းထောင့်တစ်နေရာမှာ ထင်းတုံးများပုံသကဲ့သို့ ပုံထားသော ရွှေတုံးပုံလည်းရှိသည်။

အမှန်တော့ ရွှေများကို အုတ်ချပ်သဏ္ဌာန်ပြုလုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



အစီအရီထပ်ထားခြင်းပင်ဖြစ်သည်။ ထိုရွှေအုတ်များသည် ဘုရားတည်ရန်အတွက် ပြုလုပ်ထားသော ရွှေအုတ်များပင်ဖြစ်သည်။

ထိုရွှေအုတ်များသည် ဘုရားတည်ရန်အတွက် ပြုလုပ်ထားသော ရွှေအုတ်များပင်ဖြစ်သည်။

ထို့ပြင် ခင်စောမူလူ့ဘဝ၌ ဝတ်ဆင်ခဲ့သော ရွှေငွေလက်ဝတ်တန်ဆာများတို့မှာလည်း သေတ္တာများအပြည့် ရှိနေကြသည်။

အင်းဝ၌ရှိသော ဘောဂဗလသိုက်ကြီးမှာ ကမ္ဘာပေါ်ရှိသော ရတနာသိုက်ကြီးများကဲ့သို့ တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးမားသော ရတနာသိုက်ကြီးပင် ဖြစ်ပေသည်။





## အခန်း [၃]

# မနော်ရမ္မာမှကံဆိုးသော ညီမသုံးဖော်

အင်းဝမြို့ကို သက္ကရာဇ်(၇၂၆၃)ခုနှစ်တွင် သတိုးမင်းဖျားမင်းမှ စတင်တည်ထောင်၍ ဘုရင်နရပတိတိုင်အောင် မင်းတစ်ဆယ့်လေးပါးတိုင်အောင် စိုးစံအုပ်ချုပ်ခဲ့ရာ သက္ကရာဇ်(၈၈၈)ခုနှစ်သို့ ရောက်သောအခါ ရှမ်းစော်ဘွားမိုးညှင်းစလုံလက်သို့ ကျရောက်ခဲ့ရလေသည်။

မိုးညှင်းစလုံသည် အင်းဝကိုရသောအခါ သားတော်



www.burmeseclassic.com

www.burmeseclassic.com



သိုဟန်ဘွားကိုအပ်ကာ နေရပ်သို့ ပြန်လေသည်။

သိုဟန်ဘွားသည် မင်းဆိုးမင်းညစ်တစ်ပါး ဖြစ်သည်။

ဘာသာသာသနာကို ဖျက်ဆီးသူဖြစ်သည်။

အမျိုးကိုဖျက်ဆီးသူ ဖြစ်သည်။

အင်းဝကိုရသောအခါ သိုဟန်ဘွားနှင့် ရှမ်းစစ်သားအပေါင်းတို့သည် တစ်မြို့လုံးမှာရှိသော မိန်းမများကို ဖမ်းဆီးခေါ်ဆောင်ကာ မယားပြုကြလေသည်။

သို့ကြောင့် အင်းဝနှင့်ထိုနယ်တစ်ဝိုက်မှာရှိသော မိန်းမပျိုမိန်းမငယ်တို့မှာ နေစရာမရှိအောင် ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ကြရလေသည်။

ရှေးအခါက မြစ်ငယ်မြစ်၏အရှေ့ဘက်ကမ်း၌ မနော်ရမ္မာဥယျာဉ်ကြီးရှိသည်။

ထိုဥယျာဉ်ကြီးနှင့် အနီးတစ်ဝိုက်မှာလည်း ရွာများရှိကြလေသည်။

ထိုရွာများထဲမှာ "မနော်ရမ္မာရွာ"မှာ ကြီးကျယ်စည်ကားသော ရွာကြီးတစ်ရွာရှိသည်။

ထိုရွာမှာနေကြသူတို့မှာ စီးပွားဥစ္စာအဆင်ပြေပြီး အေးချမ်းစွာနေထိုင်ကြသူများဖြစ်သည်။

မနော်ရမ္မာရွာမှာ အိမ်ခြေပေါင်း (၁၀၀)ကျော်ခန့်ရှိပြီး ရွာလူကြီးမှာ ဦးမြတ်စံဆိုသူဖြစ်သည်။

ဦးမြတ်စံသည် ရိုးသားဖြောင့်မတ်သူဖြစ်သောကြောင့် တစ်ရွာလုံးက လေးစားကြလေသည်။





၄င်းတွင် လယ်မြေ ယာမြေ အမြောက်အမြားပိုင်ဆိုင်ထားပြီး စီးပွားဥစ္စာပြည့်စုံမှုရှိလေသည်။

အင်းဝမြို့တော်ကို မြန်မာဘုရင်များ အုပ်စိုးစဉ်ကတော့ မနော်ရမ္မာရွာကြီးမှာ အခွန်တော်ဆက်သရသော ရွာကြီးတစ်ရွာပင်ဖြစ်ခဲ့လေသည်။

ထိုရွာနှင့်မနီးမဝေးတွင် မနော်ရမ္မာဥယျာဉ်ကြီးရှိသောကြောင့်လည်း ပိုပြီးလူသိများလေသည်။

ရွာလူကြီးဦးမြတ်စံနှင့် ဇနီးဖြစ်သူ ဒေါ်ရွှေမုံတို့မှာ သားယောကျ်ားလေး မထွန်းကားဘဲ သမီး(၃)ယောက်သာ ထွန်းကားလေသည်။

သမီး(၃)ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် အသက်(၂)နှစ်ခန့်သာ ကွာခြားလေသည်။

အကြီးဆုံးသမီးဖြစ်သူ မြနှင်းဖြူက (၂၄)နှစ်၊

အလတ်ဖြစ်သူ မြသင်းကြူက (၂၂)နှစ်၊

အငယ်ဆုံးသမီးဖြစ်သူ မြဝင်းသူပင် အသက်(၂၀)အရွယ်ရောက်နေပေပြီ။

ထိုမိန်းကလေးသုံးယောက်စလုံးမှာ ရုပ်ရည်ချောမောလှပပြီး လိမ္မာယဉ်ကျေးမှုရှိကာ မိဘစကားကို မြေဝယ်မကျနားထောင်ကြသူများဖြစ်သည်။

ရုပ်ရည်ချင်းလည်း ဆင်တူ၊ အရွယ်ချင်းကလည်း မတိမ်းမယိမ်းပင် ရှိကြသဖြင့် ရုတ်တရက်ကြည့်ပါက အမြွှာညီအစ်မသုံးယောက်ဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေး (၃)ယောက်တို့မှာ မိဘများကလည်း ချမ်းသာ၊ ရုပ်ရည်ကလည်း ချောမောလှပသဖြင့် လိုချင်သူများ ဝိုင်းဝိုင်းလည်နေကြပေသည်။

မနော်ရမ္မာရွာမှသာမက အခြားရွာများမှာရှိသော လူပျိုကာလသားများကလည်း စိတ်ဝင်စားကြသည်။ သူမတို့နှင့် လက်ဆက်ခွင့်ရရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြလေသည်။

ထိုမျှမကသေးပဲ မြနှင်းဖြူတို့ညီမသုံးယောက်သတင်းမှာ အင်းဝရွှေမြို့တော်မှာရှိသော လူပျိုကာလသားများအထိ သတင်းပေါက်သဖြင့် ဥပါယ်တံမျဉ်ဖြင့် လာရောက်ချဉ်းကပ်ကြသူများပင် ရှိကြလေသည်။

မိဘချင်းကမ်းလှမ်းမှုသည်လည်း ရှိသည်။

လူငယ်အချင်းချင်း နီးစပ်မှုရှိစေရန် ကြိုးစားကြသူများလည်း ရှိကြသည်။

သို့သော် မြနှင်းဖြူညီအစ်မသုံးယောက်ကတော့ ထိုကိစ္စများကို မစဉ်းသားဘဲ အေးအေးသာနေကြလေသည်။

အကယ်၍ ဇွတ်အတင်း စီစဉ်လာပါကလည်း အလိမ္မာသုံးကာ ငြင်းပယ်ခဲ့ကြလေသည်။

အဘယ်ကြောင့် ငြင်းပယ်သလဲဆိုလျှင် သုံးယောက်စလုံး အိမ်ထောင်ပြုရမည်ကို ဝန်လေးကြသောကြောင့်ပင် ဖြစ်သည်။ အိမ်ထောင်ပြုရန် ဝန်လေးရခြင်းအကြောင်းမှာလည်း အခြားမဟုတ်ပေ။

ညီမသုံးယောက် ယခုကဲ့သို့အတူတူမနေရဘဲ အိမ်





ထောင်ကျပြီးပါက တကွဲတပြားစီ ခွဲခွာနေရမည်စိုးသောကြောင့်ပင်ဖြစ်ပေ၏။

"ငါတို့ညီအစ်မ သုံးယောက်ကရှေးအတိတ်ဘဝက ရေစက်ပါလာခဲ့လို့သာ ယခုဘဝမှာ အတူတူနေခွင့်ရကြတာ၊ အကယ်၍ အခြားတစ်ယောက်နဲ့ အိမ်ထောင်ပြုလိုက်ရင် အခုလိုနေခွင့်ရတော့မှာ မဟုတ်ဘူး"

"ဟုတ်တယ် မမကြီး"

"ဒါကြောင့် မိဘတွေနဲ့အတူတူ ဒီလိုပဲနေသွားကြမယ်၊ သေလည်းအတူ၊ ရှင်လည်းအတူတူပေါ့၊ မကောင်းဘူးလား"

"ကောင်းတယ်၊ ကောင်းတယ် ကျွန်မတို့ ညီအစ်မသုံးယောက် ချစ်သူလည်း မရှာရဘူး၊ တကယ်လို့ တစ်ယောက်က ချစ်သူနဲ့တွေ့တယ်ဆိုရင်တောင်မှ ကျန်တဲ့ညီအစ်မနှစ်ယောက်က သဘောမတူရင် မယူရဘူး"

အငယ်ဆုံး ညီမဖြစ်သူ မြဝင်းသူ စကားကြောင့် ကျန်နှစ်ယောက်က သဘောကျစွာ ပြုံးနေကြလေသည်။

သူတို့ ညီအစ်မသုံးယောက်မှာ ရုပ်ရည်ချင်းတူသလို စိတ်သဘောချင်းကလည်း တူကြသဖြင့် အပူမရှာဘဲ ယခုကဲ့သို့ အပျိုစင်ဘဝနှင့် နေလာခဲ့ကြခြင်းဖြစ်သည်။

မိခင်နှင့်ဖခင်တို့ကလည်း သဘောမနောဖြူစင်ရိုးသားကြပြီး ဂုဏ်ပကာသနမက်မောကြသူများ မဟုတ်ကြသဖြင့် သမီးသုံးယောက်သဘောဆန္ဒမပါဘဲနှင့် မည်သည့်ကိစ္စကိုမှ ဇွတ်အတင်းမစီစဉ်ခဲ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူ ဒေါ်ရွှေမှုံကတော့ တစ်ခါတစ်ရံပြောသည်။

"ခေတ်ကာလက မကောင်းတော့ဘူး၊ တစ်နေ့မဟုတ်တစ်နေ့ ရှမ်းတွေရောက်လာလို့ သူတို့ကိုတွေ့မြင်သွားရင် အေးမယ်မထင်ဘူး၊ ဒီတော့ အချိန်ကလေးရတုန်း သမီးသုံးယောက်စလုံးကို သင့်တော်တဲ့သူတွေနဲ့ နေရာချပေးလိုက်ရရင် မကောင်းဘူးလား ကိုမြတ်စံ"

"အို ဒီလိုတော့ ဇွတ်မလုပ်ပါနဲ့ကွာ၊ သူတို့မှအိမ်ထောင်မပြုချင်ကြသေးတာ အေးအေးနေကြပါစေ"

ဟုပြောသဖြင့် ဒေါ်ရွှေမှုံလည်း နောက်ထပ်ဇွတ်အတင်းမပြောသာတော့ပေ။

တစ်နေ့သ၌ ထိုရွာသို့အင်းဝဘက်မှာနေသော သူဌေးကြီးဘောဂဗလနှင့် သမီးခင်စောမူတို့ရောက်လာကြသည်။

၎င်းတို့နောက်မှာ စိတ်ချယုံကြည်ရသော လူယုံတော်အချို့လည်း ပါလာကြသည်။

၎င်းတို့သည် သာမန်လူများအသွင်မျိုးဖြင့် ရုပ်ဖျက်ကာရောက်လာကြခြင်းဖြစ်လေသည်။

သူဌေးကြီးဘောဂဗလနှင့် ဦးမြတ်စံတို့မှာ ယခင်ကတည်းက ခင်မင်ရင်းနှီးနေသော မိတ်ဆွေဟောင်းများဖြစ်ကြလေသည်။ သူဌေးကြီးရောက်လာသောအခါ ဦးမြတ်စံက နေရာထိုင်ခင်းပေးကာ လာရင်းကိစ္စကို မေးမြန်းရလေသည်။

"ဘယ်လိုအကြောင်းကိစ္စပေါ်လာလို့များ အရေးတကြီးရောက်လာရတာလဲ သူဌေးမင်း"





"ခင်ဗျားဆီက အကူအညီလိုချင်လို့ လာခဲ့တာပါပဲ ဦးမြတ်စံ"

"လိုတဲ့အကူအညီကိုသာပြောပါ ကျုပ်စီမံဆောင်ရွက်ပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာဗျာ၊ ဒီနေရာတစ်ဝိုက်မှာ ဘုရားတစ်ဆူတည်ချင်တယ်ဗျာ၊ အဲဒါခင်ဗျားကူညီပေးပါ၊ ဘယ်နေရာဆိုရင် သင့်တော်မယ်ထင်သလဲ"

ထိုစကားကြားသောအခါ ဦးမြတ်စံက ကွမ်းဝါးရင်းနှင့်စဉ်းစားနေလေသည်။

အတန်ကြာတော့မှ . . .

"ကျုပ်သဘောပြောရရင်တော့ မနော်ရမ္မာဥယျာဉ်နဲ့မဝေးလှတဲ့နေရာမှာ မဟာဗောဓိကုန်းဆိုတာရှိတယ်၊ အဲဒီကုန်းပေါ်မှာ ဘုရားတည်ရင်ဖြင့် သင့်မြတ်မယ်ထင်တာပဲ"

ဟု ပြန်ပြောလေသည်။

"ခင်ဗျားသင့်တော်တယ်ထင်ရင် ပြီးတာပါပဲ၊ ပန်းရန်ဗိသုကာကစပြီး အလုပ်သမားတွေကိုလည်း အစစအရာရာ ခင်ဗျားကပဲ စီစဉ်ပေးပါ၊ အထူးသဖြင့် မြေအောက်ဌာပနာတိုက်ကိုတော့ လေးဖက်လေးတန် အုတ်တံတိုင်းကာရံပြီး ကျယ်ကျယ်ဝန်းဝန်းသာ လုပ်ထားပေးပါ"

ဟု မှာကြားလေရာ ဦးမြတ်စံလည်း ပြုလုပ်ပေးမည်ဟုကတိပေးလိုက်လေသည်။

ထို့နောက် သူဌေးကြီးလည်း ပြန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းရက်များမှာတော့ ဦးမြတ်စံမှာ ပန်းရန် ဗိသုကာအလုပ်သမားများကို စုရုံးခေါ်ဆောင်ပြီး မဟာဗောဓိကုန်းတစ်ဝိုက်မှာ ဘုရားတည်ရန် စတင်ဆောင်ရွက်လေတော့သည်။

ထိုအချိန်မှာ အင်းဝတစ်မြို့လုံး ကျီးလန့်စာစားဖြစ်နေသောအချိန်ကာလလည်း ဖြစ်သည်။

ရက်အတန်ကြာသောအခါ သူဌေးကြီးမှာကြားထားသည့်အတိုင်း ကျယ်ဝန်းသော ဌာပနာတိုက်ကြီး ပြုလုပ်ပြီးစီးသွားလေတော့သည်။

မြေအောက်တိုက်အတွင်းသို့ ဌာပနာထည့်ပြီးပါက အပေါ်မှပိတ်ရန်လည်း အဆင်သင့်ပြုလုပ်ထားလေသည်။

တစ်ညမှာတော့ သူဌေးကြီးရောက်လာပြီး အကြောင်းစုံပြောပြလေသည်။

ထိုဌာပနာတိုက်ထဲတွင် ၎င်းပိုင်ဆိုင်သော ရွှေငွေရတနာဥစ္စာပစ္စည်းများ ထည့်သွင်းမြှုပ်နှံမည့်အကြောင်း အသိပေးပြီးနောက် လှေများဖြင့် သယ်ယူလာသော ရတနာများကို ထိုမြေတိုက်အတွင်းသို့ထည့်ကာ အပေါ်မှကျောက်ပြား၊ အုတ်ပြားအင်္ဂတေတို့ဖြင့် ပိတ်ဆို့လိုက်လေသည်။

နောက်ရက်အလုပ်သမားများ ရောက်လာသောအခါ အပေါ်မှ စေတီကြီးတစ်ဆူတည်လေသည်။

စေတီပြီးသောအခါ 'မဟာဗောဓိစေတီတော်' ဟု ဘွဲ့အမည်ပေးလေသည်။

နောက်ပိုင်း အင်းဝကို သိုဟန်ဘွားသိမ်းပိုက်အုပ်ချုပ်





သောအခါ၊ အင်းဝတစ်မြို့လုံးမှာရှိသော သူဌေးသူကြွယ်တို့ကိုခေါ်ပြီး ၎င်းတို့ပိုင်ဆိုင်သော ရွှေငွေရတနာဥစ္စာပစ္စည်းများကို အပ်စေသည်။

အချို့လည်း တချို့တစ်ဝက်လောက်သာ အပ်သည်။

တစ်ချို့မအပ်ကြပေ၊

သိုဟန်ဘွားက ထိုကဲ့သို့ မအပ်သူများကို သတ်ဖြတ်ပစ်လေသည်။ သတ်ဖြတ်ခံရသော သူများထဲမှာ သူဌေးကြီးဘောဂဗလ၊ သမီးခင်စောမူနှင့် အခြွေအရံအချို့လည်း ပါလေသည်။

သူဌေးကြီးဘောဂဗလမှာ အင်းဝ၌နာမည်အကြီးဆုံးသူဌေးတစ်ဦးဖြစ်သော်လည်း ၎င်းတို့ထံမှ ရွှေငွေရတနာများဖြစ်ဖြစ်မြောက်မြောက်မရသောကြောင့် သိုဟန်ဘွားမှာ မကျေမနပ်ဖြစ်နေလေသည်။

နောက်တော့ လူယုံတော်တစ်ဦးထံမှ သတင်းတစ်ခုကြားရလေသည်။

သူဌေးကြီးဘောဂဗလပိုင်ဆိုင်သော ရွှေငွေရတနာတို့ကိုမနော်ရမ္မာဥယျာဉ်ရှိသောဘက်တွင် သွားရောက်ဝှက်ထားသည်ဆိုသော သတင်းပင်ဖြစ်သည်။

သို့သော် မည်သည့်နေရာ၌ ဝှက်ထားသည်ဆိုသောသတင်းကိုတော့ မရကြပေ။

ထို့ကြောင့် လူယုံများကို မနော်ရမ္မာရွာရှိသောနေရာသို့စေလွှတ်ပြီး စနည်းနာစေသည်။

တစ်ရွာလုံး စုံစမ်းသော်လည်း သတင်းအစအနမျှမ



www.burmeseclassic.com

www.burmeseclassic.com



မရကြပေ။ လာရောက်စုံစမ်းသူတို့မှာ သူဌေးကြီးဘောဂဗလ၏ ဥစ္စာပစ္စည်းများသတင်းကို အစအနမျှပင် မရကြသော်လည်း သတင်းတစ်ခုတော့ ရသွားကြသည်။

အခြားမဟုတ်ပေ။

မနော်ရမ္မာရွာမှ မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူတို့ ညီမသုံးယောက်သတင်းကိုတော့ သိသွားကြသဖြင့် သိုဟန်ဘွား ကို ပြန်လည်လျှောက်တင်ကြလေသည်။

သိုဟန်ဘွားကလည်း မြနှင်းဖြူတို့ ညီအစ်မသုံးဖော် သတင်းကြားသည်နှင့် သိမ်းပိုက်ရန် ပြင်ဆင်လေတော့သည်။

ထိုသတင်းကို ဦးမြတ်စံတို့ မိသားစုက ကြိုတင်ပြီးသိကြ ရလေသည်။ ထို့ကြောင့် မိသားစုများ တိုင်ပင်ကြလေသည်။

"ဒီလို လူယုတ်မာတွေလက်ထဲတော့ ငါ့သမီးတွေ ဘယ် တော့မှ မရောက်စေရဘူး"

"ဒါပေမယ့် ဒီအတိုင်းနေလို့ရပ့ါမလား၊ သူကတစ်မြို့ လုံးမှာရှိတဲ့လူတွေရော ပစ္စည်းတွေပါ သူသဘောကျသိမ်းပိုက် ယူနေတာမဟုတ်လား၊ အခု သူဌေးကြီးဘောဂဗလတို့သား အဖ တောင် အသတ်ခံကြရပြီမဟုတ်လား၊ တော်ကြာ ကျုပ်တို့မိသားစု တွေကို သတ်ဖြတ်ရင် ကိုယ်ကျိုးနည်းရချည်ရဲ့"

ဟု ဒေါ်ရွှေမှုံက စိုးရိမ်ပူပန်သောကြောင့် ပြောသည်။

"ဒီအတိုင်းဆိုရင်တော့ ငါတို့သမီးသုံးယောက်ကို သိမ်း ပိုက်ဖို့လာကြတော့မှာပဲ၊ ဒီတော့ သူတို့မလာခင်ထွက်ပြေးကြ မှသင့်မယ်"





"ဘယ်ကိုပြေးကြမှာလဲ"

"သူတို့စက်ကွင်းက လွတ်ကင်းအောင် ပြေးကြရမှာ ပေါ့၊ ဒီမှာနေရင်လည်း သေရမယ့်အတူတူတော့ ပြေးကြတာက ပိုကောင်းမယ်"

ဟုပြောဆိုတိုင်ပင်ပြီး ၄င်းတို့ပိုင်ဆိုင်သော လယ်မြေ၊ ယာမြေနှင့် ဥစ္စာပစ္စည်းတို့ကို ဆွေမျိုးသားချင်းတို့ထံ အပ်နှံထား ခဲ့ပြီး အတွင်းပစ္စည်းအချို့လောက်သာ သင့်တော်သလောက် ယူဆောင်ကာ ထိုအရပ်မှထွက်ပြေးကြလေသည်။

နောက်တစ်ရက်တွင် ရှမ်းစော်ဘွား၏ **စစ်သားများ** ရောက်လာသောအခါ မတွေ့ရတော့ပေ။

ထိုအခါ တစ်ရွာလုံး မြေလှန်ရှာဖွေပြီး တွေ့သမျှ ဖျက် ဆီးပစ်ကြလေသည်။

အချို့ကိုလည်း သတ်ဖြတ်ပစ်လေသည်။

ထို့နောက် ဦးမြတ်စံတို့သားအဖတစ်တွေထွက်ပြေးရာ နောက်သို့ ခြေရာခံလိုက်ကာ တောနင်းရှာဖွေကြလေသည်။ သို့သော် မတွေ့ကြရတော့ပေ။

နောက်ဆုံးမှာတော့ မနော်ရမ္မာရွာနှင့် မဝေးလှသော ဒုဋ္ဌဝတီမြစ်ကမ်းတစ်နေရာ၌ ၄င်းတို့အသုံးအဆောင်ပစ္စည်း များကိုသာ ပြန်တွေ့ရပြီး လူများကိုတော့ တစ်ယောက်မှ မတွေ့ ရတော့ပေ။

ထိုနေရာသည် ချောက်ကမ်းပါးရှိပြီး ရေစူးနက်လှ သည်။ ဝဲကတော့များရှိပြီး ဝဲကြမ်းသောနေရာလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်စံတို့ မိသားစု (၅)ယောက်မှာ ပြေးမလွတ်သာတော့သဖြင့် ဒုဋ္ဌဝတီမြစ်ဝဲအတွင်းသို့ ခုန်ဆင်းသွားကြသည်ဟုသာ ယူဆကြလေသည်။

နောက်ပိုင်းတော့ မြနှင်းဖြူ မြသင်းကြူ မြဝင်းသူတို့ မိသားစုသတင်းကို အစအနမျှပင် မကြားရတော့ပေ။





အခန်း [၄]

# ကညာစင်သိုက်နှင့် ဖြစ်ရပ်ဆန်းများ

မနော်ရမ္မာရွာမှထွက်ပြေးသွားသော မြနှင်းဖြူတို့ မိသားစုတို့သတင်းမှာ ပျောက်ချင်းမလှ ပျောက်သွားခဲ့သော်လည်း နောက်ပိုင်းမှာတော့ ထိုညီအစ်မသုံးယောက်သတင်းက ပြန်ပေါ်လာသည်။ မနော်ရမ္မာရွာနှင့် အနီးတစ်ဝိုက်မှာ ပြန်တွေ့နေရသည်ဆိုသော သတင်းဖြစ်သည်။

နေ့အချိန်များမှာ မတွေ့ရသော်လည်း ညအချိန်များမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မကြာခဏတွေ့ကြရသည်။

သူတို့ပိုင်ဆိုင်သောအိမ်နှင့် နေရာများ၌ အမှတ်မထင်တွေ့မြင်ကြရခြင်းဖြစ်သည်။

မြနှင်းဖြူတို့နေသောအိမ်မှာ ရှေးဟောင်းအိမ်ကြီးတစ်လုံးဖြစ်ပြီး ရွာအစွန်ဘက်၌ ရှိလေသည်။

ခြံထဲတွင် သစ်ပင်ကြီးငယ်တို့က. . . နေပြောက်မထိုးအောင် အုပ်မိုးနေသောကြောင့် အပြင်ဘက်မှလှမ်းကြည့်ပါကရုတ်တရက် မမြင်နိုင်ပေ။

ဆွေမျိုးသားချင်းများကလည်း ၎င်းတို့မိသားစုမရှိတော့သည့်နောက်ပိုင်း အိမ်နှင့်ခြံဝန်းတံခါးတို့ကို သော့ခလောက်ကြီးများဖြင့် ပိတ်ထားကြလေသည်။

မြနှင်းဖြူတို့ မိသားစုပျောက်သွားကြပြီးနောက်ပိုင်းမှာတော့ အမျိုးမျိုးထင်ကြေးပေးကာ ပြောဆိုနေကြသည်။ အချို့ကလည်း လှေဖြင့်အောက်ပြည်အောက်ရွာသို့ ထွက်ပြေးကြသည်ဟု ထင်သည်။

အချို့ကလည်း ရန်သူများလက် မရောက်လိုသောကြောင့် မိသားစုအားလုံး ဒုဋ္ဌဝတီမြစ်ဝဲအတွင်း ခုန်ဆင်းကာအဆုံးစီရင်သွားသည်ဟု ယူဆသူများလည်းရှိသည်။

မည်သည့်အချက်က မှန်မည်ကိုမသိရသော်လည်း ထိုမိသားစုကတော့ ရွာမှထွက်သွားပြီးကတည်းက သတင်းအစအနမျှပင် မကြားရတော့ပေ။

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီး လအနည်းငယ်ကြာ





သောအခါ မနော်ရမ္မာရွာ၌ ထူးခြားမှုများကို မြင်တွေ့လာကြသည်။ မြနှင်းဖြူတို့နေသော အိမ်ကြီး၌ မီးရောင်များမြင်တွေ့ရသည်။

အိမ်ထဲတွင် သွားလာနေသော လူရိပ်များကိုမြင်ရသဖြင့် မြနှင်းဖြူတို့မိသားစု ပြန်ရောက်လာကြလေသလားဟု ထင်သဖြင့် အချို့လည်း ထိုနေရာသို့ သွားရောက်ကြည့်ကြသည်။ သို့သော်လည်း ခြံဝန်းထဲရောက်သည်နှင့် မီးရောင်လည်း ပျောက်လူရိပ်များလည်း ပျောက်ကွယ်သွားလေသည်။

ထိုအခါမှပင် သဘောပေါက်ကြရလေသည်။

နောက်ပိုင်းမှာတော့ ခြံဝန်းထဲတွင်သွားလာနေကြသော မြနှင်းဖြူတို့ ညီအစ်မသုံးဖော်ကို တွေ့မြင်ကြရသည်။

ညအချိန်ရောက်လျှင် အိမ်ရှေ့မှာရှိသော ခရေပင်ကြီးအောက်တွင် ဆင်ထားသော ဒန်းပေါ်မှာ သီချင်းဆိုနေသည်ကိုတွေ့ကြရသည်။

အချို့လည်း ဖြတ်သွားဖြတ်လာရင်းနှင့် သီချင်းသံများကို ကြားကြရသည်။ ထိုသီချင်းသံကြားရသူတိုင်း လွမ်းဆွတ်ကြေကွဲမှုများ ဖြစ်ပေါ်ကြရသည်။

အခြားရွာများမှာ နေသူများကတော့ ထိုအကြောင်းများကို ကောင်းစွာမသိကြသဖြင့် တစ်မျိုးထင်မြင်ကြသည်။

မြနှင်းဖြူတို့မိသားစုမှာ သိုဟန်ဘွားရန်စနက်ကို. . . ကြောက်ရွံ့ကြသဖြင့် ရွာနှင့်မနီးမဝေးမှာ သွားရောက်ပုန်းအောင်းနေကြပြီး ရန်သူများမရှိတော့မှ အမှတ်တမဲ့နှင့် အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာကြပြီး နေထိုင်ကြသည်ဟု ထင်ကြလေသည်။

သို့ကြောင့် မြနှင်းဖြူတို့ ညီအစ်မသုံးယောက်ကို နှစ်သက်ကြသော အချို့ကာလသားများက အရဲစွန့်ကာ လာရောက်ချောင်းမြောင်းကြသည်။

ညအချိန်ရောက်မှ တွေ့ရသည်ဆိုသဖြင့် ညအချိန်ရောက်တော့မှ အရဲစွန့်ကာ လာရောက်ချောင်းမြောင်းကြသူများလည်းရှိသည်။

ထိုကဲ့သို့ လာရောက်ချောင်းမြောင်းလျှင်တော့ မြနှင်းဖြူတို့ ညီအစ်မတတွေကို မတွေ့ရဘဲ အမှောင်ရိပ်ထဲမှထွက်လာသော သရဲ၊ သဘက်၊ ဘီလူး စသည့်ကြောက်စရာကောင်းသော ပရလောကသားများကိုသာ တွေ့ကြရသဖြင့် နောက်ကြောင်းပြန်ပြေးကြရလေသည်။

နောက်ပိုင်းတော့ သတင်းတစ်ခုထွက်လာသည်။ မြနှင်းဖြူတို့မှာ လူ့ဘဝတွင်မရှိတော့ပဲ သိုက်စောင့်များဘဝရောက်နေကြသည်ဆိုသော သတင်းပင်ဖြစ်လေသည်။

ထိုကဲ့သို့ သတင်းထွက်လာပြီး နောက်ပိုင်းတွင် အတော်များများမှာ လက်လျှော့သွားကြသည်။

တစ်ခါတွင် မြယာကုန်းရွာမှ မောင်ရွှေရင်ဆိုသော လူရွယ်တစ်ယောက်မှာ မြနှင်းဖြူတို့ နှင့်ပတ်သက်သည့် ဆန်းကြယ်သည့်အဖြစ်တစ်ခုနှင့် ဆုံတွေ့ရလေသည်။

မောင်ရွှေရင်မှာ မြနှင်းဖြူကို သဘောကျနှစ်သက်နေသော လူပျိုလူရွယ်တစ်ဦးဖြစ်သည်။





တစ်နေ့တော့ မြယာကုန်းမှ မနော်ရမ္မာရွာဘက်သို့လာရာ အပြန်၌ နောက်ကျပြီးမှ ပြန်ရလေသည်။

သူပြန်တော့ မှောင်စပျိုးသော အချိန်ရောက်နေလေပြီ။ ရွာအစွန်သို့ရောက်သောအခါ တောစပ်မှထွက်လာသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရသဖြင့် ကြည့်လိုက်တော့ မြနှင်းဖြူဖြစ်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

မောင်ရွှေရင်သည် မြနှင်းဖြူကို ပိုးပန်းနေသူဖြစ်သည်၊ သို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ အနီးသို့လျှောက်သွားကာ နှုတ်ဆက်စကားဆိုလိုက်လေသည်။

"မြနှင်းဖြူပါလား၊ အချိန်မရှိတော့မှ ဘယ်ကပြန်လာတာလဲ"

"ဒီနားကပါပဲ၊ ကိုရွှေရင်ရော ဘယ်ကပြန်လာတာလဲ"

"မနော်ရမ္မာရွာကပါပဲ၊ ဟိုတလောကတော့ မြနှင်းဖြူတို့သတင်းတွေ အမျိုးမျိုးကြားရတော့ စိတ်မကောင်းဖြစ်ရသေးတယ်၊ အခုလိုတွေ့ရတော့မှပဲ စိတ်အေးရတော့တယ်"

"ကိုရွှေရင်က ကျွန်မအတွက် စိတ်ပူနေလို့လား"

"ပူရတာပေါ့၊ ကျွန်တော့်သဘောထား ဘယ်လိုရှိတယ်ဆိုတာ မြနှင်းဖြူ မရိပ်မိသေးဘူးလား"

"မပြောဘဲနဲ့ ဘယ်လိုသိမှာလဲ"

"ဒီလိုဆိုတော့လည်း အခုလိုအခွင့်အရေးရတုန်း ပြောချင်တဲ့စကား ပြောပြရတော့မှာပေါ့၊ တခြားမဟုတ်ပါဘူး ကျွန်တော်က ဟိုးအရင်ကတည်းက မြနှင်းဖြူအပေါ်မှာ မေတ္တာရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပါ၊ အဲဒါ မြနှင်းဖြူသဘောထားကိုလည်း သိချင်ပါတယ်"

"ချက်ချင်းကြီးတော့ ဘယ်သိရပါ့မလဲ၊ ရှင်ကဖွင့်ပြော လာတော့ ကျွန်မဘက်က စဉ်းစားဖို့တော့ အချိန်ပေးရမှာပေါ့၊ ဒါထက်မေးပါရစေဦး၊ ကျွန်မကို ဘာသဘောကျပြီး မေတ္တာရှိနေတာလဲ ပြောပါဦး"

"မြနှင်းဖြူက ဒီနယ်မှာတော့ အလှဆုံး အချောဆုံး မိန်းကလေးတစ်ဦးပဲ၊ ဒါကြောင့် သဘောကျတာပါ"

"ဒါဖြင့် ကျွန်မရုပ်က အကျည်းတန်နေရင်ကော အခုလို မေတ္တာရှိပေးနိုင်မလား"

"အကျည်းတန်လည်း ကျွန်တော်ကတော့ ချစ်နေမှာပါပဲ"

"ဒါဖြင့် မျက်စိခဏလောက် မှိတ်ထားပေးပါ၊ မျက်စိပြန်ဖွင့်ရင် ရှင့်ကိုကျွန်မအဖြေပေးမယ်"

ဟုပြောသဖြင့် မောင်ရွှေရင်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် မျက်စိမှိတ်ထားလိုက်လေသည်။ အတန်ကြာတော့မှ. . .

"မျက်စိဖွင့်ကြည့်လို့ရပါပြီ"

ဟူသော အသံကြားရသဖြင့် မျက်စိဖွင့်ကြည့်လိုက်ရာ မြနှင်းဖြူက ကျောပေးပြီးရပ်နေလေရာ မျက်နှာကိုမမြင်ရပေ။

"ဒီဘက်လှည့်ကြည့်ပါဦး"

"ကျွန်မမျက်နှာ ရုပ်ဆိုးနေရင်ကော တကယ်လက်ခံမှာလား"

"အို. . ကျွန်တော်က စကားတစ်ခွန်းပြောထားပြီးရင်





ဘယ်တော့မှ မဖျက်တတ်ပါဘူး၊ မြနှင်းဖြူဘယ်လို အခြေအနေပဲရောက်ရောက် မေတ္တာရှိနေနိုင်ပါတယ်၊ ဒီဘက်ကိုသာ လှည့်ပါဦး"

ဟု ပြောတော့မှ သူ့ဘက်သို့လှည့်လာလေသည်။

"အောင်မယ်လေးဗျ ဘယ်လိုမျက်နှာကြီးလဲ"

သူမြင်ရသော မြနှင်းဖြူမျက်နှာမှာ စောစောကမြင်ရသည့် ချောမောလှပသော မျက်နှာမျိုးမဟုတ်တော့ပဲ ကြောက်စရာကောင်းသော မျက်နှာမျိုး ဖြစ်နေပေတော့သည်။

မျက်လုံးက ပြူးထွက်နေပြီး ပါးစပ်တွင်းမှလျှာက အပြင်သို့ ထွက်လိုက်ဝင်လိုက် ဖြစ်နေသည်။

မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက်နှင့် သရဲသဘက်မျက်နှာမျိုး ဖြစ်နေလေရာ မောင်ရွှေရင်မှာ ထွေထွေထူးထူး တွေးမနေနိုင်တော့ဘဲ ထိုနေရာမှ ပြေးထွက်သွားလေတော့သည်။

ထိုအချိန်တွင် မြနှင်းဖြူ၏မျက်နှာမှာ ကြောက်စရာကောင်းသော မျက်နှာမျိုး မဟုတ်တော့ပဲ ချောမောလှပသော မျက်နှာမျိုး ပြန်ဖြစ်နေပေပြီ။

"ယောကျ်ားတွေရဲ့ အချစ်ဆိုတာ အပေါ်ယံ အရေပြားတစ်ထောက်စာပဲ ရှိတာကိုး၊ ရယ်စရာတော့ အတော်ကောင်းတယ်"

ဟုရေရွတ်ကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

နောက်ပိုင်းမှာလည်း မြနှင်းဖြူတို့ ညီအစ်မသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို မကြာခဏတွေ့ကြရလေသည်။

ထိုသတင်းကို သိုဟန်ဘွားကြားသောအခါ ၎င်း၏လူယုံတော်အချို့နှင့် စစ်သည်အချို့ကို မနော်ရမ္မာရွာသို့ စေလွှတ်လိုက်လေသည်။

ထိုရွာရောက်ပြီး စုံစမ်းကြည့်သောအခါ ရွာသားအချို့ကပြောလိုက်သည်။

"သူတို့ကိုတွေ့ချင်ရင် ဒီရွာမှာလာရှာလို့ တွေ့ရမှာမဟုတ်ဘူး၊ ဒုဋ္ဌဝတီမြစ်ကမ်းဘက်ကိုသွားရှာမှ တွေ့နိုင်တယ်၊ သူတို့က အဲဒီမှာပုန်းနေတယ်"

ဟုပြောသဖြင့် ရွာမှညွှန်ပြလိုက်သည့်အတိုင်း ဒုဋ္ဌဝတီမြစ်ကမ်းဘက်သို့သွားကာ လိုက်လံရှာဖွေကြလေသည်။

ညနေပိုင်းအချိန်လောက်တွင် လူသူမရှိသော မြစ်ကမ်းတစ်နေရာ၌ အမျိုးသမီးတစ်ယောက်ကို တွေ့သဖြင့် ဝိုင်းဝန်းဖမ်းဆီးလိုက်ကြလေသည်။

"နင် ဘယ်သူလဲ"

"မြ. . . မြနှင်းဖြူပါရှင်"

"ဒါဖြင့် ထွက်ပြေးနေတဲ့ ညီအစ်မသုံးယောက်ပဲပေါ့၊ ကျန်တဲ့သူတွေ ဘယ်မှာလဲ"

"ဟိုဘက် မြစ်ကမ်းနားမှာ ပုန်းနေကြပါတယ်"

"အဲဒီနေရာကို နင်ကိုယ်တိုင် လိုက်ပြပေးစမ်း၊ လိမ်ညာရင်တော့ နေရာမှာတင် သတ်ပစ်မယ်"

"မလိမ်ဝံ့၊ မညာဝံ့ပါဘူးရှင်"





ဟုပြောဆိုကာ ရှေ့မှလမ်းပြကာ ခေါ်ဆောင်သွားလေသည်။ သိုဟန်ဘွားလွှတ်လိုက်သူများမှာ (၁၀)ယောက်ခန့်ရှိပြီး လက်နက်များကိုကိုင်ဆောင်ကာ နောက်မှလိုက်သွားကြလေသည်။

ဒုဋ္ဌဝတီမြစ်ကမ်း သစ်တောများထူထပ်သည့် နေရာသို့ရောက်သောအခါ ဂူပေါက်ဝတစ်ခုကို တွေ့ကြရသည်။ အချိန်မှာ နေဝင်ချိန်ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း အမှောင်ရိပ်များ သမ်းလာနေချေပြီ။

ထိုနေရာရောက်တော့ မြနှင်းဖြူကပြောသည်။

"ကျွန်မတို့မိသားစုတွေ ဒီဂူထဲမှာပဲရှိကြပါတယ်"

ထိုသို့ပြောသဖြင့် လက်နက်များကို အဆင်သင့်ကိုင်ကာ ဂူအတွင်းသို့ ဝင်ကြသည်။

အတွင်းရောက်တော့ အထဲမှာမီးရောင်အချို့မြင်ရပြီး စကားပြောနေကြသော အသံများကိုလည်း ကြားရသဖြင့် ဝမ်းသာသွားကြလေသည်။

"မင်းတို့က ဒီဂူထဲမှာပုန်းနေလို့ ရှာမတွေ့ကြတာကိုး၊ ဒီတစ်ခါတော့ ငါတို့လက်က မလွတ်တော့ပါဘူး"

ဟုကြိမ်းဝါးကာ ဝင်သွားကြသည်။

သို့သော် သူတို့ထင်သလိုတော့ မဟုတ်ပါချေ။

မီးရောင်များမြင်ရပြီး လူသံများကြားနေရသော်လည်း အထဲရောက်တော့ တစ်ယောက်မှမတွေ့ရပေ။

ထို့ကြောင့် ဆက်ဝင်သွားရင်းနှင့်ပင် အတွင်းသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေတော့သည်။

ထိုအချိန်ရောက်တော့မှ မီးရောင်လည်းပျောက်၊ အသံ

များလည်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

သူတို့မှာ မီးတုတ်မီးတိုင်များ အဆင်သင့်ပါမလာသဖြင့် မီးမထွန်းနိုင်ဘဲရှိရာ ဘာမှမမြင်ရတော့ပေ။

ခေါ်လာသော အမျိုးသမီးအသံလည်း မကြားရတော့ပဲ အခြားအသံများသာ ကြားလာရလေသည်။

လူတို့စကားပြောသော အသံမျိုးတော့ မဟုတ်ပေ။

တဟီးဟီး. . တဟားဟား. . နှင့် ရယ်မောနေသောအသံများ ဖြစ်သည်။

ကြည့်လိုက်တော့ အမှောင်ရိပ်များထဲမှ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်များရှိကြသည့် သရဲသဘက်နှင့် ဘီလူးများ ထွက်လာကြလေတော့သည်။

ထိုအခါမှ ကြောက်လန့်တကြားဖြင့် ထွက်ပြေးကြလေတော့သည်။ သို့သော် မရတော့ပေ. . ။

ဝင်လာသော ဂူပေါက်ဝမှာ ကျောက်တုံးတစ်တုံးဖြင့် ပိတ်ဆို့နေလေပြီ။

ထိုအခါမှ သိုဟန်ဘွားလွှတ်လိုက်သော စစ်သည်ရဲမက်တို့မှာ ထွက်ပေါက်မရှိတော့သဖြင့် ကြောက်လန့်တကြား ဖြစ်ကြရလေသည်။

ထိုသို့ရှိနေစဉ်မှာပင် တစ်နေရာမှ မိန်းမတစ်ယောက်၏ အသံလိုလို ကြားကြရသည်။





"ငါတို့မိသားစုကို ဒုက္ခရောက်အောင်လုပ်ခဲ့တဲ့ လူယုတ်မာတွေ ဒီတစ်ခါတော့ နင်တို့သေရမယ့်အလှည့်ပဲ၊ နင်တို့ကို သတ်ပြီး ငါတို့သိုက်ထဲမှာ မကောင်းဆိုးဝါးဘဝနဲ့ တစ်သက်လုံး ထားမယ်"

အသံကြားသော်လည်း လူကိုတော့မမြင်ရပေ။

နောက်ဆုံးမှာတော့ သရဲသဘက်များက သူတို့ရှိရာသို့ ရောက်လာပြီး တစ်ယောက်မကျန် သတ်ဖြတ်ပစ်လိုက်လေတော့သည်။

သို့ဖြင့် သိုဟန်ဘွားမှာ ငင်းလွှတ်လိုက်သော လူယုံများနှင့် စစ်သည်ရဲမက်များ တစ်ယောက်မှပြန်ရောက်မလာသဖြင့် ရန်သူများနှင့်တွေ့ကာသုတ်သင်ခံပြီဟု ယူဆသဖြင့် နောက်တစ်ကြိမ်မှာလည်း ပိုများသောသူတို့ကို လွှတ်ပြန်လေသည်။

ထိုသူများလည်း ပြန်ရောက်မလာကြတော့ပေ။

နောက်တော့ ထပ်မလွှတ်ဝံ့တော့ပေ။

အင်းဝတွင် သိုဟန်ဘွား၏ နောက်လိုက်နောက်ပါတို့သည် တစ်မြို့လုံးကို ဖျက်ဆီးကြသည်။

ရှေးလူတို့၏ ကောင်းမှုတော်စေတီပုထိုးများကို ဖျက်သည်။ ထွင်းဖောက်၍ ဌာပနာတို့ကို ယူသည်။

ကျောင်းများကို မီးရှို့ဖျက်ဆီးသည်။

ရဟန်းသံဃာတို့ကို ဉပါယ်တမျဉ်ဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ပစ်သည်။

မြို့မှာရှိသော သူဌေးသူကြွယ်တို့ပိုင်ဆိုင်သော ဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတို့ကို မတရားသိမ်းယူသည်။

မရလျှင် သတ်ဖြတ်ပစ်သည်။

အပျိုများသာမက လင်ယောကျ်ားရှိသည့်တိုင် အရွယ် သေးသောမိန်းမတို့ကို သိမ်းပိုက်ပြီး မယားပြုကြသည်။

သို့ကြောင့် အတွင်းလူများက မင်းကြီးရန်နောင် လျှောက်ထားကြလေသည်။

ထိုစဉ်က မင်းကြီးရန်နောင်မှာ. . . သိုဟန်ဘွားလ အောက်တွင် အမှုတော်ထမ်းနေချိန်ဖြစ်သည်။

"မင်းကြီး ဒီရှမ်းဆိုးတို့ကို မသုတ်သင်နိုင်သော်၊ တို ပြည်ပျက်ရချေတော့မည်၊ ဥပါယ်တံမျဉ်ဖြင့် သတ်ဖြတ်မှ သင့်တော်ပေမည်"

ဟု ပြောသဖြင့် မင်းကြီးရန်နောင်လည်း စီမံလေတေ သည်။

သက္ကရာဇ် (၉၀၄)ခုနှစ်ရောက်သောအခါ သိုဟန်ဘွ အား ယာယီနန်းပြု၍ နေရမည်ဟု ပညာရှိတို့က လျှောက်ထ သဖြင့် ထိုကိစ္စအား မင်းကြီးရန်နောင်က စီမံရသည်။

မင်းကြီးရန်နောင်က လူယုံတော်များကို အလျင် လွှတ်၍ ယာယီနန်းဆောက်သော နေရာတစ်ဝိုက်တွင် ဓား လက်နက်တို့ကို ကြိုတင်မြှုပ်ထားစေသည်။

မိမိမြှုပ်သောနေရာတို့ကိုလည်း အမှတ်အသားပြုထ စေသည်။

ထိုသို့စီမံပြီး လက်ရွေးစင်ရဲမက်တို့အား ကြိုတင်မှာကြ





းလေသည်။

"ကိုယ်မြှုပ်ထားသော လက်နက်တို့ကို အမှတ်အသား ၍ ထိုအပေါ်၌သာရှိကြစေ၊ ငါအရိပ်အခြေကို မျက်ခြည်မပြတ် ကြည့်၍ ငါထသည်နှင့် လက်နက်ကိုတစ်ပါတည်းယူ၍ ထကာ းအမတ်တို့ကို ခုတ်ကြစေ"

ဟု မှာထားလေသည်။

ယာယီတဲနန်းပြီးသောအခါ သိုဟန်ဘွားက မင်းကြီး န်နောင်အား မေးသည်။

"ငါ ဘယ်လိုနေရမည်လဲ"

"မြန်မာဓလေ့ထုံးစံအရ၊ မိမိတို့ရိုးရာဘာသာအလိုက် တ်စားဆင်ယင်၍ ကိုယ့်အဖွဲ့နှင့်ကိုယ် ခွဲနေရပါသည်၊ လက် က်ကိုင်ဆောင်ခြင်း အလျှင်းမရှိစေရဘဲ ယဉ်ကျေးစွာ နေထိုင်ရ ါသည်ဘုရား"

ဟုလျှောက်သောအခါ ရှမ်းများက ရှမ်းရိုးရာဝတ်စုံများ တ်ဆင်၍ မြန်မာများက မြန်မာ့ရိုးရာဝတ်စုံများ ဝတ်ဆင်ခစား ရသည်။

ဝတ်စုံကိုကြည့်သည်နှင့် ဘယ်ဟာမြန်မာ ဘယ်သူရှမ်း ဆိုသည်ကို အလွယ်တကူသိနိုင်လေသည်။

မြန်မာအမတ်များက ၎င်းတို့ကြိုတင်မြှုပ်ထားသော ဓား လက်နက်များပေါ်၌ပင် နေရာယူကြလေသည်။

သိုဟံဘွားသည် ယာယီတဲနန်း၌ စံမြန်းနေစဉ် ဓား ကောင်းများအကြောင်းကို မေးသဖြင့် မင်းကြီးရန်နောင်က ယိမ်း



www.burmeseclassic.com

www.burmeseclassic.com



နွဲ့ပါးမားအကြောင်း ပြောပြသည်။

"ယိမ်းနွဲ့ပါးမားက မည်သူ့မားဖြစ်သနည်း"

"အရှင် နရပတိကိုင်ဆောင်သော မားဖြစ်ပါသည်"

အရှင်နရပတိမှာ မင်းကြီးရန်နောင်၏ အစ်ကိုတော်စပ်သည်။

"ယိမ်းနွဲ့ပါးမားက အဘယ်မျှ အစွမ်းထက်သနည်း"

"ဆင်ပေါ်မှလူကို ခုတ်ပါက သူသာမကဆင်ကိုပါ ပြတ်စေပါသည်"

"ထိုမားကို မြင်ပါက မှတ်မိပါမည်လော"

"မြင်လျှင် သိနိုင်ပါသည်"

သို့ကြောင့် သိုဟန်ဘွားက ၎င်းကိုင်သောမားကို မားအိမ်မချွတ်ဘဲ ပေးသည်။

"ကြည့်လော့"

မားအိမ်မှ ချွတ်ကြည့်သောအခါ အရှင်နရပတိကိုင်ဆောင်သော ယိမ်းနွဲ့ပါးမားမှန်းသိရသည်နှင့် ချက်ချင်းနေရာမှထကာ သိုဟံဘွားကို ခုတ်သည်။

လူသာမကအောက်၌ ခင်းထားသော ဝါးပိုးတိုင်နှင့် ကြမ်းငါးချောင်းပါ ပြတ်လေသည်။

ဦးခေါင်းပြတ်ကျသွားသော သိုဟံဘွားသည် မျက်စိပိတ်မသွားဘဲ မင်းကြီးရန်နောင်ကို ကြည့်နေလေသည်။

ထိုအခိုက်မှာ မား၊ လှံလက်နက်တို့ ကြိုတင်မြှုပ်ထားသောမှူးမတ်ဗိုလ်ပါတို့သည် မိမိအောက်မှာရှိသော လက်နက်





များကို ထုတ်၍ခုတ်ရာ အတွင်းနန်းမှာရှိသော မှူးမတ်ဗိုလ်ပါတို့ သေကြလေသည်။

ထိုအခြေအနေကိုမြင်တော့ အပြင်ဘက်၌ရှိသော ရှမ်းများပြေးဝင်လာကြသည်။

ထိုသူများလည်း အချို့သေပြီး ကျန်အချို့လောက်သာ ထွက်ပြေးနိုင်ကြလေတော့သည်။

သိုဟန်ဘွားအား မင်းကြီးရန်နောင်က ယိမ်းနွဲ့ပါးမားဖြင့် ခုတ်ပိုင်းသောနေရာမှာ မနော်ရမ္မာဉယျာဉ်ရှိ ယာယီနန်း၌ဖြစ်ကြောင်း မှန်နန်းမဟာရာဇဝင်တော်ကြီး၌ တွေ့ရလေသည်။

အင်းဝမြို့တော်ကြီးမှာ ရှမ်းမင်းဆိုး သိုဟန်ဘွားဇာတ်သိမ်းသွားခဲ့သော်လည်း ၎င်းလက်ချက်ကြောင့် သေကြေပျက်စီးခဲ့သူများမှာ မနည်းလှပေ။

ထိုကဲ့သို့ သေကျေပျက်စီးသူများနှင့် ပတ်သက်ပြီး ထင်ရှားသောအကြောင်းအရာတို့လည်း ကျန်ရစ်ခဲ့လေသည်။

သူဌေးကြီးဘောဂဗလနှင့် သမီးဖြစ်သူခင်စောမူတို့ စောင့်ရှောက်သော ဘောဂဗလသိုက်နှင့်၊

မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူတို့ ညီအစ်မသုံးဖော် စောင့်ရှောက်သော 'ကညာစင်သိုက်' တို့ပင် ဖြစ်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၅]

# စေတနာကောင်းသဖြင့် ကံကောင်းခဲ့သူ

မြန်မာသက္ကရာဇ် (၇၂၆)ခုနှစ်တွင် မင်းနေပြည်တော်အဖြစ် စတင်တည်ထောင်ခဲ့သော အင်းဝမြို့တော်သည် သက္ကရာဇ် (၈၈၈)ခုနှစ်ရောက်သောအခါ မိုးညှင်းစော်ဘွားစလုံ ခေါင်းဆောင်သော ရှမ်းစစ်သည်များလက်အောက်သို့ ကျရောက်ကာ ပျက်စီးခဲ့ရလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နှစ်ပေါင်း(၄၀၀)



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခန့်ကြာသောအခါမှာတော့ မင်းနေပြည်တော်ဖြစ်ခဲ့သော အင်းဝသည် မြို့ငယ်ကလေးမျှသာ ရှိပေတော့သည်။

အချိန်ကာလမှာ (၁၉၄၀)ခုနှစ် ဝန်းကျင်အချိန်ကာလ ဖြစ်သည်။

နီမောင်တို့ မိသားစုက တောင်ပလူရပ်၌ နေကြသည်။ မိသားစုဟု ဆိုသော်လည်း လေးယောက်သာရှိသည်။ ဖခင်ဖြစ်သူမှာ ဦးဘရှိန်ဖြစ်ပြီး အသက်(၅၀)ကျော်အရွယ်ရှိသည်။ မိခင်ဖြစ်သူဒေါ်ကျင်စောက (၅၀)အရွယ်သာရှိသည်။ နီမောင်မှာ ညီမငယ်တစ်ဦးသာရှိပြီး 'မေနှင်း'ဟု အမည်ပေးထားကြသည်။

အသက်က (၁၆)နှစ် အရွယ်ခန့်သာ ရှိသည်။

အနေအထိုင်အေးလှသောကြောင့် 'မေနှင်း'ဟု အမည်ပေးထားကြခြင်းဖြစ်သည်။

နီမောင်က အသက်(၂၅)နှစ်အရွယ်ခန့် ရှိနေပြီဖြစ်သော်လည်း အပူအပင်မရှာသေးဘဲ မိဘကိုလုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။

သူတို့မိသားစုတွင် ကိုယ်ပိုင်မြင်းလှည်းတစ်စီးနှင့် မြင်းတစ်ကောင်ရှိသည်။

လိမ္မာသောမြင်းကို 'ကြာလေးစိန်'ဟု အမည်ပေးထားသည်။

နီမောင် မြင်းလှည်းမောင်းရာမှရသော ငွေကြေးဖြင့် မိသားစုများ သင့်တင့်မျှတစွာ နေထိုင်စားသောက်နိုင်ကြလေသည်။





နီမောင်က ငယ်စဉ်ကတည်းက ဘာသာရေးကို ယုံကြည်လေးစားမှုရှိပြီး စာပေကိုလည်း ဝါသနာပါသည်။

မြင်းလှည်းမောင်းထွက်လျှင် . . ဖတ်စရာစာအုပ်အဟောင်းများ ယူဆောင်သွားလေသည်။

မြင်းလှည်းနားသောအချိန်များတွင် သစ်ပင်ရိပ်ကောင်းကောင်း၌ မြင်းလှည်းထားပြီး စာဖတ်နေတတ်လေသည်။

(၁၉၄၀)ခုနှစ်အချိန်က တိုင်းပြည်အခြေအနေကြောင့် စာအုပ်စာပေတို့ များများထုတ်ဝေနိုင်ခြင်းမရှိသဖြင့် ထွက်ခဲ့ပြီးစာအုပ်အချို့နှင့် သတင်းစာအဟောင်း၊ ဂျာနယ်အဟောင်းများကို သိမ်းထားပြီး အလုပ်အားသည်နှင့် ဖတ်ရှုလေသည်။

နီမောင်အနေဖြင့် ခေတ်ပညာသင်ကျောင်းများတွင် ပညာသင်ကြားခွင့်မရခဲ့သော်လည်း ငယ်စဉ်ကတည်းက ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားခဲ့ရလေသည်။

သို့ကြောင့် ဘာသာရေးနှင့်ပတ်သတ်ပြီး လေးစားယုံကြည်မှုများကာ စာပေဖတ်ရှုခြင်းကို ဝါသနာပါခဲ့ခြင်းဖြစ်ပေသည်။

အင်းဝ၌ မြင်းလှည်းဆွဲသောအလုပ်မှာ ထွက်ခြေကိုက်သည်။

အခြားယာဉ်များကို အသုံးမပြုသေးဘဲ မြင်းလှည်းကိုသာ အားကိုးအားထားပြုနေကြသော အချိန်ဖြစ်သဖြင့် မြင်းလှည်းသမားတို့ လက်မလည်အောင် ပို့ပေးကြလေသည်။ မြို့တွင်းခရီးဝေးသော နေရာများကိုသော်လည်းကောင်း၊ မြို့ပြ



www.burmeseclassic.com

www.burmeseclassic.com



အခြားနေရာများကိုသော်လည်းကောင်း မြင်းလှည်းများကိုသာ အသုံးပြုခဲ့ကြသည်။

အင်္ဂလိပ်များ အုပ်စိုးသိမ်းပိုက်ထားစဉ်အချိန်က အင်းဝ မှာသာမကပဲ စစ်ကိုင်း၊ မန္တလေး၊ အမရပူရစသော မြို့များမှာပင် မြင်းလှည်းများကိုသာ ခရီးသွားလာရန်အတွက် အသုံးပြုခဲ့ကြ လေသည်။

ယခုမြင်တွေ့ရသကဲ့သို့ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ မော်တော်ကားများကို အမြောက်အမြားအသုံးပြုခြင်းမျိုး မရှိ သေးပေ။

သို့ကြောင့် မြင်းလှည်းမောင်းသော မြင်းလှည်းသမား များ အလုပ်ဖြစ်ခဲ့ကြလေသည်။

နီမောင်က သဘောမနောကောင်းသူဖြစ်သဖြင့် ခင်မင် သူများသည်၊ မိတ်ဆွေများသည်။

အင်းဝတစ်မြို့လုံး သူ့ကိုမသိသူမရှိပေ။

နီမောင်က မြင်းလှည်းမောင်းပြီး စီးပွားရှာသည် ဆို သော်လည်း လောဘစိတ်နှင့်တော့ မလုပ်ပေ။

ငါးမူးတန်သည့်လမ်း ငါးမူးသာယူသည်။

တစ်ကျပ်တန်သည့်လမ်း တစ်ကျပ်သာယူသည်။

ထို့ထက် ပိုမယူပေ။

မြို့ထဲမှလူများသာမကပဲ အခြားမှလာသော ဧည့်သည် များကို လိုက်ပို့ပေးရလျှင်လည်း ထုံးစံအတိုင်းသာယူသည်။

ဧည့်သည်ဖြစ်သောကြောင့် ပိုမယူပေ။





အခြားမြင်းလှည်းသမားများက မြို့ခံနယ်ခံများဆိုလျှင် ပုံမှန်ဈေးသာယူပြီး အခြားမှလာသော ဧည့်သည်များဆိုလျှင် တော့ ပိုမိုယူလေ့ရှိသည်။

အခြားမှလာကြသော ဧည့်သည်များဆိုတော့လည်း သတ်မှတ်ထားသော ဈေးကိုမသိကြရသဖြင့် မြင်းလှည်းသမား တိုးတောင်းသမျှ ပေးကြရသည်။

နီမောင်ကတော့ သတ်မှတ်ထားသော ဈေးသာယူသည် မြို့ခံနယ်ခံဖြစ်စေ၊ ဧည့်သည်ဖြစ်စေပိုမယူပေ။

ထို့ပြင် ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုများ၊ ဥပုသ် များဆိုလျှင် အခကြေးငွေမယူပဲ ပို့ပေးလေ့ရှိသည်။

"ယူပါကွယ်၊ မင်းကဒါလုပ်မှ ဒါစားရတာဆိုတော့ တန်ရာတန်ကြေး မယူရင်တောင် သင့်သလောက်တော့ ဖြင့်ယူ ပါ"

"မယူပါဘူးခင်ဗျား ကျွန်တော်က ငွေထက်ကုသိုလ်ပိုပြီး လိုချင်တာပါ"

"သာဓုကွယ် သာဓု သာဓု"

ထိုကဲ့သို့ ဆုပေးသွားသောအသံကို ကြားရသဖြင့် စိတ် ထဲမှာ ဖြစ်ပေါ်လာသော ကြည်နူးမှုမှာ မြင်းလှည်းခရသည်ထက် ပင် ပို၍ဝမ်းသာစရာကောင်းလေသည်။

နီမောင်အနေဖြင့် ရှေးဘဝကကုသိုလ်ကံ နည်းခဲ့သဖြင့် ဆင်းရဲနေသော်လည်း စိတ်ကိုဖြူစင်အောင်ထားသည်။

ငွေကြေးမပြည့်စုံသဖြင့် အလှူကြီးအတန်းကြီး မပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တတ်နိုင်သမျှကုသိုလ်ရအောင်ယူသည်။

သို့ကြောင့်လည်း စိတ်ထားကောင်းသော မြင်းလှည်းသမားနီမောင်ဆိုလျှင် တစ်မြို့လုံးမသိသူမရှိကြဘဲ ခင်မင်ကြလေသည်။

စေတနာကောင်းစွာ အလုပ်လုပ်ခဲ့သောကြောင့်လည်း သူ့အတွက်ကံကောင်းမှုမျိုးနှင့်လည်း ကြုံတွေ့ရဖူးလေသည်။

ယခင်ကသူတို့မိသားစုမှာ မြင်းနှင့်မြင်းလှည်းအပိုင်မရှိပေ။

အခြားသူများထံမှ အခကြေးငွေဖြင့် ငှားရမ်းပြီးလုပ်ကိုင်စားသောက်ရလေသည်။

ထိုအချိန်ကတော့ ယခုအချိန်လောက်ပြည့်စုံလောက်ငှမှုမရှိခဲ့ပေ။

မြင်းလှည်းမောင်းသဖြင့် တစ်နေ့ရသောငွေများထဲမှ မြင်းလှည်းပိုင်ရှင်ကို ထက်ဝက်ပေးရသည်။

ကျန်သည့်ငွေတစ်ဝက်မှ မြင်းစာဖိုးနုတ်ကာ ကျန်သည်ငွေမှ သူတို့သုံးစွဲကြရသည်။

ငွေတစ်ကျပ်ရလျှင် ငါးမူးကို မြင်းလှည်းပိုင်ရှင်အား ပေးရသည်။ ကျန်သည့် ငါးမူးမှ တစ်မတ်ဖိုး မြင်းစာထားပြီး ကျန်တာမှ စားသောက်ရခြင်းဖြစ်သည်။

ထိုကဲ့သို့ လုပ်ကိုင်ခဲ့ရသော အချိန်မျိုးမှာပင် နီမောင်က လောဘစိတ်ဖြင့် မလုပ်ခဲ့ပေ။

တန်ရာတန်ကြေးသာယူသည်။





သို့ကြောင့် ငွေအရနည်းလေသည်။

မြင်းလှည်းပိုင်ရှင်ကလည်း . . သူ့အကြောင်းသိသောကြောင့် ငွေအရနည်းသော်လည်း ထွေထွေထူးထူး ဘာမှမပြောခဲ့ပေ။

စေတနာကောင်းစွာဖြင့် အလုပ်လုပ်ခဲ့သောကြောင့် ကံကောင်းမှုနှင့် ကြုံတွေ့ရသောအဖြစ်အပျက် တစ်ခုလည်း ရှိခဲ့လေသည်။

နေပူပြင်းသောနေ့တစ်နေ့တွင် ခရီးသည်လိုက်ပို့ပြီး ပြန်လာရာ လမ်းဘေးမန်ကျည်းပင်တစ်ပင်အောက်မှာရှိသည့် ကွပ်ပျစ်ပေါ်မှာ လဲလျောင်းနေသော အဘိုးကြီးတစ်ယောက်ကို တွေ့သဖြင့် သစ်ပင်ရိပ်သို့ မြင်းလှည်းမောင်းဝင်သွားပြီး နားလိုက်သည်။

ပြီးမှ မြင်းလှည်းပေါ်မှ ဆင်းသွားကာ အဘိုးကြီးအခြေအနေကို ကြည့်လိုက်သည်။

အသက်အရွယ်အတော်ကြီးရင့်နေပြီး ကျန်းမာရေး ချို့တဲ့နေဟန်ရှိသည်။

အဝတ်အစားအဟောင်းများကို ဝတ်ဆင်ထားပြီး တဘက်ဟောင်းတစ်ထည်ကို ဦးခေါင်းမှာပတ်ထားသည်။

နံဘေးမှာတော့ လွယ်အိတ်ဟောင်းတစ်လုံး ချထားသည်။ သူ့အနားရောက်သွားတော့ မျက်လုံးဖွင့်ကြည့်သည်။

"နေမကောင်းလို့လား အဘ"

"နေပြင်းလွန်းလို့ မူးနောက်လာတာနဲ့ ရှေ့မဆက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ဒီမှာခဏဝင်နားနေတာပါ၊ ရေပါရင် သောက်ပါရစေ"

နီမောင်က မြင်းလှည်းမှာ ချိတ်ထားသော ရေဘူးကိုယူပြီးပေးလိုက်ရာ တစ်ငုံနှစ်ငုံ မော့သောက်သည်။

ထိုအခါမှ အနည်းငယ် ထနိုင်လာသည်။

"နေကအတော်ပူတယ်၊ ဘယ်အထိသွားမှာလဲအဘ"

"မနော်ရမ္မာဘက်သွားတဲ့ လှေဆိပ်ကိုသွားမှာပါ"

"ခရီးကအတော်ဝေးသေးတယ်၊ ကျွန်တော်မြင်းလှည်းနဲ့ လိုက်ပို့ပေးပါရစေ"

"နေပါစေကွယ်၊ မြင်းလှည်းခပေးဖို့ ငွေလည်းအဆင်သင့်ပါမလာလေတော့"

"ငွေမပါလည်း ကိစ္စမရှိပါဘူး၊ ကျွန်တော်ကုသိုလ်ယူပြီးလိုက်ပို့ပေးပါ့မယ်၊ မြင်းလှည်းနဲ့သွားတော့ မကြာလှပါဘူး"

ဟုပြောပြီး ထိုအဘိုးကြီးကို မြင်းလှည်းပေါ် တွဲတင်ပြီးမောင်းထွက်လာလေသည်။

မနော်ရမ္မာဘက်ကူးသော လှေဆိပ်မှာ ဒုဋ္ဌဝတီမြစ်ကမ်း၌ရှိသည်။

လမ်းတစ်ဝက်လောက်ရောက်တော့ အဘိုးကြီးကမေးသည်။

"ဒီမြင်းလှည်းက ကိုယ်ပိုင်မောင်းတာလား"

"မဟုတ်ပါဘူးအဘရယ် အခြားသူဆီက အငှားယူမောင်းရတာပါ"

"အငှားမောင်းတော့ ပင်ပန်းသလောက် အကျိုးမရဘူး





ပေါ့၊ ကိုယ်ပိုင်မဝယ်နိုင်သေးလို့လား"

"မဝယ်နိုင်သေးပါဘူး ခင်ဗျား"

"မြင်းနဲ့မြင်းလှည်းဆိုရင် ဘယ်လောက်တန်ကြေးရှိသလဲ"

"မြင်းကောင်း လှည်းကောင်းဆိုရင် သုံးလေးရာမပေးဘဲနဲ့ မရနိုင်ပါဘူး၊ ကျွန်တော်တို့လို မြင်းလှည်းမောင်းမှ စားရတဲ့သူတွေအတွက်တော့ ငွေတစ်ရာစုမိဖို့တောင် မလွယ်လှပါဘူးအဘရယ်"

"ဒီလောက်လည်း စိတ်လျှော့စရာမလိုပါဘူးကွာ၊ ကိုယ့်လုပ်ရမယ်အလုပ်ကို စိတ်ထားကောင်းကောင်းနဲ့ နေ့စဉ်လုပ်နေရင် တစ်နေ့ကျရင် အခွင့်အရေးဆိုတာ ရလာနိုင်တာပါပဲ"

"ဟုတ်ကဲ့"

"အင်းဝမှာရှိတဲ့ အချမ်းသာဆုံးလူတွေကို မင်းလိုက်မေးကြည့်ပါ၊ ဘယ်သူမှမွေးလာကတည်းက ရွှေထုပ်ပိုက်ပြီး မွေးလာတဲ့သူ မရှိပါဘူး၊ ပထမတော့ သူလိုကိုယ်လိုချည်းပါပဲ၊ နောက်တော့မှသာ ကြိုးစားအားထုတ်မှုကြောင့် ချမ်းသာတဲ့ဘဝ ရောက်ခဲ့ကြရတာပါ"

"ဟုတ်ပါတယ် ခင်ဗျား"

"ကံမရှိရင်၊ ဉာဏ်ရှိသော်လည်း မွဲတတ်တယ်ဆိုတဲ့ စကားရှိပေမယ့် ဘာမှမလုပ်ဘဲနေပြန်ရင်လည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လူချင်းတူပေမယ့် ကံချင်းမတူ၊ ကံချင်းတူသော်လည်း ဉာဏ်ချင်းမတူ၊ ဉာဏ်ချင်းတူသော်လည်း ဝီရိယအားထုတ်တာချင်း မတူကြလေတော့ ရလာတဲ့အောင်မြင်မှုတွေနဲ့ ချမ်းသာပုံချင်းတော့လည်း ဘယ်တူပါတော့မလဲ၊ ဒါကြောင့်လည်း ဆင်းရဲတဲ့လူတွေကြားမှာ ချမ်းသာတဲ့လူတွေ ပေါ်လာတာပေါ့"

"ဟုတ်ပါတယ် အဘ"

"ဒီတော့ ကိုယ့်ရဲ့ဘဝ ဘယ်အခြေအနေပဲ ရောက်နေနေ စိတ်လျှော့ပြီး ထိုင်မနေနဲ့၊ ကိုယ်လုပ်ရမယ့် အလုပ်ကိုသာ မှန်မှန်လေးလုပ်သွား တစ်နေ့ကျရင် ကိုယ့်အတွက် အခွင့်အရေးကောင်းတွေနဲ့ ပြန်တွေ့ရတတ်တယ်"

"ဟုတ်ကဲ့"

"ဂြိုဟ်ရှစ်ခွင်ကိုကြည့်ရင် အပူတစ်လှည့် အအေးတစ်လှည့် ကောင်းတာတစ်လှည့် မကောင်းတာတစ်လှည့် ရှိနေတာကို တွေ့ရနိုင်တယ်၊ ဒီတော့ ဒီကနေ ဆိုးနေပေမယ့် နောက်တစ်နေ့မှာ ကောင်းတာနဲ့ တွေ့ရနိုင်တယ်၊ ဒီကနေ့ ချမ်းသာနေပေမယ့် နောက်တစ်ရက်ရောက်တဲ့အခါ ဆင်းရဲချင်လည်း ဆင်းရဲသွားနိုင်တာပဲ"

"မှန်ပါတယ်"

"ဒီတော့ ဆင်းရဲနေလို့လည်း အားမငယ်နဲ့၊ ကိုယ်လုပ်ရမယ့် အလုပ်ကို စေတနာဖြူဖြူစင်စင်နဲ့သာ မှန်မှန်ကလေးကြိုးစားလုပ်သွားခဲ့ရင် တစ်နေ့မှာ ကိုယ့်ဘဝအတွက် အခြေအနေကောင်းတွေနဲ့ တွေ့ရတတ်ပါတယ်"





ဟု ပြောပြလေသည်။

"ကျွန်တော့်ကို အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ် အဘရယ်"

နီမောင်စိတ်ထဲမှာ ထိုကဲ့သို့ပြောပြပေးသော စကားများကို ကျေးဇူးတင်နေမိလေသည်။

သူ့အတွက်မြင်းလှည်းခရသည့် ထက်ပင်ပို၍အကျိုးရှိသည်ဟု စိတ်ထဲမှထင်နေမိသည်။

ဤသို့ဖြင့် စကားတပြောပြောနှင့် မောင်းလာရာ ဒုဋ္ဌဝတီမြစ်ဆိပ်ကမ်းသို့ ရောက်လာလေသည်။

ထိုနေရာရောက်တော့ မြင်းလှည်းရပ်ကာမေးလိုက်သည်။

"အဘက ဟိုဘက်ကမ်း အထိသွားမှာလား"

"ဟုတ်ပါတယ်၊ မနော်ရမ္မာရွာအထိသွားမှာပါ"

"ကူးတို့လှေရော အဆင်သင့်ရှိပါ့မလား"

"ဒီနေရာရောက်မှတော့ စိတ်ပူပန်စရာမရှိတော့ပါဘူး၊ မကြာခင် အဘမြေးတွေ လှေနဲ့ရောက်လာပြီး လာခေါ်ကြပါလိမ့်မယ်"

ဒီတော့မှ နီမောင်လည်း စိတ်အေးသွားပြီး မြင်းလှည်းပေါ်ပြန်တက်ရန်ပြင်သည်။

ထိုအခါ အဘိုးကြီးက နောက်ဘက်မှ လှမ်းပြောသည်။

"နေပါဦးကွယ့်၊ မင်းကအဘကို အကူအညီပေးတော့ ငါကလည်း မင်းကိုအကူအညီပြန်ပေးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ၄င်းလွယ်ထားသော လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကိုယူပြီး ပေးသည်။

"ဒီအထုပ်ကို ယူသွားပြီး မင်းအိမ်ရောက်တော့မှ ဖြေကြည့်ပါ၊ မင်းအတွက် အသုံးတည့်ပါလိမ့်မယ်"

ဟု ပြောပြီးပေးရာ နီမောင်လည်း ထိုအထုပ်ကိုယူကာ အဘိုးကြီးကိုနှုတ်ဆက်ပြီး ထိုနေရာမှ မြင်းလှည်းပြန်ထွက်လာခဲ့လေသည်။

မြင်းလှည်းသိမ်းပြီးနောက် အိမ်သို့ပြန်ရောက်သောအခါ အဘိုးကြီးပေးလိုက်သောအထုပ်ကို ဖြေကြည့်လေသည်။

"ဟာ ရွှေတုံးတစ်တုံးပါလား"

ဟောင်းနွမ်းလှသော အဝတ်စဖြင့်ထုပ်ထားသောအရာမှာ အရည်အသွေးကောင်းလှသော ရွှေတုံးတစ်တုံးဖြစ်နေသည်ကို အံ့သြစွာတွေ့ရလေသည်။

နီမောင်က ထိုအကြောင်းကို မိဘများကို ပြောပြသောအခါ ဝမ်းသာသွားကြလေသည်။

"မင်းက တစ်ဖက်သားကို စေတနာနဲ့ အကူအညီပေးတော့ သိုက်စောင့်တစ်ဦးဦးက အကူအညီပေးသွားတာပဲ ဖြစ်မှာပေါ့"

"ဗျာ သိုက်စောင့်. . ဟုတ်လားအဖေ"

"ဟုတ်တာပေါ့၊ ဒါပဲဖြစ်မှာပေါ့၊ အင်းဝနယ်တစ်ကြောမှာ ဥစ္စာသိုက်တွေက နေရာအနှံ့မှာ လက်ညှိုးထိုးမလွဲအောင်ရှိကြတာပဲ၊ သိုက်စောင့်တွေလည်း အများကြီးရှိကြတယ်၊ ဒီလို





ရွှေမျိုးက သိုက်စောင့်တွေပေးမှရတဲ့ ဇမ္ဗူရာဇ်ရွှေအမျိုးအစားပဲ"

ဇမ္ဗူရာဇ်ရွှေအမျိုးအစားက နွံ့ပျော့ကဲ့သို့ ပျော့ပျောင်းလှသောကြောင့် လက်ဝတ်လက်စား ပြုလုပ်ရာတွင် သူချည်းအသုံးပြု၍ မရပေ။

ကြေးအနည်းငယ်ရောပြီးမှ လိုသောပုံပြုလုပ်၍ရသည်။ နီမောင်ရလာသော ရွှေတုံးမှာ ပကတိအတိုင်းရှိနေသောကြောင့် ဝင်းလက်ရွှမ်းအိနေလေသည်။

ထိုရွှေတုံးက အမရပူရသို့ သွားရောက်ရောင်းချသောအခါ ငွေလေးရာကျော် ရလေသည်။

ထိုငွေဖြင့် မြင်းတစ်ကောင်နှင့် မြင်းလှည်းတစ်စီးအပိုင်ဝယ်ယူနိုင်ခဲ့ပေသည်။

ထိုအဖြစ်အပျက်မှာ နီမောင်အဖို့ စေတနာကောင်းစွာဖြင့် အလုပ်လုပ်ခဲ့သောကြောင့် ကံကောင်းထောက်မှုတစ်ခုနှင့်ကြုံတွေ့ခဲ့ရပြီး ဘဝအလှည့်အပြောင်းဖြစ်ခဲ့ရသော အကြောင်းအရာတစ်ခုပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၆]

# မြှနင်းဖြူပေးသော ငွေမတ်စေ့

ထန်းပင်ကုန်းဆိုသောနေရာမှာ နာမည်နှင့်လိုက်အောင် ထန်းတောများ လွန်စွာပေါသောနေရာဖြစ်သည်။

ထန်းပင်၊ ထန်းတောများ ပေါများသလို ထန်းရေရောင်းသောတဲများလည်း ရှိသည်။

လှေကြီးတန်းနှင့် မဝေးလှသည်ကတစ်ကြောင်း၊ ဒုဋ္ဌဝတီမြစ်ကမ်းနှင့် မဝေးလှသောကြောင့်လည်း လူအဝင်အထွက်



www.burmeseclassic.com

www.burmeseclassic.com



များသောနေရာ ဖြစ်ပေသည်။

အများအားဖြင့်တော့ ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက် လှေသမ္ဗန်တို့ဖြင့် လုပ်ကိုင်စားသောက်နေသူတို့ ဝင်ရောက်စတည်းချသော နေရာတစ်နေရာဖြစ်ပေသည်။

တစ်နည်းပြောရလျှင်တော့ အပန်းဖြေကြသောနေရာတစ်ခုလည်းဖြစ်သည်။

ထန်းရည်ရောင်းသောဆိုင်များက ကြီးကြီးကျယ်ကျယ် ခန်းခန်းနားနားတော့ မဟုတ်ပေ။

မြစ်ကမ်းနှင့်မနီးမဝေး ထန်းတောစပ်၌သော်လည်းကောင်း၊ အရိပ်အာဝါသကောင်းလှသော မန်ကျည်းပင်စသော သစ်ပင်ကြီးများအောက်၌ သော်လည်းကောင်း၊ ထန်းလက်တဲများတို့က ရောင်းချကြခြင်းဖြစ်သည်။

ထန်းရည်သောက်သူများအတွက် ထိုင်စရာဝါးဖြင့် ပြုလုပ်ထားသော ကွပ်ပျစ်များ၊ ထန်းလက်ဖြင့် ပြုလုပ်ထားသော ထိုင်ခုံ၊ စားပွဲစသည့်တို့ကို ချပေးထားသည်။

အချို့လည်း ညီညာသောမြေပြင်ပေါ်မှာ ထန်းကြောဖျာများ ခင်းကာထိုင်ကြသည်။

ထန်းရည်ရောင်းသောဆိုင်များတွင် အမဲသားကြော်၊ အမဲသားဟင်း၊ ကြက်သားကြော်၊ ကြက်သားဟင်းများအပြင် တစ်ခါတစ်လေလည်း ငှက်ကင်၊ ကြွက်ကင်၊ ပဒပ်ကင်များရနိုင်သည်။

ယုန်သားကြော်နှင့် အခြားဖားကင်၊ ငါးကင်များလည်း





ရသည့်အခါရသည်။

မြစ်တွင်းမှာသော်လည်းကောင်း၊ ဆိပ်ကမ်းများမှာသော်လည်းကောင်း ပင်ပင်ပန်းပန်းလုပ်ကိုင်ကြရသော အလုပ်သမားများ၊ လှေသမ္မာန်သမားများအတွက်တော့ ထန်းပင်ကုန်းတစ်ဝိုက်မှာရှိသော ထန်းရေဆိုင်တို့မှာ အပန်းဖြေစရာနေရာများ ဖြစ်ကြလေသည်။

လှေသမားများသာမကပဲ အင်းဝမြို့ထဲမှပင် တကူးတကလာရောက်ကြသူများပင်ရှိသည်။

ထိုနေရာသည် မြစ်ဆိပ်၊ မြင်းလှည်းဆိပ်တို့နှင့် နီးသောကြောင့် မြစ်အရှေ့ဘက်ကမ်း၌နေကြသော မနော်ရမ္မာရွာကြီးအပါအဝင် အခြားရွာများမှ ဈေးရောင်းရန် ဈေးဝယ်ရန် လာကြသူတို့မှာ ထိုလှေဆိပ်၌ပင် လှေများကို ဆိုက်ကပ်ကြလေသည်။

တစ်နေ့တော့ ထိုဆိပ်ကမ်းတစ်နေရာသို့ မနော်ရမ္မာရွာဘက်မှကူးလာသော လှေတစ်စင်း ဆိုက်ကပ်လာသည်။

လှေပေါ်မှာ လူများများတော့ မပါပေ။

နောက်ဘက်မှ လှေလှော်သူတစ်ယောက်နှင့် ရှေ့ဘက်တွင် ထိုင်လိုက်လာသော အမျိုးသမီးတစ်ယောက်၊ စုစုပေါင်းနှစ်ယောက်သာပါသည်။

အမျိုးသမီးက အသက်(၂၀)ကျော်အရွယ်ခန့်သာ ရှိသေးပြီး ရိုးရိုးယဉ်ယဉ် အဝတ်အစားတို့ကို ဝတ်ဆင်ထားသည်။

နက်မှောင်ရှည်လျားသောဆံပင်ကို တစ်ပတ်လျှို့ထုံးလျက် နောက်ဘက်သို့ချထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးရေကြဲကို ပါးပါးလိမ်းထားပြီး မပြုမပြင်ရှိသော်လည်း ရုတ်တရက်ကြည့်ရုံမျှဖြင့် မိန်းမချောတစ်ယောက်ဖြစ်သည်ကို သိနိုင်လေသည်။

လှေဦးမှထိုင်လိုက်လာသော အမျိုးသမီးအမည်မှာ မြနှင်းဖြူဖြစ်ပြီး၊ နောက်ဘက်မှ လှေလှော်ပို့ပေးသူ၏ အမည်မှာ ဖိုးစံတုတ်ပင်ဖြစ်သည်။

မြနှင်းဖြူက ချောမောလှပသလောက် နောက်ဘက်မှ လှေလှော်သူ ဖိုးစံတုတ်ကတော့ အသားမည်းမည်း လူကောင်ထွားထွားနှင့် များစွာရုပ်ဆိုးလှသည်။

ဦးခေါင်းပေါ်မှာ ခမောက်တစ်လုံးကို ဆောင်းထားသောကြောင့် မျက်နှာမပေါ်သော်လည်း ဟန်အမူအရာကြည့်ရုံနှင့် ကြမ်းတမ်းသော ဟန်အမူအရာမျိုး ရှိလေသည်။

ကမ်းစပ်သို့ လှေဆိုက်ပေးလိုက်သည်နှင့် မြနှင်းဖြူက တောင်းတစ်လုံးကို ဦးခေါင်းမှာရွက်ပြီး ကမ်းပေါ်တက်လာလေသည်။

အချိန်က မွန်းလွဲပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် သဲသောင်ပြင်ပေါ်မှာ လူရှင်းနေသည်။

မြနှင်းဖြူ ဖြတ်တက်လာသောနေရာမှာ ထန်းရည်ရောင်းသောတဲတစ်လုံးနှင့် မနီးမဝေးနေရာမှ ဖြစ်သည်။

ထိုအချိန်တွင် ထန်းရည်ဆိုင်ထဲမှာ ထန်းရည်သောက်နေကြသော လှေသမားသုံးယောက် ရှိနေကြသည်။

မြနှင်းဖြူကိုမြင်တော့ လှမ်းခေါ်သည်။





"ဘာရောင်းတာလဲဟေ့၊ လာဦး"

တစ်ယောက်ကလှမ်းခေါ်သဖြင့် မြနှင်းဖြူက ထိုနေရာဘက်လျှောက်လာပြီး တောင်းကိုချသည်။

"ဘာတွေရောင်းဖို့ ပါသလဲ"

"ဖားကင်၊ ကြွက်ကင်နဲ့ မြွေကင်ပါပါတယ်"

"မြွေကင် . . ဟုတ်လား၊ ပြပါဦး"

မြနှင်းဖြူက တောင်းကိုအုပ်ထားသော အဝတ်ကိုဖယ်ပြလိုက်သည်။ တောင်းထဲမှာတော့ လတ်လတ်ဆတ်ဆတ် ကင်ထားသောဖားကင်၊ ကြွက်ကင်နှင့်မြွေကင်တို့ကို တွေ့ရသည်။

မြွေမှာ ကချွတ်ခွေသလို ခွေ၍ကြိုးဖြင့်စည်းကာကင်ထားခြင်းဖြစ်သည်။

"ကြွက်ကင်၊ ဖားကင်တွေတော့ စားဖူးတယ်၊ မြွေကင်တော့ ထန်းရည်နဲ့တစ်ခါမှ မမြည်းဘူးသေးဘူး၊ ဒီမြွေကင် ဘယ်လိုရောင်းသလဲ"

"တစ်ခွေငါးမူး"

"မများဘူးလား၊ သုံးခွေစလုံးယူလိုက်မယ်၊ တစ်ကျပ်ပဲထားပေါ့"

မြနှင်းဖြူက ခေါင်းညိတ်ပြသည်။

ထိုဖြင့် ထန်းရေသောက်နေသော လှေသမားသုံးယောက်တို့က တောင်းထဲမှာပါလာသော မြွေကင်သုံးခုကို ယူလိုက်သည်။

ပိုက်ဆံတော့ မပေးသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံပေးလေ"

"နင် ဈေးရောင်းသွားဦးမှာ မဟုတ်လား၊ ပြန်လာတော့ ဝင်ယူလေ၊ ငါတို့က ဒီညဒီမှာအိပ်မှာ"

ဟုပြောသဖြင့် မြနှင်းဖြူလည်း ဘာမှပြန်မပြောဘဲ တောင်းကိုယူပြီး ထိုနေရာမှ ထွက်သွားလေသည်။

ထိုအခါမှ တစ်ယောက်ကပြောသည်။

"ကောင်မလေးက ရုပ်တော့ချောတယ်၊ ဒါပေမယ့် . . တော်တော်ထူပုံအပုံရတယ်"

"ဘာဖြစ်လို့လဲ"

"ငါတို့နဲ့ သိတာလည်း မဟုတ်ပဲနဲ့ စိတ်ချလက်ချ ကြွေးချထားခဲ့တယ်၊ ငါတို့ကသောက်စားပြီးတာနဲ့ လှေပြန်ထွက်တော့မယ်ဟာ"

"သူ့ပိုက်ဆံလိုချင်တော့လည်း . . လှေနဲ့လိုက်လာပြီး တောင်းလိမ့်မယ်"

"ဒီလိုသာလိုက်တောင်းရင်တော့ လူပါတင်ခေါ် သွားရုံပဲ ရှိတော့တာပေါ့ကွာ၊ မကောင်းဘူးလား"

ဟုပြောကာ ထန်းရည်တစ်အိုးထပ်မှာပြီး မြွေကင်သုံးကင်ကို တစ်ယောက်တစ်ကင်စီယူလိုက်ကာ ပတ်ထားသော ကြိုးကို ဖြေလိုက်သည်။

ထိုသို့ကြိုးဖြေလိုက်သည်နှင့် မြွေကင်ကလှုပ်လာသည်။

"ဟ . . ဘာလဲ"

"မြွေက သေမှမသေသေးပဲ"





တစ်ယောက်က ပြောရုံရှိသေးသည်။

အသက်ပြန်ရှင်လာသောမြွေက ကိုင်ထားသော လက်ကိုကိုက်သည်။

"အား . . မြွေထိပြီဟေ့"

ထိုသို့တစ်ယောက်ကို မြွေထိသည်နှင့် ကျန်နှစ်ယောက်က ၎င်းတို့ကိုင်ထားသော မြွေကင်များကို ကြောက်လန့်တကြား လွှတ်ချလိုက်လေသည်။

မရတော့ပေ။

ထိုမြွေကင်နှစ်ကောင်ကလည်း အသက်ဝင်လာကြပြီး ကိုင်ထားသော လက်များကို ရစ်ပတ်ထားကြလေသည်။

ကြည့်လိုက်တော့ မြွေများမှာအခြားမဟုတ်ပဲ ထိလိုက်သည်နှင့် တုံးခနဲသေစေနိုင်သော မြွေပွေးကွင်းဆက်များပင် ဖြစ်ပေတော့သည်။

ထိုအခြေအနေကို မြင်သောအခါ . . ထန်းရည်ရောင်းသောဆိုင်ရှင်က သဘောပေါက်သွားသဖြင့် နေရာမှထလာလေသည်။

"မင်းတို့ကြည့်ရတာ ဒီနယ်သားတွေ မဟုတ်ကြဘူးထင်တယ်"

"ဟုတ်ပါတယ်၊ အထက်ပိုင်းက လာခဲ့ကြတာပါ"

"အင်းဝဆိုတာ အဓိကရနေရာတွေထဲမှာ ပါတယ်၊ အများအယွင်းရှိရင် သေတတ်တယ်"

"လုပ်ပါဦးဗျ၊ ကယ်နိုင်ရင်ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မြွေတစ်ကောင်က လက်မှာပတ်ခံထားသောလူတစ်ယောက်က ကြောက်ကြောက်လန့်လန့်နှင့် ပြောလိုက်သည်။

မြွေကိုက်ခံထားသောသူမှာ တစ်ကိုယ်လုံးအဆိပ်တက်ကာလဲကျနေလေပြီ။

ထိုအခါ တဲရှင်အဘိုးကြီးက ဘာမှမပြောဘဲ ကမ်းစပ်ဘက်သို့ ဆင်းသွားလေသည်။

ခဏကြာတော့ ပြန်တက်လာရာ သူနှင့်အတူလူတစ်ယောက်ပါလာလေသည်။

မြနှင်းဖြူနှင့်ပါလာသော ဖိုးစံတုတ်ပင်ဖြစ်သည်။

တဲသို့ရောက်သောအခါ ဖိုးစံတုတ်က အခြေအနေကြည့်ပြီးပြောသည်။

"အဆိပ်ကလွန်နေပြီ၊ ဆေးမမီရင်တော့ သေမှာပဲ"

"ကုနိုင်ရင် ကုပေးပါဦးကြီးရယ်"

"အသက်မသေအောင် ကုပေးရင်ပါတဲ့ငွေပေးမလား"

"ပေးပါ့မယ်ဗျာ၊ ရှိတာပေးပါမယ်"

ဟုပြောရာ ဦးစံတုတ်ကလက်မှာ ပတ်နေသောမြွေနှစ်ကောင်ကို အမြီးမှဆွဲယူပြီး အဝေးသို့ လွှင့်ပစ်လိုက်သည်။

မြွေဆိပ်တက်နေသူကိုတော့ ထိပ်ကိုလက်ဖြင့်ကိုင်ကာဂါထာမန္တန်အချို့ ရွတ်ဆိုပေးရာ မကြာမီအဆိပ်များပြန်ထွက်လာပြီးနောက် သတိပြန်ရလာလေတော့သည်။

ထိုအခါမှ နေရာမှထထိုင်ပြီး ဖိုးစံတုတ်ကို ကန်တော့သည်။





"ကျွန်တော်တို့မှာ‌းတာတွေရှိရင်လည်း ခွင့်လွှတ်ပေးပါအဘရယ်၊ နောက်ကိုဒီလိုမဖြစ်အောင်လည်း ဆင်ခြင်ပါ့မယ်၊ အခုတော့ပါသမျှငွေနဲ့ အသက်ဖိုးကန်တော့ပါမယ်"

ဟု ပြောပြီးသုံးယောက်စလုံးမှာပါသော ငွေများကိုထုတ်ပြီး ဖိုးစံတုတ်ကိုပေးသည်။

"ငါက မင်းတို့ဆီကငွေမလိုချင်ပါဘူးကွာ၊ နောင်တပဲလိုချင်တာပါ၊ လောကမှာ ကိုယ်မသိသေးတဲ့အကြောင်းအရာတွေ အများကြီးရှိသေးတယ်၊ ကိုယ်မသိတာတွေကို ရမ်းပြီးလုပ်ရင်သေတတ်တယ်"

ဟုပြောပြီး လှေဆိပ်သို့ပြန်ဆင်းသွားလေတော့သည်။

ထိုအခါမှ ထန်းရည်သမားသုံးယောက်တို့မှာ မှာထားသောထန်းရည်ကိုပင် ကုန်အောင်မသောက်ဝံ့တော့ပဲ ထန်းရည်ဖိုးပေးထားခဲ့ကာ ၎င်းတို့လှေရှိရာသို့ ခပ်သုတ်သုတ်ဆင်းသွားကြလေသည်။

ထန်းရည်ရောင်းနေသော အဘိုးကြီးကတော့ ထန်းရေအိုးများကို ပြန်သိမ်းရင်းနှင့် နောက်ဘက်မှကြည့်ကာ. .

"လူမိုက်တွေပဲ"

ဟု ရေရွတ်လိုက်လေသည်။

ထိုအချိန်တွင် မြနှင်းဖြူမှ ဈေးဘက်မှပစ္စည်းများ ဝယ်ယူပြီးတောင်းတစ်လုံးဖြင့် ထည့်ရွက်ကာ လှေဆိပ်ရှိရာဘက်သို့ပြန်ဆင်းလာလေသည်။

ဈေးရှိသောနေရာနှင့် မြစ်ကမ်းဆိပ်မှာ အတော်ပင်ဝေး



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ အချိန်ကညနေပိုင်းရောက်နေပြီဖြစ်သော်လည်း နေအရှိန်ကြောင့် ပူလှသည်။

သစ်ပင်ရိပ်ရှိသောနေရာများမှာ အတော်အသင့်သက်သာသော်လည်း အရိပ်မရှိသောနေရာများမှာတော့ အခိုးအငွေ့များပင် ထနေလေသည်။

မြနှင်းဖြူက. . လမ်းဘေးမှာရှိသော သစ်ပင်ရိပ်များအောက်မှ တစ်ယောက်တည်းလျှောက်လာရာ ခဏကြာတော့ မြင်းလှည်းတစ်စင်းဖြတ်မောင်းလာသည်ကို မြင်သဖြင့် တားလိုက်သည်။

"မြင်းလှည်းအားရင် မြစ်ကမ်းဘက်သွားချင်လို့ပါ"

"ရပါတယ်ဗျာ၊ မြင်းလှည်းပေါ်သာတက်ပါ"

မြင်းလှည်းမောင်းလာသူမှာ အခြားမဟုတ်ပေ။

နီမောင်ပင်ဖြစ်သည်။

မြနှင်းဖြူ မြင်းလှည်းပေါ်ရောက်သောအခါ နီမောင်က မြင်းလှည်းကို မောင်းထွက်လာလေသည်။

"အခုမှပဲ သက်သာသွားတော့တယ် နေကလည်း ပူလိုက်တာရှင်"

"ဟုတ်တယ်၊ ဒီအချိန်တွေမှာ နေပြင်းလို့အပြင်တောင် သိပ်မထွက်ကြဘူး၊ ဘယ်နေရာပို့ပေးရမလဲ"

"မနော်ရမ္မာဘက်ကူးတဲ့ လှေဆိပ်ကိုပဲပို့ပေးပါရှင်"

"အစ်မလေးက ဟိုဘက်ကမ်းမှာ နေတာလား"

ထိုသို့မေးသောအခါ နောက်ဘက်မှ ရယ်သံတိုးတို့





ကြားရသည်။

"ရှင်နဲ့ကျွန်မနဲ့က ရွယ်တူလောက်ပဲရှိမှာပါ၊ အစ်မလေးလို့တော့ မခေါ်ပါနဲ့ရှင်"

ထိုအခါ နီမောင်က သဘောကျစွာ ပြုံးလိုက်သည်။

"ကျွန်တော်တို့က မြင်းလှည်းမောင်းသမားဆိုတော့ မြင်းလှည်းစီးတဲ့လူတိုင်းကို ချိုချိုသာသာပြောနေကျမို့ အကျင့်ပါနေလို့ပါ အစ်မလေး. . အဲ. . အဲ"

"ကျွန်မနာမည်က မြနှင်းဖြူပါ"

"ကျေးဇူးတင်ပါတယ်၊ ဒါထက် မြနှင်းဖြူက မနော်ရမ္မာဘက်မှာနေတာလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် မနော်ရမ္မာမှာတော့ မဟုတ်ပါဘူး"

နီမောင်က ထပ်မမေးတော့ပေ။

"ရှင်က မနော်ရမ္မာဘက်ကို ရောက်ဖူးလို့လား"

"တစ်ခါနှစ်ခါတော့ ရောက်ဖူးပါတယ်၊ မေးတာက တခြားအကြောင်းကြောင့် မဟုတ်ပါဘူး၊ အဲဒီဘက်ကမ်းမှာ ကျွန်တော်ကျေးဇူးရှင်တစ်ယောက် ရှိလို့ပါ"

"ဘယ်သူများလဲ"

"နာမည်တော့မသိပါဘူး၊ ဒါပေမယ့် အဲဒီအဘက ကျွန်တော်ကို ကူညီပေးသွားခဲ့လို့ ကျွန်တော့်မှာဆင်းရဲတဲ့ဘဝကနေ အခုလို မြင်းလှည်းပိုင်တဲ့ဘဝမျိုး ရောက်ခဲ့တာပါ"

"ဘယ်လိုများ အကူအညီပေးသွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က မြင်းလှည်းမောင်းရင်းမှ သူကြုံတွေ့ သောအကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

နီမောင့်စကားဆုံးတော့ မြနှင်းဖြူက နောက်ဘ ပြောသည်။

"ရှင် ကံကောင်းတာပေါ့"

"ဘယ်လိုကံကောင်းတာလဲဗျာ"

"လူကသာ ဆင်းရဲနေပေမယ့်၊ စေတနာကောင်း ကယ်တင်ပေးမယ့် သူနဲ့တွေ့ပြီး ကံကောင်းသွားတာပေါ့"

"ဟုတ်မယ်ထင်ပါရဲ့ဗျာ"

"ရှင့်ကို အကူအညီပေးသွားတဲ့ အဘိုးကြီးကို ကျွန်မ ပါတယ်၊ သူကမနော်ရမ္မာမှာနေတာမဟုတ်ဘူး၊ မဟာဗော ဘုရားကြီးရဲ့ ဟိုဘက်နားမှာနေတာ"

"သူဌေးကြီးဘောကဗလတည်သွားခဲ့တဲ့ မဟာဗော စေတီကြီးကို ပြောတာလား"

"ဟုတ်ပါတယ်"

"ဘုရားကိုတော့ တစ်ခါနှစ်ခါ ရောက်ဖူးပါတယ်၊ ဘက်ကိုတော့ မသွားဖူးသေးဘူး၊ ဟိုဘက်မှာ ရွာတွေရှိသလာ"

"ရှိတာပေါ့၊ ကျွန်မတို့နေတဲ့ရွာတွေ ရှိသေးတယ်၊ ဒါ မှာ သူကနေတာ"

"ဒါဖြင့် မြနှင်းဖြူ သိသလား"

"သိတာပေါ့၊ သူက ကျွန်မတို့အဘိုးတော်တယ်၊ နာမ က ဦးဒီပလို့ခေါ်တယ်"





"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်က သူနဲ့ပြန်တွေ့ချင် နေတာအတော်ကြာပြီ အခုမှပဲဟန်ကျပေတော့တယ်၊ ဒါဖြင့်သူနဲ့ တွေ့ချင်ရင် မြနှင်းဖြူတို့နေတဲ့ရွာကို လာခဲ့ရင်တွေ့ရမှာပေါ့"

"တွေ့ရပါတယ်"

"ဒါဖြင့် လာချင်ပါတယ်၊ ရွာနာမည်က ဘယ်လိုခေါ်သ လဲ"

"မြယာကုန်းရွာလို့မေးရင် ဘယ်သူ့မေးမေးရပါတယ်"

"ဒါဖြင့် အလုပ်အားတဲ့တစ်ရက်မှာ သူ့အတွက်အစား အသောက်တွေဝယ်ပြီး ကျွန်တော်လာခဲ့ပါမယ်"

"ရှင့်ကိုတော့ မှာခဲ့ရဦးမယ်၊ တခြားတော့မဟုတ်ပါဘူး၊ မြယာကုန်းဘက်လာရင် လူတွေအပိုမခေါ်ခဲ့ပဲ ရှင်တစ် ယောက်တည်းသာ လာခဲ့ပါ၊ အဘိုးက တရားအားထုတ်နေတာ ဆိုတော့ လူများရင် တွေ့ရမှာမဟုတ်ဘူး"

"ကောင်းပါပြီ၊ တစ်ယောက်တည်းပဲလာခဲ့ပါမယ်၊ ဒါ ထက် ဘယ်ရက်လောက်လာရင် အဆင်ပြေမလဲ"

"ဥပုသ်ရက်ဆိုရင် သူနဲ့တွေ့ရဖို့ သေချာတယ်၊ အဲဒီ ရက်မှာ သူကမဟာဗောဓိဘုရားမှာ သီလယူလေ့ရှိတယ်၊ ဒီလို လုပ်ပါလား၊ အဖိတ်နေ့ရောက်ရင် ကျွန်မဒီဘက်ကမ်းလာပြီး ဈေးဝယ်မယ်၊ ရှင်လိုက်ချင်ရင် ကျွန်မတို့ပြန်တော့ တစ်ခါတည်း လိုက်လာခဲ့ပေါ့"

"ဟာ ကျေးဇူးတင်လိုက်တာဗျာ၊ အဖိတ်နေ့ရောက် တော့ ကျွန်တော်မြစ်ကမ်းဆိပ်ကနေ ဆင်းစောင့်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

ထိုသို့ စကားတပြောပြောနှင့် မြင်းလှည်းကို မှန်မှ
မောင်းလာရာ အတန်ကြာတော့ မြစ်ကမ်းဆိပ်သို့ရောက်လ
လေသည်။ ထိုနေရာရောက်တော့ မြနှင်းဖြူက မြင်းလှည်းပေ
မှဆင်းလေသည်။

"မြင်းလှည်းခ ဘယ်လောက်ယူပါသလဲရှင်"

"ကျွန်တော်သိချင်တာသိရတဲ့အတွက် မြနှင်းဖြူကို
ကျေးဇူးတင်ပါတယ်၊ မြင်းလှည်းခမပေးပါနဲ့တော့"

"ဒီလိုတော့မလုပ်ပါနဲ့၊ သင့်သလောက်တော့ဖြင့်ယူပ
တကယ်လို့ လုံးလုံးမယူရင်တော့ ရှင်ကိုတစ်မျိုးထင်ပြီး အဖိ
နေ့ကျရင် မခေါ်ပဲပြန်သွားမှာ"

ထိုကဲ့သို့တော့ အထင်မခံနိုင်ပေ။

ထို့ကြောင့်ငါးမူးတောင်းယူလိုက်ရာ မြနှင်းဖြူက မတ
စေ့နှစ်စေ့ထုတ်ပေးပြီးနောက် သူ့ကိုနှုတ်ဆက်ကာ ကမ်းစပ်ဘက
သို့ ဆင်းသွားလေတော့သည်။

နီမောင်ကတော့ တောင်းကလေးခေါင်းပေါ်မှာရွက်
ကာရေစပ်ရှိရာသို့ ဆင်းသွားသော မြနှင်းဖြူကို နောက်ဘက်မှ
လှမ်းကြည့်နေသည်။

မမြင်ရတော့မှ သက်ပြင်းတစ်ချက်ချလိုက်ကာ သူမပေ
ထားခဲ့သော မတ်စေ့နှစ်စေ့ကို ကြည့်လိုက်လေသည်။

တိုက်တိုက်ဆိုင်ဆိုင် မတ်စေ့နှစ်စေ့စလုံး၌ ထုံးဖြူအ
စက်ကလေးများ စွန်းပေနေသည်ကို တွေ့ရသည်။





သို့သော်အမှတ်တမဲ့ပင် အိတ်ထဲထည့်လိုက်ပြီး မြင်း
လှည်းကို ပြန်မောင်းထွက်လာခဲ့လေသည်။

သူ့အတွေးအိမ်မှာတော့ မြနှင်းဖြူ၏ပုံရိပ်ကလေးများ
ငြိတွယ်လျက် ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း[၇]

# ငွေယားကျွန်းမှ စေတနာရှင်

နေ့လယ်တက်နေပြင်းသောအချိန်တွင် ညောင်ပင်မြင်း ...ည်းဂိတ်တွင် မြင်းလှည်းသမားအတော်များများ ပြန်နားကြ ...ည်။

နံနက်ပိုင်းဈေးသွားဈေးလာများ၊ ဘုရားသွားဘုရားလာ ...ကို လက်မလည်အောင် ပို့ပေးခဲ့ကြရပြီးနောက် နေ့လယ်ဘက် ...ချိန်ရောက်တော့ လူရှင်းသွားပေပြီ။

ထိုအချိန်ရောက်တော့မှ လူလည်းနား၊ မြင်းလည်းနား



www.burmeseclassic.com

www.burmeseclassic.com



ကာ လူလည်းထမင်းစား၊ မြင်းကိုလည်းအစာဝအောင် ကျွေး
ရသည်။

လယ်သမားများအတွက် ကျွဲ နွားသည် ကျေးဇူးရှင်ဖြ
သလို မြင်းလှည်းသမားများအတွက်တော့ မြင်းမှာကျေးဇူးရှင်ဖြ
သည်။ သို့ကြောင့် . ခိုင်းလည်းခိုင်း အစာရေစာလည်း ဝလ
အောင်ကျွေးမွေးရသည်။

မြင်းများနားနေချိန်တွင် အရိပ်ကောင်းသောညောင်ပ
ရိပ်အောက်၌ ပြုလုပ်ထားသည့် ကွတ်ပျစ်ကျယ်ကြီးပေါ်မှာ.
ထမင်းစားသူကစား၊ အိပ်သူကအိပ်၊ စကားပြောသူက ပြော
ကြလေသည်။

အောင်မြိုင်၊ ထွန်းခနှင့် ဘိုးရွှေတို့သုံးယောက်စု
စကားပြောနေသောနေရာသို့ 'နီမောင်ပါရောက်လာသည်။

ထိုအခါ အောင်မြိုင်ကပြောသည်။

"နီမောင်ရေ မင်းကတော့ ကံကောင်းထောက်မပြီး
ပေါက်တိုးလို့ မြင်းလှည်းအငှားမောင်းနေရတဲ့ဘဝက မြင်းလှည်
ပိုင်ရှင်ဘဝ ရောက်ခဲ့ရတယ်၊ ငါတို့တော့ အဲဒီလိုတစ်ခါမှ မတွေ
ခဲ့ရသေးပါဘူးကွာ"

ထိုအခါ ထွန်းခကပါ ဝင်ပြောသည်။

"ပွပေါက်တော့ မတိုးဘူး၊ မတွေ့လိုက်နဲ့ တွေ့လိုက်ရ
ကြောက်စရာလန့်စရာတွေနဲ့ချည်း တွေ့ရတော့တာပဲ"

"ဘယ်လိုတွေ့ခဲ့ရတာလဲ ပြောပါဦး"

"မနေ့က ညနေပိုင်းအချိန်ရောက်မှ ထန်းပင်ကုန်းဘက်





ရောက်သွားတယ်၊ အဲဒီရောက်တော့ ထန်းရည်ဝင်သောက်နေ
တာနဲ့ မိုးချုပ်မှပြန်ထွက်လာခဲ့တယ်၊ လေးထပ်ကြီးဘုရားနား
ရောက်တော့ မိန်းမတစ်ယောက်ထွက်တားတယ်"

"စိတ်ဝင်စားစရာပဲ ဆက်ပြောပါဦး"

ထွန်းခက သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တို့ကို
ပြောပြသည်။

မှောင်ရီသမ်းစအချိန်တွင် လေးထပ်ကြီးဘုရားအနီးမှ
ထွက်တားသော အမျိုးသမီးမှာ အသက်(၂၀)ကျော်ခန့်သာ ရှိ
သေးပြီး ရုပ်ရည်ချောမောသူဖြစ်သည်။

သို့ကြောင့် မြင်းလှည်းရပ်ပေးလိုက်သည်။

"ဘယ်သွားမှာလဲ"

"မယ်နုအုတ်ကျောင်းဘက် သွားချင်လို့ပါ"

ခရီးကမနီးလှပေ။

အရှေ့ပြင်နှင့် အနောက်ပြင်သွားရသကဲ့သို့ ဖြစ်ကာ
ဝေးလှသည်။

"ခရီးကဝေးတယ်၊ အချိန်မရှိတော့ဘူး"

"ကိစ္စအရေးကြီးလို့ပါရှင်၊ လိုက်ပို့ပေးပါ ပို့ပေးပါမယ်"

ထိုစကားကြားတော့ စိတ်ဝင်စားသွားသည်။

နေ့လယ်ဘက်ဆိုလျှင်တော့ ထိုခရီးမှာငါးမူး၊ သုံးမတ်
တော့ရသည်။

"တစ်ကျပ်ပေးရင် လိုက်ပို့ပေးမယ်"

"ပေးပါ့မယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်မြင်းလှည်း ပေါ်တက်၊ ဒါထက်မင်းတစ်ယောက်ပဲလား၊ အဖော်မပါဘူးလား"

"ဟင့်အင်း. . မပါဘူး"

ထွေထွေထူးထူးထပ်မမေးတော့ဘဲ သူမမြင်းလှည်းပေါ်ရောက်သည်နှင့် မောင်းထွက်ခဲ့သည်။

ထွန်းခစိတ်ထဲတွင် ယခုတစ်ကျပ်ရလျှင်တော့ ထိုနေ့အဖို့ နေ့ထွက်ကိုက်ပြီဟု တွက်ဆနေသည်။

ဇင်းမယ်တံခါးအနီး ကျုံးထိပ်နားရောက်တော့ တစ်ချက်လှည့်ကြည့်သေးသည်။

ဆံပင်ဖားလျားချထားပြီး သူ့ဘက်သို့ကျောပေးထားသောအမျိုးသမီးကို တွေ့ရသေးသည်။

ထိုနေရာမှလွန်တော့မှ နောက်တစ်ခါလှည့်ကြည့်တော့မရှိတော့ပေ။

"ငါ့မှာကွာ ပိုက်ဆံမရတဲ့အပြင် ကြောက်ကြောက်လန့်လန့်နဲ့ မြင်းလှည်းကို ပြန်မောင်းပြေးခဲ့ရတာ ဖတ်ဖတ်ကိုမောတာပါပဲ"

ထွန်းခစကားဆုံးတော့ ဘိုးရွှေက ပါဝင်ပြောသည်။

"ပိုက်ဆံမရပေမယ့် လူကိုခြောက်လှန့်မသွားလို့ တော်သေးတာပေါ့ကွာ၊ ငါ့အပြစ်ကမှ မင်းထက်ပိုဆိုးသေးတယ်"

"ဘယ်လိုဖြစ်လို့လဲ ဘိုးရွှေရဲ့ ပြောပါဦး"

ဘိုးရွှေက သူ့ကြုံတွေ့ခဲ့ရသောအကြောင်းကို ပြောပြသည်။





တစ်နေ့တော့ ညနေစောင်းအချိန်လောက်တွင် မြို့တွင်းမှငွေယားကုန်းဘက်ကို သွားလိုသော ခရီးသည်နှစ်ယောက်တို့ကိုလိုက်ပို့ပေးရသည်။

အဘိုးကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ဖြစ်သည်။

မြင်းလှည်းခကြိုတင်မမေးဘဲနှင့် စီးလာသောကြောင့်ဟန်ကျပြီဟု ဘိုးရွှေစိတ်ထဲမှာ တွေးလိုက်မိသည်။

ငွေယားကုန်းမှာ နာမည်ကြီးသော နေရာတစ်ခုဖြစ်သည်။

ထိုနေရာရောက်တော့ ဝါးရုံတောတစ်တောရှိသောနေရာတွင် မြင်းလှည်းရပ်ခိုင်းပြီး နှစ်ယောက်စလုံး မြင်းလှည်းပေါ်မှ ဆင်းကြလေသည်။

"မြင်းလှည်းခ ဘယ်လောက်များ ကျပါသလဲ မောင်ရင်"

"တစ်ကျပ်ခွဲတော့ပေးပါ"

ထိုသို့ကြားတော့ အဘိုးကြီးမျက်နှာမှာ အနည်းငယ် အံ့သြသွားဟန်ရှိသည်။

"မများဘူးလားမောင်ရယ်၊ ကျုပ်တို့ဒီလမ်းခရီးကို သွားလာနေကြပါ၊ ဘယ်အချိန်မှာပဲသွားသွား တစ်ကျပ်ထက်ပိုမပေးရပါဘူး"

"အချိန်မရှိတော့လို့ တိုးပြီးယူတာပါ"

"သင့်တယ်ထင်တော့လည်း ယူပေါ့ကွယ်၊ စီးလာခဲ့ပြီးမှတော့ တောင်းသလောက်ပဲ ပေးရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး အိတ်ထဲမှ ငါးမူးစေ့သုံးစေ့ကို ထုတ်ပေးခဲ့ပြီးဝါးရုံတောရှိရာဘက်သို့ လျှောက်သွားကြသည်။

"မင်းနောက်တစ်နေ့ ဒီနေရာရောက်ခဲ့ရင် ငါတို့အတွက် လက်ဖက်တစ်ပွဲနဲ့ အမွှေးနံ့သာတစ်ထုပ်လောက်တော့ ဆွဲလာခဲ့ပါ၊ ဒီရောက်တော့မှ ပိုက်ဆံပေးပါ့မယ်"

ဟု ပြောဆိုမှာကြားပြီး နှစ်ယောက်စလုံး ဝါးရုံတောများ အနောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေတော့သည်။

"ငါက ဒီနေရာကိုဘာဖြစ်လို့ တစ်ခေါက်ပြန်လာရမှာလဲ၊ ဈေးမှာပုံက ထူးဆန်းလိုက်တာ"

ဟု ပြောဆိုရေရွတ်ပြီး ထိုနေရာမှ မြင်းလှည်းပြန်လှည့်ခဲ့လေသည်။

စိတ်ထဲမှာတော့ အခြားအကြောင်းများ ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ တစ်ခေါက်တည်းနှင့် ငွေတစ်ကျပ်ခွဲ ရလိုက်သဖြင့် ကျေနပ်ဝမ်းသာနေမိလေသည်။

အိမ်ပြန်ရောက်သောအခါ မိန်းမဖြစ်သူကို ရလာသော ငွေများပေးလိုက်သည်။

သို့သော် ငါးမူးတော့ ချန်ထားလိုက်သည်။

အပိုရလာသော ငွေဖြစ်သောကြောင့် မအပ်တော့ဘဲ အရက်သောက်ရန် ချန်ထားလိုက်ခြင်းဖြစ်သည်။

ထို့နောက်တွင် ရေမိုးချိုးပြီးနောက် အရက်ဆိုင်ရှိရာသို့ ထွက်ခဲ့လေသည်။





အရက်ဆိုင်က မဝေးလှပေ။

ဘိုးရွှေစိတ်ထဲမှာတော့ မိန်းမမသိအောင် အိတ်ထဲမှာ ပိုက်ဆံငါးမူးပါလာသောကြောင့် တက်ကြွနေသည်။

သို့သော် ကြာကြာတော့ မပျော်ရပါပေ။

အဘယ်ကြောင့်ဆိုသော်

အရက်ဆိုင်မရောက်မီ တစ်နေရာသို့ ရောက်သောအခါမှာတော့ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် ယားယံလာသောကြောင့်ဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ တစ်ခုခုနဲ့ထိမိလို့လား၊ ဒါမှမဟုတ် မတည့်တာများစားသောက်မိလို့လား၊ ယားလိုက်တာ"

တစ်ကိုယ်လုံးခွေးလေ့ယားသီးနှင့် ထိမိသကဲ့သို့ မခံမရပ်နိုင်အောင် ယားယံလာသဖြင့် ကုတ်ရင်းဖွဲ့ရင်းနှင့်ပင် တစ်ကိုယ်လုံးအဖုအပိမ့်များ ထွက်လာသည်။

အနီကွက်ကြီးများ ထွက်လာသည်။

"အောင်မယ်လေးဗျ မခံနိုင်တော့ဘူး၊ ယားလိုက်တာ"

ဟုအော်ဟစ်ညည်းညူရင်းနှင့်. . ရှေ့ဆက်မသွားနိုင်တော့သဖြင့် အိမ်သို့ပြန်ပြေးရလေသည်။

အိမ်ရောက်သည်နှင့် အကျိုးအကြောင်းပြောပြရာ ဆေးမြီးတိုများ တိုက်သူကတိုက်၊ သနပ်ခါးရေကျဲ သွေးလိမ်းသူက လိမ်းပေးကြသည်။

သို့သော် မရတော့ပေ။

တဖြည်းဖြည်းနှင့် ပိုဆိုးလာပြီး မနေနိုင်၊ မထိုင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖြစ်ကာ လူးလိမ့်အော်ဟစ်နေကြောင်း တစ်ယောက်က
ဆေးဆရာကြီး တစ်ခေါက်သွားခေါ်လေသည်။

"အမယ်လေးကယ်ကြပါဦးဗျ၊ ယားလိုက်တာ၊ မနေနိုင်
တော့ဘူး၊ ဒီအတိုင်းဆိုရင်ဖြင့် သေရပါတော့မယ်"

ဟု အော်ဟစ်နေစဉ် ဆေးဆရာကြီး ရောက်လာလေ
သည်။

ဆေးဆရာကြီးမှာ တလှဲဘရပ်တွင်နေထိုင်သော ဦးဗန်
ကောင်းပင်ဖြစ်သည်။

ဦးဗန်ကောင်းက ရောက်သည်နှင့် အခြေအနေကို
ကြည့်လေရာ သွေးရိုးသားရိုးမဟုတ်မှန်း ရိပ်မိလေသည်။

သို့ကြောင့် ဘာဆေးမှမပေးသေးပဲ ကွမ်းအစ်ထဲမှ
ကွမ်းတစ်ယာ ယာစားနေသည်။

"ဆရာကြီးရယ် ဆေးမြန်မြန်ကုပေးပါ၊ ယားလို့သေ
ပါတော့မယ်"

"ကုပေးမှာပေါ့ကွာ ဖြည်းဖြည်းပေါ့၊ ဒါပေမယ့် မင်း
ရောဂါက ဆေးကုလို့တော့ ရမယ့်ပုံမပေါ်ဘူး"

"ဗျာ"

ဘိုးရွှေသာမက အနားမှာရှိနေသူများပင် မျက်လုံးပြူး
သွားကြလေသည်။

ဦးဗန်ကောင်းက ကွမ်းယာကိုပါးစပ်ထဲထည့်လိုက်ပြီး
ဘိုးရွှေကိုမေးသည်။

"မင်း ညနေက ဘာတွေလုပ်ခဲ့သလဲ"





"မြင်းလှည်းမောင်းတာပါပဲ ဆရာကြီးရယ်၊ ထန်းရည်
ဆိုင်တောင် မဝင်ခဲ့ပါဘူး"

"ထန်းရည်ဆိုင်ဝင်ရင် မူးရုံအပြင်ဘာရှိမလဲ၊ ဒီလိုဘယ်
ယားမှာလဲ၊ မင်းဘယ်နေရာရောက်ခဲ့တယ်၊ ဘယ်သူတွေကို
လိုက်ပို့ပေးခဲ့ရတယ်ဆိုတာ ငါ့ကိုအမှန်အတိုင်းသာ ပြောပြပေ
တော့၊ ဒီလိုသိရမှ ဆေးကုပေးလို့ရမှာ"

ထိုသို့မေးတော့မှ ဘိုးရွှေလည်း မဖုံးကွယ်ဝံ့တော့ဘဲ
ဖြစ်ခဲ့သမျှကို အကြောင်းစုံပြောပြလေသည်။

ဦးဗန်ကောင်းက ခေါင်းတညိတ်ညိတ်နှင့် နားထောင်
နေပြီးတော့မှ မှတ်ချက်ချသည်။

"မင်းယားနေတာတခြားမဟုတ်ဘူး၊ အမှားအယွင်းတစ်
ခုလုပ်ခဲ့လို့ပဲ"

"ဘာများလုပ်မိခဲ့လို့လဲ ဆရာကြီးရယ်"

"ညနေက. . ငွေယားကုန်းဘက်ကို အဘိုးကြီးတစ်
ယောက်နဲ့ မိန်းကလေးတစ်ယောက်ကို. . လိုက်ပို့ပေးခဲ့တယ်
မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်"

"သူတို့က သာမန်လူတွေမှမဟုတ်ကြတာ၊ နောက်ပြီး
မင်းက တစ်ကျပ်လောက်တန်တဲ့ခရီးကို တစ်ကျပ်ခွဲယူခဲ့တယ်
မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီးရယ်"

ဘိုးရွှေက မငြင်းသာတော့သဖြင့် ဝန်ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဆီက ပိုတောင်းလာခဲ့တဲ့ ပိုက်ဆံတွေကို သူတို့ဆင်းသွားတဲ့နေရာ သွားပြန်ပို့ပေးလိုက်ရင် ယားယံနေတဲ့ဝေဒနာတွေ ချက်ချင်းသက်သာသွားလိမ့်မယ်"

ဟုပြောလေသည်။

ဘိုးရွှေကလည်း ယခုညတွင်းချင်း သွားပို့ပေးပါမည်ဟု ကတိပေးလေသည်။

"ဒါပေမယ့် မင်းပိုက်ဆံပြန်ပို့ပေးရုံနဲ့တော့ ရမှာမဟုတ်ဘူး၊ သူတို့ကျေနပ်အောင် လက်ဖက်တစ်ပွဲနဲ့ အမွှေးနံ့သာတစ်ထုပ်ဝယ်သွားပြီး တောင်းပန်လိုက်ရင် အခုလိုယားနေတာတွေ ချက်ချင်းပျောက်သွားပါလိမ့်မယ်"

ဟုပြောပြီး. . ဦးဇန်ကောင်းက ကိုယ်ပေါ်မှာလိမ်းရန်ဆေးအနည်းငယ်ပေးထားခဲ့ပြီးနောက် ပြန်သွားလေတော့သည်။

ဘိုးရွှေလည်း အမွှေးနံ့သာထုပ်နှင့် လက်ဖက်တစ်ပွဲဝယ်ခိုင်းပြီးနောက် ထိုနေရာသို့ မြင်းလှည်းဖြင့် တစ်ခေါက်ပြန်သွားလေသည်။

တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် ယားယံနေသဖြင့် မြင်းလှည်းမောင်းရသည်ပင် အဆင်မပြေလှပေ။

အချိန်ကလည်း ညဉ့်ဦးပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် အမှောင်ဖုံးစပြုနေချေပြီ။ ငွေယားကုန်းတစ်ဝိုက်မှာ လူနေအိမ်ခြေမရှိသောကြောင့် လူသွားလူလာလည်း မရှိတော့ပေ။

သူ့မြင်းလှည်း ထိုနေရာရောက်သွားသောအခါ ဝါးရုံပင်





နားတွင် ရပ်နေသောအဘိုးကြီးကို တွေ့ရလေသည်။

စိတ်ထဲမှကြောက်ရွံ့မိသော်လည်း အရဲစွန့်ပြီး ထိုနေရာနှင့် မနီးမဝေးရောက်သည့်အထိ မြင်းလှည်းကိုမောင်းသွားပြီးမှ ရပ်လိုက်ကာ မြင်းလှည်းပေါ်မှ ဆင်းသည်။

သူ့ကိုမြင်တော့ အဘိုးကြီးက. . အနီးရောက်အောင် လျှောက်လာလေသည်။

"ဘာလာလုပ်တာလဲ မောင်ရင်"

"အဘမှာလိုက်တဲ့ လက်ဖက်ထုပ်နဲ့ အမွှေးနံ့သာထုပ် လာပို့ပေးတာပါ၊ ဒါက ညနေကမြင်းလှည်းခပေးလိုက်တဲ့ တစ်ကျပ်ခွဲပါ"

"ဘာကြောင့် ပြန်ပေးတာလဲ"

"အဲဒီပိုက်ဆံယူသွားပြီးကတည်းက တစ်ကိုယ်လုံးမနေနိုင်အောင် ယားနေလို့ပြန်လာပေးတာပါ"

အဘိုးကြီးက ကျိုးတိုးကျဲတဲသွားများပေါ်အောင် တစ်ချက်ရယ်လိုက်လေသည်။

"အခု ယားသေးလို့လား"

ထိုသို့မေးတော့မှ သူ့တစ်ကိုယ်လုံး မယားတော့ပဲ ပုံမှန်အတိုင်းပြန်ဖြစ်နေသည်ကို တွေ့ရလေသည်။

စောစောက သတိမပြုမိခဲ့ပေ။

"အဲဗျ. . ခုတော့ မယားတော့ပြန်ဘူး"

"ဘယ်ယားပါတော့မလဲ၊ မင်းစိတ်က ပုံမှန်ဖြစ်သွားမှကို၊ စောစောကတော့ လောဘစိတ်နဲ့ မယူသင့်တာတွေယူတော့



www.burmeseclassic.com

www.burmeseclassic.com



ယားတာပေါ့"

ထို့နောက် ဘိုးရွှေပေးသော ပစ္စည်းများထဲမှ လက်ဖက်ထုပ်နှင့် အမွှေးနံ့သာထုပ်ကိုသာယူပြီး ငွေတစ်ကျပ်ခွဲကိုတော့ ပြန်ပေးသည်။

"ယူပါကွယ်"

"မယူဝံ့တော့ပါဘူး အဘရယ်"

"မြင်းလှည်းခက တစ်ကျပ်ဆိုတော့ ဒီငွေတစ်ကျပ်ကို တော့ယူသင့်တယ်၊ ဒီငါးမူးကတော့ အမွှေးနံ့သာနဲ့ လက်ဖက်ဖိုးပေးတာပါ"

ဟု ပြောသဖြင့် မယူဝံ့ယူဝံ့နှင့် လှမ်းယူလိုက်လေသည်။

ထို့နောက်အဘိုးကြီးလည်း ဝါးရုံပင်များအနောက်သို့ ပြန်ဝင်သွားလေတော့သည်။

ဘိုးရွှေလည်း ထိုနေရာ၌ ကြာကြာဆက်မနေဝံ့တော့သဖြင့် မြင်းလှည်းကို ပြန်မောင်းထွက်လာလေသည်။

အထက်ပါအကြောင်းများမှာ ဘိုးရွှေပြန်ပြောပြသော အကြောင်းများပင် ဖြစ်လေသည်။

သူ့စကားဆုံးသောအခါ အောင်မြိုင်နှင့် ထွန်းခတို့က ၄င်းတို့ထင်မြင်ချက်များကို ပြောကြသည်။

"အဲဒါတခြားကြောင့် ဖြစ်တာမဟုတ်ဘူး၊ မင်းလောဘကြီးလို့ဖြစ်တာ၊ တစ်ကျပ်တန်တဲ့ခရီးကို တစ်ကျပ်ခွဲတောင်းယူတော့ခံရရော မဟုတ်လား"

"ငါလည်း မသိတော့ တောင်းတာပေါ့ကွာ"





"ဘိုးရွှေရယ်၊ မင်းလည်းအင်းဝမှာ မြင်းလှည်းမောင်းနေတာ အတော်ကြာပြီ၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာတောင် ခုထိမသိသေးဘူးလား"

"မင်းကရော သိလို့လား"

ထွန်းခက ဆရာကြီးအသံမျိုးဖြင့် ပြောသည်။

"နေဝင်ရီတရောအချိန်ရောက်ရင် မယ်နုအုတ်ကျောင်းတို့၊ လေးထပ်ကြီးဘုရားတို့၊ တောင်ဘီလူးနဲ့ ငွေယားကုန်းရှိတဲ့နေရာတွေကို လိုက်ပို့ခိုင်းရင် ဘယ်လောက်ပဲပေးပေး မပို့လေနဲ့၊ ပို့မိလို့ကတော့ ပိုက်ဆံမရတဲ့အပြင် ခွေးပြေးဝက်ပြေး ပြေးရမယ်သာ မှတ်ထားပေရော့"

"မင်းပြောတဲ့နေရာတွေက ဒီလောက်ဆိုးလို့လား"

"မဆိုးပဲ နေပါ့မလား၊ နန်းမတော်မယ်နုအုတ်ကျောင်းနဲ့ လေးထပ်ကြီးဘုရားထဲမှာ အလောင်းအစားလုပ်ပြီး တစ်ညအိပ်ကြည့်ပါလား၊ ညတွင်းချင်း ပြန်ပြေးရင်ပြေး၊ မပြေးရင်တော့သေတာပဲ"

ထွန်းခက အင်းဝသားတစ်ယောက် ဖြစ်သောကြောင့် မည်သူကမှ မငြင်းရဲကြပေ၊

သူတို့သုံးယောက် ပြောဆိုနေကြသောစကားများကို နံဘေးမှ နားထောင်နေသောနီမောင်က သူ့မြင်းလှည်းဖြင့် လိုက်ပို့ပေးခဲ့ရသော မြနှင်းဖြူကို သတိရနေသည်။ သူ့အိတ်ထဲတွင် မြနှင်းဖြူပေးထားခဲ့သည့် ထုံးဖြူစက်ကလေးများရှိနေသည့် ငွေတစ်မတ်စေ့နှစ်စေ့က ယခုထိရှိနေပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်စိတ်ထဲတွင် မြနှင်းဖြူနှင့်တွေ့ခါစက သာမန် မဟုတ်ဟုထင်မိသည်။

သို့ကြောင့် . . သူမပေးထားခဲ့သော ငွေနှစ်ပြားတို့ကို တကူးတက သိမ်းထားခဲ့ခြင်းဖြစ်၏။

ထိုငွေပြားကလေးများ ရခဲ့ပြီးနောက်တွင် မြင်းလှည်း ထွက်ဆွဲရာ သုံးမတ်ကျသောခရီးကို ခရီးသည်က ငွေတစ်ကျပ် ပေးရာ တစ်မတ်ပြန်အမ်းပေးရသည်။

ထိုအခါ တခြားအမ်းစရာ အကြွေစေ့အဆင်သင့်မရှိသ ဖြင့် ထိုနှစ်စေ့မှ တစ်စေ့ကိုယူပြီး အမ်းပေးလိုက်သည်။

ညနေဘက် မြင်းလှည်းသိမ်းသောအခါ ရလာသည့် ငွေတို့ကိုမိခင်ဖြစ်သူလက်သို့ အားလုံးအပ်ကာ ရေချိုးရန်ပြင် လေသည်။

ရေချိုးထမင်းစားပြီးသောအခါ မိခင်ဖြစ်သူက မတ်စေ့ နှစ်စေ့ကို သူ့အားပြန်ပေးလေသည်။

"ဒါ မင်းသိမ်းထားတဲ့ အကြွေစေ့နှစ်စေ့ မဟုတ်လား၊ ပြန်ယူထားလေ"

ဟုပြောပြီးပေးသဖြင့် လှမ်းယူပြီး ကြည့်လိုက်တော့ ထုံး အမှတ်အသားကလေးများပါသော မတ်စေ့နှစ်စေ့ဖြစ်နေသည် ကို တွေ့ရသဖြင့် ဇဝေဇဝါဖြစ်သွားလေသည်။

"ငါ မနက်က ခရီးသည်ကို အကြွေတစ်စေ့ ပြန်အမ်း လိုက်တာ အခုတော့ ဘယ်လိုကြောင့် နှစ်စေ့ပြန်ဖြစ်နေတာလဲ၊ တခြားထုံးတို့ထားမိတဲ့ မတ်စေ့တစ်စေ့များ ပြန်ရောက်နေသ





လား"

ဟု တွေးမိသည်။

ထိုအဖြစ်အပျက်မှာ မြနှင်းဖြူပေးခဲ့သော ငွေမတ်စေ့ နှစ်စေ့နှင့် ပတ်သက်ပြီး ထူးထူးခြားခြားကြုံတွေ့ခဲ့ရသော အဖြစ် အပျက်တစ်ခုပင်ဖြစ်သည်။

ယခုစကားဝိုင်းမှာ မြင်းလှည်းသမားအချင်းချင်း ဆုံမိ ကြသောအခါ ထူးထူးခြားခြားကြုံတွေ့ခဲ့ရပုံများကို ပြန်ပြောကြ သောအခါ နီမောင်ကလည်း သူ့အိတ်ထဲမှာ ထည့်ထားသော ငွေတစ်မတ်စေ့နှစ်စေ့ကို သတိရသဖြင့် လက်ဖြင့်စမ်းကြည့်လိုက် ခြင်းပင်ဖြစ်လေသည်။

ထိုအခါ အောင်မြိုင်ကပြောသည်။

"ငါတို့မြင်းလှည်းသမားတွေထဲမှာ နီမောင်က ကံအ ကောင်းဆုံးပဲဟေ့၊ မြင်းလှည်းအငှားမောင်းနေရာကနေ မြင်းပိုင် လှည်းပိုင်ဘဝ ချက်ချင်းရောက်သွားခဲ့တာ"

"ဟုတ်တယ်လေ ငါတို့လည်း သူ့လိုများဖြစ်မလားဆို ပြီး၊ လမ်းမှာအဘိုးကြီး အဘွားကြီးတွေတွေ့ရင် မြင်းလှည်းနဲ့ တင်ခေါ်သွားတာပါပဲ၊ ဒါပေမယ့် သူ့လိုတော့ တစ်ခါမှမရပါဘူး ကွာ၊ မောတာပဲ အဖတ်တင်တာပါပဲ"

"မင်းက စေတနာကောင်းလို့ ပို့ပေးတာမှမဟုတ်တာ၊ ရွှေချောင်းလိုချင်လို့ လိုက်ပို့ပေးတာဆိုတော့ သူ့လိုဘယ်ရပ့်ါ မလဲကွာ"

"ဟုတ်တယ် . . ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. . ဟား. . ဟား. . "

မြင်းလှည်းသမားတို့၏ ရယ်သံများက ညောင်ပင်ကြီး အောက်ဘက်မှ ဆူဆူညံညံ ပေါ်ထွက်လာလေတော့သည်။





## အခန်း [၈]

# မြယာကူန်းမှ ထူးဆန်းသော ညီမသုံးဖော်

အချိန်ကာလမှာ (၁၉၄၀)ပြည့်နှစ်၊ ဇူလိုင်လ (၁၇)ရက်၊ (၁၃၀၂)ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့သည် အဖိတ် နေ့ဖြစ်သောကြောင့် အင်းဝမှာရှိသော မြင်းလှည်းသမားများ တစ်စင်းမှ နားမနေရအောင် အလုပ်လုပ်ကြရလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုရက်မျိုးက ဥပုသ်နေ့ နီးနေပြီဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လျှဒါနပြုရန်၊ သီလဆောက်တည်ရန် ကြိုတင်ပြင်ဆင်ကြသော အချိန်လည်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ရန်ကြိုတင်ပြင်ဆင်ကြသော အချိန်ဖြစ်သောကြောင့် ဈေးရှိသောနေရာများတွင် လူသွားလူလာများလေသည်။

ထိုကဲ့သို့သော အဖိတ်နေ့ရက်များတွင် အင်းဝမြို့ပေါ်မှာသာမကဘဲ ကျေးလက်တောရွာများ၌ နေကြသူများပင် လှေတစ်တန်၊ လှည်းတစ်တန်ဖြင့် ဈေးရောင်းဈေးဝယ်လာကြသဖြင့် မြို့ပေါ်မှာ လူစည်ကားနေခြင်းဖြစ်သည်။

ထိုကဲ့သို့သောရက်မျိုးတွင် အင်းဝမှာရှိသော မြင်းလှည်းသမားများ မရပ်မနားမောင်းပေးကြရသည်။

ယခုမျက်မှောက်ခေတ်ကာလတွင် အင်းဝ၌မြင်းလှည်းအစီးရေပေါင်း (၂၀၀)ကျော်ခန့်ရှိနေပြီး နိုင်ငံခြားသားခရီးသွားများကို အဓိကထားပြီး ပြေးဆွဲပေးနေကြသည်။

မြင်းလှည်းတစ်စီးလျှင် ခရီးသည်နှစ်ယောက်နှုန်းတင်ပြီး ၎င်းတို့သွားလိုသောနေရာများကို လိုက်ပို့ပေးကြရသည်။ နိုင်ငံခြားသား ခရီးသွားများကို အများဆုံးပို့ပေးရသော နေရာများမှာ အင်းဝမြို့ဟောင်းမှ နန်းမျှော်စင်၊ ဘားကရာကျောင်းတိုက်၊ နန်းမတော်မယ်နုအုတ်ကျောင်း၊ ရတနာဆီမီးဘုရားစသောနေရာများဖြစ်သည်။

ယခင်အခါ(၁၉၄၀ ခုနှစ်၊ လွန်ခဲ့သောနှစ်ပေါင်း (၇၀) ကျော်အချိန်)ကတော့ အင်းဝ၌ မြင်းလှည်းအစီးရေ အရေအ





တွက်က ထိုမျှလောက်မရှိပေ။

မြင်းလှည်းမောင်းပြီး အသက်မွေးဝမ်းကျောင်းပြုသူတို့လည်း မများလှသေးပေ။

သို့ကြောင့် ထိုမှာရှိသော မြင်းလှည်းတို့မှာ အခါကြီးရက်ကြီးကဲ့သို့ လူစည်ကားသောနေ့ရက်များတွင် မနားရအောင်မောင်းပို့ပေးကြရသည်။

သာမန်ရက်များဆိုလျှင် နေ့လယ်လူရှင်းသောအချိန်ရောက်လျှင် မြင်းလည်းနား၊ လူလည်းနားပြီး အရိပ်ကောင်းသောသစ်ပင်ရိပ်တွင် စကားဝိုင်းဖွဲ့လျှင်ဖွဲ့၊ မဟုတ်ပါက တစ်ရေးတမောအိပ်ကြရသည်။

ထိုရက်မျိုးမှာတော့ မနားရပေ။

မနားရသော်လည်း ယခင်ရက်များထက်ပိုပြီး ဝင်ငွေရသည်။ ယခုအဖိတ်နေ့မှာတော့ နီမောင်တစ်ယောက် မြင်းလှည်းမထွက်ဘဲနားသည်။

ထိုရက်တွင် မြနှင်းဖြူနှင့် ချိန်းထားသောကြောင့် မြင်းလှည်းမထွက်ခြင်းဖြစ်သည်။

သူ့ကို ကူညီမစပေးသွားသော ဦးဒီပဆိုသော အဘိုးကြီးနှင့်တွေ့ရတော့မည်မို့ စိတ်ထဲ၌ ဝမ်းသာနေမိလေသည်။ ထိုရက်မတိုင်ခင်ကတည်းက လိုအပ်သောပစ္စည်းများကို ကြိုတင်ဝယ်ယူထားပြီး စုဆောင်းထားပြီးဖြစ်သည်။

အဖိတ်နေ့ရောက်သောအခါ အခြားမြင်းလှည်းသမားများ မြင်းလှည်းထွက်ကြသောအချိန်တွင် မြင်းလှည်းသိမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းဆိပ်ဘက်သို့ ဆင်းလာခဲ့သည်။

မြင်းလှည်းသမားတစ်ယောက်က သူ့ကိုမြစ်ကမ်းဆိပ်ရောက်အောင် လိုက်ပို့ပေးသည်။

ထိုသို့သွားရင်းနှင့်ပင် လမ်း၌မြနှင်းဖြူနှင့်တွေ့ရလေမလားဟု ကြည့်သွားသေးသည်။

မတွေ့ရပေ။

လမ်းတလျှောက်လုံးမှာတော့ လူသွားလူလာများလှလေသည်။ သူသည် မြစ်ဆိပ်ကမ်းတစ်ဝိုက်မှာရပ်ပြီး အခြေအနေကို ကြည့်သည်။

မြစ်ဆိပ်ဘက်မှာတော့ ဈေးဝယ်၊ ဈေးရောင်းလာကြသော လှေများ(ဒေသခံများကတော့ ငှက်ဟုခေါ်ကြသည်) လူများကို လှမ်းမြင်ရသည်။

အဖိတ်နေ့တွင် အင်းဝမြို့ပေါ်မှာသာမကပဲ မြစ်ကမ်းစပ်တစ်ဝိုက်မှာလည်း လူစည်ကားလှပေသည်။

ဈေးရောင်းလာကြသူများက စုဆောင်းထားသော အသီးအနှံများ၊ အစားအသောက်များနှင့် ကုန်ပစ္စည်းများကို ထိုရက်ရောက်တော့မှ ယူဆောင်ပြီး ရောင်းချလေ့ရှိသည်။

အဘယ်ကြောင့်ဆိုသော် . . .

အဖိတ်ရက်လိုနေ့မျိုးတွင် ဈေးဝယ်လာသူများက အလှူအတန်းအတွက် ဝယ်ယူရန်လာသူများသဖြင့် မိမိတို့နှစ်သက်သောပစ္စည်းတွေ့ပါက ဈေးမရှောင် ဝယ်ယူသွားသောကြောင့်ဖြစ်သည်။





ကမ်းပေါ်မှရပ်ကာ လှမ်းကြည့်လိုက်ပါက ရေစပ်နှင့်နီးသော သောင်ပြင်ပေါ်မှာ လူများသွားလာနေကြသည်ကို လှမ်းမြင်ရလေသည်။

သူရောက်နေသောနေရာမှာ မနော်ရမ္မာရွာဘက်ကူးသော လှေဆိပ်ရှိရာပင်ဖြစ်သည်။

နီမောင်က မြနှင်းဖြူနှင့် တွေ့လေနိုးဖြင့် ပတ်ဝန်းကျင်မှ သွားလာနေသောလူများကို မျက်ခြည်မပြတ်ကြည့်ရင်း ကမ်းစပ်ဘက်သို့ ဆင်းလာလေသည်။

လှေများဆိုက်ကပ်ထားသော ရေစပ်သို့ရောက်သောအခါမှာလည်း မြနှင်းဖြူ၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေးပေ။ သို့ကြောင့် ရေစပ်တစ်နေရာမှာ အထုပ်ကလေးများပိုက်ပြီး ရပ်စောင့်နေလိုက်သည်။

အချိန်က တဖြည်းဖြည်းနှင့် နေ့လယ်ဘက်အချိန်သို့ပင် ရောက်လာချေပြီ။

နေရောင်ခြည်က တဖြည်းဖြည်းမြင့်တက်လာပြီဖြစ်ရာ အပူရှိန်က များလာသည်။

မြစ်ရေပြင်နှင့်နီးနေ၍ အအေးဓာတ်ရှိနေသောကြောင့်သာ ခံသာနေသည်။

ထို့နောက်မှာတော့ မနီးမဝေးမှာရှိသော သစ်ပင်ရိပ်သို့သွားကာ သစ်မြစ်များပေါ်မှာထိုင်ရင်း တွေးတောနေမိလေသည်။

"သူကတော့ လာမယ်ပြောသွားတာပဲ၊ ဒါပေမယ့် အခုမှ



www.burmeseclassic.com

www.burmeseclassic.com



လာဖြစ်ပ့ါမလား မသိဘူး၊ သူကတစ်ခါတလေ ညနေပိုင်းမှပြန်တာလည်း ရှိပုံရတယ်၊ ဘာပဲဖြစ်ဖြစ် ညနေစောင်းအထိတော့ ဒီနေရာက ထိုင်စောင့်နေကြည့်မယ်၊ မလာတော့မှပဲ ပြန်တော့မယ်”

ဟု တွေးတောနေလေသည်။

မနော်ရမ္မာဘက်သို့ ကူးသောလှေဆိပ်မှာ မနက်ပိုင်းအချိန်နှင့် နေ့လယ်ပိုင်းအချိန် မတူပေ။

မနက်ပိုင်းအချိန်က အခြားနေရာမှလာသော လှေများဖြင့် စည်ကားလှသည်။

နေ့လယ်ပိုင်းအချိန်ရောက်တော့ တစ်စင်းပြီးတစ်စင်း ပြန်ထွက်သွားကြလေပြီ။

လှေဆိပ်မှာပင် သိပ်မကျန်တော့ပေ။

နီမောင်ကလည်း စိတ်ရှည်လက်ရှည်နှင့်ပင် ထိုင်စောင့်နေရာ မွန်းလွဲပိုင်းအချိန်ရောက်တော့ ကမ်းစပ်မှာလှေတစ်စင်းနှစ်စင်းလောက်သာ ကျန်ခဲ့တော့သည်။

“မြနှင်းဖြူတို့တော့ မလာဖြစ်တော့ဘူးထင်ပါရဲ့”

ဟုတွေးတောကာ နေရာမှထကာ ရေစပ်သို့ဆင်းသွားလေသည်။ ရေစပ်၌ ရပ်ထားသောလှေက နှစ်စင်းသာကျန်တော့သည်။ တစ်စင်းမှာ လူမရှိပေ။

အခြားတစ်စင်းမှာတော့ လူတစ်ယောက်ရှိနေသည်။ ဝါးခမောက်အဝိုင်းကြီးကို မျက်နှာတစ်ဝက်လောက် အုပ်သည်အထိ ဆောင်းထားသောကြောင့် ၎င်းမျက်နှာကိုတော့ သေသေ





ချာချာ မမြင်ရပေ။

နီမောင်က ရေစပ်မှာရပ်ပြီး မေးလိုက်သည်။

“ဒီလှေက ဘယ်သွားမှာလဲဗျာ”

“မနော်ရမ္မာဘက်ကူးမှာ”

“ကူးတို့လှေများလား၊ ဘယ်အချိန်ပြန်ထွက်မှာလဲဗျာ”

“ကျုပ်က ဧည့်သည်တစ်ယောက် လာစောင့်နေတာ၊ မောင်ရင်က ဘယ်သွားမှာလဲ”

“မနော်ရမ္မာဘက်သွားမှာပါပဲ၊ မြယာကုန်းရွာဘက်ဆက်သွားချင်လို့ပါ”

ထိုသို့ပြောလိုက်တော့ ခမောက်ကိုအပေါ်ပင့်တင်ပြီး ကြည့်လေသည်။

“မြယာကုန်းသွားမှာဆိုတော့ ဟိုရွာမှာအသိမိတ်ဆွေရှိလို့လား”

“အဘိုးဦးဒီပနဲ့တွေ့ချင်လို့ သွားမှာပါပဲ၊ အဲဒီရွာက မြနှင်းဖြူနဲ့လည်း သိပါတယ်”

“ဒါဖြင့် မြင်းလှည်းသမား နီမောင်ဆိုတာ မင်းလား”

“ဟုတ်ပါတယ်”

“အဆင်သင့်လိုက်ပလေ၊ ငါက မင်းကိုကြိုဖို့ လာစောင့်နေတာဆိုတော့ ဟန်ကျသွားပြီ၊ လှေပေါ်သာတက်ပေတော့”

ဟုပြောရာ နီမောင်လည်း မမျှော်လင့်ဘဲ မိမိအားလာကြိုသူနှင့် တွေ့ရသဖြင့် ဝမ်းသာသွားမိလေသည်။

“ဒါ. . ဒါထက် ဦးကြီးက”



www.burmeseclassic.com

www.burmeseclassic.com



"ငါနာမည်က ဖိုးစံတုတ်လို့ခေါ်တယ်၊ မြယာကုန်းရွာက လာတာပဲ၊ မြနှင်းဖြူက မင်းကိုကြိုဖို့လွှတ်လိုက်လို့ လာကြိုနေတာကွ"

"မြနှင်းဖြူရော မပါဘူးလား"

"မပါဘူး၊ သူကဧည့်သည်တွေရောက်နေလို့ မပါလာဘူး၊ ကဲ . ကဲ . အချိန်ရှိတုန်းလှေပေါ်တက်ပေတော့၊ သွားကြရအောင်၊ ဒီအချိန်မှသွားရင် မြယာကုန်းကို နေဝင်မှပဲရောက်တော့မယ်"

ဟုပြောသဖြင့် နီမောင်လည်း ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ လှေပေါ်သို့တက်လိုက်သည်။

ထို့နောက် ဖိုးစံတုတ်ဆိုသောလူကြီးက လှေကြိုးဖြုတ်ပြီးလှေကို လှော်ထွက်ခဲ့လေသည်။

လှေကဒုဋ္ဌဝတီမြစ်ကို ကန့်လန့်ဖြတ်ကာ အရှေ့ဘက်ကမ်းသို့ရောက်အောင် ကူးသည်။

တစ်ဘက်ကမ်းစပ်ရောက်သောအခါမှ ရေစီးသက်သာသောနေရာမှ တဖြည်းဖြည်းဆန်တက်သွားလေသည်။

လှေထဲမှာ လှော်တက်အပိုမပါသောကြောင့် သူ့အနေဖြင့် ကူလှော်ပေးချင်သော်လည်း မရပေ၊ ဖိုးစံတုတ်ဆိုသောလူကြီးမှာအသက်အရွယ် ကြီးလှပြီဖြစ်သော်လည်း သန်မာပုံရသည်။

ရေဆန်လှော်တက်လာသော်လည်း တစ်ချက်ကလေးမှ မနားပေ။ စကားလည်း အပိုမပြောပေ။ ညနေစောင်းအချိန်





ရောက်တော့ ရွာကြီးတစ်ရွာကို မြင်ရသည်။

"ဒါ မနော်ရမ္မာရွာပဲ"

ထိုနေရာရောက်တော့မှ ဖိုးစံတုတ်ကပြောသည်။

"ဒါဖြင့် မြယာကုန်းကို မဝေးတော့ဘူးပေါ့နော်"

"နေဝင်ချိန်တော့ ရောက်နိုင်ပါတယ်"

ဟုပြောပြီး ဆက်လှော်လာရာ မနော်ရမ္မာရွာကြီးကိုကျော်လာတော့ မြစ်ထဲမှာ လှေသွားလှေလာမတွေ့ရသလောက်နည်းသွားလေသည်။

တဖြည်းဖြည်းနှင့် ဆန်တက်သွားရာ နေဝင်ရီတရောအချိန်ရောက်သောအခါ အရှေ့ဘက်တွင် မှိုင်းညို့နေသော ရွာတန်းရှည်ကြီးတစ်ရွာကို လှမ်းမြင်ကြရလေသည်။ ရွာတန်းတစ်လျှောက်တွင် မီးရောင်အချို့ကိုလည်း မြင်ရလေသည်။

"ရှေ့ကမြင်နေရတာ မြယာကုန်းရွာပဲ"

နီမောင်က လှမ်းကြည့်လိုက်တော့ မဝေးလှတော့ပေ။ ထိုနေရာရောက်တော့ စိတ်ထဲမှာ လှုပ်ရှားလာသည်။ တစ်ကြိမ်တစ်ခါသာ တွေ့ဖူးခဲ့သော မြနှင်းဖြူနှင့် ထပ်တွေ့ရတော့မည်မို့ စိတ်ထဲမှာတစ်မျိုးဖြစ်လာမိလေသည်။

လှေလှော်လာရင်းနှင့် တစ်နေရာရောက်တော့ မတ်စောက်လှသော ချောက်ကမ်းပါးမြင့်ကြီးများနှင့် အောက်ဘက်၌ဝဲကတော့များ ထိုးနေသည်ကို တွေ့ကြရသည်။

"ဒီနေရာက ဝဲကြမ်းလှချည်းလား"

နီမောင်က တစ်ယောက်တည်း ရေရွတ်သလိုနှင့် ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကြမ်းသပေါ့မောင်ရယ်၊ ကမ်းစပ်နားမှာ ကျောက်ပလ္လင်ဟောင်းတစ်ခုရှိတယ်၊ ဒါကြောင့်ဒီနေရာကို ပလ္လင်မော်ဝဲလို့ခေါ်ကြတယ်"

"ဟုတ်ကဲ့"

"မိုးရာသီရောက်ပြီဆိုတာနဲ့ ဒုဋ္ဌဝတီမြစ်ရေတိုးလာတဲ့အချိန်မှာ ကျောက်ပလ္လင်ပေါ်ကို ရေရောက်လေ့ရှိတယ်. . . ကျောက်ပလ္လင်မြုပ်တဲ့အထိ ရေတိုးလာပြီဆိုတာနဲ့ ဝဲဟီသံတွေကြားရလေ့ရှိတယ်"

နီမောင်မှာ အင်းဝနယ်သားတစ်ယောက်မဟုတ်သည့်အပြင် တစ်ဖက်ကမ်းသို့လည်း နှံ့နှံ့စပ်စပ်မရောက်ဖူးသေးသောကြောင့် ပလ္လင်မော်ဝဲအကြောင်းကို မသိပေ။

"မင်းက ဒီနယ်သားတော့ မဟုတ်ဘူးထင်တယ်"

"ကျွန်တော်တို့က အောက်နယ်ဘက်ကပါ"

"ဒါကြောင့် ဒီအကြောင်းတွေ သိပ်မသိသေးတာဖြစ်မှာပါ၊ ဒါထက် ဒီပလ္လင်မော်ဝဲအကြောင်းကိုရော ကြားဖူးသလား"

"သိပ်တော့မကြားဖူးပါဘူး၊ ဘာတွေထူးလို့လဲ"

"ဒီဝဲမှာ 'ကညာစင်သိုက်' ဆိုတာရှိတယ်၊ ကျောက်ပလ္လင်ရှိတဲ့ ရေအောက်ကသွားရင် လိုဏ်ခေါင်းတစ်ခုရှိတယ်လို့ ပြောသံကြားတယ်၊ အဲဒီလိုဏ်ခေါင်းကဝင်သွားရင် ဧရာဝတီမြစ်ဘက်အထိ ရောက်နိုင်တယ်၊ ကညာစင်သိုက်ထဲကို ရောက်ဖူးတဲ့သူတွေရှိတယ်"





"ဦးကြီးရော ရောက်ဖူးသလား"

"ငယ်ငယ်တုန်းကတော့ ရောက်ဖူးတယ်"

ထိုမျှလောက်သာပြောပြီး ဖိုးစံတုတ်က နောက်ထပ်စကားမဆက်တော့သဖြင့် နီမောင်လည်းဆက်မမေးတော့ပေ။

အတန်ကြာသောအခါ မီးရောင်များ လင်းထိန်နေသောရွာတစ်ရွာသို့ ရောက်သွားကြသည်။

ရွာမှာ မနော်ရမ္မာရွာလောက် မကြီးသော်လည်း အိမ်ခြေအတော်အသင့်များသော ရွာတစ်ရွာလည်းဖြစ်သည်။ ကမ်းခြေနှင့်အတော်ဝေးပြီး ကုန်းဘက်၌တည်ထားသောရွာဖြစ်သည်။

ထိုနေရာရောက်တော့ ဖိုးစံတုတ်က လှေကိုတစ်နေရာမှာရပ်ထားခဲ့ပြီး သူ့ကိုခေါ်သွားလေသည်။

အချိန်က မှောင်ရီပျိုးစအချိန်ဖြစ်နေချေပြီ။

သို့သော် လူသွားလူလာများဖြင့် စည်ကားလှသည်။ ရွာထဲရောက်တော့လည်း အိမ်များမှာ ရှေးခေတ်ကတည်းကဆောက်လုပ်သော ပုံသဏ္ဌာန်များဖြင့် ဆောက်လုပ်ထားရာအတော်များများမှာ ပုံသဏ္ဌာန်တူလေသည်။ ရွာအစွန်ဘက်တစ်နေရာရောက်တော့ လည်ပေါ်နှစ်ထပ်ဖြင့် ဆောက်ထားသောအိမ်ကြီးတစ်လုံးရှေ့သို့ ရောက်သွားကြသည်။

"ဒီမှာ ဧည့်သည်ပါလာပြီဟေ့"

ဖိုးစံတုတ်က လှမ်းအော်ပြောလိုက်သောအခါ အိမ်ထဲမှအမျိုးသမီးတစ်ယောက် ထွက်လာလေသည်။

မြနှင်းဖြူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်မှာ မြနှင်းဖြူကို တွေ့ရတော့မှ စိတ်တထင့်ထင့် ဖြစ်နေမှုများ ပြေပျောက်သွားလေသည်။

ထိုအမျိုးသမီးအနားရောက်လာတော့မှ အသေအချာ ကြည့်ရာစိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားလေသည်။ မြနှင်းဖြူနှင့် တစ်ကြိမ်သာ တွေ့ခဲ့ဖူးသောကြောင့် ကောင်းစွာမမှတ်မိသေး ပေ။

သူမ အနားရောက်လာတော့မှ မေးကြည့်ရသည်။

"မြ . . မြနှင်းဖြူမဟုတ်လားဟင်"

"ကျွန်မက မြနှင်းဖြူမဟုတ်ပါဘူးရှင်၊ မြဝင်းသူပါ အိမ်ထဲကိုသာ ကြွပါ"

ဟုခေါ်သဖြင့် ဇဝေဇဝါနှင့် မြဝင်းသူဆိုသော အမျိုး သမီးနောက်မှ လိုက်သွားရလေသည်။

သူ့ကိုလိုက်ပို့သော ဖိုးစံတုတ်ကတော့ အပြင်မှာနေခဲ့ သည်။ အိမ်ထဲရောက်တော့ မြဝင်းသူက သူ့ကိုနေရာထိုင်ခင်း ပေးထားခဲ့ပြီး အခန်းထဲသို့ ဝင်သွားသည်။

အတန်ကြာတော့မှ လက်ဖက်ရည်နှင့်စားသောက်စရာ များထည့်ထားသော လင်ပန်းကိုယူလာသော အမျိုးသမီးတစ် ယောက်ကို ထပ်တွေ့ရသည်။

"အော် . . မြနှင်းဖြူက ဒီမှာကိုး"

ဟု စိတ်ထဲမှာရေရွတ်လိုက်သည်။

ရုပ်ချင်းသာတူပြီး အဝတ်အစားချင်းမတူသောကြောင့် စောစောကတွေ့လိုက်သူမှာ မြဝင်းသူမဟုတ်မှန်းတော့ အက





တ်မိလေသည်။ ထိုအမျိုးသမီးက အနားရောက်လာတော့ ပြုံးပြ သည်။

"မြ . . နှင်း . . ဖြူ . . လား"

"ကျွန်မက မြနှင်းဖြူ မဟုတ်ပါဘူးရှင် မြသင်းကြူပါ၊ မက ဘုရားဝတ်ပြုနေလို့ပါ၊ ခဏကြာတော့ လာပါလိမ့်မယ်၊ ကဲ . . အမောပြေ စားသောက်ပါဦး"

ဟု ပြောဆိုကာ အစားအသောက်များ ထည့်ယူလာ သော လင်ပန်းကို ရှေ့သို့ချပေးလေသည်။

ထိုသို့ချပေးပြီးနောက် ပြန်လှည့်ကာ အခန်းတွင်းသို့ ဝင်သွားလေတော့သည်။

နီမောင်က လက်ဖက်ရည်ကြမ်းတစ်ခွက်သောက်ရင်း နှင့် စိတ်ထဲမှာစဉ်းစားနေမိသည်။

"အင်း . . ဒီအိမ်မှာ မြနှင်းဖြူနဲ့ ရုပ်ချင်းဆင်တာတွေ ယ်နှယောက်တောင် ရှိနေတာပါလိမ့်၊ ငါ့ကိုမျက်လှည့်ပြနေ တာများလား၊ နောက်ပြီး သူတို့တစ်တွေက လူတွေရောဟုတ်မှ ဟုတ်ပါ့မလား၊

အို . . ဘာပဲဖြစ်ဖြစ် ဒီနေရာရောက်အောင် လာခဲ့ပြီးမှ တော့ ဖြစ်ချင်ရာသာဖြစ်ပေစေတော့၊ မထူးတော့ပါဘူး"

ထိုသို့စဉ်းစားနေစဉ်မှာ နောက်ထပ်တစ်ယောက် အ ခန်းတွင်းမှ ထွက်လာပြန်သည်။

လှမ်းကြည့်လိုက်တော့ ရုပ်ရည်ချင်းသာ ဆင်ဆင်တူပြီး၊ အဝတ်ပုံစားပုံချင်းမတူသော နောက်ထပ်တစ်ယောက်ပင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမက ဣန္ဒြေရစွာဖြင့် လျှောက်လာပြီး မနီးမဝေး၀
ဝင်ထိုင်လေသည်၊

ရေချိုးပြီးစ သနပ်ခါးရေကျဲ ပါးပါးလူးထားသောကြော
သနပ်ခါးရနံ့သင်းသင်းကို ရသည်။

အနားလာထိုင်သူမှာ မြနှင်းဖြူနှင့်တူသည် ဆိုပြ
သော်လည်း အရမ်းနှုတ်မဆက်ဝံ့တော့ပဲ ကြည့်ရုံသာကြည့်ေ
သည်။

"ဘာကြည့်နေတာလဲ အစ်ကိုရဲ့"

"ဟို့ . ဟို့ . အခုရောက်လာတာ ဘယ်သူများလဲ
ကြည့်နေတာပါ"

ထိုသို့ ပြောလိုက်တော့ မြနှင်းဖြူက သဘောကျသေ
အမူအရာဖြင့် ပြုံးလိုက်လေသည်။

"ကျွန်မ မြနှင်းဖြူပါအစ်ကိုရဲ့၊ မမှတ်မိတော့ဘူးလာ

"အင်း . . မှတ်မိသလိုတော့ ရှိပါရဲ့၊ ဒါပေမယ့် မြနှင်း
နဲ့ ရုပ်ချင်းဆင်တူတဲ့သူတွေက ဒီမှာအတော်များတော့ မှား
နှုတ်ဆက်မိမှာစိုးလို့ပါ၊ ဒီအိမ်မှာဘယ်နှယောက်တောင် ရှိသ
ဟင်"

"ကျွန်မတို့ ညီမသုံးယောက်ပဲ ရှိပါတယ်"

"ရုပ်ချင်းတွေရော နာမည်ချင်းတွေပါ အတော်ဆင်
တယ်နော်"

မြနှင်းဖြူက ခေါင်းညိတ်ပြလေသည်။

"ဒါထက် အဘဦးဒီပင်္ကရ ဘယ်မှာနေတာလဲဟင်"





"အဘက မဟာဗောဓိဘုရားမှာ အဓိဋ္ဌာန်ဝင်နေတယ်၊
နက်ဖြန် သီလခံယူပြီးရင်တော့ အစ်ကိုတွေ့ရမှာပါ"

ဟု ပြောပြသည်။


ထို့နောက် မြသင်းကြူနှင့် မြဝင်းသူတို့နှစ်ယောက်က
ထွက်လာပြီး ထမင်းဟင်းများ အဆင်သင့်ပြင်ပြီးကြောင်း လာ
ရောက်ပြောပြကြသဖြင့် နီမောင်လည်း အားနာစွာနှင့်ပင် ထ
လိုက်သွားရလေသည်။

အချိန်က ညဥ့်ဦးပိုင်းကျော်လာခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၉]

# ဝိဇ္ဇာဥ်လိပ်ပြာချစ်သူ

ညဥ့်ဦးပိုင်းတစ်ချိန်လုံး အတွေးများနေသောကြောင့် အိပ်မပျော်ခဲ့သော နီမောင်မှာ ညဥ့်နက်ပိုင်းရောက်သောအခါ အိပ်ပျော်သွားလေသည်။

ထိုသို့အိပ်ပျော်သွားသောအချိန်တွင် အိမ်ရှေ့ဘက်တွင်ရှိသော ခရေပင်ကြီးအောက်၌ ဆင်ထားသောဒန်းပေါ်တွင် ညီမသုံးယောက်စလုံးထိုင်၍ စကားပြောနေကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မမကြီး နင်ဘာကြောင့် ဒီနေရာရောက်အောင်သူ့
ခေါ်လာတာလဲဟင်"

မြဝင်းသူက မေးသည်။

"သူက အဘိုးနဲ့တွေ့ချင်တယ်ဆိုလို့ ခေါ်လာပေးတာ
သူ့ကို အဘိုးကကူညီစောင့်ရှောက်ပေးထားတယ်"

အဘိုးဆိုသူမှာ ဦးဒီပကို ပြောခြင်းပင်ဖြစ်သည်။

"ကျွန်မတို့ သိပါတယ်၊ ဒါပေမယ့် သူက စိတ်ချရပ
လား၊ ကျွန်မတို့အကြောင်းတွေကို တခြားလူတွေပြောရင် မခ
ပေဘူးလား"

မြသင်းကြူကပါ စိတ်ပူပန်စွာ ပြောလေသည်။

"သူက ဒီလိုလူမျိုးမှ မဟုတ်တာ၊ မြင်ရုံနဲ့သူ့စိတ်သဘော
ကို မသိသေးဘူးလား"

"သိပါတယ်၊ လူရိုးလူကောင်းတစ်ယောက်ဖြစ်ရုံမက
စိတ်သဘောဖြူစင်တာရော၊ တခြားသူတွေအပေါ်မှာ သန
ကြင်နာတတ်တာရော၊ နောက်ပြီး မိဘတွေကိုလုပ်ကျွေးနေတဲ့
သူတစ်ယောက်ဆိုတာရော ကျွန်မတို့သိပါတယ်၊ ဒါပေမယ့်"

"ငါခေါ်ချင်ပေမယ့်၊ အဘိုးကခွင့်မပေးရင် ဘယ်သူ့ကို
မှခေါ်လာလို့ မရဘူးဆိုတာ နင်တို့လည်း အသိသားနဲ့၊ ဘာမှ
စိတ်ပူမနေကြပါနဲ့"

"ကျွန်မတို့က ကျန်တာတွေအတွက် မဟုတ်ပါဘူး၊ မမ
ကြီးအတွက်ပဲ စိတ်ပူနေကြတာပါ"

မြဝင်းသူစကားကြောင့် မြနှင်းဖြူက တစ်ချက်ကြည့်





သည်။

"ငါ့အတွက်ဘာကြောင့် စိတ်ပူနေရတာလဲ"

"မမရယ် ကျွန်မတို့လည်း ချစ်သူတွေမရှိကြပါဘူး၊ ဒီက
နေ့အထိလည်း ကိုယ်ချစ်ရမယ့်သူ မတွေ့ခဲ့ရသေးပါဘူး၊ ဒါပေ
မယ့် ကြည့်ရင်တော့ သိပါတယ်"

မြသင်းကြူ ပြောစကားကြားတော့ မလုံမလဲဖြစ်သွား
လေသည်။

"နင်က ဘာသိတာလဲ"

"မမကြီး မှန်မှန်ပြောပါ၊ နင်သူ့ကို သဘောကျနေပြီ
မဟုတ်လား"

"အို မဟုတ်သေးပါဘူး"

မြနှင်းဖြူက မျက်နှာတစ်ဘက်သို့လွှဲကာ ငွတ်ငြင်းလေ
သည်။

"အခုမှတော့ ငြင်းမနေပါနဲ့တော့ မမကြီးရယ်၊ အခု
မဟုတ်သေးရင်တောင် နောက်ပိုင်းမှာတော့ ဟုတ်လာမှာပါ"

"ဟုတ်တယ်. . ဟုတ်တယ်၊ လူကသာငြင်းနေပေမယ့်
ဒီအကြောင်းပြောလိုက်တာနဲ့ မလုံမလဲဖြစ်သွားပြီး ရှက်ကိုးရှက်
ကန်းဖြစ်နေတာ ကြည့်ပါလား"

ညီမအငယ်နှစ်ယောက်တို့က. . ဝိုင်းပြောနေသော
ကြောင့် မြနှင်းဖြူမှာ ရှက်သွေးဖြာသောမျက်နှာဖြင့် မျက်နှာမ
ထားတတ်အောင် ဖြစ်နေလေတော့သည်။

"နင်တို့ကလည်းဟယ်၊ ထင်တာတွေချည်း လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတယ်၊ ငါကအခုထိ ဘာမှမဖြစ်သေးပါဘူး၊ ရိုးရိုးသားသားပါပဲ”

“အခုတော့ ရိုးရိုးပါပဲ၊ နောက်တော့တစ်မျိုးဖြစ်လာမှာတော့ အသေအချာပါပဲ၊ မမကြီးရယ် ကျွန်မတို့လည်း ချစ်သူနဲ့တစ်ခါမှ မတွေ့ခဲ့ဖူးသေးပါဘူး၊ ဒါပေမယ့် ကြည့်လိုက်တာနဲ့ လူတစ်ယောက်ရဲ့ အတွင်းသဘောကိုတော့ သိနိုင်ပါတယ်”

“ဟုတ်တယ် မမကြီးရဲ့၊ သူနဲ့ဆိုရင်တော့ မဆိုးလှဘူး၊ ဒါထက် ချစ်သူတွေဖြစ်သွားကြရင် သူ့ကိုသိုက်ထဲခေါ်မှာလားဟင်”

“အို. . ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ”

“သူ့ကိုခေါ်လို့ မဖြစ်ရင် မမကြီးသူနဲ့လိုက်သွားမှာလား”

“ဒီလိုတော့လည်း ဘယ်ဖြစ်ပါ့မလဲ”

“ဒါဖြင့် ဘယ်လိုလုပ်မှာလဲ”

“ဘယ်လိုလုပ်ရမှာလဲ၊ ငါတို့ချင်းက ဘာမှတောင်မဖြစ်သေးဘဲနဲ့၊ ဒီအကြောင်းတွေကို ဘယ်လိုလုပ်စဉ်းစားလို့ ဖြစ်မှာလဲ၊ ကိုယ်က သဘောကျတယ်ပဲထားပါဦး၊ သူ့သဘောရှိသေးတယ် ကိုယ့်ကိုသဘောကျမှန်းမသိ မကျမှန်းမသိနဲ့”

“သူလည်း မမကြီးကိုကျိတ်ပြီး သဘောကျနေတဲ့ပုံမျိုးပါပဲ၊ ဒါကြောင့် ဒီအထိလိုက်လာတာပေါ့”

“မဟုတ်ပါဘူးဟယ်၊ သူက နင်တို့ထင်သလို မဟုတ်ပါဘူး၊ အခုလာတာ အဘိုးဦးဒီပနဲ့ တွေ့ဖို့လာတာပါ”

“အဘိုးနဲ့တွေ့ဖို့လာတာလည်း လာတာပေါ့၊ ဒါပေမယ့်



BURMESE CLASSIC .com



မမကြီးနဲ့ တွေ့ချင်တဲ့အကြောင်းလည်း ပါတာပေါ့၊ မယုံရင် သူ့ကိုခေါ်မေးကြည့်ပါလား”

“ဘယ်လိုမေးရမှာလဲ”

“အခု သူအိပ်ပျော်နေပြီ မဟုတ်လား၊ သူ့ရဲ့ဝိညာဉ် လိပ်ပြာကို ခေါ်မေးကြည့်ရင် သိရမှာပေါ့၊ လူကသာ လိမ်ချင်လိမ်မယ်၊ ဝိညာဉ်လိပ်ပြာကတော့ ဘယ်တော့မှမလိမ်ဘူး”

“ဟုတ်တယ် အဲဒီအကြံကောင်းတယ်၊ မမကြီးဒီနေရာကပဲစောင့်နေပါ၊ ကျွန်မတို့နှစ်ယောက် သူ့ရဲ့ဝိညာဉ်လိပ်ပြာကို ခေါ်ထုတ်လာပေးမယ်”

“ဟဲ့. . ဟဲ့. . မလုပ်ကြနဲ့၊ တော်ကြာတစ်ခုခုဖြစ်သွားရင် အဘိုးက အပြစ်ပြောလိမ့်မယ်”

ထိုသို့ပြောသော်လည်း မရတော့ပေ။

မြဝင်းသူနှင့် မြသင်းကြူတို့နှစ်ယောက်က အိမ်ကြီးရှိရာဘက်သို့ ထွက်သွားကြလေပြီ။

ထိုအခါမှ မြနှင်းဖြူမှာ ရင်ခုန်သံမြန်လာခဲ့လေသည်။ သူမအနေဖြင့် အသက်(၂၅)နှစ်ရောက်သည်အထိ ထိုကဲ့သို့သော စိတ်လှုပ်ရှားခြင်းမျိုး၊ ရင်ခုန်သံမျိုးနှင့် မကြုံခဲ့ရဖူးသေးပေ။

ယခုအခါမှာတော့ အတွေ့အကြုံမရင့်ကျက်သေးသော အပျိုပေါက်မလေးတစ်ယောက်ကဲ့သို့ စိတ်လှုပ်ရှားနေမိလေသည်။

“ဒုက္ခပါပဲ တကယ်လို့သူရောက်လာရင် ဘာတွေ[illegible] ရပါ့မလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း တွေးနေမိသည်။

အတန်ကြာတော့ အိမ်ကြီးရှိရာဘက်မှ လူတစ်ယောက် ထွက်လာပြီး သူမရှိရာဘက်သို့ လျှောက်လာလေသည်။

နီမောင်ပင် ဖြစ်ပေသည်။

နီမောင်က အနားရောက်လာတော့ ရပ်ပြီးပြုံးပြသည်။ မြနှင်းဖြူကတော့ ယခုလာရပ်နေသူမှာ နီမောင်ကိုယ်တိုင်မဟုတ်ပဲ ကိုယ်ပွားဝိညာဉ်မှန်း စိတ်ထဲမှာသိနေသော်လည်း ရှက်ရွံ့နေမိလေသည်။

"အစ်ကို အိပ်မပျော်လို့လား"

"ဟုတ်တယ်၊ မြနှင်းဖြူခေါ်နေတယ်ဆိုလို့ ထလာတာပါ"

"ဒါဖြင့် ဒီမှာလာထိုင်လေ"

နီမောင်က ဒန်းတစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်သည်။ ကိုယ်အလေးချိန်ကြောင့် ဒန်းကလှုပ်သွားသလို သူမစိတ်ထဲမှာလည်း တုန်လှုပ်သွားလေသည်။

"ကျွန်တော့်ကို ဘာများပြောစရာရှိလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ သိချင်တာတစ်ခုရှိလို့ပါ"

"ဘာများလဲဟင်"

"ဒီကို တကူးတကလာတာ အဘိုးနဲ့တွေ့ဖို့ သက်သက်ပဲလားဟင်"

"မြနှင်းဖြူကရော ဘယ်လိုထင်နေလို့လဲ"

"ကျွန်မက သိချင်လို့မေးတာပါ၊ အစ်ကိုပြောလေ"





နီမောင်က လရောင်တစ္စန်းတစကျနေသော အပြင်ဘက်သို့ လှမ်းကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်တော်က မလိမ်တတ်ပါဘူး၊ ဒီကိုတကူးတကလာခဲ့တာ အကြောင်းနှစ်ခုရှိပါတယ်၊ တစ်ခုက အဘနဲ့တွေ့ချင်လို့ပါ၊ နောက်တစ်ခုကတော့. . ."

စကားပြတ်သွားပြီး အသံတိတ်သွားလေသည်။

မြနှင်းဖြူကလည်း စိတ်လှုပ်ရှားစွာဖြင့် နားစွင့်နေလေသည်။

"နောက်တစ်ခုက မြနှင်းဖြူနဲ့တွေ့ချင်လို့လာတာပါ"

"ကျွန်မကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"အမှန်ပြောရရင်တော့ မြနှင်းဖြူကို တွေ့စကတည်းက စိတ်ဝင်စားနေမိတယ်၊ ဒါကြောင့် တစ်ယောက်အကြောင်းတစ်ယောက်သိရအောင် ဒီနေရာလာကြည့်တာပါ"

"ဒီနေရာရောက်တော့ ဘယ်လိုသဘောရသလဲ"

"မြနှင်းဖြူဟာ သာမန်လူတစ်ယောက်မဟုတ်မှန်း ကျွန်တော်သိပါတယ်"

"ဘယ်လိုသိတာလဲဟင်"

"အခြေအနေတွေကို ခြုံပြီးစဉ်းစားကြည့်ရင် သိနိုင်ပါတယ်"

"အခုလိုသိတော့ ဘယ်လိုဆုံးဖြတ်သလဲဟင်"

"မြနှင်းဖြူ ဘယ်လိုဘဝမျိုးမှာပဲရှိနေပါစေ၊ ကျွန်တော့်သဘောက မပြောင်းပါဘူး၊ မြနှင်းဖြူသဘောထားပဲ သိချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်. . ."

"ကျွန်မသဘောကတော့ အစ်ကို့ကိုလက်ခံပေးလို့ရပါတယ်၊ ဒါပေမယ့် ကျွန်မသဘောတစ်ခုတည်းနဲ့တော့ ဆုံးဖြတ်လို့မရပါဘူး"

"ဒါကတော့ မှန်ပါတယ်၊ မြနှင်းဖြူအနေနဲ့ ကျွန်တော်ရဲ့မေတ္တာကို လက်ခံပေးတယ်ဆိုရင်တောင် ကျေနပ်လှပါပြီ"

"တစ်ယောက်နဲ့တစ်ယောက် သဘောထားချင်းနားလည်မှုရခဲ့ကြပေမယ့် ရှေ့ခရီးအတွက်ရော အစ်ကိုဘယ်လို စဉ်းစားထားသလဲ"

"ကျွန်တော်ကတော့ မြနှင်းဖြူနဲ့ တစ်သက်လုံးလက်တွဲပြီး အတူတူနေသွားချင်ပါတယ်"

မြနှင်းဖြူက သင်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မတို့က ကိုယ့်ဘဝကို ကိုယ်မပိုင်တဲ့ဘဝတွေပါ၊ အစ်ကိုကျွန်မအပေါ်မှာ တကယ်မေတ္တာရှိရင် အဘိုးနဲ့တွေ့တဲ့အခါ ခွင့်တောင်းကြည့်ပါ၊ သူသဘောတူလို့ ခွင့်ပေးမယ်ဆိုရင်တော့ နီးစပ်ခွင့်ရနိုင်ပါတယ်"

ဟု ဝမ်းနည်းကြေကွဲသောအသံဖြင့် ပြောလေသည်။ နီမောင်အနေဖြင့်လည်း မြနှင်းဖြူထံမှ ထိုကဲ့သို့သော စကားမျိုးကြားရသောအခါ စိတ်မကောင်းဖြစ်မိလေသည်။

သို့သော် သူ့အနေဖြင့် ဘာမှမတတ်နိုင်သော အခြေအနေမျိုးဖြစ်လေသည်။

ညဦးနက်ပိုင်းရောက်တော့ နီမောင်က အိမ်ကြီးရှိရာဘက်သို့ ပြန်သွားလေသည်။

အချိန်တန်သောအခါ ပြင်ပရောက်နေသော ဝိညာဉ်ကခန္ဓာကိုယ်အတွင်းသို့ ပြန်ဝင်ရပေတော့မည်။

မြနှင်းဖြူခမျာမှာတော့ လရောင်မှုန်ပျပျအောက်တွင် အိမ်ကြီးရှိရာသို့ တစိုက်စိုက်နှင့် လျှောက်သွားသော နီမောင်ကို လှမ်းကြည့်ရင်းနှင့် မျက်ရည်အဝဲသားနှင့် ကျန်ရစ်ခဲ့လေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ နီမောင်ပြန်နိုးလာသည်။

ထိုသို့နိုးလာသောအခါမှာတော့ ညကမြင်မက်ခဲ့သော အိပ်မက်အကြောင်းကို သတိရနေသည်။

"ညက အိပ်မက်ထဲမှာ မြနှင်းဖြူနဲ့တွေ့ရတယ်၊ သူပြောသွားခဲ့တဲ့စကားတွေကိုလည်း သေသေချာချာ နားထောင်ရတယ်၊ အိပ်မက်ထဲမှာလား၊ တကယ်တွေ့ခဲ့ရတာလား"

ဟု စဉ်းစားနေလေသည်။

ထိုအချိန်မှာပင် မြနှင်းဖြူရောက်လာလေသည်။

မြနှင်းဖြူကိုကြည့်ရသည်မှာ မနေ့ကတွေ့ခဲ့ရသော အမူအရာနှင့်မတူပဲ တစ်ခုခုထူးခြားနေသည်ဟု စိတ်ထဲမှာထင်နေမိသည်။

"အစ်ကို နိုးပြီလား၊ ညကကောင်းကောင်း အိပ်လို့ရရဲ့လား"

"ရပါတယ်"

"ဒါဖြင့် အဘိုးဆီသွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်မှာလဲ"

"မဟာဗောဓိဘုရားမှာ အဓိဋ္ဌာန်ဝင်နေတယ်၊ ဒီအချိန်လောက်ဆိုရင်တော့ သီလခံယူလောက်ပြီးပါပြီ"

ဟုပြောသဖြင့် . . မျက်နှာသစ်ကိုယ်လက်သန့်စင်ပြီးနောက် သူယူလာသော ပစ္စည်းများကို လွယ်အိတ်ဖြင့်ထည့်ကာ မြနှင်းဖြူနှင့် အတူတူထွက်ခဲ့ကြလေသည်။

မြယာကုန်းရွာမှ မဟာဗောဓိဘုရားသို့ သွားသောလမ်းရှိပြီး ခရီးကတော့ မဝေးလှပေ။

မဟာဗောဓိဘုရားမှာ သိုဟန်ဘွားလက်ထက်က သူဌေးကြီးဘောဂဗလတည်ထားခဲ့သော ဘုရားဖြစ်သည်။

နှစ်ပေါင်း (၄၀၀)ကျော်ခဲ့ပြီမို့ ပြိုပျက်မှုများရှိနေခဲ့ပေပြီ၊ ရွာကထွက်တော့ နီမောင်ကပြောသည်။

"ညက အိပ်မက်ထဲမှာ မြနှင်းဖြူကိုတွေ့ရတယ်"

မြနှင်းဖြူက ဘာမှပြန်မပြောပဲ ပြုံးရုံသာပြုံးနေသည်၊

"မြနှင်းဖြူကြည့်ရတာ တစ်ခုခုထူးခြားနေသလိုပဲ"

"ဘယ်လိုထူးခြားနေလို့လဲ အစ်ကိုရဲ့"

"ကျွန်တော်ပြောတာကို သိနေသလိုပဲ"

"အိပ်မက်ဆိုတာ စိတ်ချင်းဆက်သွယ်မှုပဲ၊ တစ်ယောက်ကအိပ်မက်မက်ရင် တခြားတစ်ယောက်ကလဲ ဒီအိပ်မက်မျိုးပဲမက်ချင်မက်မှာပေါ့"

"ဒါ. . ဒါဖြင့် ကျွန်တော်မက်ခဲ့တဲ့ အိပ်မက်မျိုး၊ မြနှင်းဖြူလည်း မက်ခဲ့မှာပေါ့နော်"





သူမက ခေါင်းညိတ်ပြသည်။

နီမောင်က အိပ်မက်ထဲမှာ သူပြောခဲ့သောစကားများကို မှတ်မိနေသောကြောင့် မြနှင်းဖြူကို အားနာနေသည်။ မျက်နှာပူနေသလို ဖြစ်နေမိသည်။

"အိပ်မက်ထဲမှာဆိုတော့ စိတ်ထဲရှိတာတွေ ပြောခဲ့မိတယ် ထင်ပါရဲ့၊ မြနှင်းဖြူကို တောင်းပန်ပါတယ်"

"ဒါဖြင့် အိပ်မက်ထဲမှာ ပြောခဲ့တဲ့စကားတွေက တကယ်ပြောခဲ့တာတွေ မဟုတ်ဘူးပေါ့"

"တကယ်ပြောချင်တဲ့ စကားတွေပါပဲ၊ အပြင်မှာမပြောရဲတဲ့စကားတွေကို အိပ်မက်ထဲမှာ ပြောလိုက်မိတော့ မြနှင်းဖြူသိသွားတော့လည်း ပိုကောင်းပါတယ်"

"ဘယ်လိုကောင်းတာလဲ အစ်ကိုရဲ့"

"ကျွန်တော့်သဘောထားကို မြနှင်းဖြူသိသွားတော့ ပိုကောင်းတယ်လို့ ပြောတာပါ"

"ဒါဖြင့် အိပ်မက်ထဲမှာ ပြောခဲ့တဲ့စကားတွေက တကယ်ပြောခဲ့တာတွေပေါ့"

"ဟုတ်ပါတယ်၊ မြနှင်းဖြူကိုတကယ်ပြောချင်နေတဲ့စကားတွေပါ၊ ကျွန်တော်မြနှင်းဖြူကို တကယ်မေတ္တာစစ်နဲ့ ချစ်နေမိပါတယ်၊ မြနှင်းဖြူဘက်ကသာ စဉ်းစားဆုံးဖြတ်ပေးပါ"

ဟု အရဲစွန့်ကာ ဖွင့်ပြောလိုက်လေသည်။

ထိုအခါ နံဘေးမှ လိုက်လာသောမြနှင်းဖြူကမေးသည်။

"အစ်ကိုက ကျွန်မတို့အကြောင်းတွေကိုရော ဘာ



www.burmeseclassic.com

www.burmeseclassic.com



လောက်သိထားပြီးပြီလဲ”

“သိသင့်သလောက်တော့ သိရပါတယ်”

“ဒီလိုဘဝမျိုးနဲ့ရော လက်ခံပေးလို့ရပ့ါမလား”

“ရပါတယ်၊ သိပြီးတော့မှ ဒီဆုံးဖြတ်ချက်ချပြီး၊ ဒီစကာ ပြောတာပါ၊ မြနှင်းဖြူဘက်ကသာ. . .”

“ညကအိပ်မက်ထဲမှာ ပြောခဲ့တဲ့အတိုင်းပေါ့၊ ကျွန်မ အနေကတော့ အစ်ကို့အပေါ်မှာ ငြင်းပယ်စရာအကြောင်းမရှိ ပါဘူး၊ အဘိုးနဲ့တွေ့တဲ့အခါမှာသာ အစ်ကို့သဘောထားကို ပွင့် ပွင့်လင်းလင်းပြောပြကြည့်ပေါ့၊ သူလက်ခံရင်တော့ နီးစပ်ဖို့ မခက်ပါဘူး”

“ကောင်းပါပြီ”

နီမောင်က ထိုသို့ပြောရသော်လည်း စိတ်ထဲမှာတော့ လေးနေမိသည်။

အကယ်၍သာ အဘိုးဖြစ်သူက လက်မခံခဲ့လျှင်တော့ နောက်ကြောင်းပြန်ဆုတ်ရန်သာ ရှိပေတော့သည်။

ထိုအတွေးကြောင့်ပင် စိတ်ထဲမှာလှုပ်ရှားနေမိခြင်း ဖြစ် ပေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာ ရာ. . မကြာမီ မဟာဗောဓိဘုရားရှိရာသို့ ရောက်လာကြသည်။ မဟာဗောဓိဘုရားတစ်ဝိုက်မှာ ချုံနွယ်ပိတ်ပေါင်းများ၊ ဘုရားမှ ပြိုကျပျက်စီးနေသော အုတ်ကျိုးအပိုင်းအစများကို တွေ့ရလေ သည်။





ရှေးအခါကတော့ တင့်တယ်သပ္ပာယ်သည့် စေတီတစ် ဆူ ဖြစ်ခဲ့ဟန်ရှိသော်လည်း နောက်ပိုင်းကာလရောက်သောအခါ မသမာသူတို့လက်ချက်ကြောင့် ပြိုပျက်ခဲ့ရသော အခြေအနေမျိုး ရောက်ခဲ့ရခြင်းဖြစ်သည်။

ထိုဘုရားမှာ အင်းဝခေတ်က သူဌေးကြီးဘောဂဗလ တည်ထားခဲ့သော စေတီတစ်ဆူဖြစ်ပြီး ဘောဂဗလရတနာသိုက် ကြီးရှိသောနေရာဖြစ်သည်ဟု နာမည်ကြီးလှပေသည်။

သို့ကြောင့်လည်း မကြာခဏဆိုသလို သိုက်ဆရာများ ရောက်လာပြီး တူးဖော်ဖျက်ဆီးကြသောကြောင့် ဘုရားမှာ ယခု ကဲ့သို့ ပျက်စီးခဲ့ရခြင်းဖြစ်ပေသည်။

ဘောဂဗလသိုက်ကို သူဌေးကြီးဘောဂဗလနှင့် သမီး ဖြစ်သူ ခင်စောမူတို့ စောင့်ရှောက်ကြသည်။

နောက်ပိုင်းကာလများတွင် မနော်ရမ္မာဥယျာဉ်နေရာ ပျက်စီးသွားခဲ့ပြီး နောက်ပိုင်းတွင် ထိုနေရာတစ်ဝိုက်သို့ ဘုန်းကြီး ကျောင်းဆောက်ကာ သီတင်းသုံးသောအခါ သူဌေးကြီးနှင့် သမီးဖြစ်သူတို့ရောက်လာပြီး လိုသောပစ္စည်းများ လာရောက်လှူ ဒါန်းပေးကြသည်။

ဘောဂဗလသိုက်ကို စောင့်ရှောက်သောသတ္တဝါမှာ သရဲလည်းမဟုတ်၊ ဘီလူးလည်းမဟုတ်ပေ။

ကြီးမားလှသည့် မြွေကြီးတစ်ကောင်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်ညဆိုလျှင် အပြင်ထွက်လာပြီ အရေခွံလဲလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးက ထန်းပင်လုံးခန့်ကြီးပြီး ပါးပျဉ်းထောင်လျှင် ထန်းပင်တမျှ မြင့်တက်သွားသည်။

ပါးပျဉ်းသည် လေးတောင်ဖျာတစ်ချပ်ခန့် ကြီးမားလေသည်။ ထိုမြွေကြီးကိုတော့ အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိကြသောသူများသာမကပဲ အင်းဝမြောက်ပိုင်းဘက်မှ ယုန်လိုက်လာကြသူများပင် တွေ့ဖူးမြင်ဖူးကြသည်။

တစ်ခါက ယုန်လိုက်လာသူများမှာ ချုံတွင်းသို့ဝင်ပြီး ယုန်လိုက်ရင်းနှင့် ချုံတွင်းမှမြွေအရေလဲထားသော အခွံကြီးကတ်ခု ရခဲ့ဖူးသည်။

ထိုမြွေအရေခွံတွင်းသို့ လူနှစ်ယောက်ဝင်လျှင် ချောင်ချောင်ဝင်၍ရနိုင်သည်။

ထိုမြွေအရေခွံကြီးကိုတော့ နန်းတွင်းစရည်းပင်ကျောင်းမှ ဘုန်းကြီးက ယူသွားခဲ့လေသည်။

အရေခွံထဲကို လူနှစ်ယောက်ဝင်ရလောက်အောင် ကြီးမားသော မြွေမျိုးကို မဟာဗောဓိကုန်းမှာ သွားကြည့်ပါက တွေ့နိုင်ပေသည်။ ထို့ကြောင့် မဟာဗောဓိဘုရားမှာ ရာဇဝင်နှင့်လာသော စေတီတစ်ဆူပင်ဖြစ်သည်။

အထူးသဖြင့် သိုက်နှင့်ပတ်သက်သည့် နေရာများထဲတွင် နာမည်ကြီးလှသော နေရာများထဲတွင် တစ်နေရာပါဝင်လေသည်။ နီမောင်နှင့် မြနှင်းဖြူတို့သည် စကားတပြောပြောနှင့် လျှောက်လာရာ မဟာဗောဓိစေတီသို့ ရောက်လာကြသည်။

ထိုနေရာရောက်တော့ ရင်ပြင်တစ်နေရာတွင် ပုတီးစိပ်





နေသော အဘိုးကြီးတစ်ယောက်ကို လှမ်းမြင်ရသည်။

အခြားသူမဟုတ်ပေ. . ။ နီမောင်ကို အကူအညီပေးခဲ့သော အဘိုးကြီးပင်ဖြစ်သည်။

ဝတ်ဆင်ထားသော အဝတ်အစားများမှာ ယခင်တွေ့ရသည့်အတိုင်းပင်ဖြစ်ပြီး အနားတွင် တောင်ဝှေးတစ်ချောင်းနှင့် လွယ်အိတ်တစ်လုံးကို ချထားလေသည်။

"အဲဒါ အစ်ကိုတွေ့ချင်တဲ့ အဘိုးဦးဒီပပဲ"

မြနှင်းဖြူက တိုးတိုးပြောသည်။

နီမောင်တို့နှစ်ယောက် အနားရောက်သွားတော့ ဦးဒီပက ပုတီးစိပ်နေခြင်းကိုရပ်ကာ ကြေးစည်သုံးချက်တီးသည်။ ပြီးမှ လှည့်ကြည့်လေသည်။

"မင်းနဲ့ ငါတို့နဲ့ ရှေးအတိတ်ရေစက်ပါလေတော့ ဒီလိုပဲ တွေ့ရဆုံရတာ သိပ်တော့မဆန်းတော့ပါဘူး၊ ကဲ ဒီမှာထိုင်ကြ"

ဟုပြောသဖြင့် နီမောင်က မနီးမဝေးမှာဝင်ထိုင်လိုက်ရာ မြနှင်းဖြူကလည်း တစ်နေရာ၌ ဝင်ထိုင်လေသည်။

"ဘာအတွက်ရောက်လာတာလဲ"

"အဘကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကန်တော့ချင်လို့လာခဲ့တာပါ"

ဟုပြောပြီး သူယူလာသော အစားအသောက်နှင့်ပစ္စည်းများကိုထုတ်ယူ၍ ရှေ့သို့ချကာ ကန်တော့လေသည်။

ထိုအခါ ဦးဒီပက တိုတိုတုတ်တုတ်နှင့်ပင် ဆုပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စေတနာမှန်သော ကံတရားကြောင့် ငါ့မြေးချမ်းသာတဲ့ဘဝရောက်ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"လူတွေမှာ ရှေးဘဝကပြုခဲ့တဲ့ အတိတ်ကံတွေ ရှိကြတယ်၊ ဒီကံတွေကို ပဋ္ဌာန်းဆက်လို့လည်း ခေါ်ကြတယ်၊ ဒီကံတွေရှိကြလို့လည်း တွေ့ကြဆုံကြ၊ ကွဲကွာကြနဲ့ သံသရာလည်နေတာပဲ၊ အရင်ဘဝက ပြုခဲ့တဲ့အတိတ်ကံကြောင့် ဒီဘဝမှာပြန်တွေ့ရတယ်၊ ဒီဘဝပြီးလို့ ခွဲခွာကြရင်လည်း တစ်ဘဝ မဟုတ်တစ်ဘဝမှာတော့ မလွဲမသွေပြန်တွေ့ကြရဦးမှာပါပဲ"

"ဟုတ်ကဲ့"

"ဒီလောက်ဆိုရင်တော့ မင်းလည်း ငါတို့နဲ့ပတ်သက်တဲ့အကြောင်းတွေကို ရိပ်မိတန်သလောက်ရိပ်မိပြီ မဟုတ်လား"

"ဟုတ်ကဲ့"

"မင်းတို့နှစ်ယောက်အကြောင်းကိုလည်း ငါကသိတန်သလောက်သိပြီးပါပြီ"

"အဘအနေနဲ့ ခွင့်ပေးရင် ကျွန်တော်မြနှင်းဖြူကို လက်ထပ်ချင်ပါတယ်"

"ဒီအတိုင်းတော့ လက်ထပ်လို့ မရနိုင်ဘူး၊ ဘာကြောင့်လည်းဆိုတော့ မင်းတို့နှစ်ယောက်က ဘဝချင်းမတူကြဘူး"

ထိုစကားကြားတော့ နီမောင်ကမြနှင်းဖြူထိုင်နေသောဘက်သို့ တစ်ချက်ငဲ့ကြည့်လိုက်သည်။

မြနှင်းဖြူက ခေါင်းငုံ့ပြီး မျက်ရည်ကျနေသည်။





"ဒီတော့ ဘယ်လိုအခြေအနေမျိုးရောက်မှ နီးစပ်မှုရနိုင်မလဲခင်ဗျား"

"နှစ်လမ်းပဲရှိပါတယ်၊ မင်းအနေနဲ့ ငါတို့ဆီမှာတစ်သက်လုံးလာနေတဲ့တစ်လမ်းနဲ့၊ နောက်တစ်ခုကတော့ သူ့ကို လူ့ဘဝရောက်အောင် ခေါ်ယူသွားတဲ့နည်းလမ်းပါပဲ"

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ အားရှိသလိုခံစားရလေသည်။

"ဒီစကားကြားရတာ ကျွန်တော်ဖြင့်ဝမ်းသာလိုက်တာအဘရယ်၊ စိတ်ထဲမှာလည်း အားရှိသွားသလိုပဲ ခံစားရပါတယ်၊ ဘယ်လိုအခက်အခဲတွေပဲရှိနေနေ ကျွန်တော်ဆောင်ရွက်ပါ့မယ်၊ နည်းလမ်းလေးများရှိရင် ကျွန်တော်ကိုပြောပြပေးပါ"

"ဒီလိုတော့ပြောလို့ မဖြစ်ဘူး၊ ငါတို့မှာပြောပြခွင့်လည်း မရှိဘူး၊ မင်းအစွမ်းအနဲ့သာ ကြိုးစားပေတော့ ငါမြေးရေ"

"ကောင်းပါပြီ၊ ကျွန်တော်ကြိုးစားပါ့မယ်"

"မင်းရဲ့အစွမ်းအစနဲ့ စိတ်ဓာတ်ကိုတော့ ငါသိပါတယ်၊ တစ်ခုတော့ ပြောလိုက်မယ်၊ မင်းက ငါတို့အကြောင်းတွေကို သိနေတဲ့သူဆိုတော့ ဒီအကြောင်းတွေကို လူတိုင်းကို မပြောမိဖို့တော့ အရေးကြီးတယ်"

"စိတ်ချပါ အဘရယ်၊ ကျွန်တော်နှုတ်လုံအောင် စောင့်ထိန်းပါ့မယ်"

"နောက်တစ်ခုလည်း ပြောရဦးမယ်၊ တခြားတော့ မဟုတ်ဘူး၊ အခုတစ်ခေါက်ကတော့ ငါတို့ကခေါ်လို့ မင်းဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုရောက်လာခဲ့ရတယ်”

“ဟုတ်ပါတယ်”

“နောက်တစ်ခါလာချင်ရင်တော့၊ ငါတို့ကခေါ်လို့မရတော့ဘူး၊ မင်းအစွမ်းအစနဲ့သာ တွေ့အောင်ရှာပြီးတော့ ရောက်အောင်လာခဲ့ပေတော့”

“ကောင်းပါပြီ၊ ကျွန်တော်ကြိုးစားပါ့မယ်”

ထို့နောက် ဦးဒီပကပုတီးစိပ်ရန် ပြင်နေပြီဖြစ်သောကြောင့် နီမောင်တို့နှစ်ယောက်လည်း ရိုသေစွာကန်တော့ပြီးနောက်ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

ထိုနေရာမှ ပြန်လာသောအခါမှာတော့ နီမောင်အမူအရာမှာ တက်ကြွနေလေသည်။ လာစဉ်ကနှင့်မတူတော့ပဲ သူအတွက်မျှော်လင့်ချက်တစ်ခုက ရှိလာခဲ့ပြီဖြစ်လေသည်။

နံဘေးမှ ပြန်ပါလာသော မြနှင်းဖြူမှာလည်း စိတ်သက်သာသွားသော အမူအရာဖြင့် မျက်နှာလေးမှာကြည်လင်နေသည်။ ဘဝခရီးအတွက် မျှော်လင့်ချက်များစွာတို့ ရှိနေပေပြီ။ မျှော်လင့်ချက်များအတွက် အခက်အခဲများနှင့်တော့ မလွဲမသွေကြုံတွေ့ရင်ဆိုင်ကြရပေဦးမည်။

ထိုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားဖို့အတွက်တော့ ချစ်သူတို့၏ တာဝန်သာရှိပေတော့သည်။





## အခန်း [၁၀]

# အဓိကာရ သိုက်ကုန်း

မြယာကုန်းရွာဘက်မှ ပြန်ရောက်လာကတည်းက. . နီမောင်တစ်ယောက် စိတ်ရောလူပါ တက်ကြွမှုဖြစ်နေလေသည်။ အချိန်နှင့်အမျှ မြနှင်းဖြူကို သတိရနေပြီး သူမနှင့်နီးစပ်ဖို့အရေးကိုသာ တွေးနေမိလေသည်။

သူကသာ တက်တက်ကြွကြွရှိနေသော်လည်း ထိုရွာမှပြန်ရောက်လာပြီးသည့်နောက်ပိုင်း မြနှင်းဖြူနှင့်တစ်ကြိမ်တစ်ခါမှ ထပ်မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းဘက်သို့ရောက်တိုင်း မြနှင်းဖြူကို တွေ့ရလေမလားဟူသောစိတ်ဖြင့် ရှာဖွေကြည့်သော်လည်း . အရိပ်အယောင်မျှပင် မတွေ့ရတော့ပေ။

ပထမတော့ စိတ်ထဲမှာတစ်မျိုးထင်မိသည်။

နောက်တော့မှ ဦးဒီပပြောသောစကားကို သတိပြန်ရလေသည်။

" သူကလာဖို့ အခွင့်မသာတော့ဘူးထင်ပါရဲ့၊ ငါကသူနဲ့တွေ့ချင်ရင်တော့ သူရှိတဲ့နေရာသွားကြည့်ရင် ပိုကောင်းမယ်ထင်တယ် "

ဟု တွေးမိလေသည်။

တစ်ရက်မှာတော့ မြင်းလှည်းမောင်းရင်းနှင့် မြစ်ကမ်းဘက်သို့ ရောက်သွားလေသည်။

အချိန်က နံနက်ပိုင်းအချိန်သာသာပင် ရှိသေးသောကြောင့် လှေထိပ်တစ်ဝိုက်မှာ လူစည်ကားနေသည်။

ထိုနေရာရောက်တော့ . မြနှင်းဖြူကို သတိရသောကြောင့် တွေ့လိုတွေ့ငြား ရှာကြည့်သေးသည်။

အရိပ်အယောင်မျှပင် မတွေ့ရပေ။

သို့ကြောင့် မြင်းလှည်းကိုထားခဲ့ပြီး လှေဆိပ်များရှိရာဘက်သို့ ဆင်းသွားလေသည်။

သူဆင်းသွားသောနေရာဘက်မှာ လှေတစ်စင်း ရပ်ထားပြီး လှေထဲမှာလူတစ်ယောက်ရှိနေသဖြင့် လှမ်းမေးလိုက်သည်။





"ဘယ်ဘက်ကလာတဲ့ လှေလည်းဗျ"

"မနော်ရမ္မာရွာဘက်ကလာတဲ့ ကူးတို့လှေပါ"

လှေသမားက အသက်(၅၀)ကျော်ခန့် အရွယ်ရှိလေသည်။

"ဒါထက် . မြယာကုန်းဘက်ကလာတဲ့ လှေများမရှိဘူးလား ဦးကြီး"

ထိုစကားကြောင့် လှေသမားကြီးကပါးစပ်ထဲမှ ကွမ်းတံတွေးများကို ရေထဲထွေးချလိုက်ပြီး ဇဝေဇဝါနှင့် သူ့ကိုကြည့်သည်။

"မင်းပြောတဲ့ရွာနာမည် မကြားဖူးသေးပါလား၊ ရွာကဘယ်နေရာမှာရှိတာလဲ"

ဟု ပြန်မေးလေသည်။

ထိုအခါမှ နီမောင်လည်း တစ်စုံတစ်ခုကို သတိရပြီး ဆက်မမေးတော့ပေ။

"ကျွန်တော်လည်း တစ်ခေါက်မှမရောက်ဖူးတော့ သေချာချာတော့ မသိပါဘူး၊ မနော်ရမ္မာရွာရဲ့ ဟိုဘက်မှာ ရှိတယ်လို့ ပြောသံကြားလို့ မေးကြည့်တာပါ"

"ဒီလိုဆိုရင်တော့ မင်းရွာနာမည် မှတ်တာလွဲနေလို့ ဖြစ်လိမ့်မယ်၊ ငါက မနော်ရမ္မာရွာမှာ နေတာကြာလှပေါ့၊ မင်းပြောတဲ့ ရွာနာမည်မျိုးတော့ မကြားမိသေးဘူး၊ နောက်ပြီး မနော်ရမ္မာရွာရဲ့ ဟိုဘက်မှာ ရွာမရှိတော့ဘူး"

ထိုသို့ပြန်ပြောသဖြင့် နီမောင်လည်း ဆက်မမေးတော့



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကမ်းပေါ်သို့ ပြန်တက်လာလေသည်။

စိတ်ထဲမှာတော့ သိပ်မကျေနပ်လှပေ။

နောက်တစ်နေ့ မြင်းလှည်းဂိတ်တွင် ဘိုးရွှေနှင့်တွေ့တော့ ထပ်မေးကြည့်သည်။

ဘိုးရွှေက အရှေ့ဘက်ကမ်းမှာရှိသော ရွာတစ်ရွာမှ အင်းဝသို့ ရွှေ့ပြောင်းနေသူဖြစ်သည်။

"ဘိုးရွှေ မင်းတို့နေတဲ့ ရွာနာမည်က ဘာတဲ့လဲ"

" ငါတို့ရွာက စိန်ပန်းကုန်းရွာလို့ခေါ်တယ်၊ အဲဒီရွာမှာ ငါ့ဘက်ကဆွေမျိုးတွေရော မိန်းမဘက်ကဆွေမျိုးတွေရော ရှိကြတယ်"

"မင်းရွာကို မပြန်တော့ဘူးလား"

"မပြန်ဖြစ်သေးပါဘူးကွာ၊ ပြန်ဖို့စိတ်ကူးရှိပေမယ့် တစ်ခါမှ မဖြစ်သေးပါဘူး၊ မြင်းလှည်းမောင်းလို့ရတဲ့ ငွေကလည်း ပိုတယ်မရှိပါဘူး၊ စားတာနဲ့တင် ကုန်တာပါပဲ၊ ဒါထက် ဘာဖြစ်လို့ မေးတာလဲ နီမောင်"

ဘိုးရွှေက ဆေးပေါ့လိပ်ကို တွင်တွင်ဖွာရင်းနှင့်မေးသည်။

"တခြားတော့မဟုတ်ပါဘူး ငါကလဲ အဲဒီဘက်ကမ်းတွေ မရောက်ဖူးသေးတော့ မင်းပြန်ရင်လိုက်လည်ချင်လို့ မေးတာပါကွာ၊ ဒါထက် မင်းတို့နေတဲ့ ရွာကဘယ်ရွာနဲ့နီးသလဲ "

"မနော်ရမ္မာရွာနဲ့ သိပ်မဝေးဘူး"

"အဲဒီနားမှာ တခြားဘယ်ရွာတွေရှိသေးသလဲဟင်"





"အများကြီးရှိတယ်၊ ငါတို့ဘိုးဘွားတွေ ပြောပြတာတော့ အင်းဝခေတ်က ဒီနေရာမှာ မနော်ရမ္မာဥယျာဉ်ကြီးရှိတယ်၊ အဲဒီဥယျာဉ်ကြီးကို ကုန်း(၉)ကုန်းက ဝန်းရံထားတယ်လို့ ပြောပြဘူးတယ်"

"ဘယ်လိုကုန်းတွေလဲ"

ဘိုးရွှေက သောက်လက်စ ဆေးပေါ့လိပ်ကို ပြန်ချထားလိုက်ပြီးမှ သူမှတ်မိသမျှ ပြောပြသည်။

" ငါလည်း သိပ်မမှတ်မတော့ဘူး နီမောင်ရ၊ အင်း . နေပါဦး ကုန်း(၉)ကုန်းနာမည်တွေက တချို့ရွာတွေဖြစ်လာတော့ ရွာနာမည်တွေပေးကြတယ်၊ ငါတို့နေတဲ့ စိန်ပန်းကုန်းဆိုတာ အဲဒီ ကုန်း(၉)ကုန်းမှာပါတယ်"

"မင်းမှတ်မိသမျှ ပြောပါဦး"

ထိုအခါ ဘိုးရွှေက တဖြည်းဖြည်းစဉ်းစားကာ ပြောပြလေသည်။

မနော်ရမ္မာဥယျာဉ်ရှိစဉ်က ဝန်းရံထားသော ကုန်း(၉)ကုန်းအမည်မှာ စိန်ပန်းကုန်း၊ ကုလားကုန်း၊ တောက်တာကုန်း၊ ညောင်ကြပ်ကုန်း၊ ထိန်ပင်ကုန်း၊ သပြေကုန်း၊ မြယာကုန်း၊ ကညာစင်ကုန်း၊ ပလ္လင်မော်ကုန်း စသော ကုန်း(၉)ကုန်းတို့ပင် ဖြစ်ပေသည်။

နောက်ပိုင်း မနော်ရမ္မာဥယျာဉ် ပျက်စီးသွားပြီး၊ မရှိတော့သည့်နောက်ပိုင်းတွင် တချို့ကုန်းနေရာများမှာ ရွာကလေးများဖြစ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာဖြစ်လာသောအခါ မူလရှိသောကုန်းအမည်ကိုပင် ရွာအမည်ပေးခဲ့ကြသည်။

နီမောင်ကတော့ ဘိုးရွှေပြောသော စကားထဲမှာ မြယာကုန်းဟူသော အမည်ပါလာသောကြောင့် များစွာစိတ်ဝင်စားမှု ဖြစ်မိလေသည်။

"မင်းပြောတဲ့ကုန်းတွေထဲမှာ မြယာကုန်းဆိုတာပါတယ်၊ အဲဒါကရော ရွာပဲလားဟင် "

"ရွာမရှိပါဘူး၊ မြယာကုန်း၊ ပလ္လင်မော်ကုန်း၊ ကညာစင်ကုန်းရှိတဲ့နေရာမှာ ရွာတည်လို့မှမရတာ၊ ရွာတည်တာနဲ့ ပြန်ပြေးကြရတာလဲ"

"ဘာဖြစ်လို့လဲ"

"ကညာစင်ကုန်းကို တချို့က . . သိုက်ကုန်းလို့ခေါ်ကြတယ်၊ အဲဒီနေရာတစ်ဝိုက်မှာ သိုက်ရှိတယ်၊ ဒါကြောင့် ရွာတည်တာနဲ့ အနှောင့်အယှက်တွေရောက်လာပြီး ဖျက်ဆီးကြတာနဲ့ သေရင်သေ၊ မသေရင်ပြန်ပြေးကြရတာပဲ "

"သိုက်နာမည်ကဘာလဲ"

"မင်းက သိုက်တူးမလို့လား"

"မဟုတ်ပါဘူးကွာ၊ ငါကစိတ်ဝင်စားလို့ မေးကြည့်တာပါ"

"သိုက်နာမည်က 'ကညာစင်သိုက်'လို့ ပြောကြတာပဲ၊ အဲဒီဘက်မှာ တောချုံတွေများတော့ အမဲလိုက်လို့ရတယ်၊ ဒါပေမယ့် အမဲသွားလိုက်တဲ့လူတိုင်း မြွေထွက်လိုက်လို့ ပြန်ပြေးရ





တာချည်းပဲ၊ ထွက်လိုက်တဲ့မြွေကလည်း သေးသေး မဟုတ်ဘူး၊ ထန်းပင်လုံးလောက်ရှိတယ်လို့ ပြောကြတယ် "

ဘိုးရွှေက စကားဆုံးတော့ ခံတွင်းချဉ်သွားဟန်ဖြင့် ချထားသော ဆေးပေါ့လိပ်ကို ပြန်ကောက်ယူပြီး တစ်ဖွာနှစ်ဖွာ ဖွာနေသည်။

"နေစမ်းပါဦး ၊ မင်းကဒီအကြောင်းတွေကို ဘာကြောင့် မေးနေတာလဲ"

"စိတ်ဝင်စားလို့မေးတာပါ၊ နောက်ပြီး ငါအဲဒီဘက်ကမ်းကို တစ်ခေါက်လောက်သွားကြည့်ချင်တယ်၊ မင်းလိုက်ပို့ပေးမလား ဘိုးရွှေ"

"ပို့တော့ပို့ပေးချင်ပါတယ်ကွာ ၊ ဒီမှာ မြင်းလှည်းမောင်းနေတာ ဘယ်အားပါ့မလဲ"

ဘိုးရွှေက ညည်းညည်းညူညူ ပြန်ပြောသည် ။

"ဒီလိုလုပ်ပါလား၊ မင်းမြင်းလှည်းမောင်းလို့ တစ်နေ့ရတဲ့ ငွေကိုငါပေးမယ်၊ ငါ့ကိုလိုက်ပို့ပေးမလား"

"မင်းတကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ကွ၊ ငါက မင်းကိုညာပြောပါ့မလား"

"ဒီလိုဆိုရင်တော့ ဟန်ကျပြီပေါ့ကွာ၊ ငါလည်းရွာကဆွေမျိုးသားချင်းတွေဆီ မရောက်တာအတော်ကြာပြီမို့ သွားချင်နေတာနဲ့အတော်ပဲ၊ ဘယ်နေ့သွားမလဲ "

"မနက်ဖြန် မနက်စောစောသွားကြမယ်လေ၊ မကော



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"ကောင်းတယ်၊ ကောင်းတယ်"

ထိုကဲ့သို့ နှစ်ယောက်သားချိန်းပြီး နောက်တစ်နေ့နံနက် စောစောအချိန်မှာတော့ နှစ်ယောက်သား ကမ်းခြေဘက်သို့ ဆင်းလာခဲ့ကြသည်။

ကမ်းခြေရောက်သောအခါ ကူးတို့ပို့ပေးနေသော ငှက်လှေတစ်စင်းကိုငှားပြီး တစ်ဖက်ကမ်းသို့ ကူးခဲ့ကြလေသည်။ တစ်ဖက်ကမ်းရောက်သောအခါ ဘိုးရွှေ၏ ဆွေမျိုးသားချင်းများ ရှိသော စိန်ပန်းကုန်းသို့ အရင်ဝင်ကြသည်။

ထိုရွာမှာပင် နံနက်စာစားသောက်ကြသည်။ ၎င်းတို့ စားသောက်နေသောအိမ်မှာ ဘိုးရွှေ၏ ဘကြီးတော်သူဖြစ်သည်။

"ဘိုးရွှေ ထမင်းစားပြီး ဘယ်သွားဦးမှာလဲ၊ အင်းဝဘက် ပြန်ကြတော့မှာလား"

"မပြန်သေးဘူး ဘကြီး၊ သိုက်ကုန်းဘက်သွားကြဦးမှာ"

ထိုစကားကြောင့် အံ့သြသွားဟန်ရှိသည်။

"ဘာသွားလုပ်မှာလဲ၊ အဲဒီနေရာဘက်တွေက လူသွားလူလာ ရှိတာမှမဟုတ်တာ၊ တောရှုပ်သလို နည်းနည်းလည်း ကြမ်းတယ်"

"ဘယ်လိုကြမ်းတာလဲ ဘကြီး"

"အဲဒီနေရာတစ်ဝိုက်မှာ သိုက်တွေရှိတယ်၊ သိုက်ကြမ်းတယ်လို့ပြောတာ"

"ကျွန်တော်တို့က သိုက်တူးဖို့သွားတာမှ မဟုတ်တာ၊





ဘကြီးအားရင် လိုက်ပြပေးပါလား၊ အပြန်ကျတော့ ဝင်ပို့ပေးပါ့မယ်"

"မင်းတို့ချည်းသွားမယ်ဆိုရင် လူငယ်တွေချည်းဆိုတော့ ပြောမှားဆိုမှား ရှိနိုင်တယ်. . စိတ်မချပါဘူး၊ ငါပါ လိုက်ခဲ့ပေးပါ့မယ် "

ဟု လိုက်ရန်ပြင်သည်။

ဘိုးရွှေ၏ ဘကြီးတော်သူ၏အမည်မှာ ဦးပေတလူဖြစ်ပြီး အသက်(၆၀)နီးပါး ရှိလေသည်။

သူက ထိုနေရာတစ်ဝိုက်တွင် အနေကြာခဲ့ပြီဖြစ်သောကြောင့် နေရာဒေသအကြောင်းကို အတော်ပင်ကျွမ်းကျင်ဟန်ရှိလေသည်။

လှေဖြင့်သွားကြစဉ် ကမ်းနှင့်နီးသော နေရာများအကြောင်းကို ပြောပြသွားလေသည်။

သူပြောပြသော အကြောင်းများထဲတွင် ကုန်း(၉)ကုန်းနှင့်ပတ်သက်သည့် အကြောင်းအရာအချို့လည်း ပါဝင်လေသည်။

နီမောင်ကတော့ လှေနှင့်လာစဉ်မှာပင် ယခင်တစ်ခေါက်လာစဉ်က မြင်ခဲ့ရသောမြင်ကွင်းများနှင့် မတူသည်ကို သတိပြုမိလေသည်။

"အရင်တစ်ခေါက် ဦးစံတုတ်ခေါ်လာတာလဲ ဒီလမ်းပါပဲ၊ အခုလည်း ဒီနေရာ၊ ဒီလမ်းကပဲ လာတာပါပဲ ဘာကြောင့် အရင်တစ်ခေါက်တွေ့တာနဲ့ အခုမြင်နေရတဲ့ မြင်ကွင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



မတူရတာလဲ"

ဟုလည်း တွေးမိသည်။

ယခင်တစ်ခါလာစဉ်က ကမ်းစပ်နှင့်မနီးမဝေးနေရာမှ တွင် စိမ်းညို့နေသော သစ်တောသစ်အုပ်များ၊ ဥယျာဉ်ခြံများ၊ ရွာတန်းအချို့ကို တွေ့မြင်ခဲ့ရသည်။

ထိုအချိန်က နေဝင်ရီတရောအချိန် ရှိနေပြီဖြစ်သေ လည်း မြင်ကွင်းများကိုတော့ ကောင်းစွာမြင်ခဲ့ရသည်။

ယခုမြင်ရသော မြင်ကွင်းများက ထိုကဲ့သို့ မဟုတ်တေ ပေ။

ကမ်းစပ်တစ်လျှောက်တွင် ကိုင်းတောကြီးများ၊ ယာခ များ လယ်ကွက်များနှင့် သစ်ပင်အချို့ကိုသာ ကျိုးတိုးကျဲတဲ ေ ရတော့သည်။

စိမ်းညို့နေသော သစ်တောကြီးများကိုတော့ တစ်ေ ရာတွင်မှ မတွေ့ရတော့ပေ။

"ငါတွေ့ခဲ့တဲ့ သစ်တောကြီးတွေ ရွာကြီးတွေ . . ဘယ ရောက်သွားပြီလဲ၊ အရင်တစ်ခေါက်နဲ့ အခုတစ်ခေါက်လာတ သိပ်မကြာသေးပါဘူး၊ ဘာကြောင့် ချက်ချင်းကြီး ပျောက်သွ တာ . . ! ငါများမျက်စိအမြင်မှားခဲ့လေသလား"

ဟု ဇဝေဇဝါ တွေးနေမိလေသည်။

တဖြည်းဖြည်းနှင့် ဆန်တက်လာကြရာ နေ့လယ်ဘက် အချိန်ရောက်တော့ မနော်ရမ္မာရွာကိုပင် ကျော်လာခဲ့လေပြ နေ့လယ်ဘက် နေအပူရှိန်ပြင်းသော်လည်း ရေအအေးဓာတ်နှ





လေအအေးဓာတ် ရနေသောကြောင့် ပူသည်ဟုပင် မထင်ကြရပေ။

"ဟိုရှေ့မှာ လှမ်းမြင်နေရတဲ့ ချွန်းအငူက ပလ္လင်မော်ဝဲရှိတဲ့နေရာပေါ့ မိုးရာသီရောက်လာရင် ဝဲအလွန်ကြမ်းတဲ့ နေရာပေါ့"

ထိုသို့ပြောသဖြင့် လှမ်းကြည့်ရာ ရေလယ်ဘက်သို့ထွက်နေသော ချွန်းအငူစွန်းတစ်ခုကို တွေ့ရသော်လည်း မြယာကုန်းရွာကိုတော့ မတွေ့ရပေ။

ယခင်တစ်ခေါက်လာစဉ်က ပလ္လင်မော်ဝဲနားရောက်ချိန်မှာပင် မြယာကုန်းရွာတန်းရှည်ကြီးကို မီးရောင်တထိန်ထိန်ဖြင့် လှမ်းမြင်ခဲ့ရသေးသည်။

ယခုတော့ ကိုင်းတောများ၊ သစ်တောသစ်ချုံများကိုသာ တွေ့ရပြီး ရွာနှင့်တူတာဆိုလို့ တဲတစ်လုံးတောင်မှ မမြင်ရတော့ပေ။

"မင်းတို့က ဘယ်နေရာအထိ သွားချင်တာလဲ"

"မြယာကုန်း ရှိတဲ့နေရာအထိ သွားချင်တာပါ"

"မြယာကုန်းဆိုတာ အဲဒီမြင်နေရတဲ့ ချွန်းနားတစ်ဝိုက်မှာပဲရှိတယ်၊ အဲဒီနေရာမှာ ပလ္လင်မော်ကုန်းနဲ့ ကညာစင်ကုန်းတွေလည်း တစ်ဆက်တည်းရှိတယ်၊ ဟိုဘက်မှာတော့ ဘာမှမရှိတော့ပါဘူး"

ဟု ပြောပြလေသည်။

တဖြည်းဖြည်းနှင့် ဆန်တက်လာကြရာ မွန်းလွဲပိုင်းအ



www.burmeseclassic.com

www.burmeseclassic.com



ချိန် ရောက်သောအခါ ပလ္လင်မှော်ဝဲရှိရာသို့ ရောက်သွားကြ သည်။ နွေရာသီဖြစ်သောကြောင့် ရေစီးမကြမ်းသလို ဝဲလည်း မကြမ်းလှပေ။

တစ်နေရာရောက်တော့ လှေကိုကမ်းစပ်မှာရပ်ထား ပြီး ကမ်းပေါ်တက်ကြည့်ကြသည်။

ဦးပေတလူပြောသကဲ့သို့ပင် ရွာမဆိုထားနှင့်၊ အိမ်စုပ တစ်လုံးတောင် မတွေ့ရပေ။ ကိုင်းတောများ၊ သစ်ပင်ချုံနွယ် များသာ နေရာမလပ်ရှိနေကြလေသည်။

"ဒီနေရာက တောရှုပ်လှပါလား "

ဘိုးရွှေက ရေရွတ်လိုက်သည်။

"ရှုပ်မှာပေါ့ကွ၊ ဒီနေရာကနာမည်ကြီးပဲ၊ ကညာစင် သိုက်ဆိုတာ ဒီနေရာတစ်ဝိုက်မှာတော့ နာမည်အတော်ကြီး တယ်၊ ဘောဂဗလသိုက်ပြီးရင် သူလည်း အဓိကရသိုက်ထဲမှ ပါတယ်၊ ဒီနေရာကိုလာရင် အန္တရာယ်တစ်ခုခုနဲ့တွေ့လို့ ဘယ် သူမှ မလာဝံ့ဘူး၊ ဒါကြောင့် ဒီလောက်တောရှုပ်နေတာပေါ့"

ထိုသို့ပြောပြီး အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက် ကြည့်ကြသည်။ သို့သော် ချုံများထူထပ်လှသောကြောင့် နေရာ အတော်များများကိုတော့ သွားမရပေ။

တစ်နေရာရောက်တော့ မြယာပင်ကြီးများပေါက်နေ သော နေရာတစ်နေရာသို့ ရောက်ကြသည်။

မြယာပင်များမှာ အချို့သာမန်သာရှိသော်လည်း အချို့ အပင်ကြီးများကတော့ သက်တမ်းကြာမြင့်လှပြီဖြစ်သောကြောင့်





အတော်ပင်မြင့်နေကြလေပြီ။

တောခြေရှင်းသော တစ်နေရာရောက်တော့ အရိပ် ကောင်းသော သစ်ပင်ရိပ်မှာဝင်နားရင်း ဦးပေတလူက ပြောပြ သည်။

"ဒီနေရာတစ်ဝိုက်မှာ ကုန်း(၉)ကုန်းရှိတယ်၊ အဲဒီကုန်း တွေထဲက မြယာကုန်းဆိုတာ ဒီနေရာပဲ၊ အရင်ကတော့ ဒီနေရာ မှာ ရွာရှိခဲ့ပုံပါပဲ၊ သူနဲ့တဆက်တည်း ပလ္လင်မှော်ကုန်းနဲ့ ကညာ စင်ကုန်းတွေလည်း ဒီနေရာမှာရှိတယ်၊ ပလ္လင်မှော်ကုန်းကတော့ ၄၀တီမြစ်ထဲ ပြိုကျသွားလို့ရှိတော့မယ် မထင်ဘူး"

"ကညာခင်ကုန်းကရော ဦးကြီး"

"ငါလည်းဘယ်နေရာမှာ ရှိတယ်ဆိုတာတော့ သေသေ ချာချာမသိပါဘူး၊ ဒါပေမယ့် ဒီနေရာက ရာဇဝင်တော့ရှိခဲ့ဖူး တယ်"

"ဘယ်လိုရာဇဝင်မျိုးလဲ၊ မှတ်မိသမျှ ပြောပြပါဦး"

ထိုအခါ ဦးပေတလူက ယူလာသော ကွမ်းယာထုပ်ထဲမှ ကွမ်းတစ်ယာကို ပါးစပ်ထဲထည့်ဝါးရင်း၊ သူမှတ်သားထားသော အကြောင်းအရာအချို့ကို ပြန်ပြောပြသည်။

"နောက်ဆုံးတော့ သိုဟန်ဘွားရဲ့လက်ကလွတ်အောင် ပြေးရင်းကနေ ညီအစ်မသုံးယောက်စလုံး ပလ္လင်မှော်ဝဲထဲ ခုန်ချ သွားကြပြီးနောက် သိုက်စောင့်တွေဘဝ ရောက်သွားကြတယ်လို့ တော့ ကြားဖူးတယ်"

"အဲဒီ ညီအစ်မသုံးဖော်တွေရဲ့ နာမည်တွေရော ခင်ဗျ



www.burmeseclassic.com

www.burmeseclassic.com



လား ဦးကြီး"

"သူတို့နာမည်တွေက မှတ်ရတာလွယ်ပါတယ်၊ မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူတဲ့ကွ၊ ပြောပုံအရတော့ ရုပ်ချင်းကလည်း အတော်တူပြီး ချောမောကြတယ်လို့ လူကြီးတွေကပြောကြတယ်"

ထိုစကားကြားသောအခါ နီမောင်မှာ တအံ့တသြဖြစ်သွားလေသည်။ သို့သော်လည်း တခြားသူများ ရိပ်မိမည်စိုးသောကြောင့် ထွေထွေထူးထူးတော့ ထပ်မမေးတော့ပေ။

"မင်းက သိုက်အကြောင်းတွေ စိတ်ဝင်စားလို့လား"

"ဟုတ်ပါတယ်"

"ငါလည်းငယ်ငယ်တုန်းက မင်းတို့လိုပဲ စိတ်ဝင်စားတာပါပဲ၊ ဒါကြောင့် သိုက်ထဲဝင်ခွင့်ရတဲ့ ဂါထာမန္တန်တွေ ရအောင်ကျက်ပြီး သိုက်ထဲဝင်ခဲ့ဖူးသေးတယ်"

"ဟင်. . ဟုတ်လား၊ ဒါဖြင့် ဦးကြီးကိုယ်တိုင်ရောက်အောင် ဝင်ခဲ့ဖူးတာပေ့ါနော်၊ အဲဒီဂါထာကို ရသေးသလား ရရင်ပြောပြပေးပါလား"

"ဒီဂါထာမျိုးက တခြားသူတွေကိုပေးလို့မရဘူး၊ သင်ယူကတည်းက သစ္စာဆိုပြီးယူခဲ့ရတာ၊ မင်းတို့ဝါသနာပါရင် အင်းဝမှာ ဆေးဆရာကြီးတစ်ယောက်ရှိတယ်၊ သူ့ဆီသွားမေးရင်တော့ သိချင်တာတွေ သိရနိုင်တယ်"

"နာမည်က ဘယ်သူတဲ့လဲ ဦးကြီး"

"ဆရာကြီး ဦးဗန်ကောင်းလို့ခေါ်တယ်၊ သူကမြောက်





ုင်ဘက်မှာရှိတယ်၊ ကဲ. . အချိန်မရှိတော့ဘူး ပြန်ကြရအောင်"

ဟုပြောဆိုပြီး သုံးယောက်သား လှေရှိရာသို့ ပြန်ဆင်းကြလေသည်။

လှေဆိပ်ရောက်တော့ လှေသမားကပြောသည်။

"ခင်ဗျားတို့အပေါ်တက်နေတုန်း. . အမျိုးသမီးတစ်ယောက်ရောက်လာပြီး၊ ခင်ဗျားတို့စားသောက်ဖို့ဆိုပြီး အစားအသောက်တွေ လာပို့ပေးသွားတယ်"

"ဟင် ဘယ်သူများလာပို့ပေးတာပါလိမ့်၊ ဒီနေရာမှာ အသိမိတ်ဆွေလည်း မရှိပါဘူး"

ကြည့်လိုက်တော့လှေပေါ်မှာ အထုပ်များကိုတွေ့ကြရသဖြင့် ဖြေကြည့်သောအခါ ပေါက်ပေါက်ဆုပ်နှင့်မုန့်များကိုတွေ့ကြရသည်။

ပူပူနွေးနွေးဖြင့်ရနံ့များက တသင်းသင်းနှင့် ရှိနေသောကြောင့် များစွာအံ့သြနေကြသည်။

"မိန်းကလေးက. . အတော်ကလေး သဘောမနောကောင်းပုံရတယ်"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားတို့စားဖို့ မုန့်တွေပေးသွားရုံမကဘူး၊ ကျုပ် လှေငှါးခပါ ပေးသွားသေးတယ်"

နီမောင်ကတော့ သဘောပေါက်သွားသဖြင့် ဘာမှထွေထွေထူးထူး မပြောတော့ပေ။

ဘိုးရွှေနှင့်ဦးပေတလူတို့ နှစ်ယောက်ကတော့ သာမန်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှန်း ရိပ်မိကြသဖြင့် လန့်နေကြသည်။

ထိုနေရာမှ လှေပြန်ထွက်လာတော့ ပလ္လင်မှော်ဝဲရှိရ ချွန်းထိပ်တွင် ရပ်နေသောပုံရိပ်တစ်ခုကို လှမ်းမြင်ရလေသည်။ လှေပေါ်မှာပါလာသော အခြားသုံးယောက်က မမြင်ကြရဘဲ. . နီမောင်တစ်ယောက်သာ လှမ်းမြင်နေခြင်းဖြစ်သည်။

ကမ်းနဖူးတွင် ရပ်နေသူမှာ တခြားသူမဟုတ်ပေ။ သူ ချစ်သူ မြနှင်းဖြူပင်ဖြစ်သည်။ အချိန်က ညနေစောင်းပြီးဖြစ်သ ဖြင့် နေအလင်းရောင်က လျှော့ပါးသွားလေပြီ။

ထိုအလင်းရောင်အောက်တွင် ကမ်းနဖူးထိပ်တွင် ရပ် နေသော သူ့ချစ်သူ၏ပုံရိပ်ကို ထင်ထင်ရှားရှား လှမ်းမြင်နေရ ခြင်းဖြစ်သည်။

လှေထွက်လာသော ကမ်းပေါ်မှရပ်ကာ လက်ပြနှုတ် ဆက်ရင်းနှင့် ကျန်ရစ်ခဲ့လေသည်။

"အခြေအနေမပေးသေးခင်တော့ ဝေးနေကြရဦးမှာ ပေါ့ ချစ်သူရယ်"

ထိုရေရွတ်သံများက ရင်ထဲမှာပင် ပဲ့တင်ထပ်နေလေပြီ။

ရေစုန်အတိုင်း စုန်ဆင်းလာသော လှေကတော့ ပလ္လင် မှော်ဝဲနှင့် တဖြည်းဖြည်းဝေးလာခဲ့ချေပြီ။





## အခန်း [၁၁]

# ရတနာသိုက်များနောက် ခြေရာကောက်နေသူ

တစ်နေ့သ၌ ညောင်ပင်မြင်းလှည်းဂိတ်တွင် နီမောင် တစ်ယောက်လည်း မြင်းလှည်းနှင့်ရှိနေစဉ် လူသုံးယောက် ရောက်လာကြသည်။ တစ်ယောက်က အသက်(၅၀)ကျော်အ ရွယ်ခန့်ရှိပြီး ကျန်နှစ်ယောက်က အသက်(၃၀)ကျော်အရွယ်ခန့် သာ ရှိကြသည်။

ရှေ့မှဦးဆောင်လာသူက အသားမည်းမည်းနှင့် အရပ်



www.burmeseclassic.com

www.burmeseclassic.com



အမောင်း မမြင့်လှပေ။ သျှောင်တစောင်းထုံးကာ ပဝါတစ်ထည်ဖြင့် ပတ်ပေါင်းထားသည်။ နှုတ်ခမ်းမွေးအရှည်များရှိပြီး လည်ပင်းမှာ ပုတီးတစ်ကုံးဆွဲထားသည်။

ပင်နီအကျီကြမ်း၊ ပုဆိုးတို့ကိုဝတ်ဆင်ထားကာ ကြီးမားသော လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားသည်။ လက်ထဲမှာလည်း တောင်ဝှေးတစ်ချောင်း ကိုင်ထားလေသည်။

"မြင်းလှည်းငှားချင်လို့ပါ"

"ဘယ်သွားမလဲ ဦးကြီး"

"လေးထပ်ကြီးနဲ့ အဲဒီနားတစ်ဝိုက်တွေပေါ့၊ နောက်ဆုံးတော့ မယ်နုအုတ်ကျောင်းဘက် သွားချင်တယ်"

"ရပါတယ် ခင်ဗျာ၊ သွားချင်တဲ့နေရာ ပို့ပေးပါ့မယ်၊ မြင်းလှည်းပေါ် သာတက်ကြပါ"

"မြင်းလှည်းခကိုတော့ ကျသင့်သမျှပေးပါ့မယ်၊ သွားချင်တဲ့နေရာတွေကိုသာ စုံအောင်လိုက်ပို့ပေးပါ"

"စိတ်ချပါ ခင်ဗျာ၊ ပို့ပေးပါ့မယ်"

ခရီးသည်သုံးယောက် မြင်းလှည်းပေါ် ရောက်သောအခါ မြင်းလှည်းကို မောင်းထွက်လာခဲ့လေသည်။

"ဦးကြီးတို့က ခရီးသည်တွေလား"

"အထက်ပိုင်းဒေသဘက်က လာကြတာပါ၊ အင်းဝကို မရောက်ဖူးလို့ ဝင်ကြည့်တာပါ"

"ဒီမှာက မြို့ဟောင်းကြီးဆိုတော့ ရှေးဟောင်းနေရာတွေ အဆောက်အအုံတွေ အတော်ကျန်နေပါသေးတယ်၊





ကျွန်တော်စုံလင်အောင် လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါထက် မနော်ရမ္မာဥယျာဉ်ဆိုတာကရော ဘယ်နေရာမှာရှိတာလဲ"

"မြစ်ငယ်မြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိပါတယ်၊ ဒါပေမယ့် ဥယျာဉ်ကတော့ မရှိတော့ပါဘူး၊ အဲဒီနေရာမှာ ပဲခင်း၊ ပြောင်းခင်းတွေပဲ ရှိတော့တယ်"

"ဒါထက် မဟာဗောဓိစေတီရော ရှိသေးသလား"

"ရှိတော့ရှိပါသေးတယ်၊ ဒါပေမယ့် ပြိုပျက်စပြုနေပါပြီ"

ထိုသို့ပြန်ပြောရင်းနှင့် နီမောင်စိတ်ထဲမှာ တစ်ခုခုတွေးလိုက်မိသည်။

"အင်းဝမရောက်ဖူးသေးတဲ့ လူတွေကလည်း အင်းဝမှာရှိတဲ့နေရာတွေတင် မကဘူး၊ ဟိုဘက်ကမ်းကအကြောင်းတွေကိုတောင် သိနေပါလား"

ထိုသို့တွေးနေစဉ် ရှေ့မှာထိုင်လာသော အဘိုးကြီးက ဆက်မေးသည်။

"အဲဒီဘက်ကမ်းမှာ သိုက်တွေရှိတယ်လို့ ပြောသံကြားတယ် ဟုတ်သလားကွယ်"

"ကျွန်တော်တော့ အဲဒီအကြောင်းတွေ မသိပါဘူး"

ထိုစကားကြားတော့ ထိုလူကြီးက တစ်ချက်ပြုံးလိုက်သည်။

"မင်းကသာ မသိဘူးပြောတယ်၊ အဲဒီဘက်မှာရှိတဲ့သိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



တွေက နာမည်ကြီးတွေပဲ၊ ဘောဂဗလသိုက်တို့ ကညာစင်သိုက်တို့ဆိုတာ အဓိကရနေရာတွေပေါ့ ကြားဖူးသလား"

"နာမည်တွေတော့ ကြားဖူးပါတယ်"

"တချို့ အဲဒီသိုက်မှာရှိတဲ့ သိုက်စောင့်တွေက သဘောကျလို့ ကူညီမစပေးတာတွေတောင် ရှိတယ်လို့ကြားတာပဲ၊ ဒီအင်းဝမှာတောင် သိုက်ကလူတွေကူညီပေးလို့ မြင်းလှည်းတွေဘာတွေဝယ်နိုင်တဲ့ သူတွေရှိတယ်ပြောတယ်၊ မင်းကမြင်းလှည်းမောင်းနေတာဆိုတော့ ဘယ်သူများလဲ သိသလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"မသိပါဘူး ခင်ဗျား"

ဟုပြောကာ မြင်းလှည်းကို ဆက်မောင်းလာလေသည်။ တစ်နေရာရောက်သောအခါ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့်အရူးတစ်ယောက်က မြင်းလှည်းရှေ့မှ ပိတ်ကာရပ်သဖြင့် မြင်းလှည်းကို ရပ်ပေးလိုက်ရလေသည်။

"သိုက်ဆရာတွေ လှည်းပေါ်တင် မဆင်မခြင်ပြောတဲ့ ကောင်လေး . စကား,စကား ပြောပါများရင် စကားထဲက အမှားတွေ့၊ ငါပြောတာကို သဘောမပေါက်ရင် မင်းကျောပေါက်အောင် ဟောဒီကြိမ်လုံးနဲ့ ရိုက်ပြီးဆုံးမရမယ့်"

ဟုပြောကာ နီမောင်ကိုလက်ထဲက ကိုင်ထားသော ကြိမ်တုတ်ဖြင့် ဝင်ရိုက်လေတော့သည်။

သို့သော် သူ့ကိုမထိပဲ မြင်းလှည်းတိုင်များသာ ထိသဖြင့် သက်သာသွားလေသည်။ ထို့ကြောင့် မြင်းလှည်းကို ထိုနေရာမှ





အမြန်မောင်းထွက်ခဲ့ရလေသည်။

သို့တိုင်အောင် အရူးက နောက်မှပြေးလိုက်လာသေးသည်။ မမီတော့မှ အော်ဟစ်ကြိမ်မောင်းကာ ကျန်ခဲ့လေသည်။ လေးထပ်ကြီးဘုရားရောက်တော့ မြင်းလှည်းကို ရပ်ပေးလိုက်ရာ ဧည့်သည်များက အောက်သို့ဆင်းကြသည်။

"ငါတို့က ဒီမှာကြာဦးမှာဆိုတော့ မင်းစောင့်ပေးနိုင်မလား"

"ကျွန်တော် တခြားသွားစရာရှိနေလို့ မစောင့်တော့ပါဘူး၊ ဦးကြီးတို့ တခြားနေရာသွားချင်ရင် တခြားမြင်းလှည်းတစ်စင်းကိုသာ ငှားပါတော့"

"ရပါတယ်"

ဟု ပြောပြီး မြင်းလှည်းခပေးခဲ့ပြီးနောက် လေးထပ်ကြီးဘုရားအတွင်းသို့ ဝင်သွားကြလေသည်။

နီမောင်လည်း ထိုနေရာမှ ခပ်သုတ်သုတ်ပင် မြင်းလှည်းကို မောင်းထွက်လာခဲ့ လေသည်။

အချိန်က ညနေပိုင်းအချိန်ရောက်နေချေပြီ။ တစ်နေရာရောက်တော့ လမ်းပေါ်မှာရပ်ပြီး မြင်းလှည်းကို တားနေသူတစ်ယောက်ကိုတွေ့ရပြန်သည်။

အခြားမဟုတ်ပေ။

သူ့ကိုတုတ်ဖြင့်ရိုက်သော အရူးပင်ဖြစ်သည်။

နီမောင်က အရူးကိုမြင်သောအခါ စိတ်ထဲမှာ လန့်သွားသောကြောင့် မြင်းလှည်းကိုမောင်းပြေးရန် စိတ်ကူးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လမ်းပေါ် ပိတ်ရပ်ထားသောကြောင့် မရသဖြင့်
ရပ်ပေးလိုက်ရသည်။

အရူးက သူ့အနားသို့ လျှောက်လာသည်။ ဒီတစ်ခါတော့
စောစောကနှင့်မတူတော့ဘဲ တည်တည်ငြိမ်ငြိမ်နှင့်ပင်ဖြစ်သည်။
သို့ကြောင့် တအံ့တဩဖြင့် ကြည့်လိုက်သည်။

"မြင်းလှည်းငှားမလို့ပါ"

"ဟင်"

အသံကြားတော့မှ ဇဝေဇဝါဖြစ်သွားပြီး သေသေချာချာ
ထပ်ကြည့်လိုက်သည်။

အရူး၏ မျက်နှာမှာ စောစောက တွေ့ခဲ့ရသော မျက်နှာ
မျိုး မဟုတ်တော့ဘဲ မြင်ဖူးတွေ့ဖူးသော မျက်နှာမျိုး ဖြစ်နေသည်။
အခြားမဟုတ်ပေ။

ဦးစံတုတ်ပင် ဖြစ်သည်။

"ဦးကြီးပါလား"

"မင်းကငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

"မှတ်မိပါတယ်၊ စောစောက ကြိမ်တုတ်နဲ့ ဝင်ရိုက်တာ
ရော ဦးကြီးပဲမဟုတ်လား"

"ဟုတ်ပါတယ်ကွာ၊ မင်းသတိလက်လွတ်နဲ့စကားတွေ
အများမှားအယွင်းယွင်းနဲ့ ပြောမိမှာစိုးလို့ ငါကအရူးယော
ဆောင်ပြီး ဝင်သတိပေးတာပါ"

"တော်ပါသေးရဲ့ဗျာ"

ဟုပြောပြီး ဖိုးစံတုတ်ကို မြင်းလှည်းပေါ်တွင်တင်ကာ





မောင်းထွက်လာခဲ့လေသည်။

"ဦးကြီး ဘယ်သွားမှာလဲ"

"မြစ်ကမ်းဆိပ်ကိုပဲပေါ့ကွာ"

"ဒါထက်၊ ဘယ်သူတွေပါသေးသလဲ"

"ဟိုရောက်တော့ တွေ့မှာပေါ့"

နီမောင်ကတော့ ဖိုးစံတုတ်တွေ့ကတည်းက စိတ်လှုပ်
ရှားနေလေပြီ။ မြနှင်းဖြူနှင့် တွေ့ရပါစေဟုလည်း စိတ်ထဲမှကျိတ်
ပြီး ဆုတောင်းနေမိသည်။

ဆိပ်ကမ်းဘက်ရောက်တော့ နေဝင်ချိန်ရောက်နေပေ
ပြီ။ ဒုဋ္ဌဝတီမြစ်တစ်ဖက်ကမ်းမှလာသော ဆည်းဆာရောင်များ
က မြစ်ရေပြင်ပေါ်သို့ ကျဆင်းနေသည်။

လေတဖြူးဖြူးတိုက်နေသောကြောင့် ငွေရောင်တလက်
လက်တောက်ပသော လှိုင်းကြက်ခွပ်ကလေးများ ထနေသည်။
မြစ်ပြင်ကိုဖြတ်သန်းလာသော လေနုအေးက သောင်ပြင်ပေါ်မှ
တဆင့် ပြေးတက်လာသည်။

တစ်နေ့လုံး ပူပြင်းသောအပူဒဏ်ကိုခံခဲ့ရမှ ယခုကဲ့သို့
အေးမြသောလေနှင့် ထိတွေ့ရသောအခါ လန်းဆန်းလာသည်။
ညနေစောင်းပြီမို့ ကမ်းခြေတစ်ဝိုက်မှာ ရှင်းနေလေပြီ။ တစ်နေရာ
မှာတော့ ရေချိုးဆင်းနေကြသော မိန်းကလေးတစ်သိုက်ရှိနေ
သည်။

မြစ်ကမ်းဆိပ်ရောက်တော့ သစ်ပင်အောက်မှာထိုင်နေ
သော မြနှင်းဖြူကို လှမ်းမြင်ရသဖြင့် ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးစံတုတ်ကတော့ လှေရှိရာသို့ ဆင်းသွားလေပြီ။

နီမောင်က မြနှင်းဖြူထိုင်နေသော နေရာသို့လျှောက်သွားကာ မနီးမဝေးမှာ ဝင်ထိုင်လိုက်သည်။ မြနှင်းဖြူက ပြုံးပြီးကြည့်နေသည်။

"ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"အစ်ကိုနဲ့တွေ့ချင်လို့ စောစောကမှကူးလာခဲ့တာ"

"ဝမ်းသာလိုက်တာ၊ ကျွန်တော်ကလည်း မြနှင်းဖြူနဲ့တွေ့ချင်နေတာ ဟိုရက်ကတောင် မြယာကုန်းဘက် ရောက်ခဲ့သေးတယ်"

"အစ်ကိုလာလည်း ကျွန်မတို့နဲ့ ဘယ်တွေ့ရပ့ါမလဲ"

"ဒါထက် လှေသမားကိုအစားအသောက်တွေ ဆင်းပေးလိုက်တာ မြနှင်းဖြူ မဟုတ်လားဟင်"

သူမက ခေါင်းညိတ်ပြလေသည်။

"မြနှင်းဖြူနဲ့တွေ့ရအောင် ဘယ်လိုလာရမလဲဟင်"

"အဲဒါတော့ ကျွန်မပြောပြလို့မရဘူး၊ အစ်ကို့ဘာသာကြိုးစားပြီးလာရင် ရနိုင်ပါတယ်"

ထိုစကားကြားသောအခါ မဟာဗောဓိစေတီ၌ ဦးဒိပနှင့်တွေ့စဉ် သူပြောလိုက်သောစကားများကို ပြန်သတိရမိလိုက်သည်။

"ကောင်းပါပြီ၊ အစ်ကို မြနှင်းဖြူရှိတဲ့နေရာကို ကိုယ့်အစွမ်းအစနဲ့ ရောက်အောင်လာခဲ့ပ့ါမယ်"

"အစ်ကို တကယ်ပြောတာလား"





"တကယ်ပြောတာပေါ့၊ အခု . . မြနှင်းဖြူနဲ့တွေ့ခဲ့ရပြီးနောက်ပိုင်း အမြဲသတိရနေတယ်၊ ခွဲခွာပြီးလည်း မနေချင်တော့ဘူး၊ ဒါကြောင့် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် နီးစပ်အောင်ကြိုးစားမယ်လို့ စိတ်ကူးထားမိတယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ၊ အစ်ကိုဘယ်တော့လာမလဲဟင်"

"အမြန်ဆုံးလာခဲ့ပ့ါမယ်၊ မြနှင်းဖြူ စောင့်နေပါ"

ဟုပြောကာ ချစ်သူလက်ကလေးကို ဆုပ်ကိုင်ကာ ပြောလိုက်လေသည်။ အချိန်ကလည်း တဖြည်းဖြည်းနှင့် နေဝင်ဖျိုးဖျအချိန်သို့ ရောက်လာလေသည်။

"အစ်ကို ကျွန်မသွားတော့မယ် အစ်ကို့မိတ်ဆွေတစ်ယောက် ဒီဘက်ကိုလာနေတယ်၊ တွေ့သွားရင် မကောင်းဘူး"

ဟုပြောရင်း နေရာမှထသည်။

နီမောင်ကလှည့်ကြည့်လိုက်တော့ သူတို့ရှိရာဘက်သို့ မောင်းလာသော မြင်းလှည်းတစ်စင်းကို လှမ်းမြင်ရသည်။ ထိုမြင်းလှည်းတစ်စင်းကို လှမ်းမြင်ရသည်။ ထိုမြင်းလှည်းအနီးသို့ ရောက်မလာခင်မှာပင် မြနှင်းဖြူက ကမ်းစပ်သို့ဆင်းသွားရာ ခဏကြာတော့ မတွေ့ရတော့ပေ။ နောက်ထပ်ရောက်လာသော မြင်းလှည်းမှာ ထွန်းခမောင်းသော မြင်းလှည်းပင်ဖြစ်သည်။

"နီမောင် တစ်ယောက်တည်းထိုင်ပြီး ဘာလုပ်နေတာလဲ"

"အေးတာနဲ့ ခဏထိုင်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခက မယုံကြည်သောအမူအရာဖြင့် ပတ်ဝန်းကျ
ကိုကြည့်တော့လည်း ဘယ်သူမှမတွေ့ရပေ။

"မင်းကြည့်ရတာ တစ်ယောက်ယောက်ကို လာမျှေ
နေသလိုပဲ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်မှာ မျှော်စရာလည်း မ
ပါဘူး၊ ခင်ဗျားကရော ဘာလာလုပ်တာလဲ"

"ဧည့်သည်သုံးယောက်က ဒီဘက်လာချင်တယ်ဆို
လာပို့ပေးတာ၊ မြစ်ကမ်းဘက်ရောက်တော့မှ မင်းရဲ့မြင်းလှည်း
တွေ့လို့လာကြည့်တာကွ"

"ဒါထက် ခင်ဗျားလိုက်ပို့တဲ့ဧည့်သည် သုံးယောက်ဒ
တာ တစ်ယောက်ကအသက်ကြီးကြီးလား"

"ဟုတ်တယ်. . ဟုတ်တယ်. . ဆရာနဲ့တော့တူတယ်
လွယ်အိတ်တစ်လုံးလွယ်ပြီး တောင်ဝှေးတစ်ချောင်းလည်းပ
သေးတယ်"

ထိုစကားကြောင့်. . . သူပို့ပေးခဲ့သော ဧည့်သည်သုံး
ယောက်များ ဖြစ်လေမလားဟု တွေးလိုက်မိသည်။

"အဲဒီသုံးယောက်က ကျွန်တော်မြင်းလှည်းနဲ့ လေးထပ်
ကြီးဘုရားကို ပို့ပေးခဲ့ရတဲ့ ဧည့်သည်တွေဖြစ်ပုံရတယ်၊ လမ်းမှာ
သိုက်တွေအကြောင်းပဲ မေးနေတယ်"

"ဟုတ်မယ်. . ထင်တယ်၊ ငါ့ကိုလည်းမေးတယ်၊ သူတို့
ကြည့်ရတာ သိုက်တူးဖို့လိုက်ရှာနေတဲ့ ဆရာတွေဖြစ်ပုံရတယ်၊
ဒီည မယ်နုအုတ်ကျောင်းထဲမှာ အိပ်မယ်လို့တော့ ပြောသံကြား





လိုက်တာပဲ"

"ဒီနေရာက တော်ရုံပညာနဲ့ ညအိပ်လို့မှမရတာ နောက်
တစ်နေ့ရောက်တော့မှ ဘာတွေဖြစ်ပြီး၊ ဘာသံတွေကြားရမလဲ
မသိဘူး၊ အချိန်မရှိတော့ဘူးဟေ့ တို့လည်းပြန်ကြရအောင်"

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်ရင်း နေရာမှထ
လိုက်လေသည်။

မြစ်ဘက်သို့ လှမ်းကြည့်လိုက်တော့ အမှောင်ရိပ်များ
သမ်းစပြုနေပြီ။

လှေသွားလှေလာများလည်း မရှိသလောက် နည်း
သွားပေပြီ။ ကမ်းစပ်မှာ ရေချိုးနေသော မိန်းမပျို တစ်ခုလည်း
မရှိတော့ပေ။ ထိုအခါမှပင် နှစ်ယောက်သား မြင်းလှည်းကိုယ်
စီမောင်းကာ ထိုနေရာမှ ပြန်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၁၂]

# အုတ်ကျောင်းအတွင်းမှ အစောင့်အရှောက်များ

အင်းဝတွင် ထင်ရှားသောနေရာများ၊ အဆောက်အအုံများထဲတွင် နန်းမတော်မယ်နု၏ ကောင်းမှုတော် မဟာအောင်မြေဘုံစံကျောင်းလည်း တစ်ခုအပါအဝင်ဖြစ်လေသည်။ မဟာအောင်မြေဘုံစံကျောင်းတော်ကြီးကို နန်းမတော်မယ်နုအုတ်ကျောင်းဟုပင် ခေါ်ကြသည်။

အုတ်ကျောင်းတော်ကြီးမှာ. . အင်းဝမြို့ဟောင်း အနောက်ဘက်ယွန်းယွန်း၌ တည်ရှိလေသည်။ မြို့ဟောင်း၏



www.burmeseclassic.com

www.burmeseclassic.com



အနောက်မြောက်ထောင့်ဘက်တွင် တည်ရှိပြီး ဒုဋ္ဌဝတီမြစ်နှင့် ဧရာဝတီမြစ်တို့ ပေါင်းဆုံရာ မြစ်ဝနှင့်လည်းနီးသည်။

ထိုမြစ်ဝတွင် မြို့တည်ထားသောကြောင့် အဝမြို့ဟုခေါ်ရာမှ အင်းဝမြို့ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ်လယ်ပိုင်းတွင် ထင်ရှားခဲ့သော အမျိုးသမီးများထဲတွင် နန်းမတော်မယ်နုလည်းတစ်ဦး အပါအဝင်ဖြစ်ခဲ့သည်။

နန်းမတော်မယ်နုမှာ ဖလန်ခုန်ရွာသူတစ်ဦးဖြစ်တော်ငြားလည်း နောက်ပိုင်းကုန်းဘောင်ခေတ်တွင် ထင်ရှားသော မိဖုရားကြီးတစ်ပါး ဖြစ်လာခဲ့လေသည်။

ဖလန်ခုန်၊ ဝက်မိုး၊ မြင်းပေါက်၊ မဲအိုး စသောရွာများတွင် နန်းမတော်မယ်နု ဆွေမျိုးသားချင်းများ နေထိုင်ကြလေသည်။

သို့ကြောင့် နန်းမတော်မယ်နု မိဖုရားဘဝနှင့် အထွတ်အထိပ်ရောက်စဉ်က . . ဖလန်ခုန်ရွာ၌ ဘုရားနှစ်ဆူနှင့်အုတ်ကျောင်းတော်ကြီးတစ်ကျောင်း ဆောက်လုပ်လှူဒါန်းထားခဲ့သည်။

အလျား၊ အနံ၊ ဇောက်အနက်တူသော ရေကန်ကြီးသုံးကန်ကိုတူးပြီး ထိုမှထွက်သောရွှံ့မြေတို့ကို အုတ်ဖုတ်၍ နှစ်ကန်မှထွက်သော အုတ်တို့ကို စေတီနှစ်ဆူတည်၍ ကျန်တစ်ကန်မှထွက်သော အုတ်တို့ကို အုတ်ကျောင်းဆောက်လုပ်လေသည်။ သို့ကြောင့် စေတီကြီးနှစ်ဆူတို့မှာ အကြီးအသေးမကွာခြားဘဲ တစ်ရွယ်တည်းပင် ရှိပေသည်။





အုတ်တူးသော ကန်သုံးကန်မှာလည်း ရေကန်အဖြစ်တည်ရှိလေသည်။

နန်းမတော်မယ်နု နန်းကျသောအချိန်တွင် ၎င်းပိုင်ဆိုင်သော နန်းစဉ်ရတနာတို့ကို ရေကန်ကြီးသုံးကန်အနက် အလယ်ရေကန်ထဲ၌ မြှုပ်နှံခဲ့ကြောင်း အဆိုရှိသည်။

ကုန်းဘောင်ခေတ်အလယ်ပိုင်း စစ်ကိုင်းမင်း (ဘကြီးတော်)၏ မိဖုရားခေါင်ကြီးဘဝကို ရောက်ခဲ့သော နန်းမတော်မယ်နုသည် ဖလန်ခုန်ရွာတွင် စေတီနှစ်ဆူနှင့်အုတ်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သလို အင်းဝ၌လည်း အုတ်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထိုကျောင်းတော်ကြီး၏ အမည်မှာ "မဟာအောင်မြေဘုံစံကျောင်း" ပင်ဖြစ်သည်။

အုတ်သားများနှင့်ချည်း ဆောက် လုပ်ခဲ့သောကြောင့်လည်း နန်းမတော်မယ်နုအုတ်ကျောင်းဟု ခေါ်ဝေါ်ကြသည်။

မဟာအောင်မြေဘုံစံကျောင်းကြီးကို ခရစ်နှစ်(၁၈၂၈)ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ကျောင်းတော်ကြီးပြီးသောအခါ ညောင်ကန်ဆရာတော်ကြီးအား ရေစက်ချလှူဒါန်းခဲ့သည်။

ကျောင်းတော်ကြီး၏ ထူးခြားချက်မှာ မျက်နှာစာလေးဘက်တွင် အုတ်လှေကားများ တပ်ဆင်ထားသည်။

ပထမအဆင့် ပတ်လည်တွင် အုတ်စိန်တောင်များဖြင့် ကာရံထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမကြီးမှာ လည်ပေါ်နှစ်ဆင့်၊ အမိုးသုံးထပ်ဖြစ်ပြီး ဘုရားထောင့်မှာ ဘုံပြာသာဒ်(၇)ဆင့် တပ်ဆင်ထားသည်။

နန်းမတော်မယ်နု အုတ်ကျောင်းတော်ကြီးသည် ခရစ်နှစ်(၁၈၃၈)ခုနှစ်တွင် မြေငလျင်ဒဏ်ကြောင့် ပျက်စီးမှုများရှိခဲ့ရာ မင်းတုန်းမင်းလက်ထက် အလယ်နန်းမိဖုရား ဆင်ဖြူမရှင် (နန်းမတော်မယ်နု၏သမီးတော်) ထပ်မံပြုပြင်မွမ်းမံခဲ့လေသည်။

အင်းဝပျက်ခဲ့ပြီးနောက်တွင် ထိုကျောင်းတော်ကြီးတွင် သီတင်းသုံးနေထိုင်သော သံဃာတော်များမရှိတော့ပေ။ နှစ်ကြာသောအခါ ယောင်းနွမ်းပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့လေသည်။

(၁၉၄၀)ခုနှစ်သို့ရောက်သောအခါ အုတ်ကျောင်းတော်ကြီး၏သက်တမ်းမှာ နှစ်ပေါင်းတစ်ရာ ကျော်ခဲ့ပြီဖြစ်သည်။ နောက်ပိုင်း ခြောက်လှန့်နှောင့်ယှက်မှုများသောကြောင့် သံဃာတော်များ သတင်းသုံးနေနိုင်ခြင်း မရှိကြတော့ပေ။

နောက်ပိုင်း အင်းဝတွင် မြောက်ပိုင်းဘက်တွင် ဘုန်းတော်ကြီးများ သတင်းသုံးသောကျောင်းများ နည်းသွားပြီး အရှေ့ဘက်ပိုင်းမှာသာ ကျောင်းများဆောက်လုပ် သတင်းသုံးကြသည်။

သက္ကယ်ကျောင်း၊ နတ်စိမ်းကျောင်း၊ ကျော်ခေါင်စံထား၊ သိမ်တော်ကြီး၊ လေးထပ်ကြီး၊ ပုဂံကျောင်း၊ ရွှေကျောင်း၊ မောင်အိုတိုက်ကျောင်း၊ အလုံတိုက်ကျောင်း၊ တိုက်ကျောင်း၊ မြို့လှဝန်ကျောင်း စသောကျောင်းတိုက်များမှာ အင်းဝမြို့ အရှေ့ဘက်နေရာတစ်ဝိုက်တွင် အများအပြားရှိကြလေသည်။

အချို့နေရာများမှာလည်း စေတီပုထိုးနှင့် ကျောင်းတိုက်များ ရှိကြပေသေးသည်။





မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်းတွင် အင်းဝမှာ မြို့ဟောင်းဘဝသို့ ရောက်ခဲ့ရပြီး အဆောက်အအုံများမှာလည်း ပြုပြင်မည့်သူမရှိပဲ ပျက်စီးယိုယွင်းမှုများခဲ့လေသည်။

နန်းမတော်မယ်နုအုတ်ကျောင်းတော်ကြီးမှာလည်း နေထိုင်သတင်းသုံးမည့်ပုဂ္ဂိုလ် မရှိတော့သဖြင့် ပျက်စီးယိုးယွင်းမှုများ ဖြစ်ခဲ့လေသည်။ နောက်ပိုင်း အခြောက်အလှန့်များသောကြောင့် အကြောင်းကိစ္စမရှိဘဲ မသွားမလာကြတော့ပေ။

ယခုအခါမှာတော့ နိုင်ငံခြားသားခရီးသွားများ သွားရောက်လေ့လာသော နေရာတစ်ခုအဖြစ်ရှိနေသောကြောင့် နေ့စဉ်အသွားအလာအဝင်အထွက် ရှိသောနေရာတစ်ခု ဖြစ်နေသော်လည်း (၁၉၄၀)ခုနှစ် ပတ်ဝန်းကျင်တစ်ဝိုက်ကတော့ ယခုအခြေအနေမျိုး မဟုတ်ပေ။

ကမ္ဘာစစ်မီးများက မြန်မာနိုင်ငံကိုပါ ကူးစက်လောင်ကျွမ်းလာသောကြောင့် တိုင်းပြည်အခြေအနေမှာလည်း မငြိမ်မသက်ဖြစ်နေလေသည်။

ထိုအချိန်ကာလတို့တွင် ရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ပုထိုးတို့မှာ ပြုပြင်မည့်သူမရှိသဖြင့် ပျက်စီးယိုယွင်းမှုများ ရှိခဲ့လေသည်။

ထိုအထဲတွင် မယ်နုအုတ်ကျောင်းတော်ကြီးလည်း တစ်ခုအပါအဝင် ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့စွန်ဘက်၌ ရှိသည်ကတစ်ကြောင်း၊ လူသူအသွား အလာမရှိသလောက် နည်းပါးသည်ကတစ်ကြောင်းကြောင့် ကြောက်စရာကောင်းသော နေရာတစ်ခုအဖြစ်သာ ရှိခဲ့လေသည်။ ခြောက်လှန့်မှုများသဖြင့် ဒေသခံများပင် နေဝင်ရီတရော အချိန်ရောက်လာလျှင် ထိုအုတ်ကျောင်းကြီးအနီးသို့ မသွား မလာဝံ့ကြတော့ပေ။

ရှေးအခါက(ယခုဇာတ်လမ်းဖြစ်ခဲ့သော '၁၉၄၀' ခုနှစ် အချိန်ဝန်းကျင်က) ညဉ့်အခါတွင် တစ်ဦးတည်း နှစ်ဦးတည်း မသွားမလာဝံ့သော နေရာအချို့ရှိခဲ့သည်။

ထိုအထဲတွင် နာမည်ကြီးလှသော နေရာနှစ်ခုမှာ မယ်နု အုတ်ကျောင်းနှင့် လေးထပ်ကြီးဘုရားတို့ပင်ဖြစ်သည်။

အချို့ပရလောကကို မယုံကြည်သူများလည်း ရှိကြသည်။ အချို့လည်း မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲ၍သော်လည်းကောင်း. . မိမိ၌ရှိသော အဆောင်လက်ဖွဲ့တို့ကို အားကိုးယုံကြည်မှုရှိ၍သော်လည်းကောင်း မထေမဲ့မြင်ပြုကြသူများရှိသည်။

"လေးထပ်ကြီးဘုရားမှာ တစ်ယောက်တည်း ညလုံးပေါက်အောင်နေရင် ကြိုက်တာအဝကျွေးပြီး ပုဆိုးတစ်ထည်ပေးမယ်"

ဟု စိမ်ခေါ်သူကစိမ်ခေါ်လျှင် ထိုသူတို့က အများရှေ့တွင် သတ္တိကောင်းကြောင်းပြလိုသဖြင့် လက်ခံပြီးတစ်ယောက်တည်းသွားနေသည်။

အချို့လည်း သန်းခေါင်မတိုင်ခင်မှာပင် ပြန်ထွက်ပြေးကြရသည်။

အချို့မှာ မနက်လင်းသော်လည်း ဘုရားဝန်းထဲမှ ပြန်မထွက်လာသောကြောင့် ဝင်ကြည့်သောအခါမှ ရုပ်ပျက်ဆင်းပျက်သေဆုံးနေသည်ကို တွေ့ကြရသည်။

တချို့လည်း အသက်မသေသော်မှ စိတ်မမှန်တော့သလို ရူးကြောင်ကြောင် ဖြစ်သွားကြသည်။

ထိုနေရာများမှာ သာမန်အနေမျိုးတွင် ထိုမျှလောက်မကြမ်းသော်လည်း မယုံကြည်သောကြောင့် အလောင်းကစားလုပ်ပြီးမှ သွားရောက်အိပ်လျှင်တော့ နည်းအမျိုးမျိုးဖြင့် မခံနိုင်အောင် ခြောက်လှန့်ကြသဖြင့် အသက်သေရသည်အထိ ဖြစ်ကြခြင်းဖြစ်သည်။

တစ်ခါက အင်းဝမြောက်ပြင်ဘက်မှာနေကြသော ထန်းရည်သမား သုံးယောက်တို့သည် ထန်းရည်သောက်ရင်းမှပင် မူးလာတော့ အလောင်းအစားလုပ်ကြသည်။

"ငါတို့သုံးယောက်ထဲမှာ ဘယ်သူသတ္တိအကောင်းဆုံးလဲ၊ သွေးအရှိဆုံးလဲဆိုတာ ရွေးကြရအောင်"

"ဘယ်လိုရွေးမှာလဲ လူသတ်ရမှာလား၊ ဓားပြတိုက်ရမှာလား"

"ဒီလိုလုပ်တာက သတ္တိကောင်းတာမဟုတ်ဘူး၊ မိုက်တာ၊ ငါပြောတဲ့နည်းက သတ္တိကောင်းတဲ့သူတွေမှ လုပ်ဝံ့ကြတာ"

"ဘယ်လိုလုပ်မှာလဲ"

"မင်းတို့နှစ်ယောက်ထဲက ဘယ်သူသတ္တိပိုရှိသလဲ၊ သတ္တိ







www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့သူက လကွယ်ညမှာ မယ်နုအုတ်ကျောင်းထဲမှာ တစ်ည လုံးသွားနေရမယ်၊ မနက်လင်းလို့ ဘာမှမဖြစ်ပဲ ပြန်ထွက်လာရင် နိုင်ပြီ”

“နိုင်ရင်ဘာပေးမလဲ”

“ငါ့အိမ်မှာ ဆိတ်တွေမွေးထားတာရှိတယ်၊ ဆိတ်တစ် ကောင်ပေးမယ်”

“တကယ်လို့ မလုပ်နိုင်ရင်ကော”

“ကျန်တဲ့နှစ်ယောက်ကို တစ်ပတ်လုံးကြက်ကြော်နဲ့ ထန်းရည်တိုက်ရမယ်၊ ဘယ်လိုလဲ. .”

“ဘာမှမလုပ်ရပဲ တစ်ညအိပ်ရုံနဲ့ ဆိတ်တစ်ကောင် အ လကားရမှာဆိုတော့ စိတ်ဝင်စားစရာပဲ၊ ငါသွားအိပ်မယ်”

ထိုသို့ပြောသူမှာ သာဒင်ဖြစ်သည်။ သာဒင်က ထိုအရပ် သား မဟုတ်ပေ။ အခြားနေရာမှ လာရောက်နေထိုင်သူဖြစ် သည်။

“မင်းတကယ်အိပ်မှာလား”

“တကယ်အိပ်မှာ. .၊ ပြန်ထွက်လာရင်သာ ဆိတ်တစ် ကောင်ပေးဖို့ မငြင်းနဲ့၊ ငြင်းရင်ငါက သည်းခံမှာမဟုတ်ဘူး”

“မငြင်းပါဘူးကွာ၊ မင်းပြန်ထွက်လာတာနဲ့ ဆိတ်တစ် ကောင်ပေးဖို့ အဆင်သင့်ပြင်ထားပါ့မယ်၊ တစ်ခုတော့ရှိတယ် နော်၊ အလောင်းအစားလုပ်တယ်ဆိုတာ နှစ်ဦးသဘောတူ ကိုယ့် သဘောနဲ့ကိုယ်လုပ်ကြတာ ကိုယ်ဖြစ်ကိုယ်ခံပဲ တစ်ခုခုဖြစ်ခဲ့ရင် ဘယ်သူ့မှာမှ အပြစ်မရှိဘူး၊ မလုပ်ခင်ကစဉ်းစား. .”





“အို ဘာမှစဉ်းစားမနေပါဘူးကွာ၊ သေတော့လည်းသေ ပေ့ါ၊ ငါသေရင် အမွေအတန်းတောင်မဝေနဲ့၊ အဲဒီမှာပဲ သရဲဘဝ နဲ့ ဆက်နေသွားလိုက်မယ်”

“အပြောကြီးလှချည်လား၊ မယ်နုအုတ်ကျောင်းမှာရှိတဲ့ ပရလောကသားတွေ ဘယ်လောက်ကြမ်းတယ်ဆိုတာ နည်း နည်းလေးမှ မသိသေးဘူးထင်တယ်”

တစ်ယောက်က ပြောလိုက်သည်။

ထိုအခါသာဒင် ခပ်ကြွားကြွားလေသံဖြင့် ပြန်ပြော လိုက်သည်။

“ငါက အောက်ဘက်မှာနေတဲ့ အချိန်တုန်းက အင်းထဲ မှာ ငါးရှာသွားရင် သရဲနဲ့တောင် နပန်းလုံးခဲ့တဲ့ကောင်ပါကွာ၊ မင်းမယုံရင် စောင့်သာကြည့်နေ၊ နောက်တစ်နေ့မနက် ငါပြန် ထွက်လာတော့သာ ဆိတ်တစ်ကောင်ပေးဖို့ အဆင်သင့်ပြင်ထား ပေတော့ ”

ဟု ပြောဆိုကာ လကွယ်နေ့ ညအချိန်ရောက်သောအ ခါ မယ်နုအုတ်ကျောင်းရှိရာသို့ သွားကြလေသည်။

ညအချိန်တွင် ကျန်နှစ်ယောက်က အပြင်မှာကျန်နေခဲ့ ကြပြီး သာဒင်တစ်ယောက်တည်း အုတ်ကျောင်းအတွင်းသို့ ဝင် သွားလေသည်။

လကွယ်ရက်ဖြစ်သောကြောင့် မိုးချုပ်သည်နှင့် အမှောင် ရိပ်များက လွှမ်းခြုံလာလေတော့သည်။ သာဒင်က ညဦးပိုင်းကတ တည်းက အရက်မူးအောင်သောက်ထားပြီး အတွင်းသို့ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဓားမြှောင်တစ်လက်ကို ခါးမှာထိုးယူသွားလေသည်။

တကယ်တော့သာဒင်မှာ အုတ်ကျောင်းအပြင်ဘက်မှသာ ဖြတ်သွားဖြတ်လာလုပ်ဖူးသော်လည်း အတွင်းသို့ မဝင်ဖူးသေးပေ။ ယခုအလောင်းအစားလုပ်ပြီးမှ ရောက်ဖူးခြင်းဖြစ်သည်။ ရောက်မယ့်ရောက်တော့လည်း ညအချိန်မတော်မှ ရောက်ရခြင်းဖြစ်သည်။

သူသည်ဝင်ပေါက်မှ အတွင်းသို့ဝင်သွားသောအခါ ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားလေသည်။

သာမန်မဟုတ်ဘဲ ရေခဲတုံးဖြင့် ကပ်လိုက်သကဲ့သို့ စိမ့်သွားခြင်း ဖြစ်လေသည်။

သို့ကြောင့် နောက်ဘက်သို့ လှည့်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

ထိုသို့မတွေ့ရသော်လည်း စိတ်ထဲမှာတော့ မိမိပတ်ဝန်းကျင် တစ်စုံတစ်ယောက်ရှိနေသည်ဟု စိတ်ထဲမှ ထင်နေသည်။

သို့သော်. . .

"အင်း. . ပြောမယ့်သာ ပြောရတယ်၊ ဒီကျောင်းကြီးက အတော်ကျယ်တာပဲ၊ အထဲမှာလည်း မဲမှောင်နေတာပဲ၊ ပြီးတော့ ဒီအထဲမှာ တစ်ခုခုတွေရှိနေသလိုပဲ၊ ဒါကြောင့် သူတို့မလာဝံ့ကြတာပဲ ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ငါကတော့ ပြန်ထွက်သွားလို့မဖြစ်ဘူး ပြန်ထွက်သွားရင် ဟိုနှစ်ယောက်ကို ထန်းရည်တိုက်ရမယ့်အပြင် ပြောထားတဲ့စကားတွေလည်း အလကားဖြစ်သွားလိမ့်မယ်၊ ဒီတော့တစ်ညလုံး ဘာကောင်တွေပဲလာလာ မိုးလင်း





တဲ့အထိတော့ နေရမှာပဲ"

ဟု စိတ်ကိုဆုံးဖြတ်ပြီး ပုဆိုးတစ်ထည်ကို ခေါင်းမြီးခြုံကာ အိပ်မည်ဟုပြင်သည်။

အပြင်ဘက် မနီးမဝေးနေရာမှာ စောင့်ကြည့်နေကြသော အဖော်နှစ်ယောက်ကလည်း ဘယ်အချိန်မှာ ဘာသံကြားရမလဲဟု နားစွင့်နေကြလေသည်။

သန်းခေါင်ယံအချိန်ရောက်တော့ အုတ်ကျောင်းဘက်မှ ဆူဆူဝါးဝါး အော်သံကြားကြရသည်။ သို့သော် မသွားဝံ့ကြသဖြင့် ဒီအတိုင်းပင်နေကြလေသည်။ နောက်တော့ ဘာမှထပ်မကြားရတော့ပေ။

မနက်မိုးလင်းတော့ သာဒင်တစ်ယောက်ပြန်မထွက်လာတော့မှ ဝင်ကြည့်သောအခါ ဇက်ကျိုးပြီး ခွေခွေကလေးဆုံးနေသည်ကို တွေ့ကြရသည်။

မတတ်နိုင်တော့ပေ။

သို့သော် နောက်ပိုင်းရက်များတွင် မှောင်စပျိုးသောအချိန်ရောက်သည်နှင့် အုတ်ကျောင်းအတွင်းမှ ပုဆိုးခြုံကာ ထွက်ထွက်လာသော သာဒင်ကိုတွေ့ကြရသဖြင့် မသွားဝံ့မလာဝံ့ ဖြစ်ကြရလေသည်။

သာဒင်ကတော့ သူပြောသွားခဲ့သည့်အတိုင်း မယ်နုအုတ်ကျောင်းအတွင်းမှာ သရဲဘဝနှင့်ရှိနေသလားတော့ မပြောတတ်ပါချေ။

တစ်နေ့တော့ နေဝင်ရီတရောအချိန်ရောက်မှ ထို



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ လူသုံးယောက်တို့ ရောက်လာကြလေသည်။

ဎင်းတို့ သုံးယောက်သည် မြင်းလှည်းတစ်စင်းကိုငှားပြီး လာကြခြင်းဖြစ်ပြီး နေဝင်ရီတရောအချိန်ကျမှ ရောက်လာကြခြင်းဖြစ်သည်။

အခြားတော့ မဟုတ်ပေ။

ဆရာ ဇာဂရနှင့် တပည့်များ ဖြစ်ကြသည့် သံပချိုင်နှင့် ညိုထွန်းတို့ သုံးယောက်ဖြစ်သည်။

"ဒီညတော့ ငါတို့သုံးယောက်၊ ဒီအုတ်ကျောင်းထဲမှာ တည်းကြမယ်"

"ဖြစ်ပါ့မလား ဆရာကြီး၊ ဒီအုတ်ကျောင်းက အတော် ကလေးနာမည်ကြီးတယ်လို့ ပြောသံကြားတယ်"

"ဘယ်လိုနာမည်ကြီးတာလဲ"

"အစောင့်အရှောက်တွေ ကြမ်းတာလို့ပြောတယ်"

"မင်းတို့က ကြောက်လို့လား"

"ကြောက်တော့ မကြောက်ပါဘူး"

"ငါ့နာမည်က ဇာဂရတဲ့၊ နာမည်ကြီးလှတယ်ဆိုတဲ့နေ ရာတွေ ရောက်ခဲ့ဖူးပေါင်းများလှပြီ ဘယ်နေရာမှ လက်လျှော့ ပေးခဲ့ရတာ မရှိသေးဘူး"

"ဟုတ်ပါပြီ၊ ကျွန်တော်တို့ကတော့ ဆရာကြီးအကြောင်း ကို သိပါတယ်၊ ဒါထက် တခြားနေရာတွေမှာမတည်းဘဲ ဒီအုတ် ကျောင်းထဲမှာမှ ဘာကြောင့်လာတည်းတာလဲ"

ညိုထွန်းကမေးလိုက်သည်။





"ဒါကအကြောင်းရှိတယ် တခြားနေရာတွေမှာတည်း တော့ မလွတ်လပ်ဘူး၊ ငါတို့အကြောင်းတွေသိသွားရင် လုပ်ရ ကိုင်ရတာခက်တယ်၊ ဒီမှာလာတည်းတော့ ဘယ်သူမှမသိတော့ ဘူး၊ နောက်ထပ်တစ်ခုက ဘယ်သူမှမလာဝံ့တဲ့ နေရာမှာလာနေ တော့ ဘယ်သူမှမသိတော့ဘူးပေါ့"

"ဒါတော့ ဟုတ်ပါတယ်"

"နောက်တစ်ခုက ငါ့မှာအကြံအစည်တစ်ခုရှိတယ်၊ ဒီမှာ ရှိတဲ့ အစောင့်တွေကိုခေါ်မေးရင် ငါသိချင်တာတွေ သိရနိုင်တာ ပေါ့"

ထိုသို့ပြောပြတော့မှ နောက်မှပါလာသော တပည့်နှစ် ယောက်လည်း ထပ်မမေးကြတော့ပေ။

ညအချိန်ရောက်တော့ ဆရာကြီးက သင့်တော်သောနေ ရာတစ်နေရာ ရွေးချယ်ပြီး စည်းအကာအရံများ တားဆီးလေ သည်။ ဎင်းတို့နေရာယူသော နေရာမှာ ဘုရားခန်းမဆောင်နှင့် နီးသောနေရာဖြစ်သည်။

"မင်းတို့ ဒီစည်းအတွင်းမှာပဲနေကြ ဘယ်လိုအကြောင်း နဲ့မှ အပြင်မထွက်မိကြစေနဲ့"

ဟုလည်း မှာထားလေသည်။

ညဥ့်နက်ပိုင်းရောက်တော့ ပုတီးစိပ်ပြီး ဂါထာမန္တန်များ ရွတ်ဆိုနေစဥ် သရဲသဘက်များ မကြာခဏ ရောက်လာကြလေ သည်။

သို့သော် စည်းအတွင်းသို့ မဝင်နိုင်ဘဲ အပြင်ဘက်မှသာ



www.burmeseclassic.com

www.burmeseclassic.com

ခြောက်လှန့်ကြသည်။

ထိုသို့ရောက်လာသော ပရလောကသားများကို သူသိလိုသောအကြောင်းများ မေးသောအခါ မပြောကြပေ။

သန်းခေါင်ယံအချိန်ရောက်တော့ တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးလွှမ်းလျက် ကြောက်စရာပုံပန်းသဏ္ဌာန်ရှိသော ဘီလူးမျက်နှာနှင့် ပရလောကသားတစ်ကောင် ရောက်လာပြီး လက်ဟန်ခြေဟန်နှင့် အပြင်ပြန်ထွက်ရန်လာပြောသည်။

ဆရာကြီးက သူသိလိုသော သိုက်များအကြောင်းကို မေးသော်လည်း ထိုအကြောင်းကိုတော့မပြောပေ။

အပြင်ပြန်ထွက်သွားရန်သာ လက်ဟန်ခြေဟန်ဖြင့်ပြောသည်။ ပြောမရသောအခါ စည်းကိုဖျက်ပြီး အတွင်းဝင်လာရန် ကြိုးစားလေသည်။

ဆရာကြီးကိုယ်တိုင် ထိုအခြေအနေကိုမြင်တော့ မျက်စိမျက်နှာပျက်သွားလေသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ. . အမျိုးသမီးတစ်ယောက်အသံ ပေါ်ထွက်လာသည်။

ထိုအသံကြားတော့မှ စည်းအတွင်းသို့ ဝင်လာရန် ကြိုးစားနေသော ဘီလူးမှာ မကျေမနပ်ဖြင့် ပြန်လှည့်သွားလေတော့သည်။ ခဏကြာတော့ အမှောင်ရိပ်ထဲမှာ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

အသက်(၃၀)ကျော်ခန့်ရှိပြီး ရှေးခေတ်နန်းတွင်းသူများ ဝတ်ဆင်ထားသော အဝတ်အစားများ ဝတ်ဆင်ထားသည်။





ထိုအမျိုးသမီးက. . မနီးမဝေးနေရာရောက်အောင် လျှောက်လာလေသည်။

“နင် ဘယ်သူလဲ”

“ငါက ဒီကျောင်းကို စောင့်ရှောက်နေတဲ့သူပဲ”

“ဒီလိုဆိုရင် ငါသိချင်တာတွေမေးမယ် ပြောမှာလား”

“ဘာမေးမှာလဲ”

“အင်းဝမှာ အဓိကရသိုက်တွေရှိတယ်၊ ဘောဂဗလသိုက်နဲ့ ကညာစင်သိုက် ဘယ်နေရာမှာရှိသလဲ”

“ငါမပြောနိုင်ဘူး၊ နင်သိုက်ဆရာဆိုရင် နင့်အစွမ်းအစနဲ့ တွေ့အောင်ရှာပေါ့ ”

“အောင်မာ ငါလိုဆရာကြီးကိုများ မလေးမခံ့ပြောဝံ့သေးတယ် ဒုက္ခရောက်သွားချင်သလား”

ဇာဂရက ထိုသို့ကြိမ်းမောင်းပြောဆိုသောအခါ. . ထိုအမျိုးသမီးက ကြောက်ရွံ့သောအမူအရာ မရှိသည့်အပြင် ရယ်နေသည်။

“နင်က ကိုယ့်ကိုယ်ကို အတော်အထင်ကြီးတာပဲ၊ နင့်ပညာလောက်နဲ့ ငါကိုမပြောနဲ့၊ သိုက်စောင့်တွေကိုတောင် တားလို့မရနိုင်ဘူး. . သိရဲ့လား”

“သိုက်စောင့်တွေက ငါ့စည်းနားတောင် ကပ်နိုင်ကြလို့လား”

“နင်တားထားတဲ့စည်းကြောင့် မဟုတ်ဘူး၊ နောက်ဘက်ကိုလှည့်ကြည့်လိုက်စမ်း”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောသဖြင့် ဇာဂရအပါအဝင် သုံးယောက်စလုံး နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။

သူတို့ရောက်နေသောနေရာမှာ ဘုရားခန်းအတွင်းဖြစ်ပြီး. . နောက်ဘက်ပလ္လင်ပေါ်မှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဝိုးတဝါးတွေ့ကြရသည်။

"တွေ့ပြီလား၊ သိုက်စောင့်တွေ အနားမကပ်တာ နှင့် အစွမ်းကြောင့် မဟုတ်ဘူး၊ နောက်မှာ ဗုဒ္ဓရုပ်ပွားတော်ရှိနေလို့ မလာဝံ့တာ၊ ဒါကြောင့် ကံကောင်းသွားတယ်မှတ်ပါ၊ တခြားနေရာမှာသာနေရင် သေတာကြာလှပြီ"

ဟုပြောကာ အမှောင်ရိပ်တွင်းသို့ ပြန်ဝင်သွားလေတော့သည်။ ထိုစကားကြားတော့မှ ဇာဂရမှာ ဘာမှမပြောသာတော့ဘဲ ငြိမ်ကျသွားလေသည်။

သို့သော် စိတ်ထဲမှာတော့ တုန်လှုပ်နေလေသည်။

သူသည် နေရာအနှံ့သွားလာနေသော်လည်း ထိုကဲ့သို့သော အဖြစ်အပျက်မျိုးနှင့် မတွေ့ခဲ့ရဘူးသေးပေ။

သူတူးဖော်ခဲ့သော သိုက်များကလည်း သာမန်ဥစ္စာသိုက်ကလေးများသာ ဖြစ်သည်။

ယခုတော့ အဓိကရနေရာ။

အထိကရသိုက်များနှင့် တွေ့ရပေတော့မည်။





# အခန်း [၁၃]

# ရွှေပုရပိုက်ပေါ်မှ ငွေယားမှတ်တမ်းများ

ဆရာကြီးဦးဗန်ကောင်းမှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး နယ်လှည့်အဓိဋ္ဌာန်ဝင်နေသူဖြစ်သည်။

သူသည် ဘလဲ့ဘရပ်တွင် နေသူဖြစ်ပြီး ရောဂါဖြစ်သူများကိုလည်း ဆေးကုသပေးသည်။

သာမန်ရောဂါများအပြင် ပယောဂနှင့်သက်ဆိုင်သောရောဂါများကို ကုပေးရာတွင် နာမည်ကြီးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စုန်းစွဲ၊ နတ်စွဲ၊ ရွာသူအစွဲ၊ သိုက်စွဲများကိုချွတ်ရာတွင် ကျွမ်းကျင်လိမ္မာသော ဆရာကြီးဖြစ်သည်။

အင်းဝမှာရှိသော အဓိကရသိုက်ကြီးများထဲသို့လည်း သူရောက်ဖူးလေသည်။

သိုက်များအတွင်းသို့ ရောက်ဖူးသည်ဆိုရာတွင် ဥစ္စာပစ္စည်းများ လိုချင်သောကြောင့် သွားရောက်ခြင်းမဟုတ်ပေ။

ဦးဗန်ကောင်းထံတွင် သိုက်များကို တွေ့မြင်ရသော ဂါထာ၊ သိုက်စောင့်များကို တွေ့မြင်ခွင့်ရသောဂါထာ၊ သိုက်စောင့်များက ချစ်ခင်နှစ်သက်သောဂါထာ၊ သိုက်အတွင်းသို့ ဝင်ရောက်ခွင့်ရသော ဂါထာများရှိသည်။

သူဝင်လိုသော သိုက်များအတွင်းသို့ ထိုကဲ့သို့သော ဂါထာမန္တန်များ အသုံးပြုကာ ဝင်ရောက်လေသည်။

သူဝင်ရောက်သောအခါမှာလည်း သိုက်စောင့်များက ဧည့်သည်တစ်ယောက်ကို ပျူပျူငှာငှာ ကြိုဆိုလက်ခံသကဲ့သို့ ဧည့်ခံကျွေးမွေးကြသည်။

ထိုသို့ဝင်ရောက်ရာမှာလည်း မိမိဘက်မှ လိုက်နာရသော စည်းကမ်းချက်အတော်များများရှိသည်။

ထိုစည်းကမ်းချက်တို့ကို မကျိုးမပျက်ရပေ။

ဥပမာ. . . သိုက်အတွင်းရောက်လျှင် ချောမောလှပသော မိန်းမပျိုများတွေ့ပါက စိတ်နှင့်ပင် မပစ်မှားရပေ။

အကယ်၍ တစ်စုံတစ်ခုကိုစိတ်ဖြင့် ပစ်မှားလျှင်ပင် စည်းပေါက်ရာရောက်လေသည်။





တစ်ခါတစ်ရံ သိုက်စောင့်များက သီလနှင့်သစ္စာကို စမ်းလေ့ရှိသည်။

ဒါကိုလည်း သိထားရပြီး ရှောင်ကြဉ်ရသည်။ သို့မှသာ နောက်တစ်ချိန် ထပ်မံဝင်လိုလျှင် အချိန်မရွေး ဝင်ခွင့်ရမည်ဖြစ်ပေမည်။

ဦးဗန်ကောင်းအတွက်တော့ ရွှေငွေမလိုတော့ပေ။

သိုက်များအတွင်းဝင်ရောက်ခြင်းမှာ ပညာရပ်များအလိုရှိသောကြောင့် ဖြစ်သည်။

ဗျာဒိတ်တော်သိုက်၊ ဘုရားသိုက်၊ သိကြားသိုက်၊ ဇာဂရုသိုက်၊ နတ်စက်ရောင်သိုက်၊ ဂဝံပတေ့သိုက်၊ ငမှန်ကန်းသိုက်၊ ရွှေတိဂုံသိုက်၊ အင်းဝသိုက်ဟူ၍ သိုက်စာများရှိကြသည်။

ထိုသိုက်စာများမှာ သာမန်ဥစ္စာသိုက်များနှင့် မတူကြပေ။

ဘောဂဗလသိုက်နှင့် ကညာစင်သိုက်တို့မှာ ဥစ္စာသိုက်များ ဖြစ်ကြသည်။ အချို့သိုက်များမှာ ပညာသိုက်များဖြစ်သည်။

ဖျာပုံမြို့၌ရှိသော ခရေပင်ဇောက်ထိုးသိုက်မှာ ပညာသိုက်ပင်ဖြစ်သည်။

ရှေးဆရာကြီးများ၊ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ကြီးများ၏ ထွက်ရပ်ပေါက်လမ်းစဉ်များ၊ ပညာရပ်များ၊ သိဒ္ဓိဝင်ပစ္စည်းများ သိုမှီထားသော သိုက်များမှာ 'ပညာသိုက်'များဟု ခေါ်ကြလေသည်။

ဦးဗန်ကောင်းက သိုက်များအတွင်းသို့ ဝင်ရောက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဥစ္စာသိုက်များအတွင်းသို့ ဝင်လေ့မရှိပဲ အများအားဖြင့် တော့ ပညာသိုက်များအတွင်းသို့သာ ဝင်လေ့ရှိသည်။

အဘယ်ကြောင့်ဆိုသော် ထိုပညာရပ်များကို အလိုရှိသောကြောင့်ဖြစ်သည်။

အထက်၌ဖော်ပြခဲ့သော သိုက်စာများမှာ ဥစ္စာသိုက်များကို ညွှန်းဆိုခြင်းမဟုတ်ပဲ နေရာဒေသတစ်ခုအတွက် နှစ်ပေါင်းများစွာကတည်းက ထားခဲ့သော သိုက်စာများကိုသာ ညွှန်းဆိုခြင်းဖြစ်သည်။

အင်းဝသိုက်နှင့်ဆိုင်သော ရေးသားထားသော သိုက်စာများကိုဖော်ပြပါမည်။

အစိန္တေယျ သုံးလူ့ထွဋ်ဘုရားသခင်သည် အခါတပါး၌ ဒေသစာရီ ကြွတော်မူရာ ဧရာဝတီမြစ်၌ ရေစီးရေမော်တွင် အုန်းခက်ငယ်တစ်ခုသည် မစုန်မဆန် တန့်ရပ်နေသည်ကို မြင်တော်မူလျှင် " ထိုအုန်းခက်ငယ် တန့်ရပ်ရာအရပ်၌ ကျွန်းသောင်ပေါ်၍ ပျော်သွယ်သာလှ အင်းဝပြည်ကြီးဟု အမည်တွင်လိမ့်မည်" ဟု ဗျာဒိတ်ကြားတော်မူသည်။

"ဝှင်းအင်းဝပြည်၌ စည်ရှည်မပျက် မင်းဆက်မည်မျှရှိမည်နည်း" ဟု ညီတော်အာနန္ဒာ လျှောက်ထားသည့်အခါ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော် မိန့်ကြားချက်များကို ဖော်ပြပါမည်။

* သဇင်အုန်းခိုင်၊ ပွင့်ချင်းဆိုင်၊ နှိုင်းပြိုင်စံမရ၊ မင်းဆက်ကေန္တ၊ အညမည်၊ မခံသည်းညည်း၊ မျက်မာန်သည်း၊ ထီးကားမှိုသို့ပေါက်လတ္တံ့။

* အိမ်ကျိုအိမ်ကြား၊ လူအများလည်း၊ တရားငါ့နှယ် ဟောလတ္တံ့။

* မိစ္ဆာမတရား၊ မင်းအများလည်း၊ မုသားကွယ်ဝှက် ဆိုလတ္တံ့။

* ရဟန်းသံဃာ၊ ထိုအခါ၊ ညီညာအမှုထမ်းလတ္တံ့။

* ပြည်ရွာဘုရားဘုရင်းဖြစ်လတ္တံ့။

* ကျားကြီးလက်ထက်၊ အနောက်ဘက်မှာကူး၍ဘုရားတည်လတ္တံ့။

* စေတီကြီးကို၊ တည်ပြီးကာလ၊ မဏိပူရ၊ တရုတ်ကလျှင်၊ ဘုရားအသယ်၊ ကျွန်မငယ်ကို၊ ပရိယာယ်ဆောင်၊ ကညာယောင်ဖြင့်၊ ယုံအောင်ဆက်သလာလိမ့်မည်။

* ကညာတူနှီး၊ ကျွန်အရိုးကို၊ မုဆိုးနှစ်သက်ပါလိမ့်မည်။

* စကြာယောင် ပေါ်လိမ့်မည် ။

* ဆင်ဖြူရောက်လာလိမ့်မည်။

* စေတီကြီးကို အပြီးမသတ်၊ မုဆိုးသုညကပ်သို့ရောက်လိမ့်မည်။

* နောက်ဘက်ကာလ၌၊ မုဆိုးသားမြေးတို့ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်သတ်၍ သေလိမ့်မည်။

* မြို့အရှေ့တောင်၊ ညောင်ပင်ကြီးရင်း တပ်ရာနင်းသည်၊ ဆီးနှင်းတဝေဝေ၊ နွေသို့လည်းရောက်၊ နန်းသစ်ဆောက်သည်။ ကျော်ခြောက်မင်းများဆွေ၊ သောနှင့်သတ္တာ၊ နှစ်ဆိုင်လျှင်၊







www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်နားက နဂါးစွယ်ရောင်ပြလတ္တံ့ ။

* စွယ်ရောင်ဝန်းပတ်၊ နဂါးလွှတ်က၊ မွေဇာတ်စုပုံ၊ ရွှေတိဂုံကို၊ ဝန်းအုံကုလားရောက်လတ္တံ့။

* လူမျိုးစိတ်ကုန်၊ မြို့ရန်ကုန်က၊ လူပုံအညာဆန်လတ္တံ့။

* ငါးဝံမြစ်မ၊ ဟင်္သာတမှာ၊ တပ်မအလိုတည်လတ္တံ့။

* ခဲပေါင်မဲလောင် သာသည်ဟူ၍၊ လူဗိုလ်အများ ပျော်လတ္တံ့။

* သာသည်ဟူ၍ မယုံနှင့်။ ထူပါရုံတွင် ပုံကြလေ။

* သောနှင့်သတ္တ၊ ထိုကာလကို၊ လူလည်းလေးကွဲ ကွဲလိမ့်မည်။

* အရှေ့သို့ ကွဲသောသူတို့သည် ဓားပြဖြစ်လိမ့်မည်။

* တောင်သို့ ကွဲသောသူတို့သည် ကျွန်အရာဖြစ်လိမ့်မည်။

* အနောက်သို့ ကွဲသောသူတို့သည် သတ္တန္တရ ကပ်ရောက်၍ သေလိမ့်မည်။

* မြောက်သို့ကွဲသောသူတို့မှာကား အသက်ရှည်စွာ ချမ်းသာသဖြင့်နေလိုလျှင် ငါ၏ခြေတော်ရင်း အနောက်မြောက်၊ ကဿပအလောင်းတော်နေရာအနီးအပါးသို့ ချဉ်းကပ်ခိုကိုးမှ ချမ်းသာရလိမ့်မည်။

* နဝတိုင်လျှင် အရှေ့အရပ်က ကျွက်ဂယ်လောင်းသည် တသောင်းဗိုလ်ခြေမွှေလိမ့်မည်။

* အရှေ့တောင်က ၊ စကြာရှင်ပျံ၊ ရွှေနန်းစံလိမ့်မည်။





နန်းသက်ကား ခုနစ်လတည်း။

* အနောက်တောင်က၊ ဂဠုန်မင်းမြေး၊ ရွှေကျေးအညာဆန်လိမ့်မည်။

* မုဆိုးသားမြေးဟူသမျှ ပျက်စီးခြင်းသို့ရောက်လတ္တံ့။

* ထီးနန်းလည်းကျိုးလိမ့်မည်။

* ဂြိုဟ်ရှစ်လုံးလည်း သုံးလိမ့်မည်။

* သောကြာကြယ်ကြီး၊ လကိုခွင်းလိမ့်မည်။

* တော်သလင်းလ၌ တိမ်ညိုကို တာရာစားလိမ့်မည်။

* တော်လည်းလိမ့်မည်။

ထိုစဉ်က ဘုရားသခင် ဗျာဒိတ်ကြားတော်မူခဲ့သည်။

အထက်ပါ ဖော်ပြချက်များမှာ အင်းဝသိုက်တွင်ပါသော ရှေးစာများကို စကားပြေဖြင့် ပြန်လည်ဖော်ပြထားသော အချက်များပင်ဖြစ်ပေသည်။

တစ်နေ့တွင် ဦးဗန်ကောင်းနေသောအိမ်သို့ နီမောင်ရောက်လာလေသည်။

နီမောင်က ဦးဗန်ကောင်းနှင့် သိကျွမ်းခင်မင်နေသူဖြစ်သည်။ နီမောင်ရောက်လာသောအချိန်တွင် ဦးဗန်ကောင်းကလည်း နေအိမ်တွင်ရှိနေသောအချိန်နှင့် တိုက်ဆိုင်နေသောကြောင့် အဆင်သင့်ပင် တွေ့ရလေသည်။

"နီမောင်လာဟေ့ ဘယ်ကလာတာလဲ"

"ဆရာကြီးနဲ့တွေ့ချင်လို့ လာခဲ့တာပါပဲ"

"ငါကလည်း မင်းသတင်းတွေကြားလို့ မင်းနဲ့တွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



နေတာနဲ့ အတော်ပါပဲ၊ လာပေ့. . .”

နီမောင်က အိမ်ပေါ်တက်သွားပြီးနောက် အသင့်ပါလာသော ကွမ်းဆေးလက်ဖက်နှင့် အစားအသောက်တို့ကို ဦးဇန်ကောင်းအား ပေးလေသည်။

“ဆရာကြီးက ကျွန်တော်အကြောင်းတွေကို ဘာတွေများ ကြားထားလို့လဲ”

“မင်းကလည်းကွာ၊ အင်းဝမှာအတူတူနေကြတဲ့သူချင်းတွေပဲ၊ နောက်ပြီး အင်းဝဆိုတာ ဘယ်လောက်ကျယ်ဝန်းတာမှတ်လို့၊ တစ်ယောက်အကြောင်း တစ်ယောက်သိတာ သိပ်မဆန်းလှပါဘူး”

နီမောင်က ဘာမှမပြောတော့ပေ။

“ဒါ့အပြင် . . မင်းတစ်နေ့ကျရင် ငါ့ဆီလာမယ်ဆိုတာလည်း ကြိုသိထားပြီးသားပါ”

“ဟုတ်ပါတယ်၊ ကျွန်တော် ဟိုရက်ကတည်းက ဆရာကြီးဆီ လာချင်နေတာပါ၊ အလုပ်မအားလို့ မလာဖြစ်တာပါ”

“ကဲ . . ရောက်လာတုန်း မင်းကြုံတွေ့ခဲ့ရတဲ့အကြောင်းတွေ ပြည့်စုံအောင်ပြောပြပါဦး”

နီမောင်ကလည်း ဦးဒီပနှင့်တွေ့ခဲ့ရသည်မှစပြီး မြနှင်းဖြူတို့နှင့်တွေ့ခဲ့ရသည်အဆုံး ပြန်ပြောပြလိုက်လေသည်။ သူစကားဆုံးတော့ ဦးဇန်ကောင်းက ကွမ်းဝါးနေရာမှပြောသည်။

“(၃၁)ဘုံမှာရှိနေကြသမျှတော့ တစ်နေရာမဟုတ်တစ်နေရာ၊ တစ်ချိန်မဟုတ်တစ်ချိန်မှာ ဒီလိုပဲတွေ့ကြုံဆုံကြရတာ





ဆန်းတော့မဆန်းပါဘူး၊ သိုက်စောင့်တွေဆိုတာလည်း ဘဝခြားနေပေမယ့် လူလောကနဲ့တစ်ဆက်တည်းရှိနေတော့ တွေ့ကြုံဆုံကြရတာပါပဲ”

“ဟုတ်ကဲ့”

“ဒီလိုဆုံတွေ့ကြတာလည်း အကြောင်းမဲ့တွေ့ကြုံဆုံကြတာတော့မဟုတ်ဘူးကွ၊ အကြောင်းဆက် ပဋ္ဌာန်းဆက်ရှိမှ တွေ့ကြရတာ၊ ရှေးဘဝရဲ့အထုံအဆက်လို့ခေါ်တဲ့ ပဋ္ဌာန်းဆက်ကို လူတွေကမသိပေမယ့် ပရလောကသားတွေကတော့ သိကြတယ်၊ ဒါကြောင့် ဘဝဟောင်းက အဆက်ရှိတဲ့သူကို အကူအညီပေးသင့်တယ်ထင်ရင် သူတို့ကပဲစပြီး ဆက်သွယ်လာကြတာပဲ”

“ဟုတ်ကဲ့”

“မင်းအခုလာတာ ဘာအတွက်လာတာလဲ”

“ကျွန်တော်သိုက်ထဲကို သွားချင်တယ်၊ ဆရာကြီးအကူအညီပေးပါ”

“ငါက အကူအညီပေးလို့ ရပါတယ်၊ ဒါမျိုးကလူတိုင်းကို ကူညီပေးလို့မရပေမယ့် မင်းအကြောင်းကို ငါကသိထားပြီးသားဆိုတော့ ကူညီပေးနိုင်ပါတယ်”

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ ဝမ်းသာသွားလေသည်။

“ဘာတွေလိုက်နာရမလဲ ဆရာကြီး”

“သိုက်စောင့်တွေနဲ့တွေ့ဖို့ရယ်၊ သိုက်ထဲဝင်ခွင့်ရဖို့အတွက် သစ္စာဆိုရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသစ္စာမျိုးလဲ ဆရာကြီး"

"သိုက်ထဲမှာ ကိုယ်နဲ့ပတ်သက်တဲ့ သူကလွဲပြီး တခြားသူတွေကို စိတ်နဲ့မပစ်မှားရဘူး၊ သိုက်ထဲမှာရှိတဲ့ ရွှေငွေရတနာတွေကို လိုချင်တပ်မက်စိတ် မရှိရဘူး၊ ထိမ်းနိုင်ပဲ့မလား"

" ထိမ်းနိုင်ပါတယ် ဆရာကြီး "

" နောက်ပြီး ခုနှစ်ရက်ပြည့်အောင် သက်သတ်လွတ်စားပြီး ဥပုသ်စောင့်ရမယ်"

"ဥပုသ်စောင့်တာကတော့ ဟုတ်ပါပြီ၊ သက်သတ်လွတ်ဘာကြောင့်စားခိုင်းတာလဲ ဆရာကြီး"

"သက်သတ်လွတ်စားမှ သူတော်ကောင်းတွေနဲ့တွေ့ဖို့ ပိုပြီးလွယ်မှာပေ့ါ၊ မေတ္တာပွားများလို့လည်း ရမှာပေ့ါ၊ သက်သတ်လွတ်မစားရင် မိမိကိုယ်ကထွက်တဲ့ ကိုယ်အနံ့အသက်ကြောင့် သူတော်ကောင်းတွေက အကူအညီပေးဖို့ အနားလာချင်သော်လည်း လာလို့မရကြဘူးပေ့ါကွာ"

"သဘောပေါက်ပါပြီ ဆရာကြီး"

"သက်သတ်လွတ် မစားဘဲ မေတ္တာဘာဝနာပွားများရင်ကော မရဘူးလားလို့ မေးစရာရှိပါတယ်၊ ရတော့ရတာပေ့ါ၊ ဒါပေမယ့် ရသင့်သလောက် အပြည့်အဝမရဘူးလို့ ပြောရမှာပဲ"

"ကျွန်တော် ဆရာကြီးပြောတဲ့အတိုင်း သက်သတ်လွတ်စားပြီး ဥပုသ်စောင့်ပါ့မယ်"

"ငါက မင်းကို သိုက်စောင့်တွေမြင်ခွင့်ရတဲ့ဂါထာ၊ သိုက်ထဲဝင်ခွင့်ရစေတဲ့ဂါထာကို သင်ပေးရမှာဆိုတော့ ဒီရက်အတွင်း





ငါနဲ့လာနေပေ့ါ"

"ကောင်းပါပြီ ဆရာကြီး . . ကျွန်တော်လာနေပါ့မယ်"

ဟု ပြောဆိုပြီး မိဘများကိုခွင့်တောင်းပြီး . . ဆရာကြီးဦးဇန်ကောင်းထံတွင် လာရောက်နေထိုင်လေသည်။

မိဘများကလည်း ကောင်းသောကိစ္စပြုလုပ်ခြင်း ဖြစ်သောကြောင့် ကြည်ကြည်ဖြူဖြူနှင့်ပင် ခွင့်ပေးကြသည်။

ဦးဇန်ကောင်းနေအိမ်သို့ ရောက်သောအခါ သက်သတ်လွတ်စား၊ ဥပုသ်စောင့်ထိမ်းရင်းနှင့်ပင် ဆရာကြီးဦးဇန်ကောင်းစေခိုင်းသော မှတ်တမ်းများကို ကူးယူရေးသားခြင်းနှင့်အခြားအလုပ်တို့ကို လုပ်ကိုင်ပေးရလေသည်။

မှတ်တမ်းများမှာ ရွှေပြားချပ်များဖြင့် ပြုလုပ်ထားသောပုရပိုက်များပေါ်တွင် ရေးသားထားသော မှတ်တမ်းများပင်ဖြစ်သည်။

ရေးထားသောစာများမှာ သက္ကတဘာသာဖြင့် ရေးသားထားခြင်းဖြစ်ပြီး ဦးဇန်ကောင်းကဖတ်ပြီး အဓိပ္ပာယ်ပြောပြသည်။ နီမောင်က စာအုပ်များထဲတွင် မြန်မာဘာသာဖြင့် လိုက်လံရေးမှတ်ပေးရခြင်းဖြစ်သည်။

ရွှေပုရပိုက်တွင် ရေးသားထားသော အကြောင်းအရာများမှာ အခြားမဟုတ်ပေ။

သိုက်များအတွင်းမှာသာ တွေ့နိုင်ရနိုင်သော 'ငွေယား' နှင့်ပတ်သက်သည့် အကြောင်းများပင်ဖြစ်ပေသည်။

ငွေယားနှင့် ပတ်သက်သည့်မှတ်တမ်းများ၊ ငွေယားကို



www.burmeseclassic.com

www.burmeseclassic.com



မယားအောင် ပြုလုပ်သောနည်းများ၊ ဆေးစီရင်ပုံများ၊ ဂါထာ မန္တန်များ၊ ငွေယားရှိသောနေရာများအကြောင်းကို ရေးသားထားသော မှတ်တမ်းများပင်ဖြစ်သည်။

ထိုအကြောင်းများကို ကူးယူရေးသားရသောအခါ. . နီမောင်မှာ များစွာစိတ်ဝင်စားလေသည်။

"ဆရာကြီး ဒီရွှေပုရပိုက်တွေက ဘယ်ကရခဲ့တာလဲ ဟင်"

"ငါပိုင်တာတော့ မဟုတ်ပါဘူးကွာ၊ သိုက်ထဲကနေ ခွင့်တောင်းပြီး ခဏယူလာခဲ့တာပါ"

"ဒီလိုယူရင်ကော ရနိုင်သလားဟင်"

"သစ္စာပြုပြီး ယူရတာပေါ့၊ သစ္စာတည်ကြည်ရင် ရပါတယ်၊ သစ္စာပျက်ရင်တော့ ဒုက္ခတွေ့မှာပေါ့"

"စိတ်ဝင်စားစရာပဲ"

"မင်းလည်းအသက်အရွယ် ငယ်သေးတာပဲ၊ ဒီအကြောင်းတွေကို တွေ့ရကြုံရဖို့မလွယ်ဘူး၊ ဒီတော့ အခုလို ကြုံကြိုက်တုန်း လေ့လာမှတ်သားထားပေါ့ကွာ"

နီမောင် ကူးယူရေးသားပေးရသော မှတ်တမ်းများမှာ အောက်ပါအတိုင်းပင် ဖြစ်ပေသည်။

ရှေးအခါက ရသေ့ဇော်ဂျီတို့ စီရင်၍ထားခဲ့သော ငွေယားအကြောင်းကို ဖော်ပြပါမည်။

ငွေယား၊ ဆေးယား၊ အင်းယား၊ သစ္စာယား၊ ဒေဝယား စသောအားဖြင့် (၂၄)မျိုး ရှိပေသည်။





ထိုအယားဟူသမျှသည် စောင့်စေသော နတ်၏အာနုဘော်ကြောင့်ဖြစ်သည်။

ထိုနတ်တို့ကို ညှဉ်းဆဲရန်စီရင်သော နည်းမျိုးဖြစ်သည်။

ငွေယားသတ်နည်းကို ပြဆိုသောကျမ်းသည် အာထဗ္ဗဏ ဗေဒင်စစ်စစ်ဖြစ်သည်။

သို့ဖြစ်၍ ငွေယားသတ်သော ဘုမ္မိရတ်ကျမ်းသည် အာထဗ္ဗဏဗေဒင်မှ ထွက်သည်။

ရှေးကျမ်းဂန်များတွင် ဖော်ပြထားသည် ငွေယား(၂၄) မျိုး စီရင်ဟန်ကို ဖော်ပြပါမည်။

သာသနရသေ့ထားသော ငွေယားကား. . ကျောတွင်သော်လည်းကောင်း၊ ဝမ်းတွင်သော်လည်းကောင်း 'ဃ'ကြီး အက္ခရာ၊ 'လ' အက္ခရာ၊ 'က' ကြီးအက္ခရာ တစ်ခုခုရှိ၏။

အချိန်(၂၀)သို့မဟုတ်(၃၀)ရှိ၏။ မည်သည့်ကာလမဆို ငွေကိုကိုင်လျှင် ယား၏။ ထိုငွေကိုယူလိုပါက ဇီးဖြူ ရှစ်ရွားထင်းနှင့် မီးတိုက်ပါက အယားပျောက်သဖြင့် ယူ၍ရသည်။

တပ္ပရသေ့ ငွေယားကား ကျောပေါ်တွင် 'တံဆိပ်နှစ်ချက်' ရှိ၏။ အချိန်(၃၀)သို့မဟုတ်(၄၀)ရှိ၏။ ကိုင်ရုံနှင့်မယားပေ။ အခါသင့်သော် နှစ်ရာတွင်းခန့်ယူ၍ပါ၏။ သတ်လိုသော် သဖန်းခါး၊ ဇီးဖြူ ရှစ်ရွား၊ သံပုရာ ထင်းနှင့်မီးတိုက်၍ ယူရသည်။

နာဂီသက္ခရသေ့ ငွေယားကား ကျောတွင် 'သ'အက္ခရာ သုံးလုံးရှိ၏။ အချိန်တစ်ဆယ့်ငါးကျပ်ရှိ၏။ အချိန်သင့်သော် တစ်ဂါဝုတ်ယူ၍ပါ၏။ သတ်လိုသော် မြင်းမုတ်၊ နွားမုတ်နှင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



၍ယူရ၏။

သုရိုဇနရသေ့ ငွေယားကား ကျောပေါ်တွင် 'က'ကြ အက္ခရာရှိ၏။ အချိန်ကား တစ်ခုလျှင် ငါးဆယ့်ငါးကျပ်ရှိ၏၊ အချိန်အခါသင့်သောအခါ တစ်တိုင်ယူ၍ပါ၏။ အယားသတ် ဆေးမှာ ဧကရာဇ်တောင်လုံးကျော်၊ ခွေးနို့၊ နွားနို့ရေနှင့်ချက်ကာ ရေတံလျှောက်သွယ်၍ လောင်းပါက အယားပျောက်၍သေ၏။

စိတြရသေ့ ငွေယားကား ကျောပေါ်တွင် သုဝဏ္ဏတံ ဆိပ် ခုနစ်ခုရှိ၏။ အချိန်ကား တစ်ပိဿာလည်းကောင်း၊ သုံး ပိဿာလည်းကောင်းရှိ၏။ သင့်သောအခါ၌ နှစ်ယူဇနာယူ၍ ပါ၏။ အယားပျောက်ဆေးမှာ ပဥ္စပတ္တကို သူရာရည်နှင့်ဖျော်၍ တစ်ခါကြို၊ သုံးခါဖုတ်ပါကသေ၏။

က္ကသိန္ဒ ငွေယားကား ကျောပေါ်တွင် 'လ' သုံးလုံးရှိ၏။ ထိုငွေယားကို ကိုင်ရုံ၊ ယူရုံနှင့်မယားပေ။ သုံးစွဲစားသုံးမှ ယား၏။ အချိန်ကားမညီ။ သင့်သောအခါ၌ ခြောက်ယူဇနာယူ၍ပါ၏။ အယားပျောက်ဆေးမှာ ပဥ္စပတ္တကို အရက်နှင့်ကြို၍ သွန်း လောင်းပါကသေ၏။

ဇသန ငွေယားကား ကျောပေါ်က 'တံ' ဟူ၍ သုံးချက် ရှိ၏။ ထိုငွေယားသည် လွန်စွာမယားပေ။ အချိန်တစ်ဆယ့်ငါး ကျပ်ရှိ၏။ ထိုငွေယားကို သုံးစွဲစားသုံးပါမှယား၏။ သင့်သော အခါ၌ သုံးယူဇနာယူ၍ပါ၏။ အယားပျောက်ဆေးမှာ ဘူးခါး၊ ဝံအူ၊ ကျွဲမုတ် နွားမုတ်နှင့်ကြိုကာ ရေတံလျှောက်သွယ်၍လောင်း ပါကသေ၏။





အဌနံငွေယားတွင် 'တံဆိပ်' မရှိပေ။ တစ်ခုလျှင်ကျပ် ချိန်နှစ်ဆယ်ရှိ၏။ အခါသင့်သောအခါ နှစ်ရက်သုံးရက်ယူ၍ပါ ၏။ အယားပျောက်ဆေးမှာ လင်းနေကိုခါချဉ်ရေနှင့် ဖျော်ကာ ရေတံလျှောက်သွယ်၍ လောင်းပါကသေ၏။

ကောက္ကစိန္ဒလာ ငွေယားကား 'စန္ဒီနတ်ရုပ်'ကဲ့သို့ အ တောင့်လည်းကောင်း၊ အလျားလည်းကောင်းရှိ၏။ အချိန်ကား ခြောက်ဆယ်စီရှိ၏။ အခါသင့်ပါကယူ၍ပါ၏။ သုံးစွဲစားသုံးလျှင် သေ၏။ အယားပျောက်ဆေးမှာ စစ်တုံသမုံးကို ရေဖျော်၍ လောင်းပါက အယားပျောက်၏။

တိစိတ္တာသွာသုံ ငွေယားကား ငွေရှိရာ၌ 'ရေတံ' သာယာ၊ 'အင်း' သာယာရှိ၏။ ကိုင်ရုံဖြင့်မယားပေ၊ သုံးစွဲစားသုံးမှယား၏။ ချေးငှား၍ယူနိုင်၏။ အချိန်မှာ ငါးဆယ်ရှိ၏။ အယားပျောက် ဆေးမှာ ခုံညင်းဆံ၊ ရေနံ၊ မြင်းမုတ်၊ လူမုတ်နှင့်ဖျော်၍ လောင်း ပါကသေ၏။

သံသာဝိသု ငွေယားကား ဝမ်းတွင် 'ဝ'တံဆိပ်ရှိ၏။ တစ်ခွက်လျှင် နှစ်ဆယ့်ငါးကျပ်ရှိ၏။ တစ်မွန်းတည့်ယူ၍ပါ၏။ အယားပျောက်ဆေးမှာ မျောက်ခုံညင်း၊ ကင်ပွန်းပဥ္စကိုကြို၍ လောင်းပါကသေ၏။

တာလက္က ငွေယားတွင် အမှတ်တံဆိပ်မရှိပေ။ ငွေမကြီး တွင်း မဲမဲထပ်ထပ်ရှိ၏။ အချိန်ကား နှစ်ဆယ့်ငါးကျပ်ရှိ၏။ ထိုငွေ ကိုကိုင်မိလျှင်ယား၏။ အယားပျောက်ဆေးမှာ ပြုံးမွှေး၊ သဖန်း ခါး၊ ဇီးဖြူ၊ လူမုတ်နှင့်ဖျော်၍ ရေတံလျှောက်သွယ်ကာ မရပ်မနား



www.burmeseclassic.com

www.burmeseclassic.com



လောင်းပါ။ အငွေ့သေမှ ယူရပါမည်။

ဇနက္ခရ ငွေယားတွင် ဝမ်းကျောမှာ 'က' ကြီးနှင့်'သ' နှစ်ချက်ဆင့်လျက်ရှိ၏။ အချိန်ငါးဆယ့်ငါးကျပ်ရှိ၏။ အခါသင့်၍ ယူပါက နှစ်တိုင်ပါ၏။ ယူလိုသော် စိန္တာမဏိဂါထာကို မန်းရမည်။ အယားပျောက်ဆေးမှာ ဇရစ်ခေါင်း၊ မဥ္စူခေါင်းတို့ကို ခွေးနို့၊ နွားနို့နှင့်ကြိတ်၍ လောင်းပါကသေ၏။

ကတ္တိက ငွေယားတွင် ကျောဝမ်းမှာ 'ဠ'ကြီး နှစ်ဆင့် ရှိ၏။ ပြင်ကလည်း အရေးသားသကဲ့သို့ ရှိ၏။ ထောင့်မှာ ဝကို စီး၍ရှိ၏။ သင့်သောအခါယူပါက နှစ်ယူဇနာပါ၏။ အယား ပျောက်ဆေးမှာ ပဥ္စပတ္တကို နွားမုတ်နှင့်ကြိုပြီး ရေတံလျှောက် သွယ်၍ လောင်းပါကသေ၏။

ယသိန္ဒ ငွေယားတွင် 'ပ' 'ဖ' နှစ်ချက်ရှိ၏။ ထိုငွေကို ကိုင်ရုံနှင့်မယားလွန်းပေ။ သုံးစွဲစားသုံးမှယား၏။ အခါသင့် သောအခါတွင်ယူမူ တစ်ယူဇနာပါ၏။ အယားပျောက်ဆေးမှာ ဝံအူကိုကျွဲမုတ်နှင့်ကြို၍ လောင်းပါကသေ၏။

ကောလရသေ့ ငွေယားတွင် 'ည'နှစ်ဆင့်ရှိ၏။ အက္ခရာ ရန်၏။ အချိန်ငါးဆယ်စီရှိ၏။ အခါသင့်၍ယူသော် သုံးရာတွင် ပါ၏။ အယားပျောက်ဆေးမှာ ဖရုံခါး၊ ဘူးခါးကို နွားမူတ်နှင့် ကြို၍ လောင်းပါကသေ၏။

ဂန္ဓာရီရသေ့ ငွေယား 'ဝ'အမှတ်ရှိ၏။ အချိန်ငါးဆယ် ကျော်၏။ အခါသင့်သောအခါတွင်ယူမူ တစ်ယူဇနာပါ၏။ ဝံအူ ကျွဲမုတ်၊ ဖရုံခါးကြို၍ လောင်းပါကသေ၏။





ကောကာရသေ့ ငွေယားကား 'စန္ဒိနတ်ရုပ်' ရှိ၏။ 'နတ် တံဆိပ်' သော်လည်းရှိ၏။ 'ကြက်ခြေ'သော်လည်းရှိ၏။ အခါသင့် ၍ယူပါက သုံးရာတွင်ပါ၏။ ဤငွေယားကိုသုံးလျှင် သေ၏။ အယားပျောက်ဆေးမှာ ဝံအူ၊ ကျွဲမုတ်၊ ဖရုံခါးကိုကြို၍ လောင်း ပါကသေ၏။

ဆေးယားမှာ ငွေကိုကိုင်လျှင်ယား၏။

နတ်ယားမှာ ငွေကိုယူမှ သုံးမှယား၏။

သစ္စာယားမှာ ပြန်၍အစားမထားမှယား၏။

အင်းယားမှာ ငွေမကြီးတွင် လေးကွက်အင်း၊ ရှစ်ကွက် အင်း၊ ကိုးကွက်အင်း တစ်ခုခုပါ၏။ ထိုသို့ အင်းရှိလျှင် နတ်စောင့် ၏။ တန်ခိုးကြီး၏။ ထိုနတ်ကိုနိုင်မှ အယားကိုနိုင်မည်။

ဥရုရသေ့ထားသော ငွေယားကား အချိန်တစ်ပိဿာရှိ ၏။ လိပ်ရုပ်ဇင်း၊ ငါးရုပ်ဇင်းပါ၏။ အခါသင့်၍ယူသော် တစ်တိုင် ပါ၏။ ထိုငွေယားကို ကိုင်သောလက် တစ်ခုသာယားသည်။ တစ်ကိုယ်လုံးမယားချေ။

မုနိရသဖော်ဂျီထားသော ငွေယားမှာ အိုးနှင့်ထည့်ထား ၏။ ကျွက်တည်းငွေကိုသတ်ပြီး အချိန်သုံးဆယ်၊ နှစ်ဆယ့်လေး ကျပ်ရှိ၏။ (ဝမ်းပို)အက္ခရာရှိ၏။ ကြေးတစ်ပိဿာကို အဆိုပါငွေ တစ်ပဲထည့်လျှင် ငွေသားဖြစ်၏။

ငွေယားအမျိုးအစားများအကြောင်းကို ဖော်ပြပြီးသော အခါ ငွေယားသတ်နည်းဆေးအကြောင်းကို ဖြည့်စွက်ပါမှ ပြည့် စုံပါမည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ ငွေယားကြေးယားတို့ကို သတ်လိုသော် ဆင်ချေး၊ မြင်းချေး၊ ခွေးချေး၊ ဆိတ်ချေးတို့ကို မုတ်နှင့်ဖျော်ပြီး ဆင်အော်ဖက်ယား၊ ဖက်ယားငယ်၊ ပြဒါး၊ ဤသုံးပါးကို ဆေးမှာထည့်၍သတ်နိုင်သည်။

လူသေရေချိုးသောခုံကဝါးကို ခြင်းကြားရက်၍ ငွေယားကို တစူးဝါးတံညှပ်မြင့်ယူ၍ ထည့်ပြီးလျှင်လိုရာသို့ယူ၍ မီးခဲပေါ်တွင်တင်ပါ။

ယခင်ဆေးကို ရေလုံအိုးနှင့်ထည့်ထားပါ။ တစ်ဖက်မှာ လူသေပုဆိုး၊ မီးနေထဘီ နှစ်ပါးဘက်ကာ တစူးဝါးတံညှပ်နှင့်ကိုင်၍ ဆေးရေတွင်ချပါ။ ထိုစဉ်ခါတွင် လက်မထိစေနှင့်။ ဖြူတတ်သည်။ နူတတ်သည်။ ငွေအော်လိမ့်မည်။

အခြောက်အလှန်ရှိလျှင် ဥဏှာလုံမွေရှင်ဂါထာနှင့်ရေကို မန်း၍ စည်းသားပါ။ တစူးဝါးကို လေးမြားပြု၍ ရှစ်မျက်နှာလာသမျှကို ပစ်ရပါမည်။

## ဦးနိမ်အကျော် ဥဏှာလုံမွေရှင်တော်ဂါထာ

ဩြောင်း ဟေ ဟေ တိသျှတ္တ တိသျှတ္တ၊
ဗန္ဓဒ္ဓ၊ ဗန္ဓဒ္ဓ ၊ ဓာရေယျ ဓာရေယျ ၊
ဝါရေယျ ဝါရေယျ၊ နိဝါရေယျ နိဝါရေယျ ၊
နိရုဒ္ဓေယျ နိရုဒ္ဓေယျ၊ ပြဟ္မဒတ္တံ ပြဟ္မဒတ္တံ၊
ဒေဝဒတ္တံ ဒေဝဒတ္တံ၊ ဥဏှာလောမာ၊
မုနိ သွား ဟုံ ဟုံ ။ ။





ဩြောင်းဟတ္ထိ အသာသီဟ ယက္ခဗျဂ္ဃဒီပိ၊
သံသုမာရေ ဓနုခဂ္ဂသတ္တိ။
အသဿအင်္ဂိ ဥဒက ။
ရာဇစောရ အပိယ သပ္ပနာဂ။
ယက္ခ ဇော်ဂနီ ဩြောင်း ကုရု တေကုရုနေ။
ဆိန္ဒတ္တု ဆိန္ဒတ္တု ၊ ဘိန္ဒတ္တု ဘိန္ဒတ္တု ၊
အတ္တင်္ဂမန္တု အတ္တင်္ဂမန္တု ။
အဓင်္ဂမိသု အဓင်္ဂမိသု ။
ဝိဓံသန္တု ဝိဓံသန္တု ။
ဒေဝဒတ္တံ ဒေဝဒတ္တံ ။
ပြဟ္မဒတ္တံ ပြဟ္မဒတ္တံ ။
ဥဏှာလောမာ မုနိ။
အာပံ ဘာဝေန
သဗ္ဗအန္တရာယောပိ ဝိနဿန္တု ။
အသေသတော။

ရွှေယား ငွေယားတို့ကို ယူနိုင်သော ဗောဓိသက္ကကာလကာ ဆေးကိုလည်း ဖော်ပြပါမည်။

ဇင်ရွှေး၊ ဆိတ်ဖလူး၊ လင်းလေ၊ ယင်းတိုက်မြစ်၊ ဆေးပါန်း၊ ကန့်တိုက်၊ ကညင်သီး . .

ထိုဆေးဖော်ရန် ပစ္စည်းအားလုံးကို အမျှစု၍ ရေနှင့်ကြိတ်ပါ။

အဆိုပါကြိတ်ဖတ်များကို ခုနစ်အိမ်ပုံးရေနှင့်ဖျော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ထိုဖျော်ရည်အားလုံးကိုစုယူ၍ သံသပိတ်နှင့်နွေးရုံချ
ပြီးလျှင် ရွှေယား၊ ငွေယားတို့ကို တံစူးဝါးညှပ်နှင့်ယူ၍ ၎င်း
တွင်ချပါ။

ရေအေးလျှင် သွန်၍ယူပါ။

အလွန်ခြောက်သည့်အခါတွင် အဆိုပါ ဗောဓိသ
ကလကာဆေးကို မျက်စိများမှာကွင်းပါ။ လက်ဝါးနှင့်ဖဝါးတို့တွ
သုတ်လိမ်းပါ။

ထိုဆေးဖြင့် ရင်ဘတ်တွင်ယုန်ရုပ်ရေးပါ။ လက်ပြင်တွ
ဒေါင်းရုပ်ရေးပါ။ ပြီးပြည့်စုံပါက ဥမင်သို့ဝင်၍တူးပါ။ တေ
လည်းသကဲ့သို့ ဆင်သံ၊ မြင်းသံ၊ အမြောက်သေနတ်သံ၊ ဘီလူ
သံ၊ ကျားသံကို ကြားရပါမူ နားနှစ်ဖက်ကို အဆိုပါ ဆေးရေနှ
ပက်ပါ။

ဆက်လက်ဖော်ပြမည့်ဆေးမှာ အခြိမ်းအခြောက် အရ
ရာအမျိုးမျိုးကို တွေ့မြင်ရပါက ကာကွယ်မှုပြုနိုင်သော ဆေးနည်
ဖြစ်ပါသည်။

ကြစု၊ အိပ်မွေ့သီးတို့ကို ပေါင်းစည်း၍မျက်စိတို့မှ
ကွင်းပါ။ ဦးနှိမ်အကျော်။

ဥုံ ခွဿ ပြဿ၊ ခွန်ပြသတ္တိ
ဂုရုမာရီ ၊ နှိမ်ဆရာနှိမ် ။
ဇော်ရရကျွော ၊ မာရရကျွော
ရကျွော် ရကျွောတိ ဒေဝဂုရုသဲ ။ ။
ဆေးနည်းမှာ ဆိတ်ဖူး၊ လင်းနေ့၊ မုံညင်းဆံ၊ တမာညွှ





နွားမြေရင်းခေါင်း၊ ကြစု ၊ အိပ်မွေ့သီး၊ ကြိကဒုတ်သုံးပါး၊ မုတ်
တို့ကို စုစည်းရပါမည်။

ဤဆေးစုကို နွားနက်မုတ်နှင့် ကျိတ်လုံး၍ထားပါ။

လိုအပ်သည့်အခါတွင် ပုံးတွင်ထည့်၍ ရေဖျော်ပါ။

တစူးဝါးကို အရိန္ဒမာလှန်တံများလုပ်ပါ။ ယခင်ဆေးလူး
မန္တန် ခုနစ်အုပ်စုပ်ပါ။ ထိုလှံတံများကို အရပ်ရှစ်မျက်နှာမှာ
စိုက်ပါ။

ဤဆေးနှင့် စည်းဝိုင်းအပြင်မှ အခြောက်အလှန့်
အနှောင့်အယှက်အားကြီးသော် စိုက်ထားသည့်လှံများကို နှုတ်
ယူ၍ ထိုးခုတ်ရပါမည်။

ဖော်ပြပါအတိုင်းလုပ်ဆောင်ပါက ဘုတ်၊ ပြိတ္တာ၊ တစ္ဆေ၊
မြေဘုတ်ဘီလူး ဟူသမျှ ကြောက်လန့်ကာ ပြေးကြကုန်၏။

ယခုဖော်ပြမည့်ဆေးမှာ ကြေးယား ငွေယားကို လောင်း
ရမည့်ဆေး ဖြစ်ပေသည်။

ဝက်ကြိမ်၊ သရက်ကြေ၊ စနေ မီးသွေး၊ ခြေမကြီး၊
လက်မကြီး၊ သူသေကွမ်းဖတ်၊ ဆိတ်ချေး စသည်တို့ကို စုစည်း
ပါ။

အဆိုပါ စုထားသောပစ္စည်းများကို ရောကြိုပါ။ ကြိုပြီး
သောဆေးများကို အိုးတွင်ဖျော်ပါ။

ကြေးယား ငွေယားသတ်သောအခါ ထိုဆေးရည်ကို
ရေတံလျှောက်ဖြင့် သွန်ချပါ။

ရဟတ်စကြာလုပ်၍ ဥစ္စာပေါ်တွင်ထားပါ။ ဆေးရည်



www.burmeseclassic.com

www.burmeseclassic.com



ကို ရေတံလျှောက်ဖြင့် သွန်ချပါက ကြေးယား၊ ငွေယားသေပါသည်။

ယခုဖော်ပြမည့်ဆေးမှာ အနူမျိုးထားသော် လောင်းရမည့် ဆေးဖြစ်ပေသည်။

သစ္စာပန်း၊ မိုးစာ၊ သမင်စာ၊ ကျွေးတို့ကိုစုပါ။

ဤဆေးလေးပါးကို အဆိုပါဆေးမတွင်ရော၍ တန်ဆာဆောင်း မြတ်စွာဘုရားကိုရေသွန်း၍. . . ရေစက်ကျသည်ကို အောက်ကခွက်ဖြင့်ခံယူပါ။

နတ်သားရုပ်ကိုလည်း အဆိုပါနည်းအတိုင်း ရေသွန်းခံ၍ ခွက်ဖြင့်ခံယူပါ။

ဤဆေးရည်နှစ်ပါးနှင့်ဆေးကို ပေါင်းစပ်၍ဖျော်ပြီးမှ ထိုဥစ္စာမှာ ပြန်သွန်ပါ။

အဆိုပါ ကြေးယား ငွေယားကို ယူသူသည် ထိုဆေးရည်ကို တစ်ခေါင်းလုံး လိမ်းရပါမည်။

ယခုဖော်ပြမည့် ဆေးမှာဥစ္စာယူ၍ အသွေးအသားခန်းခြောက်ပြီး အလိုလိုသေသော် လောင်းရမည့်ဆေးဖြစ်ပါသည်။

စပါးကြီးသည်းခြေ၊ ပတိုင်းပင်လုံး၊ ညောင်မြစ်၊ ပိတောက်မှို ၊ လက်ပန်ပင်ပျို၊ သိမ်ဝင်သပိတ်ကွဲ တို့ကိုစုစည်းပါ။

ထိုဆေးအားလုံးကို ပေါင်း၍ကြိတ်ရပါမည်။

တန်ဆာဆောင်း မြတ်စွာဘုရားကို ပူဇော်၍ ရေမိုးသွန်း၍ ခွက်ဖြင့်ရေခံယူပါ။

အဆိုပါ ရေကိုဆေးဖျော်ပြီး လိမ်းလည်းလိမ်း၊ သောက်





လည်းသောက်ပါ။

ဒွာရလေးပါးကိုလည်း ပိတ်လိမ်းပါ။

ဥစ္စာကိုလည်း ပက်ပါ။

ဤဆေးကို ဦးနှိမ်ကြီးအကျော် ဟု ခေါ်လေသည်။

အထက်ပါဖော်ပြချက်များမှာ ဝတ္ထုအကြောင်းအရာလေးသွားမည်စိုးသောကြောင့် အတိုချုပ်၍ ဖော်ပြပေးခြင်းသာ ဖြစ်ပေသည်။


နီမောင်မှာ ဆရာကြီးဦးဗန်ကောင်းထံတွင် လာရောက်နေစဉ်ရက်များအတွင်း သက်သတ်လွတ်စား ဥပုသ်စောင့်ဖြစ်ရုံမက သိုက်လောကသားများနှင့် မိတ်ဆွေဖွဲ့နိုင်သောဂါထာ၊ သိုက်ထဲဝင်ခွင့်ရစေသော ဂါထာများကိုလည်း သင်ယူခွင့်ရလေသည်။

ထိုထက်. . သူတစ်သက်တွင် တစ်ကြိမ်တစ်ခါမှ မကြားဖူး၊ မမြင်ဖူးခဲ့သေးသော အကြောင်းအရာများကို လေ့လာကြည့်ရှုခွင့် ရခဲ့သဖြင့် များစွာကျေနပ်ဝမ်းမြောက်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၁၄]

# ဘောဂဖလသိုက်မှ ခင်စောမှုနှင့်တွေ့ရခြင်း

အချိန်မှာ(၁၉၄၀)ပြည့်နှစ်၊ နိုဝင်ဘာလ(၁၃)ရက်၊ (၁၃၀၂)တန်ဆောင်မုန်းလပြည့်၊ ဗုဒ္ဓဟူးနေ့ပင်ဖြစ်သည်။

ထိုနေ့နံနက်ပိုင်း အချိန်ကတည်းက နီမောင်နှင့်ဦးပန်ကောင်းတို့နှစ်ယောက်မှာ ကူးတို့လှေတစ်စင်းကို ငှားရမ်းပြီး ဒုဋ္ဌဝတီမြစ် အရှေ့ဘက်ကမ်းသို့ ကူးခဲ့ကြသည်။

တစ်ဖက်ကမ်းရောက်သောအခါ ကူးတို့လှေကို ပြန်လွှတ်လိုက်လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကတော့ သူနှင့်အတူ ဦးဗန်ကောင်းပါ ပါလာသောကြောင့် များစွာအားရှိလေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ မနော်ရမ္မာရွာရောက်တော့ ခဏဝင်နားကြသည်။

ထိုရွာမှလွန်သောအခါ စိန်ပန်းကုန်းရွာသို့ ရောက်သွားကြသည်။

သူတို့ရောက်သွားတော့ ထိုရွာမှလူအချို့က နီမောင်ကို မှတ်မိကြသည်။

စိန်ပန်းကုန်းရွာတွင် သူနှင့်မြင်းလှည်းမောင်းဖော် ဘိုးရွှေ၏ ဆွေမျိုးသားချင်းများ ရှိကြလေသည်။

၎င်းတို့က ဘိုးရွှေနှင့်တစ်ခေါက်လာဖူးသော နီမောင်ကို မှတ်မိနေကြခြင်းဖြစ်သည်။

"ဘယ်သွားကြမှာလဲ"

တွေ့ဖူးသောလူတစ်ယောက်က လာမေးလေသည်။

"မဟာဗေဓိဘုရားဘက် သွားမလို့ပါ"

"အချိန်မှမရှိတော့တာ ဒီရွာမှာညအိပ်ပြီး မနက်စောစောမှ ထသွားကြပါလား"

"ရပါတယ်၊ ဘုရားမှာ ဒီညအဓိဋ္ဌာန်ဝင်စရာရှိလို့ ဖြည်းဖြည်းပဲ လျှောက်သွားပါတော့မယ်"

ဟုပြောပြီး ထိုရွာမှ ထွက်ခဲ့ကြလေသည်။

အချိန်က ညနေပိုင်းအချိန်ရောက်နေပေပြီ။

နှစ်ယောက်သား ဝါးခမောက်ကိုယ်စီဆောင်းကာ၊





လွယ်အိတ်တစ်လုံးစီ ကိုယ်စီလွယ်လျက် ပဲခင်း၊ ပြောင်းခင်းများ စိုက်ပျိုးထားသော လယ်ကွက်များကို ဖြတ်ကျော်ရင်း လျှောက်လာကြလေသည်။

သူတို့ စိန်ပန်းကုန်းရွာမှထွက်သွားပြီး မရှေးမနှောင်းမှာပင် ထိုရွာမှလူနှစ်ယောက် ထွက်လိုက်လာကြသည်။

သန်းရွှေနှင့်မောင်ထွန်းဆိုသူတို့ နှစ်ယောက်ဖြစ်သည်။ ထိုနှစ်ယောက်မှာ ဘိုးရွှေနှင့် ဆွေမျိုးသားချင်း တော်စပ်ကြသူများဖြစ်သည်။

ထိုနှစ်ယောက်မှာ ခမောက်ဝိုင်းများဆောင်းလျက်၊ ပုဆိုးကိုယ်စီခြုံကာ နီမောင်တို့နောက်မှ နောက်ယောင်ခံ၍ လိုက်လာခြင်းမှာ အကြောင်းရှိလေသည်။

တစ်နေ့ကပင် အင်းဝသို့ ဈေးဝယ်သွားတော့ ဘိုးရွှေနှင့် တွေ့ခဲ့ရသည်။

ဘိုးရွှေက နီမောင် အကြောင်းကိုပြောပြပြီး. . .

"ဒီတစ်ခါ သူရွာဘက်ကိုရောက်လာရင် ဘယ်နေရာသွားတယ်၊ ဘာတွေလုပ်တယ်ဆိုတာ လိုက်ကြည့်ထားပေးကြ၊ အခြေအနေကောင်းရင် မင်းတို့ငါတို့ ဆင်းရဲတွင်းက လွတ်မြောက်နိုင်တယ် "

ဟု မှာလိုက်သဖြင့် ယခုကဲ့သို့နောက်မှ မယောင်မလည်နှင့် လိုက်လာကာ ချောင်းမြောင်းကြခြင်း ဖြစ်သည်။

ဘိုးရွှေကလည်း အကြောင်းတစ်ခုရှိသောကြောင့် ထိုကဲ့သို့ တကူးတက မှာလိုက်ခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှသွားနေကြသော နီမောင်နှင့်ဦးပန်ကောင်းတို့ကတော့ စကားတပြောပြောနှင့် သွားနေခြင်းဖြစ်သောကြောင့် နောက်မှလိုက်ချောင်းနေသည်ကို မသိကြပေ။

မဟာဗောဓိစေတီနားရောက်တော့ ကိုင်းတောတစ်ခုအတွင်းသို့ ဝင်သွားသည်ကို လှမ်းမြင်လိုက်ကြရသဖြင့် သန်းရွှေနှင့်မောင်ထွန်းတို့က ခပ်သုတ်သုတ် လိုက်လာကြသည်။

သူတို့နှစ်ယောက် ကိုင်းတောတွင်းရောက်သောအခါ ရှေ့မှဝင်သွားသော နီမောင်တို့နှစ်ယောက်ကို မတွေ့ရတော့ပေ။

“ဘယ်ရောက်သွားပြီလဲ”

“ဘုရားဘက်သွားတာပဲ ဖြစ်မှာပေါ့၊ သူတို့ဒီည မဟာဗောဓိဘုရားမှာ အဓိဋ္ဌာန်ဝင်မယ်လို့ ပြောသွားတယ် ”

“ဘိုးရွှေကဘာကြောင့် ငါတို့ကို လိုက်ကြည့်ခိုင်းတာလဲ”

“ဘိုးရွှေနဲ့ခင်တဲ့နီမောင်က ကညာစင်သိုက်က ဥစ္စာစောင့်မတစ်ယောက်နဲ့ ချစ်ကြိုက်နေတယ်၊ နီမောင့်အတွက် မြင်းလှည်းဝယ်ဖို့ ရွှေတွေပေးဖူးတယ်”

“ဟင်. . ဟုတ်လား”

“အခု ဘိုးရွှေက သိုက်ဆရာသုံးယောက်နဲ့တွေ့ပြီး ဒီအကြောင်းကို ပြောပြလိုက်တော့ သူ့ကိုချမ်းသာအောင် လုပ်ပေးမယ်လို့ ပြောထားတယ်တဲ့၊ ဒါကြောင့် ဒီတစ်ခါနီမောင် ဒီဘက်ကမ်းကူးလာရင် ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာ တစေ့တစောင်းကြည့်ထားဖို့ မှာထားတယ်”

“ဒါကြောင့်ကိုး၊ အောင်မြင်သွားရင် ငါတို့နှစ်ယောက်





လည်း ဟန်ကျပြီပေါ့”

“ဒါပေါ့ကွ”

နှစ်ယောက်သား စကားတပြောပြောနှင့် ကိုင်းတောအတွင်းသို့ ဝင်ခဲ့ကြလေသည်။

နှစ်ယောက်သား နီမောင်တို့နှစ်ယောက်ကို မတွေ့ရသဖြင့် ခြေလှမ်းသွက်သွက်ဖြင့် လိုက်ရှာရင်းမှ ကိုင်းတောအလယ်သို့ ရောက်သွားကြလေသည်။

ထိုအခါ တစ်နေရာမှ တဝီဝီနှင့် ပျံသန်းလာသောအသံတို့ကို ကြားကြရသည်။

“ဝီ. . ဝီ. . ဝီ. . ဝီ. . ”

“အသံတွေကြားရတယ်၊ ဘာသံတွေလဲ”

“ပျားတွေပျံလာတဲ့အသံမျိုးပဲ၊ သူတို့ဖြတ်သွားတုန်းက ကိုင်းတောထဲမှာရှိတဲ့ ပျားအုံကို ထိမိသွားပုံရတယ်”

ထိုသို့ပြောနေစဉ် ကြီးမားသော ပသန်ပျားကောင်ကြီးများက သူတို့နှစ်ယောက်ဦးခေါင်းပေါ် သို့ ရောက်လာလေတော့သည်။ အနက်နှင့်အဝါရောင်ကြားထားသော ပျားကောင်ကြီးများက သာမန်မဟုတ်ပဲ အကောင်အရွယ်အစားကြီးလှသည်။

အဆိပ်ပြင်းလှသောကြောင့် ကျွဲနွားများ အတုပ်ခံရလျှင်ပင် ပုန်းပုန်းလဲကျစေနိုင်သည်။

ပထမတော့ သူတို့ဆီလာသည်ဟုမထင်ဘဲ အဝေးသို့ ပျံသွားမည်ဟု ထင်လိုက်သည်။ သို့သော် ထင်သလိုမဟုတ်ပေ။

တစ်ကောင်စ၊ နှစ်ကောင်စရောက်လာရာမှ တဖြုန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းနှင့်များလာပြီး ပျားအုပ်ကြီးဖြစ်လာကာ သူတို့ဦးခေါင်းပေါ်မှာ ပျံဝဲနေလေသည်။

သို့ကြောင့် သန်းရွှေနှင့်မောင်ထွန်းတို့နှစ်ယောက်လည်း ခမောက်ကြီးများ ဆောင်းထားရင်းနှင့် ငြိမ်သက်နေကြရလေသည် ။ မကြာခင် ပျားအုပ်ကြီးက သူတို့ရှိရာသို့ ပျံဆင်းလာပြီး တုပ်လေတော့သည်။

"အောင်မယ်လေးဗျ ကယ်ကြပါဦး"

နှစ်ယောက်သား ထိုနေရာတွင် ဆက်မနေဝံ့ကြတော့သဖြင့် ထွက်ပြေးကြရလေသည်။

"ဝေါ. . ဝေါ. . ဝေါ. . "

ပျားအုပ်ကြီးက သဲကြီးမဲကြီးနှင့်လိုက်တုပ်ရာ ပြေးရင်းနှင့်မျက်စိလည်ကာ ကိုင်းတောထဲမှ မထွက်နိုင်ကြပဲ ရှိလေသည်။ နောက်ဆုံးမှာတော့ နှစ်ယောက်စလုံး ဆက်မပြေးနိုင်တော့ပဲ ကိုင်းတောထဲမှာ လဲကျသွားလေတော့သည်။

ထိုအခြေအနေကိုတော့ ကိုင်းတောထဲမှ အပြင်ရောက်သွားရုံမကပဲ အတော်ဝေးဝေးသို့ ရောက်သွားကြသော ဦးဗန်ကောင်းနှင့်နီမောင်တို့မှာ မသိကြတော့ဘဲ ရှေ့သို့ဆက်လျှောက်ခဲ့ကြလေသည်။

နေဝင်ချိန်ရောက်တော့. . မဟာဗောဓိဘုရားရှိရာသို့ ရောက်သွားကြသည်။

"ဟိုဘက်ရောက်ဖို့ အတော်လိုသေးသလား"

"မဝေးတော့ဘူး ဆရာကြီး ၊ ဟိုဘက်မှာ လှမ်းမြင်နေရ





တဲ့ တောအုပ်ဆိုရင် ရောက်ပါပြီ"

နီမောင်က ဆည်းဆာချိန်တွင် မြူခိုးငွေ့ကလေးများ ရစ်သိုင်းနေသော တောတန်းတစ်ခုကို လက်ညှိုးထိုးပြလေသည်။

"မင်းသွားမယ့်နေရာက ကမ်းနဲ့နီးသလား"

"ပလ္လင်မျှော်ဝဲနဲ့ နီးပါတယ်"

ဦးဗန်ကောင်းက ဦးခေါင်းတစ်ချက်ညိတ်ပြသည်။

"သိပ်ဝေးတော့တာမှမဟုတ်တာ၊ သွားရင်အလွန်ဆုံး တစ်နာရီဆိုရင် ရောက်ပါတယ်၊ ဒီမှာခဏနားကြသေးတာပေါ့၊ နားရင်းနဲ့ မင်းပညာဘယ်လောက် ခရီးရောက်နေပြီဆိုတာလည်း စမ်းသပ်ကြည့်ကြတာပေါ့ "

ဘုရားကုန်းနှင့်မနီးမဝေးနေရာရောက်တော့ ဦးဗန်ကောင်းက ပြောပြောဆိုဆိုနှင့် တစ်နေရာမှာဝင်ထိုင်ရာ နီမောင်မှာ စိတ်ထဲမှလှုပ်ရှားသွားလေသည်။

"ဘယ်လိုစမ်းမှာလဲ ဆရာကြီး"

"မင်းသက်သတ်လွတ်စားပြီး ဥပုသ်စောင့်တာ ခုနစ်ရက်ပြည့်ပြီ မဟုတ်လား၊ ငါသင်ပေးတဲ့ ဂါထာမန္တန်တွေလည်း အလွတ်ရနေပြီ မဟုတ်လား"

"ဟုတ်ကဲ့ ရပါပြီ"

"ဒီလိုဖြင့် ကိုယ်တတ်ထားတဲ့ပညာတွေ တကယ်နေရာကျမကျ လက်တွေ့စမ်းကြည့်ရင် မကောင်းဘူးလား၊ အခုရောက်နေတဲ့နေရာက အင်းဝခေတ်က ထင်ရှားခဲ့တဲ့သူဌေးကြီး ဒွေဆီက



www.burmeseclassic.com

www.burmeseclassic.com



ဗလ တည်ထားခဲ့တဲ့ မဟာဗောဓိစေတီပဲ၊ ဒီနေရာနဲ့ မနီးမဝေးမှ ဘောဂဗလသိုက်ရှိတယ်၊ ကဲ. . စမ်းကြည့်ကြရအောင်"

"ဖြစ်. . ဖြစ်ပ့ါမလား ဆရာကြီး၊ တော်ကြာ"

"စိတ်မပူပါနဲ့ကွာ၊ နံဘေးမှာ ငါတစ်ယောက်လုံးရှိနေ တာပဲ၊ စိတ်အေးအေးသာလုပ်ပါ"

ဟုပြောသဖြင့် စတင်ရန်ကြိုးစားလေသည်။

အမှောင်ရိပ်သမ်းလာပြီ ဖြစ်သော်လည်း အရှေ့ဘက်မှ လရောင်ထွက်ပေါ်စပြုလာပြီဖြစ်သဖြင့် အလင်းရောင် အနည်း ငယ်ရလာလေသည်။

နီမောင်ကလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လွယ်အိတ်ထဲမှပါသော ပိတ်စတစ်စကို ထုတ်ယူပြီး ခင်းလိုက် သည်။ ထိုအပေါ်မှာထိုင်ပြီး ဘုရားကန်တော့သည်။

ပြီးသောအခါမှ အားလုံးကိုရည်စူးပြီး မေတ္တာပို့အမျှပေး ဝေလိုက်သည်။

ထိုအခြေအနေထိတော့ ဘာမှမထူးခြားသေးပေ။

ခဏကြာတော့ စိတ်ထဲမှ. . .

"မိမိသည် သိုက်စောင့်များကို ရန်ပြုရန်လာသူမဟုတ် ပါ။ သိုက်ထဲမှာရှိသော ဥစ္စာပစ္စည်းများကိုလည်း ယူဆောင်လို စိတ်မရှိပါ။ သို့ကြောင့်. . ဘောဂဗလသိုက်ကို တွေ့လိုမြင်လိုပါ သည်"

ဟု သစ္စာဓိဋ္ဌာန်ပြုပြီး ဂါထာနှစ်ပုဒ်ကို စတင်ရွတ်ဆိုလေ သည်။ ထိုဂါထာနှစ်ပုဒ်မှာ. . .





တစ်ပုဒ်မှာ သိုက်စောင့်များနှင့်မိတ်ဆွေဖွဲ့ရာတွင် အ သုံးပြုသော ဂါထာဖြစ်ပြီး၊ ကျန်တစ်ပုဒ်က သိုက်များကို မြင်တွေ့ ခွင့်ရသော ဂါထာနှစ်ပုဒ်ပင်ဖြစ်ပေသည်။

(ထိုဂါထာနှစ်ပုဒ်ကို ထည့်သွင်းရေးသားခြင်း မပြုနိုင် သည်ကိုတော့ စာရေးသူအပေါ် နားလည်ခွင့်လွှတ်ပေးကြစေလို ပါသည်။ မသမာသူများ လက်ထဲရောက်သွားပါက များစွာအန္တ ရာယ်များလှသောကြောင့် မဖော်ပြခြင်းဖြစ်ပါသည်။)

အတန်ကြာတော့ မဟာဗောဓိဘုရားပတ်ဝန်းကျင် တစ်ဝိုက်မှ မီးခိုးငွေ့ကလေးများ စိမ့်ထွက်လာလေသည်။ နောက် တော့ တဖြည်းဖြည်းနှင့် များလာလေသည်။

နီမောင်ကလည်း ဂါထာမန္တန်များကို ရွတ်နေရာမှ ရပ် ပြီး အခြေအနေကိုကြည့်နေသည်။ ထိုအခြေအနေမှာ သူ့ဘဝ အတွက် ပထမဦးစွာ ဆောင်ရွက်ရသောကိစ္စဖြစ်သဖြင့် စိတ်ထဲ မှာ လှုပ်ရှားနေသည်။ ကြောက်ရွံ့နေသကဲ့သို့ ခံစားနေရသည်။

ခဏကြာတော့ မနီးမဝေးရှိတောထဲမှ ထွက်လာသော အသံကိုကြားရလေသည်။ မြေကြီးမှာ သိမ့်သိမ့်တုန်လာပြီး လေး လံသော အရာဝတ္ထုဖြင့် ဖိကြိတ်လာသောအသံမျိုးပါ ကြားရသ ဖြင့် လှည့်ကြည့်လိုက်ရာ ကြီးမားသောမြွေကြီးတစ်ကောင် သူတို့ ရှိရာသို့ ဦးတည်လာနေသည်ကို လှမ်းမြင်ရသည်။

"ဆရာကြီး ဟိုမှာမြွေကြီးထွက်လာပြီ"

နီမောင်က ကြောက်လန့်နေသလောက် ဦးပန်ကောင်း ကတော့ အေးအေးဆေးဆေး အမူအရာနှင့်ပင် ကွပ်မျက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းက သူတို့နဲ့တွေ့ချင်လို့ ဂါထာမန္တန်ရွတ်တော့ သူက ထွက်လာတာပေါ့၊ သူလည်း သိုက်စောင့်ပဲလေ"

"ဟာ. . ကျွန်တော်က မြွေနဲ့တွေ့ချင်တာမဟုတ်ဘူး လူသိုက်စောင့်နဲ့တွေ့ချင်တာ"

"ဒီလိုဖြင့်လည်း သစ္စာပြုလိုက်ပေါ့ကွာ"

ဟုပြောသဖြင့် မျက်စိမှိတ်ကာ သစ္စာပြုရလေသည်။ သူပြုသောသစ္စာမှာ အခြားမဟုတ်ပေ။

သိုက်စောင့်များအား ရန်ပြုရန်လာခြင်းမဟုတ်ဘဲ မိတ်ဆွေဖွဲ့ရန် လာခြင်းဖြစ်ကြောင်း သစ္စာပြုခြင်းပင်ဖြစ်သည်။ မျက်စိမှိတ်ထားပြီး သစ္စာပြုနေစဉ်မှာပင် မြွေကြီးလာနေသော အသံကို ကြားနေရသေးသည်။

အတန်ကြာတော့မှ အမျိုးသမီးတစ်ယောက်အသံ ပေါ်လာပြီး ပျောက်သွားလေသည်။

ဒီတော့မှမျက်စိပြန်ဖွင့်ကြည့်လိုက်ရာ မနီးမဝေးမှာ ရပ်နေသောအမျိုးသမီးတစ်ဦးကို တွေ့ရသည်။

ရင်ဖုံးအင်္ကျီ၊ ဗလာထဘီတို့ကို ဝတ်ဆင်ထားကာ ရှည်လျားသောဆံပင်ကို တစ်ပတ်လျှိုထုံးလျက် ကျောဘက်မှာ ချထားလေသည်။

မျက်မှာအမူအရာက တည်တည်ငြိမ်ငြိမ်နှင့် ကျက်သရေရှိသော အလှပိုင်ရှင်တစ်ဦးဖြစ်သည်။

"ကျွန်မနာမည်က ခင်စောမူဖြစ်ပါတယ်ရှင်၊ သူဌေးကြီး





ဘောဂဗလရဲ့သမီး ဖြစ်ပါတယ်"

ထိုစကားကြားတော့ နီမောင်မှာ ဝမ်းသာသွားသည်။ မိမိဦးစွာဆောင်ရွက်သော ကိစ္စတစ်ခု အောင်မြင်ပြီဖြစ်သောကြောင့်လည်း စိတ်ထဲမှကျေနပ်မိသွားသည်။

သူသည် အင်းဝသို့ရောက်နေသည်မှာ ကြာပြီဖြစ်သောကြောင့်လည်း ခင်စောမူတို့၏ ကြေကွဲဖွယ်ရာ ဇာတ်လမ်းကို သိရှိပြီးဖြစ်လေသည်။

၎င်းမှာ ဗိုလ်မှူးလေးဘယကျော်သူ၏ ဇနီးဖြစ်ပြီး ဗိုလ်မှူးလေးမှာ စစ်ပွဲတွင် ကျသွားခဲ့ပေပြီ။

သူဌေးကြီး ဘောဂဗလနှင့်သမီးခင်စောမူတို့မှာလည်း သိုဟန်ဘွားလက်ချက်ကြောင့်. . သေကျေပျက်စီးခဲ့ကြရလေသည်။

သူမသည် ချောမောလှပသော်လည်း လွတ်လပ်သူတစ်ဦး မဟုတ်သဖြင့် စိတ်နှင့်ပင်မပစ်မှားမိအောင် သတိထားရလေသည်။

"ကျွန်မတို့နဲ့မိတ်ဆွေဖွဲ့ရအောင် ရောက်လာတဲ့အတွက် ဝမ်းသာပါတယ်ရှင်၊ ဘာများအကူအညီလိုပါသလဲ"

"ကြည့်ခွင့်ရရင်တော့ ဘောဂဗလရတနာသိုက်ကြီးကို ကြည့်ချင်ပါတယ်"

"အပန်းမကြီးပါဘူးရှင် ကြည့်ရပါစေမယ်၊ ကျွန်မ လက်ညှိုးညွှန်ပြရာကိုသာ ကြည့်ပါတော့"

ဟု ဘုရားနှင့်မနီးမဝေးမှာရှိသော တောင်ပို့တစ်ခုရှိရာ



www.burmeseclassic.com

www.burmeseclassic.com



သို့လက်ညှိုးညွှန်ပြလေသည်။

ပထမတော့ တောင်ကုန်းတစ်ခုသာ မြင်ရသော်လည်း နောက်တော့မြေကြီးများ တဖြည်းဖြည်းကွဲသွားပြီးနောက် အတွင်းမှ ရတနာသိုက်ကြီး ပေါ်လာလေသည် ။

ထိုသို့ပေါ်လာသောအခါ မီးရောင်တထိန်ထိန်ဖြင့် အတွင်းမှာရှိနေသော အရာအားလုံးကို ထုတ်ချင်းပေါက်မြင်တွေ့ရခြင်းပင်ဖြစ်ပေသည်။

ရတနာသေတ္တာများအပြင် ရွှေတုံးများကို အုတ်ချပ်များကဲ့သို့ အထပ်လိုက် ထပ်ပုံထားသည်ကိုပါ တွေ့ရသည်။

သိုက်အတွင်းမှာတော့ ပတ္တမြားရောင်များ တောက်ပနေသော ရုပ်ပွားတော်တစ်ဆူရှေ့မှာ ဘုရားဝပ်ပြုနေသော သူဌေးကြီးဘောဂဗလကိုပါ လှမ်းမြင်ရလေသည်။

"မောင်ကြီးတို့ဆန္ဒရှိရင် သိုက်တွင်းကိုဝင်ကြည့်လို့ရပါတယ်ရှင်"

ဟု ခင်စောမူက ဖိတ်ခေါ်လေသည်။

"ကျွန်တော်တို့ရှေ့ကို ခရီးဆက်စရာရှိသေးလို့ မဝင်တော့ပါဘူးဗျာ၊ အခုလို ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

" မောင်ကြီးကို မြင်ကတည်းက စိတ်သဘောထားဖြူစင်တယ်ဆိုတာရော သိုက်နန်းရှင်တွေနဲ့ အဆက်အသွယ်ရှိတဲ့သူမှန်း သိပါတယ်၊ ဒါကြောင့် ဖိတ်ခေါ်တာပါ"

"ဟုတ်ကဲ့၊ နောက်မှပဲလာပါ့မယ် အခုလိုပြသပေးတဲ့





အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ထပ်ပြောလိုက်ရာ ခင်စောမူက ချိုသာသောအပြုံးဖြင့် ခေါင်းညိတ်ပြပြီး နောက်ကြောင်းသို့ ပြန်သွားလေတော့သည်။

သူမပျောက်သွားသည်နှင့် ရွှေရောင်တဝင်းဝင်း မီးရောင်တထိန်ထိန်ဖြင့်ပေါ်နေသော ရတနာသိုက်ကြီးလည်း ပြန်ပျောက်သွားကာ ပတ်ဝန်းကျင်တစ်ခုလုံး မူလအခြေအနေအတိုင်း ပြန်ဖြစ်သွားလေတော့သည်။

ထိုအခါမှ ဦးဇန်ကောင်းက ကျေနပ်သောအမူအရာဖြင့် ပြောလိုက်သည်။

"မင်းအတွက် ပထမဆုံးတွေ့ရတဲ့ စာမေးပွဲတော့ . အောင်မြင်သွားပြီ၊ ဒီညမှာပဲ ကညာစင်သိုက်ထဲ ဝင်ခွင့်ရအောင် ထပ်ပြီးကြိုးစားရမှာဆိုတော့ သွားကြရအောင်"

ဟု ပြောသဖြင့် ပစ္စည်းများကိုသိမ်းပြီး ထိုနေရာမှ ထွက်လာကြလေသည်။

ကောင်းကင်ပေါ်မှာ တန်ဆောင်မုန်းလပြည့်နေ့ည၏ လရောင်က ဝင်းထိန်နေသောကြောင့် လမ်းခရီးမှာ နေ့အခါကဲ့သို့ အလင်းရောင်ရကာ အခက်အခဲမရှိ ခရီးဆက်နိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၅]

# ချစ်သူတို့အတွက် အလှသစ္စာ

အချိန်က ညဉ့်ဦးပိုင်းအချိန်ကျော်လွန်လာခဲ့ပြီ ဖြစ်လေသည်။ သို့သော်လည်း လပြည့်ည၏ လရောင်က ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေသောကြောင့် နေ့အခါကဲ့သို့ပင် မြင်နေရသည်။

ထို့ကြောင့် နှစ်ယောက်သား စကားတပြောပြောနှင့် ခပ်သွက်သွက်လျှောက်သွားကြလေသည်။

နီမောင်ကတော့ သူကြိုးစားလုပ်ဆောင်ခဲ့သောအရာ



www.burmeseclassic.com

www.burmeseclassic.com



များ အောင်မြင်မှုရခဲ့သောကြောင့် စိတ်ထဲမှာ တက်ကြွပျော်ရွှင်မှုဖြစ်နေမိသည်။

မဟာဗောဓိဘုရားရှိသောနေရာနှင့် မြယာတောများရှိသောနေရာမှာ မဝေးလှပေ။

နေ့အချိန်ဆိုပါက လှမ်းကြည့်လျှင် မြင်နိုင်လောက်သော အခြေအနေမှာရှိသည်။

သို့ကြောင့် ခပ်ဖြည်းဖြည်းသာ စကားတပြောပြောနှင့် လျှောက်လာကြလေသည်။

"မင်းအခုလိုလုပ်လို့အောင်မြင်သွားတော့ စိတ်ထဲမှာ ဘယ်လိုနေသလဲ"

"ပျော်တာပေါ့ ဆရာကြီးရယ်၊ နောက်ပြီး ကျွန်တော့်ချစ်သူကို ကျွန်တော့်ပညာနဲ့ တွေ့ခွင့်ရအောင် လုပ်ရတော့မှာဆိုတော့ ပိုပြီးပျော်တာပေါ့"

"ဒါပေမယ့် ဘုရားတရား၊ ရတနာသုံးပါး ဂုဏ်တော်တွေရဲ့ကျေးဇူးနဲ့၊ သစ္စာမပျက်မိစေဖို့တော့ အရေးကြီးတယ်"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်ကြိုးစားပြီး စောင့်ထိမ်းပါ့မယ်"

ထိုသို့ပြောရင်း လျှောက်လာကြရာ မြယာတောများ ရှိသောနေရာသို့ ရောက်လာကြလေသည်။

"ဒီနေရာမှာ ကုန်းကိုးကုန်း ရှိတယ်လို့တော့ ကြားဖူးတယ်၊ မင်းသိသလား နီမောင်"

"တစ်ခါက ဘိုးရွှေပြောပြတာကို ကျွန်တော်မှတ်ထား





တယ် ဆရာကြီး၊ ကုန်းကိုးကုန်းဆိုတာ စိန်ပန်းကုန်း၊ ကုလားကုန်း၊ တောက်တာကုန်း၊ ညောင်ကျပ်ကုန်း၊ ထိန်ပင်ကုန်း၊ သပြေကုန်း၊ ပလ္လင်မော်ကုန်း၊ မြယာကုန်း၊ သိုက်ကုန်းလို့ခေါ်တဲ့ ကညာစင်ကုန်းတွေပဲ"

"ဒါဖြင့် ဒီနေရာက မြယာကုန်းပေါ့"

"ဟုတ်တယ် ဆရာကြီး၊ ပလ္လင်မော်ကုန်း၊ ကညာခင်ကုန်းနဲ့ မြယာကုန်းရှိတဲ့နေရာတွေက တစ်ဆက်တည်းရှိတယ်လို့လဲပြောဖူးတယ်"

"ဒါဖြင့် သူတို့က ဒီနေရာတစ်ဝိုက်မှာပဲ ရှိကြမှာပေါ့"

"ဟုတ်ပါတယ်"

"ကညာခင်သိုက်ဆိုတာ ဘောဂဗလသိုက်ပြီးရင် ဒီနေရာမှာတော့ နာမည်အကြီးဆုံးပဲ၊ ဝင်ခွင့်ရရင်တော့ ပိုကောင်းတာပေါ့ကွာ"

"ရမယ်လို့တော့ ထင်ပါတယ်၊ ဒါပေမယ့်အရင်က ကျွန်တော်လာရင် သူတို့နဲ့တွေ့ရတယ်၊ ထွက်လည်းကြိုတယ်၊ အခုမတွေ့ရတော့ ထူးဆန်းနေသလိုပဲ"

"ဘာများထူးဆန်းလို့လဲ၊ ဒီတစ်ခါလာရင် မင်းအစွမ်းအစနဲ့ သူတို့နဲ့တွေ့ရအောင် ကြိုးစားရမယ်လို့ မင်းကိုတစ်ခါတည်း မှာလိုက်တယ်မဟုတ်လား"

"ဟုတ်တယ် မှာလိုက်ပါတယ်"

" ဒါဖြင့် သူတို့နဲ့ တွေ့ချင်ရင် မင်းအစွမ်းနဲ့ရအောင် ကြိုးစားပေတော့ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသဖြင့် သင့်တော်သောနေရာကို ရွေးချယ်ကြလေသည်။ နေရာထိုင်ခင်းပြင်ခြင်း၊ စည်းသုံးတန်ကာရံခြင်း၊ အသင့်ပါလာသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို အပြင်တစ်နေရာမှာတင်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များစိုက်၍ ပူဇော်သည်။

ဦးဗန်ကောင်းကတော့ ဘာတစ်ခွန်းမှ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ စည်းဝိုင်းထဲရောက်ကတည်းက ပုတီးစိပ်နေလေသည်။ နီမောင်က အားလုံးပြင်ဆင်ပြီးသောအခါ ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်းများပြုလုပ်ပြီး ပတ်ဝန်းကျင်မှာရှိသော မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်တို့ကို မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်းများ ပြုလုပ်လေသည်။

သူသည် တစ်ပတ်လုံး သက်သတ်လွတ်စားပြီး ဥပုသ်သီလဆောက်တည်ထားသောကြောင့် စိတ်အစဉ်မှာလည်း ကြည်လင်နေလေသည်။

အားလုံးပြီးတော့မှ ရတနသုတ်နှင့် မေတ္တာသုတ်တော်ကို ရွတ်ဆိုပူဇော်သည်။

ထိုပရိတ်တော်နှစ်ပုဒ်ကို အရင်ရွတ်ဖတ်ပူဇော်ပြီးမှ သိုက်စောင့်များနှင့် မိတ်ဆွေဖွဲ့သောဂါထာနှင့် သိုက်များကိုမြင်တွေ့နိုင်သောဂါထာနှစ်ပုဒ်ကို စတင်ရွတ်ဆိုလေတော့သည်။

အတော်ကြာသည်အထိတော့ ထူးခြားမှုများမတွေ့ရပေ။ သို့ကြောင့် နီမောင်စိတ်ထဲမှာ မြနှင်းဖြူတို့နေသောနေရာမှာ ထိုနေရာမှ ဟုတ်ပါ့မလားဟု စိတ်ထဲမှ သံသယဝင်မိလေသည်။

ထို့ထက်အချိန်ကြာလာသောအခါမှာတော့ ထူးခြား





မှုများ စတင်ကြားရသည်။

ပတ်ဝန်းကျင်မှာရှိသော သစ်တော၊ သစ်ချုံများအတွင်းမှ တိုးထွက်လာသော အသံများဖြစ်သည်။

တစ်ဆက်တည်းမှာပင် အမှောင်ရိပ်တွင်းမှ တိုးထွက်လာသော မည်းမည်းသဏ္ဌာန်များကို တွေ့လာရသည်။ သရဲ၊ သဘက်၊ ဘီလူး၊ ကျတ်၊ မှင်စာ စသော ပရလောကသားများပင် ဖြစ်သည်။

ပရလောက ရောက်နေသူများမှာ လူလောကမှာရှိနေသော လူအရေအတွက်ထက် အဆပေါင်းများစွာ ပိုမိုများပြားကြပေသည်။

မြင်ခွင့်မရသဖြင့်သာ မမြင်နိုင်ခြင်းဖြစ်သည်။အခွင့်အခါသင့်သဖြင့် အကြောင်းတိုက်ဆိုင်လာပါက မြင်တွေ့ခွင့်ရသောအခါတွင် တစ်နေရာတည်းမှာပင် အစုလိုက်အပြုံလိုက် တွေ့ကြရသည်။

ဘယ်လောက်များသလဲဆိုမူ တစ်နေရာနှင့်တစ်နေရာသွားဖို့ ခြေလှမ်းချ၍မရလောက်အောင် များပြားလှသည်။ ဖျာချပ်ထဲမှာ နှမ်းများဖြန့်ထားသကဲ့သို ရှိလေသည်။ ယခုလည်း အမှောင်ထဲမှထွက်လာသော မိစ္ဆာကောင်များမှာ မနည်းလှပေ။

ထန်းပင်ကဲ့သို့ မြင့်မားသောအရပ်အမောင်းရှိသူများ၊ မြေပေါ်မှာ ဘောလုံးကဲ့သို့ လိမ့်လာသူများ၊ အချို့၏ ကိုယ်ခန္ဓာက ပုတ်လုံးလောက်ကြီးပြီး အချို့ကျတော့ သေးငယ်လှသည်။

နားရွက်ဖားဖား၊ အမွေးစုတ်ဖွားနှင့်ရှိသော သဘက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများနှင့် အစွယ်ပြူးပြူး ဘီလူးများက ရှေ့မှဦးဆောင်ကာ ထွက်လာကြခြင်းဖြစ်သည်။

ပရလောကသားများမှာ တင့်တယ်မှုမရှိကြပေ။ ရုပ်ဆင်းအင်္ဂါ မတင့်တယ်ကြသဖြင့် မြင်ရုံနှင့် ရွံရှာဖွယ်ကြောက်ရွံ့ဖွယ်သာ ရှိကြလေသည်။

"နီမောင် သူတို့က မင်းရဲ့သီလ ခိုင်မခိုင်၊ မှန်မမှန်လာပြီး စမ်းသပ်ကြတာပဲ၊ ဘာမှကြောက်စရာမလိုဘူး၊ ဘာမှလည်း အရေးစိုက်မနေနဲ့၊ မျက်စိမှိတ်ထားပြီး ကိုယ်လုပ်ရမယ့်အလုပ်ကိုသာ မှန်မှန်ဆက်လုပ်ပေတော့"

ဦးပန်ကောင်းက ခပ်တိုးတိုး သတိပေးသည်။

နီမောင့်မှာ ပထမတော့ အသံများကြားသောကြောင့် တစ်ချက်ကြည့်လိုက်သေးသည်။

ထိုသို့ကြည့်လိုက်သော အချိန်မှာပင် မကောင်းဆိုးဝါးများက သူတားထားသော စည်းအစပ်နားသို့ပင် ရောက်နေကြလေပြီ။

ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်တို့ကို အနီးကပ် တွေ့ရသောကြောင့် စိတ်ထဲမှာတစ်မျိုး ဖြစ်သွားသေးသည်။ နောက်တော့မှ စိတ်ကိုထိန်းပြီး ရွတ်ဆိုနေသော ဂါထာနှစ်ပုဒ်ကို ရပ်ပြီး၊ မကောင်းဆိုးဝါးများ ထွက်ပြေးစေသော ရတနသုတ်နှင့်၊ မေတ္တာသုတ်အပြင် သမ္ဗုဒ္ဓေဂါထာတော်ပါ ရွတ်ဆိုလေသည်။

အတန်ကြာအောင်ရွတ်တော့မှ အသံများပျောက်သွားသောကြောင့် မျက်စိဖွင့်ကြည့်လိုက်ရာ စည်းနားမှာဝန်းရံနေ





သော မိစ္ဆာကောင်များကို မတွေ့ရတော့ပေ။

သို့ကြောင့် စိတ်ထဲမှာ အတန်အသင့် အားရှိသွားလေသည်။

အနှောင့်အယှက်များ ကင်းသွားသောကြောင့် မူလရွတ်နေသော ဂါထာနှစ်ပုဒ်ကိုပြန်ရွတ်ရန် စိတ်ကူးစဉ်မှာပင် နောက်ထပ်အနှောင့်အယှက်တစ်ခုက ပေါ်လာပြန်သည်။

အမှောင်ရိပ်ထဲမှ ဘီလူးတစ်ကောင်ထွက်လာကာ သူတို့ရှိသောနေရာဘက်သို့ လာနေခြင်းပင်ဖြစ်သည်။

အရပ်အမောင်းကမြင့်ပြီး ကိုယ်လုံးကတုတ်ခိုင်ကြီးမားသည်။ တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးအုပ်နေသည်။

နီရဲနေသောမျက်လုံး၊ နှာခေါင်းတိုတိုတို့အပြင် ပါးစပ်တွင်းမှ အစွယ်နှစ်ချောင်းက ပြူးထွက်နေသည်။

ကြီးမားသော တင်းပုတ်ကို ပခုံးမှာထမ်းပြီး ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာခြင်းဖြစ်သည်။

သို့ကြောင့် မူလရွတ်ဆိုနေသော သိုက်စောင့်များနှင့် မိတ်ဆွေဖွဲ့သော ဂါထာနှစ်ပုဒ်ကို မရွတ်ဖြစ်တော့ဘဲ ရတနသုတ်၊ မေတ္တာသုတ်နှင့် သမ္ဗုဒ္ဓေဂါထာတို့ကို ဆက်လက်ရွတ်ဆိုရလေတော့သည်။

သို့သော်လည်း ခြေနင်းကြမ်းကြမ်းဖြင့် နင်းလာသော ခြေသံကို အတိုင်းသားကြားနေရသည်။

အံကြိတ်သံ၊ တောက်ခေါက်သံတို့အပြင် ရှူးရှူးရှားရှားနှင့် ဒေါသဖြစ်နေသော အသံတို့ကို အတိုင်းသားကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နီမောင်ကတော့ ဖြစ်လိုရာဖြစ်စေတော့ဟူသော စိတ်ကို သွင်းပြီး ရွတ်ဆိုနေသောပရိတ်တော်များကို ဆက်ရွတ်နေလေသည်။

ပထမလာသော အနှောင့်အယှက်များကတော့ ပရိတ်တော်များ ရွတ်ဆိုလိုက်သည်နှင့် ချက်ချင်းပြန်ထွက်ပြေးသွားကြသည်။ နောက်ထပ်လာသော ဘီလူးကတော့ တော်တော်နှင့် ပြန်မသွားဘဲ စည်းဝိုင်းအစပ်နားမှာရပ်ကာ တင်းပုတ်နှင့်လှမ်းထုရန် တကဲကဲဟန်ပြင်နေသည်။

ဤသို့ဖြင့် အချိန်အနည်းငယ်ကြာလာသောအခါ. . နီမောင် စိတ်ထဲမှာ အတွေးများဝင်လာလေသည်။

"ငါ ရွတ်ဆိုနေတာတွေ မမှန်လို့များ၊ အခုထိ ပြန်မသွားသေးတာလား" ဟု တွေးမိသည်။

နောက်တော့ ပရိတ်ရွတ်ခြင်းကိုရပ်ပြီး ရှေ့မှာရောက်နေသော ဘီလူးရှိရာကို အာရုံပြုလျက် မေတ္တာပို့ပေးလိုက်သည်။ ပြီးမှသစ္စာဆိုလိုက်သည်။

"ငါသည် သိုက်စောင့်များနှင့် တွေ့လိုခြင်းမှာ ၎င်းတို့အား အန္တရာယ်ပြုလိုခြင်း မဟုတ်ပါ၊ သိုက်ထဲမှာရှိသော ရတနာပစ္စည်းများကိုလည်း ဘာတစ်ခုမှယူရန် စိတ်မကူးပါ၊ ဤမှန်သော သစ္စာစကားကြောင့် ယခုကြုံတွေ့နေရသော အန္တရာယ်အနှောင့်အယှက်တို့သည် ကင်းစင်ပပျောက်ပါစေသား"

ဟု သစ္စာပြုလိုက်တော့မှ နားထဲမှာကြားနေရသော အသံများ ချက်ချင်းပျောက်သွားလေတော့သည်။ မျက်စိဖွင့်ကြည့်





လိုက်တော့ ဘာမှမတွေ့ရတော့ပေ။ ထိုအခါမှ စိတ်သက်သာရာရသွားလေသည်။

မရှေးမနှောင်းမှာပင် အမှောင်ရိပ်အတွင်းမှ ထွက်လာသော လူသုံးယောက်တို့၏ ပုံပန်းသဏ္ဌာန်များကို လှမ်းမြင်ရသည်။ မနီးမဝေးရောက်လာတော့မှ ထွက်လာသောသုံးယောက်မှာ အခြားမဟုတ်ဘဲ မြနှင်းဖြူတို့ ညီအစ်မသုံးယောက်တို့ဖြစ်ကြောင်း သိရတော့မှ စိတ်သက်သာရာ ရသွားလေသည်။

မကြာမီ မြနှင်းဖြူတို့သုံးယောက်မှာ စည်းအနီးသို့ ရောက်လာကြသည်။

မြနှင်းဖြူက အနားရောက်လာသောအခါ အပြုံးဖြင့် နှုတ်ဆက်လေသည်။

သူ့အမူအရာမှာ ကျေနပ်ဝမ်းသာနေသော အမူအရာ ရှိနေသည်။

"အစ်ကိုရောက်လာတာ ကျွန်မဖြင့် သိပ်ပြီးဝမ်းသာတာပဲ၊ အဘိုးက သိုက်ထဲမှာစောင့်နေပါတယ်၊ အပြင်ထွက်လာကြပါတော့"

ဟု ပြောသော်လည်း နီမောင်မှာ စိတ်မချနိုင်သေးပဲရှိလေသည်။ သူ့စိတ်ထဲမှာ အခြားသိုက်စောင့်များက မြနှင်းဖြူတို့အယောင်ဆောင်ပြီး လာရောက်နှောင့်ယှက်နေသည်ဟု ထင်နေမိသည်။

သို့ကြောင့် ဦးပန်ကောင်းဘက်သို့ တစ်ချက်လှည့်ကြည့်လေသည်။ ဦးပန်ကောင်းက မျက်စိမှိတ်ကာ သမ္ဗုဒ္ဓေဂါထာကို



www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ဆိုလိုက်လေသည်။

ဂါထာဆုံးသွားသော်လည်း မြနှင်းဖြူတို့မှာ နေရာတွင် ရပ်မြဲရပ်နေတော့ ဦးဗန်ကောင်းက ခေါင်းတစ်ချက်ညိတ်ပြပြီး လွယ်အိတ်ကိုပြင်သည်။

"သွားကြရအောင်"

ထိုအခါမှ နီမောင်လည်း ချထားသောပစ္စည်းများကို သိမ်းဆည်း၍ လွယ်အိတ်ထဲထည့်ပြီးနောက် ဦးဗန်ကောင်းနှင့် စည်းအပြင်သို့ ထွက်ခဲ့ကြလေသည်။

"မြနှင်းဖြူတို့နေရာက ဘယ်နေရာမှာလဲ"

"မြယာတောတွေရဲ့ ဟိုဘက်နားမှာတင် ရှိပါတယ် ကျွန်မတို့နောက်ကသာ လိုက်ခဲ့ပါ"

ဟု ပြောကာခေါ်သွားသဖြင့် နီမောင်တို့လည်း နောက်က လိုက်သွားကြလေသည်။ မြယာတောများလွန်သောအခါ ယခင် တစ်ခေါက်ရောက်လာသကဲ့သို့ပင် မီးရောင်များဖြင့် လင်းနေ သော ရွာတန်းကြီးကို လှမ်းမြင်ရသည်။

ဒီတစ်ခေါက်ရောက်လာသောအခါ ယခင်တစ်ခေါက် နှင့် မတူတော့ပေ။

ယခင်တစ်ခေါက်လာစဉ်က သူ့ကို အိမ်ကြီးတစ်အိမ်သို့ ခေါ်သွားပြီး ဧည့်ခံကျွေးမွေးကြသည်။

ယခုတစ်ခေါက်ရောက်တော့ ရွာထိပ်ဘက်မှာ မီးရောင် များလင်းနေသော တိုက်အိမ်ကြီးတစ်လုံးကို မြင်ရပြီး ထိုနေရာသို့ ခေါ်သွားလေသည်။





"ဒါ မြနှင်းဖြူတို့နေတဲ့ နေရာလား"

"ဟုတ်ပါတယ်"

"အရင်တစ်ခေါက်ရောက်ခဲ့တုန်းကနဲ့ မတူပါလား "

"အစ်ကို အရင်တစ်ခေါက်ရောက်တုန်းက ပထမအ ခေါက်ဆိုတော့ ရွာထဲက အိမ်တစ်အိမ်မှာပဲ ဧည့်ခံပေးခဲ့တာ၊ ဒီတစ်ခေါက်ကျတော့ အစ်ကိုက သတ်မှတ်ထားတဲ့ စည်းတွေကို ကျော်ပြီး ရောက်လာတာဆိုတော့ ကျွန်မတို့နေတဲ့နေရာအမှန် ကို ခေါ်ပြတာပါ"

သည်တော့မှ နီမောင်စိတ်ထဲတွင် မြနှင်းဖြူတို့မှာ သူ ထင်တာထက်ပင် ပိုမိုချမ်းသာလှပါလားဟု တွေးမိလေသည်။ တိုက်ပေါက်ဝရောက်တော့ ရပ်စောင့်နေသော ဦးဒီပအား တွေ့ ရလေသည်။

ဦးဒီပရပ်နေသော တံခါးပေါက်ဝနှင့် မနီးမဝေးဘေး တစ်ဖက်တစ်ချက်မှာတော့ တင်းပုတ်ထမ်းကာ ရပ်နေကြသည့် ဘီလူးကြီးနှစ်ကောင်ကို တွေ့ရသည်။

ငြိမ်သက်လွန်းသောကြောင့် ကျောက်ရုပ်ကြီးများလား ဟု စိတ်ထဲမှာ ထင်မိရုံရှိသေးသည် နီရဲနေသော မျက်လုံးဖြင့် စွေကြည့်လာတော့မှ လန့်သွားလေသည်။

ဦးဒီပက သူတို့ကို တိုက်ကြီးအတွင်းသို့ ခေါ်သွားပြီး ဧည့်ခန်းဆောင်မှာပင် ဧည့်ခံကျွေးမွေးရန်ပြင်သည်။

"ကျွန်တော်တို့ ဥပုသ်မထွက်သေးလို့ အစားအသောက် တွေတော့ မစားပါရစေနဲ့၊ ဥပုသ်ထွက်တော့မှပဲ စားသောက်ပါ့



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်"

"စိတ်မပူပါနဲ့ မောင်ရယ်၊ အခု (၁၂)မောင်းကျော်ခဲ့ပြီ ဆိုတော့ နောက်တစ်နေ့ကူးသွားပါပြီ၊ ဒါကြောင့် ကျွေးမွေးဧည့်ခံတာပါ၊ စိတ်ချလက်ချသာ စားသောက်ပါ"

ဟုပြောတော့မှ ကျွေးမွေးဧည့်ခံသောအစားအသောက် အချို့ကို စားသောက်ကြသည်။

မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူတို့သုံးယောက်ပင် လိုလေသေးမရှိအောင် ဆောင်ရွက်ပေးကြလေသည်။

စားသောက်ပြီးတော့မှ ဦးဒီပကမေးသည်။

"အခုလို တကူးတကရောက်လာကြတာ ဝမ်းသာလှပါတယ်၊ ဘယ်လိုအကြောင်းများ ရှိလို့လည်းဆိုတာ သိပါရစေ"

ထိုအခါ ဦးဗန်ကောင်းက သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ပြန်ချပြီး ပြောပြလေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ မောင်နီမောင်နဲ့ မြနှင်းဖြူတို့နှစ်ယောက်က လူငယ်ချင်း မေတ္တာသက်ဝင်နေကြတော့ . . အဘအနေနဲ့ ခွင့်ပြုပေးမယ်ဆိုရင် သူတို့နှစ်ယောက်ကို လက်ဆက်ပေးဖို့ လာရောက်ခွင့်တောင်းတာပါ"

"ဒီသူငယ်က စိတ်သဘောထားဖြူစင်တဲ့ လူငယ်တစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် သူတို့နှစ်ယောက်ရဲ့ မေတ္တာရေးကို ခွင့်ပြုပေးခဲ့တာပါ"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ ဝမ်းသာသွားမိလေသည်။ ဦးဒီပက ဆက်ပြောသည်။





"ကျုပ် မြေးမလေးသုံးယောက်လည်း ဒီလိုဘဝမျိုးနဲ့ နေခဲ့ရတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ ဒါကြောင့် တစ်ယောက်တစ်လှည့်စီ လူ့ပြည်မှာနေခွင့်ရပြီး ကောင်းမှုကုသိုလ်တွေ လုပ်ခွင့်ရမှ ကျုပ်တို့လည်း ဒီဘဝတွေက ကျွတ်လွတ်ခွင့်ရကြမှာ မဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ"

"ဒါပေမယ့် သူတို့ကို လူ့ပြည်ပို့ဖို့ ယုံကြည်စိတ်ချရတဲ့ သူမျိုးနဲ့တွေ့မှ ဖြစ်မှာဆိုတော့ အတော်ကြာအောင် ရှာဖွေခဲ့ရတယ်၊ ဒီသူငယ်ကတော့ ကျုပ်ကိုယ်တိုင် ရှာခဲ့တာဆိုတော့ ယုံကြည်စိတ်ချရပါတယ်"

နီမောင်က သူ့အကြောင်းပြောနေသဖြင့် မျက်နှာမထားတတ်သော အမူအရာဖြင့် ခေါင်းငုံ့ထားလေသည်။

"ဒီတော့ . . မြေးဘကြီး မြနှင်းဖြူကို ကျုပ်တို့အတွက် ကုသိုလ်ကောင်းမှုတွေ ပြုပေးဖို့အတွက် လူ့ပြည်ကိုသွားခွင့်ပေးလိုက်ပါမယ်၊ ဝတ္တရားရှိတဲ့အတိုင်းသာ ဆောင်ရွက်ပါတော့"

ဟု ခွင့်ပေးလေသည်။

ထိုစကားကြားသောအခါမှ နီမောင်ရော မြနှင်းဖြူပါ ဝမ်းသာသွားကြလေသည်။

အနီးမှာရှိနေကြသော မြသင်း ကြူနှင့်မြဝင်းသူတို့မှာလည်း ကံကောင်းလှသော အစ်မဖြစ်သူ မြနှင်းဖြူအတွက် ဝမ်းသာကြလေသည်။

သို့သော် နှစ်ယောက်စလုံး မျက်ရည်များ ဝဲနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးပန်ကောင်းက မြနှင်းဖြူဦးခေါင်းတစ်နေရာမှ အစီအရင်ပြုလုပ်ထားသော ငွေအပ်တစ်ချောင်းကို သွင်းပေးလိုက်သည်။

ထိုအပ်ကို မနုတ်မဖယ်မချင်း၊ မြနှင်းဖြူမှာ အတိတ်ဟောင်းမှအကြောင်းများကို သတိမရတော့ဘဲ လူသားတစ်ယောက်ကဲ့သို့ နေသွားနိုင်တော့မည် ဖြစ်ပေသည်။

အရုဏ်တက်သောအချိန်တွင် သူတို့နှစ်ယောက်ကို ဦးဒီပကိုယ်တိုင် လက်ထပ်ပေးလေသည်။

သူတို့အတွက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးရန်နှင့် သူတို့အတွက် ရင်းနှီးစားသောက်ရန် ရွှေငွေအချို့ကိုပါ ပေးလိုက်လေသည်။

"ကျုပ် မြေးမလေးကို ဘေးမသီရန်မခအောင်သာ စောင့်ရှောက်ပေးကြပါတော့ဗျာ"

ထို့နောက် နီမောင်နှင့်မြနှင်းဖြူတို့နှစ်ယောက်က ရိုသေစွာကန်တော့ပြီး တိုက်ကြီးအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။ မြသင်းကြူနှင့်မြဝင်းသူတို့ နှစ်ယောက်ကတော့ တိုက်ပေါက်ဝမှရပ်ကာ လက်ပြနှုတ်ဆက်ရင်းနှင့် ကျန်ခဲ့ကြလေသည်။

အရုဏ်တက်ချိန်ရောက်လာပြီ ဖြစ်သော်လည်း အလင်းရောင်မလာသေးပေ။

သူတို့သုံးယောက်ကိုတော့ ဖိုးစံတုတ်ကိုယ်တိုင် လှေတစ်စင်းနှင့် တစ်ဖက်ကမ်းသို့ လိုက်ပို့ပေးလေသည်။

မကြာမီ အာရုဏ်ဦး အလင်းရောင်များ ရောက်လာပေ





တော့မည်။ ထိုအလင်းရောင်များမှာ နီမောင်နှင့်မြနှင်းဖြူတို့ နှစ်ယောက်အတွက် ဘဝအလင်းရောင်များဆိုပါက မမှားပါချေ။ မြနှင်းဖြူကတော့ လှေပေါ်ရောက်ကတည်းက နီမောင်လက်ကို တင်းတင်းဆုပ်ကိုင်ထားလေသည်။

ချစ်သူတို့အတွက် အလှတရားဆိုတာ တွဲလက်ခိုင်မာခြင်းပင်ဖြစ်ပေသည်။


ကမ္ဘာပေါ်မှာရှိတဲ့ အကောင်းမွန်ဆုံး အလှပဆိုတဲ့ အရာတွေကို မမြင်မတွေ့နိုင်ပါဘူး။ ထိတွေ့ကိုင်တွယ်လို့လည်း မရနိုင်ပါဘူး။ ဒါပေမယ့် ချစ်သူတွေအတွက်တော့ နှလုံးသားဖြင့် ခံစားကြည့်၍ ရနိုင်ကြပါတယ်။

ယခု နီမောင်နှင့်မြနှင်းဖြူတို့ နှစ်ယောက်စလုံး စစ်မှန်သော အလှတရားများနှင့် ထိတွေ့ခွင့်ရကြပြီ ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၁၆ ]

# သစ္စာမဲ့သူတို့ သွားရသောလမ်း

ထိုအဖြစ်အပျက်များဖြစ်ပြီး နောက်တစ်နေ့တွင် စိန်ပန်းကုန်းရွာသို့ လူလေးယောက်ရောက်လာကြသည်။

ဦးဆောင်ခေါ်လာသူမှာ ဘိုးရွှေဖြစ်ပြီး နောက်မှပါလာသူသုံးယောက်တို့ မှာ ဆရာဇာဂရ၊ ညိုထွန်းနှင့် သံပချိုင်တို့ပင်ဖြစ်ကြလေသည်။

ငင်းတို့မှာ နီမောင်နှင့် ဦးဗန်ကောင်းတို့ နောက်သို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခြေရာခံကာ လိုက်လာကြခြင်းဖြစ်သည်။

ထိုသို့လိုက်လာခြင်းမှာလည်း ဘိုးရွှေက သစ္စာပျက်ပြီး နီမောင်အကြောင်းများကို ပြောပြခဲ့သဖြင့် သိုက်ဆရာက သူ့ကို မက်လောက်အောင်ပြောပြီး ခေါ်လာခဲ့ခြင်းဖြစ်သည်။

ဘိုးရွှေက သူတစ်ယောက်တည်းသာမကပဲ ရွာမှာရှိသော သူ၏ဆွေမျိုးသားချင်းများကိုပါ အကြောင်းကြားထားသောကြောင့် နီမောင်နှင့်ဦးဇန်ကောင်းတို့ ရောက်လာသောအခါ သန်းရွှေနှင့်မောင်ထွန်းတို့နှစ်ယောက်က နောက်မှနောက်ယောင်ခံကာ လိုက်သွားကြခြင်းဖြစ်လေသည်။

ဘိုးရွှေတို့ရောက်လာတော့ ရွာခံများက သတင်းမေးကြသည်။

"သူတို့ရောက်လာကြတယ်၊ မဟာဗောဓိဘုရားဘက်သွားမယ်ဆိုပြီး ထွက်သွားကြတော့ မင်းမှာထားတဲ့အတိုင်း သန်းရွှေနဲ့မောင်ထွန်းတို့တော့ နောက်ကလိုက်သွားကြတာပဲ၊ မနေ့ကတည်းကသွားတာ ခုထိပြန်မလာကြသေးဘူး"

ဟုပြောသဖြင့် လေးယောက်သား မဟာဗောဓိဘုရားရှိရာဘက်သို့ ဆက်လိုက်သွားကြလေသည်။

လမ်းတစ်နေရာရောက်သောအခါ ထူထပ်စွာပေါက်နေသော ကိုင်းတောကြီးတစ်တောကို တွေ့ကြရသည်။

ကိုင်းတောက အတော်ပင်ကျယ် ဝန်းလေသည်။

ထိုကိုင်းတောအနီးရောက်တော့ ကိုင်းတောထဲမှ အသံအချို့ကို ကြားကြရသည်။





"ဘိုးရွှေရေ ငါတို့နှစ်ယောက် ဒီကိုင်းတောထဲမှာရှိတယ် ဟေ့. . လာကြ. . "

"ဟော. . သန်းရွှေတို့အသံကြားရတယ်"

ဟုပြောပြီး ကိုင်းတောတွင်း ဝင်သွားကြလေသည်။

အသံကြားရာသို့မှန်းပြီး ဝင်သွားရာ ထိုနေရာရောက်တော့ နောက်တစ်နေရာမှ ခေါ်သံကြားရပြန်သည်။

"ငါတို့ ဒီဘက်မှာဟေ့၊ လာခဲ့ကြ. . "

ထို အသံကြားရာသို့ သွားကြပြန်သည်။

တစ်နေရာပြီး တစ်နေရာသွားရင်းနှင့်ပင် အချိန်က အတော်ကုန်နေပေပြီ။

နောက်ဆုံးမှာတော့ ကိုင်းတောထဲတွင် သန်းရွှေနှင့်မောင်ထွန်းတို့ရှိရာ ရောက်သွားကြသည်။

သူတို့ရောက်သွားတော့ နှစ်ယောက်စလုံး အသက်မရှိတော့ပေ။ တစ်ကိုယ်လုံး အနီကွက်၊ အမည်းကွက်ကြီးများနှင့် အဖုအပိမ့်ကြီးများထကာ သေဆုံးနေကြလေပြီ။

ထိုအခြေအနေကိုမြင်တော့ ဘိုးရွှေမှာ မျက်လုံးပြူးသွားသည်။ စိတ်ထဲမှာလည်း ကြောက်ရွံ့ထိတ်လန့်သွားသည်။

"ဆရာကြီး သူတို့နှစ်ယောက်စလုံး သေနေကြပြီ ဘယ်လိုလုပ်မလဲ"

"သူတို့တစ်ခုခုမှားလို့ ဖြစ်မယ် ငါတို့သွားကြရအောင်"

"သွားလို့မဖြစ်ဘူးထင်တယ်၊ သူတို့နှစ်ယောက် သေသွားတာကို ရွာကလူတွေကိုပြန်ပြီး အကြောင်းကြားမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်လို့မရဘူး၊ ငါတို့လုပ်ငန်းတွေက ဒီလိုနောက်ကြောင်းပြန်လှည့်ရင် စည်းပေါက်တာပဲ၊ ဒီတော့ ဆက်သာလိုက်ခဲ့ပေတော့"

ဟုပြောရာ ဘိုးရွှေမှာ မတတ်သာတော့သဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်ခဲ့ရလေသည်။

သို့သော် ကိုင်းတောထဲမှ မထွက်နိုင်သေးခင်မှာ သူတို့အတွက် အန္တရာယ်က ရောက်လာချေတော့သည်။

ထန်းလုံးတမျှကြီးသော မြွေကြီးတစ်ကောင်က ကိုင်းတောတွင်းသို့ ဝင်လာချေတော့သည်။

မြွေကြီးမှာ ကိုင်းတောထဲဝင်စကတည်းကပင် သူတို့ရှိရာသို့ ပါးပျဉ်းထောင်ပြီးကြည့်ရာ ပါးပျဉ်းမှာ ဖျာတစ်ချပ်ခန့်ရှိပြီး အမြင့်က ကိုင်းတောအပေါ်သို့ပင် ကျော်တက်နေချေသည်။

"ရှီး. . ရှီး. . ရှီး. ."

တရှီးရှီးနှင့်မြည်နေသော နှာမှုတ်သံကြီးကလည်း အတော်ဝေးဝေးမှပင် ကြားနေရလေသည်။

"ဆရာကြီး တရှီးရှီးနဲ့ ဘာသံကြီးလည်း မသိဘူး"

"အန္တောင့်အယှက်တွေလာတာ ဖြစ်မှာပေါ့၊ ဘာမှမကြောက်ပါနဲ့ ဆရာတစ်ယောက်လုံး ရှိပါတယ်၊ အရေးကြုံလာရင် ဆရာရှေ့က ကာကွယ်ပေးပါမယ်"

"အားကိုးပါရစေ ဆရာကြီးရယ်"

ထိုသို့ပြောနေစဉ်မှာ တရှီးရှီးနှင့်ကြားနေရသော အသံကြီးက တဖြည်းဖြည်းနီးလာချေပြီ။





ထိုအသံကြားသဖြင့် အခြားတစ်ဘက်မှထွက်ရန် မြင်သောအခါ အခွင့်မသာတော့ပေ။ ကြီးမားသော သစ်တုံးကြီးတစ်တုံးက သူတို့သွားမည့်လမ်းပေါ်၌ ပိတ်နေလေသည်။

"ဆရာကြီး ဒီမှာသစ်တုံးကြီးလား မသိဘူး၊ ပိတ်နေတယ်"

အသေအချာကြည့်တော့မှ သစ်တုံးမဟုတ်ပဲ မြွေကြီးတစ်ကောင်၏ ကိုယ်လုံးဖြစ်နေသည်ကို တွေ့ကြရသည်။

"သစ်တုံးကြီး မဟုတ်ဘူး၊ မြွေကြီးထင်တယ်"

"ဒီလိုဖြင့် ဟိုဘက်က ပြန်လှည့်ကြရမယ်"

ဟုပြောကာ နောက်ကြောင်းပြန်လှည့်လေသည်။

နောက်တစ်နေရာရောက်တော့မှ. . ပို၍ဆိုးလေတော့သည်။ မြွေကိုယ်နှင့်တွေ့သဖြင့် ထွက်ပြေးတော့မှ မြွေဦးခေါင်းရှိရာသို့ ရောက်သွားလေတော့သည်။

မြွေဦးခေါင်းက ဘယ်လောက်ကြီးသလဲဆိုလျှင် မျက်လုံးကပင် လင်ကွင်းခန့် ရှိလေသည်။

မျက်လုံးနှစ်လုံးက ဟင်္သာပြဒါးကဲ့သို့ နီရဲနေပြီး နှာခေါင်းထဲမှ အခိုးအငွေ့များ ထွက်နေသည်။

ကိုင်းတောထဲမှ ထွက်လိုက်သည်နှင့် မြွေဦးခေါင်းရှေ့တည့်တည့်သို့ ရောက်သွားကြသည်။

ဆီအိုးထဲမှ ခုန်ချရာ မီးပုံထဲကျသွားသောအဖြစ်မျိုးပင်၊ မြွေကရှေ့ဆုံးမှရှိနေသောဆရာကို အရင်လှမ်းကိုက်လေသည်။

ဆရာဇာဂရမှာ အော်ရင်းဟစ်ရင်းနှင့် ပါသွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ ကျန်သုံးယောက်မှာ **ဘေးလွတ်ရာပြေးကြလေ** သည်။

သို့သော် မြွေ၏ကိုယ်လုံးကြီးက **နေရာမလပ်ရှိနေသော** ကြောင့် ပြေးမလွတ်ဘဲရှိကြလေသည်။

နောက်ဆုံး မတတ်သာတော့သဖြင့် မြွေကိုယ်လုံးပေါ်မှပင် ကျော်ခွပြီးပြေးကြရာ တစ်ယောက်ကတော့ အပေါ်မှာခြေချော်ကြကာ အောက်သို့ရောက်သွားသဖြင့် မြွေကိုယ်လုံးဖြင့် အဖိခံလိုက်ရာ သေဆုံးသွားလေတော့သည်။

ထိုသူမှာ သစ္စာမဲ့သော ဘိုးရွှေပင်ဖြစ်သည်။

ကျန်နှစ်ယောက်ကတော့. . ဘေးအန္တရာယ်မှလွတ်မြောက်ကာ စိန်ပန်းကုန်းရွာသို့ ပြန်ရောက်သွားကြလေသည်။

ထိုနေရာရောက်မှ အကျိုးအကြောင်းပြောပြရာ တစ်ရွာလုံး မားလုံမျှကိုင်ဆောင်ပြီး ကိုင်းတောရှိရာသို့ သွားကြလေသည်။

ကိုင်းတောနှင့် မနီးမဝေးအရောက် ကိုင်းတောထဲမှ ဦးခေါင်းထောင်ကြည့်နေသော မြွေဦးခေါင်းကြီးကို တွေ့သူကတွေ့မြင်ရသည်။

ရှေ့၌ရေးခဲ့သည့်အတိုင်း ပါးပျဉ်းကပင် ဖျာတစ်ချပ်ကကျယ်ဝန်းလေသည်။

နောက်တော့ ကိုင်းတောထဲ ပြန်ဝင်သွားလေသည်။ လူများများနှင့် ကိုင်းတောထဲသို့ဝင်ကြည့်သောအခါ ထိုမြွေကြီးကို အစအနမျှပင် မတွေ့ကြရတော့ပေ။





စိတ်မကျေနပ်သဖြင့် နေရာအနှံ့ဝိုင်းဝန်းရှာဖွေကြသော်လည်း မြွေကိုယ်လုံးနှင့် ဖိကြိတ်ထားသောကြောင့် ကိုင်းပင်ကိုင်းတောများ ကြေမွနေသည်ကိုသာတွေ့ရပြီး ကြီးမားသော မြွေကြီးကတော့ ထူးဆန်းစွာပျောက်သွားခဲ့လေပြီ။

ကိုင်းတောထဲမှာတော့ ဇာဂရ၊ ဘိုးရွှေ၊ မောင်ထွန်းနှင့် သန်းရွှေတို့အလောင်းများကို တွေ့ရသဖြင့် ရွာသို့မပြန်တော့ဘဲ ကိုင်းတောထဲမှာပင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြရသည်။

နောက်ပိုင်းမှာလည်း ထိုကိုင်းတောအတွင်းသို့ ယုန်လိုက်ရန် ဝင်သွားကြသူတို့မှာ သရဲခြောက်သဖြင့် ပြန်ပြေးရသည်က များလေသည်။

မနော်ရမ္မာ ဥယျာဉ်နေရာဟောင်းရှိနေသော နေရာတစ်ဝိုက်၊ မဟာဗောဓိစေတီဟောင်း နေရာတစ်ဝိုက်၊ ပလ္လင်မော်ဝဲရှိသော ကညာစင်သိုက်ရှိသော နေရာတစ်ဝိုက်များမှာ နေရာကြမ်းလှသောကြောင့် နယ်သူနယ်သားဒေသခံများ အပြောများလှသောနေရာများ ဖြစ်ကြလေသည်။

အင်းဝမှရှိနေကြသော နီမောင်နှင့်မြနှင်းဖြူတို့ကတော့ ယခင်ကလိုပင် မြင်းလှည်းမမောင်းတော့ပဲ အရောင်းအဝယ်လုပ်ငန်းများလုပ်ရင်းနှင့် အေးချမ်းစွာရှိနေကြလေပြီ။ ၎င်းတို့ရရှိသော ငွေကြေးများကိုလည်း အချို့ကိုသာ သုံးစွဲပြီး. . အချို့ကိုတော့ အလှူအတန်းပြုလုပ်ကာ ဘဝဟောင်းမှ ဆွေမျိုးများကို အမျှအတန်းဝေပေးရင်းနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ရှိနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကညာစင်သိုက် အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံး သတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

# ကြိုစကား

စာပြီးချိန်။ ။(၂၀၁၄)ခုနှစ်၊ မတ်လ(၁၈)ရက်၊ အင်္ဂါနေ့၊ နံနက် (၉)နာရီ၊

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

